ဂ ရက် သတင်းဂျာနယ်
7 DAY NEWS
JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၁၁)၊ အမှတ်(၅) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက် ၊ ကြာသပတေး၊ (မေ ၃ ၊ ၂၀၁၂)

# ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် မှ ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဖြစ်လာ

**အားမာန်၊ ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ-၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်ကို ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဟု ဧပြီလ ၂ ရက် နိုင်ငံပိုင် ရုပ်သံမီဒီယာများ၌ စတင်ဖော်ပြသည်။

စာ(၈)သို့

# တစ်ဖက်အဖွဲ့အစည်းကို ထိခိုက်စေမည့် အပြုအမူများ လုံးဝရှောင်ကြဉ်ရန် ဒေါ်အောင်ဆန်းစုကြည် ပန်ကြား

**အေးမြကျော်**

**ရန်ကုန်- မေ ၂**

ကြားဖြတ်ရွေးကောက်ပွဲကျင်းပအပြီး နာရီပိုင်းသာခြားကာ အချို့နေရာများတွင် မဲအဖြေများ ပေါ်ထွက်လာချိန်၌ တစ်ဖက်အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များကို စိတ်ထိခိုက်စေမည့် အပြောအဆို အမူအရာများ လုံးဝရှောင်ကြဉ်ရန် ဒေါ်အောင်ဆန်းစုကြည်က လူထုသို့ ပန်ကြားချက်တစ်စောင်ကို မေ ၁ရက် ညဦးပိုင်းတွင် ထုတ်ပြန်ခဲ့သည်။

စာ(၆)သို့




ဧပြီ(၁)ရက် ကျင်းပပြုလုပ်ခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အပြတ်အသတ်အနိုင်ရရှိခဲ့သည့် ပြင်ဦးလွင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ မဲရုံတစ်ခုတွင်မဲပေးနေကြသည့် တပ်မတော်သားအရာရှိလောင်း မဲဆန္ဒရှင်များကို ထိုနေ့နံနက်အစောပိုင်းက တွေ့ရစဉ် ဓာတ်ပုံ - သီဟ

- ကြားဖြတ်ရွေးကောက်ပွဲအပေါ် နိုင်ငံတကာမှ တုံ့ပြန်သံများ
- ရွေးကောက်ပွဲရလဒ်နှိုင်းယှဉ်မှု ဂရပ်ဖ်များ
- ကြားဖြတ်ရွေးကောက်ပွဲနေ့ ပြည်သူတို့အသံ

## ကြားဖြတ်ရွေးကောက်ပွဲ သတင်းနှင့်ဆောင်းပါးအထူးပေးပို့ချက်

အချပ်ပို(၈)မျက်နှာထည့်သွင်းဖော်ပြထားပါသည်



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# အချိန်ပိုင်းလျှပ်စစ်မီးကြောင့် ရန်ကုန်လူထု စိတ်ပျက်

**အောင်သူရ၊ သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ - ၂**

ရွေးကောက်ပွဲကျင်းပအပြီးစတင်သည့် အလှည့်ကျ မီးပေးစနစ်ကြောင့် ရန်ကုန်မြို့လူထုမှာစိတ်ပိုင်းဆိုင်ရာ မပျော်ရွှင်မှုများနှင့် စတင်ကြုံတွေ့နေရပြီး လုပ်ငန်းများတွင်လည်း ကုန်ကျစရိတ် တိုးလာနိုင်ကြောင်း မြို့ခံတို့က ပြောဆိုကြသည်။

"မီးပြတ်တာကတော့ ရွေးကောက်ပွဲနဲ့ မဆိုင်ဘူးထင်တယ်။ အုပ်ချုပ်မှုယန္တရား ညံ့တယ်လို့ပဲ ထင်တယ်။ ရာသီဥတုပူပြင်းတဲ့ ဒဏ်ကို ခံနေရတဲ့အချိန်မှာ အိမ်ပြန်လာတော့မီးကမလာတော့စိတ်ညစ်စရာတွေဖြစ်ပြီး မပျော်နိုင်ဘူး။ အလုပ်မှာလည်း ကုန်ကျစရိတ်တွေ တက်လာတာပေါ့" ဟု ပုဂ္ဂလိကဆေးရုံတွင် တာဝန်ထမ်းဆောင်နေသော ဒေါက်တာကျော်စွာဦးက ပြောသည်။

စာ(၁၂)သို့




CNC JEANS
men's wear
Environment Friendly
www.cncmenwear.com
summer style
Shirt & Jeans


"လက်မှုလယ်ယာမှ စက်မှုလယ်ယာ ပြောင်းလဲဖို့ NEW HOLLAND ထွန်စက်ကိုသုံးကြစို့"
ကမ္ဘာ့ နံပါတ် (၁) လယ်ထွန်စက်ကုမ္ပဏီမှ ထုတ်လုပ်သည်
NEW HOLLAND AGRICULTURE
Your success - Our specialty
TT Series
More Power / More Profit
35hp ~ 75hp
TD,TDD Series
Choose the best!
60hp ~ 100hp
T5000 Series
76hp ~ 115hp
SALES
MOBILE SERVICE
SPARE PARTS
INTERNATIONAL WARRANTY
NEW HOLLAND လယ်ထွန်စက်ကုမ္ပဏီ၏ မြန်မာပြည် ကိုယ်စားလှယ်ရုံးလိပ်စာ
တောင်သူကြီး လယ်ထွန်စက် ကုမ္ပဏီ
ရန်ကုန် >
cvp@myanmar.com.mm
မန္တလေး >
newholland.com

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့် အများကြိုက်ပါတီကို မဲပေးခဲ့ဟုဆို

**အောင်သူရ**

**ရန်ကုန်၊**
**ဧပြီ-၁**

နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ခဲ့သော ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်က အများပြည်သူကြိုက်နှစ်သက်သောပါတီအား မဲပေးခဲ့ကြောင်း ဧပြီ ၁ရက် နံနက် ၉ နာရီတွင်မရမ်းကုန်းမြို့နယ်၇ရပ်ကွက် မဲရုံ ၂သို့ လာရောက်မဲပေးအပြီး ပြောကြားခဲ့သည်။

"အများဆန္ဒနဲ့ ညီညွတ်မယ်လိုထင်ပါတယ် ကြိုတင်မဲမပေးချင်လို့ တိုက်ရိုက်လာပေးတာပါ"ဟု ဘာကြောင့် မဲရုံသို့လာရောက်မဲပေးရပါသလဲဟု မေးမြန်းသောအခါ အထက်ပါအတိုင်းဖြေကြားခဲ့သည်။

သို့သော် မကြာသေးခင်က လွတ်မြောက်လာခဲ့သော ဦးခင်ညွန့်၏သား တပ်မတော်အရာရှိဟောင်း ဦးဇော်နိုင်ဦးကမူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီအား မဲပေးခဲ့ကြောင်း သတင်းထောက်များအားပြောကြားခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကိုယ်စားလှယ်ဒေါက်တာမေဝင်းမြင့်အား ပုဂ္ဂိုလ်ရေး



**မဲရုံသို့လာရောက်မဲပေးပြီး ပြန်ထွက်လာသည့် ဦးခင်ညွန့်နှင့်ဇနီး**

ဓာတ်ပုံ-အောင်သူရ

အရလေးစားသဖြင့် မဲထည့်ရခြင်းဖြစ်ကြောင်းလည်း ရှင်းပြခဲ့သည်။

ကြားဖြတ်ရွေးကောက်ပွဲပြီးနောက် လွှတ်တော်ထဲတွင် ပြောင်းလဲမှုရှိလာနိုင်ပြီး တိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းမည့် လုပ်ရပ်များ၊ ပြည်သူအတွက် အကျိုးဖြစ်ထွန်းမည့် လုပ်ရပ်များနှင့် ပြည်သူတွေအတွက် စားဝတ်နေရေးပိုပြီး ချောင်လည်လာအောင် ဆောင်ရွက်လိမ့်မည်ဟု မျှော်လင့်ကြောင်းရွေးကောက်ပွဲပြီး အခြေအနေနှင့်ပတ်သက်၍ ဦးခင်ညွန့်က မှတ်ချက်ပြု ပြောကြားသည်။

သူ့အနေဖြင့် ပါတီနိုင်ငံရေးမလုပ်ဘဲ အမျိုးသားနိုင်ငံရေးသာ ဆက်လုပ်သွားမည်ဖြစ်ပြီး တိုင်းပြည်အတွက်လို အပ်ချက်များရှိပါက ထောက်ပြသွားမည်ဖြစ်ကြောင်းလည်း ပြောကြားသွားခဲ့သည်။ မရမ်းကုန်းမြို့နယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ပြည်ခိုင်ဖြိုးပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ အမျိုးသားဒီမိုကရေစီပါတီသစ်နှင့် တစ်သီးပုဂ္ဂလ တစ်ဦးတို့ ယှဉ်ပြိုင်ခဲ့ကြပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားလှယ် ဒေါက်တာမေဝင်းမြင့်က ၇၇ ဒသမ ၅ ရာခိုင်နှုန်းဖြင့်အနိုင်ရရှိခဲ့သည်။

ယခင် အစိုးရလက်ထက်တွင်ဝန်ကြီးချုပ်ရာထူး ရယူခဲ့သော ဦးခင်ညွန့်မှာ ၂၀၀၄ ခုနှစ်မှစ၍ နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခံခဲ့ရပြီး ဦးသိန်းစိန် အစိုးရလက်ထက် ၂၀၁၂ ဇန်နဝါရီ ၁၂ ရက် လွတ်ငြိမ်းသက်သာခွင့် အမိန့်ဖြင့် ပြန်လည်လွတ်မြောက်လာခဲ့သည်။

## ခရီးသည်အိတ်အတွင်းမှ စိန်ထည်ပစ္စည်းခိုးယူမှု ရန်ကုန်လေဆိပ်တွင်ဖြစ်ပွား

**အေးမြတ်သူ**

**ရန်ကုန်၊မတ်-၃၀**

စင်ကာပူလေကြောင်းလိုင်းတစ်ခုတွင် မတ် ၁၁ ရက်တွင် ဖြစ်ပွားခဲ့သော ကျပ်သိန်းနှစ်ရာကျော် တန်ဖိုးရှိ စိန်ထည်ပစ္စည်းများ ခိုးယူမှုအား ဖော်ထုတ်နိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

ပြစ်မှုကျူးလွန်သူ အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်း (MAI)မှ နေ့စားလုပ်သား တရားခံ ကိုကိုထွန်း (ခ) ကိုထွန်းနှင့် ညီညီဇော်တို့အား မတ် ၁၅ ရက်တွင် ဖမ်းဆီးမိခဲ့သည်။

**စာ(၁၂)သို့**



7DAY NEWS JOURNAL
Vol.11, No.5 • APRIL 5 , 2012

CRIME မှုခင်းသတင်း CORNER

## ကျေးရွာသားပိုင်မြေကို အုပ်ချုပ်ရေးမှူးက သိမ်းယူရောင်းချဟု စွပ်စွဲ

ညီညီဇော်

မန္တလေး၊ မတ်-၂၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ဝမ်းတွင်းမြို့နယ်ရွာဝေကျေးရွာအုပ်စု ရွာဝေရွာတွင် ဖခင်ပိုင်ဆိုင်ခဲ့သော ယာမြေ ၁ ဒသမ ၃၂ဧကကို သားဖြစ်သူလက်ထက်တွင် ရပ်ရွာအုပ်ချုပ်ရေးမှူးက သိမ်းယူရောင်းချခဲ့သည်ဟုစွပ်စွဲမှုတစ်ခုဖြစ်ပွားနေကြောင်း သတင်းရရှိသည်။

မြို့နယ်မြေစာရင်းတွင် အဆိုပါ ယာမြေသည် ဖခင်ဦးချစ်စုပိုင် အမည်ပေါက်ခဲ့ပြီး သားဖြစ် သူ အသက်(၄၇)နှစ်အရွယ်ကိုအေးကျော်လက်ထက်တွင်မူကျေးရွာအုပ်ချုပ်ရေးမှူးက သိမ်းယူရောင်းချခဲ့ခြင်းဖြစ်ကြောင်း ရွာဝေကျေးရွာမှ အဆိုပါကိစ္စကို အစအဆုံး သိမြင်နေသည့် ရပ်ရွာလူကြီးများက ပြောသည်။

"ကျွန်တော့်ဖခင်ပိုင်တဲ့ ယာမြေကို ကျွန်တော်ပြန်လိုချင်ပါတယ်။ စားဝတ်နေရေး ခက်ခဲနေလို့ပါ"ဟု ကိုအေးကျော်ကလည်းပြောသည်။

ကွယ်လွန်သွားပြီဖြစ်သည့် ဖခင်ဦးချစ်စုလက်ထက်က ရပ်ရွာလူကြီးများမှ ဘောလုံးကစားရန် အဆိုပါ ယာမြေကို နေရာခဏငှားခဲ့ကြောင်း၊ ဦးချစ်စုကလည်း အခကြေးငွေမယူဘဲပေးငှားခဲ့ကြောင်း၊ ထို့နောက်နောက်ဥက္ကဋ္ဌလက်ထက်တွင် အဆိုပါ ယာမြေကိုစိုက်ခင်းများကိုစိုက်ခဲ့ကြောင်း၊ စိုက်ခင်းစိုက်နေစဉ်က တားခဲ့သော်လည်း ခဏတာသာ အသုံးပြုမည်ဆိုခြင်းကြောင့် ခွင့်ပြုခဲ့ကြောင်း ယခုအုပ်ချုပ်ရေးမှူးလက်ထက်တွင် အကွက်ရိုက်ရောင်းစားခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိတစ်ကွက်လျှင် ကျပ်ငါးသိန်းငါးသောင်းဖြင့် နှစ်ကွက်ရောင်းချပြီးဖြစ်ကြောင်း ယာပိုင်ရှင်ဦးချစ်စုသား ကိုအေးကျော်က ပြောသည်။ ယာမြေသိမ်းယူ ရောင်းချခဲ့သည်ဟု စွပ်စွဲခံရသည့် ရွာအုပ်ချုပ်ရေးမှူးကို တွေ့ဆုံမေးမြန်းရန် ကြိုးစားသော်လည်းပြင်ဦးလွင်မြို့သို့ခရီးထွက်နေသည်ဆို၍ မေးမြန်းခွင့် မရခဲ့ပေ။

## ကားမောင်းရင်း အိပ်ပျော်သွား၍ ယာဉ်တိုက်မှုဖြစ်ကာ ယာဉ်မောင်းနှင့် ဆိုင်ကယ်ပေါ်ထိုင်နေသူ သေဆုံး

အေးမြတ်သူ

ရန်ကုန်၊ မတ် - ၂၆

မင်္ဂလာဒုံမြို့နယ်တွင် ကားမောင်းနေစဉ် အိပ်ပျော်သွား၍ ယာဉ်တိုက်မှုဖြစ်ပွားပြီး နှစ်ဦးသေ၊ ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှသတင်းရရှိသည်။

ယာဉ်တိုက်မှုမှာ မတ်လ ၂၆ရက် နံနက် ၄နာရီခွဲအချိန်တွင်မင်္ဂလာဒုံမြို့နယ် ရန်ကုန်-ပဲခူးလမ်း အတိုင်း အနောက်မှ အရှေ့သို့ ယာဉ်မောင်း ဇော်ထူး(ခ)ဇော်မင်းနိုင် မောင်းနှင်လာသော ၄က/၆၉၉၇ ဒိုင်နာ(၁၆၂)အရှေ့ပိုင်းခရိုင်ယာဉ်လိုင်းမှယာဉ်မောင်းဇော်ထူး(ခ)ဇော်မင်းနိုင်သည်ဇီနမာန်အောင်ဘုရားအနီးအရောက်တွင် အရှိန်လွန်ကာ ယာဘက်လမ်းစပ်၌ လမ်းလျှောက်နေသူများနှင့် ရပ်ထားသောဆိုင်ကယ်နှစ်စီးအား ဝင်တိုက်မိသည်။ ယာဉ်များပျက်စီးကာ ဒိုင်နာယာဉ်မောင်း ဇော်ထူးနှင့် ဆိုင်ကယ်ပေါ် ထိုင် နေသူ အမည်၊ နေရပ်မသိ အသက် ၂၅ နှစ်ခန့် မြန်မာအမျိုးသားမှာ အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးသွားသည်။ ထို့အပြင် လမ်းလျှောက်နေသူခြောက်ဦးမှာ အင်းစိန်ဆေးရုံ၌ အတွင်းလူနာများအဖြစ် ကုသမှုခံယူလျက်ရှိကြောင်း သတင်းရရှိသည်။

အဆိုပါယာဉ်တိုက်မှုကိုပုဒ်မ-၃၀၄(က)/၃၃၈/၂၇၉ အရ အရေးယူဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။

"ကားမောင်းရင်း အိပ်ပြီးမောင်းတော့ မမောင်းသင့်ဘူးလို့ထင်တယ်။ နောက်ပြီး ဆောင်ပုဒ် တောင်ရှိသေးတယ်။ မူးရင်မမောင်းနဲ့ မောင်းရင်မမူးနဲ့၊ အိပ်ရင်မမောင်းနဲ့ မောင်းရင်မအိပ်နဲ့လို့၊ ဒါကိုပြည်သူတွေကိုအသိပေးတဲ့အနေနဲ့ပြောချင်တယ်"ဟု ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ် ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

# အစိုးရနှင့်ကေအင်န်ယူ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ရန်ကုန်တွင် ပထမဆုံးအကြိမ် ကျင်းပမည်

အောင်သူရ

ရန်ကုန်၊ မတ်-၂၉

ကရင်အမျိုးသားအစည်းအရုံး KNU သည် ဧပြီလဆန်းတွင် ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့နှင့် ကရင်ပြည်နယ် ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ငြိမ်းချမ်းရေး ဆွေးနွေးရန်စီစဉ်ထားကြောင်း ငြိမ်းချမ်းရေးအကျိုးဆောင်တစ်ဦးကပြောသည်။

"ဘားအံရယ်၊ ပဲခူးရယ်၊ ရန်ကုန်မှာရယ် ဆွေးနွေးဖို့အစီအစဉ်ရှိတယ်။ ရန်ကုန်မှာတော့ နိုင်ငံရေးပါတီတွေနဲ့ပါ တွေ့ဖို့အစီအစဉ်ရှိပါတယ်"ဟု အဆိုပါအကျိုးဆောင်က ပြောသည်။

ငြိမ်းချမ်းရေးဆွေးနွေးရန် လာရောက်မည့် ကေအင်န်ယူအဖွဲ့နှင့် တွေ့ဆုံရန် ကရင်ပြည်နယ် အခြေစိုက်ပါတီ သုံးခု၊ NLDပါတီနှင့် ပြည်ခိုင်ဖြိုးပါတီတို့မှ တာဝန်ရှိသူတို့သည် မတ် ၂၄ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့တွင် တွေ့ဆုံခဲ့ကြသည်ဟု NLDပါတီမှ ကရင်ပြည်နယ် တာဝန်ခံ ဒေါ်နန်းခင်ထွေးမြင့်က ပြောသည်။

ကေအင်န်ယူနှင့် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ တို့သည် ဇန်နဝါရီ ၁၂ ရက်တွင် ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရန် သဘောတူခဲ့ပြီး ၄၅ ရက်အတွင်း ပြည်ထောင်စုအဆင့်ဆွေးနွေးရန် သဘောတူခဲ့ သော်လည်း မတွေ့ဆုံဖြစ်ခဲ့ပေ။

မကြာသေးမီရက်ပိုင်းက အစိုးရက ကေအင်န်ယူခေါင်းဆောင်တစ်ဦးဖြစ်သူ ပဒိုမန်းငြိမ်းမောင်အား လွတ်ငြိမ်းချမ်းသာ ခွင့်ပြုပြီးနောက်ပြည်ထောင်စုအဆင့် ဆွေးနွေးရန် စီစဉ်ခဲ့ကြခြင်းဖြစ်သည်ဟု သတင်းရရှိသည်။

# ရုပ်ရှင်လုပ်ငန်းက ရုပ်ရှင်အစည်းအရုံးသို့ ငှားရမ်းထားသော ဝဇီရာ ရုပ်ရှင်ရုံနှစ်ရုံ ဆက်မငှားတော့

အေးသူစံ

ရန်ကုန်၊ မတ်-၂၉




မြန်မာ့ရုပ်ရှင်လုပ်ငန်းပိုင် ဝဇီရာရုပ်ရှင်ရုံ(၁)နှင့်(၂)အားမြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ငှားရမ်းလုပ်ကိုင်ခွင့်ပေးထားရာမှ မတ်လ ၃၁ ရက်တွင် အဆိုပါရုံနှစ်ရုံအား မြန်မာ့ရုပ်ရှင်လုပ်ငန်းသို့ ပြန်လည်အပ်နှံရမည်ဖြစ်ကြောင်းမြန်မာ့ရုပ်ရှင်လုပ်ငန်းမှ မတ်လ ၂၆ ရက်တွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ အကြောင်းကြားစာပေးပို့လာကြောင်းသတင်းရရှိသည်။

"ဝဇီရာရုံ ၁နဲ့ ၂ကို ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာ့ရုပ်ရှင်လောကသားတွေအကျိုးအတွက် ပေးထားတာပါ။ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကနေ သတ်မှတ်ထားတဲ့နှစ်အလိုက် ငှားရမ်းပေးတဲ့ပုံစံပါ။ ၂၀၁၁ခုနှစ် စက်တင်ဘာမှာ စာချုပ်သက်တမ်းပြည့်ပါတယ်။ အဲဒီမှာ စာချုပ်ပြန်ချုပ်ဖို့ ကြိုးစားပါတယ်။ အဲဒီအချိန်မှာပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်ကနေပြီးတော့ နိုင်ငံပိုင်အဆောက်အဦတွေရောင်းချတဲ့စာရင်းမှာ ဒီရုံတွေပါလာတော့ ကျွန်တော်တို့နဲ့စာချုပ်ဆက်မချုပ်ဖြစ်ပါဘူး။ ဆက်ငှားချင်တယ်လို့ တင်ပြထားတာကိုဘာမှအကြောင်းမပြန်ဘဲ နေတာ တစ်နှစ်လောက်ရှိမှ မတ်လ ၃၁ ရက်က နေစပြီး ပြန်ကြားရေးပိုင် လှိုင်သာယာမြို့နယ်က ဝဇီရာ ၂ နဲ့ ကျောက်တံတားမြို့နယ်က ဝဇီရာ ၁ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကို ငှားရမ်းထားခြင်းမှ ရပ်စဲပါကြောင်းနဲ့ ဧပြီ၁ရက်နေ့မှာ ပြန်အပ်ပါလို့ စာပို့လာတယ်။ အဲဒီစာကို မြန်မာ့ရုပ်ရှင်လုပ်ငန်း ရန်ကုန်ရုံးခွဲကထုတ်ပြီး ကျွန်တော်တို့ဆီမတ်လ ၂၆ရက်မှရောက်ပါတယ်"ဟု လက်ရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌဦးမြင့်သိန်းဖေကပြောသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ၂၉ရက်နေ့တွင် မြန်မာ့ရုပ်ရှင်လုပ်ငန်းသို့ ရုပ်ရှင်ရုံပြန်လည်အပ်နှံနိုင်ရန် ဆောင်ရွက်ချိန် ၃လပေးရန် တင်ပြခဲ့ပြီး

စာ(၁၂)သို့






# ရွေးကောက်ပွဲကန့်ကွက်မှုများ ဆုံးဖြတ်ရာတွင် လွတ်လပ်စွာလေ့လာ၊ သတင်းယူနိုင်

**အားမာန်၊ ဥက္ကာကိုကို**

**နေပြည်တော်၊ မတ် - ၂၈**

ကြားဖြတ်ရွေးကောက်ပွဲ အပြီး ရွေးကောက်ပွဲကန့်ကွက်မှုများ ပေါ်ပေါက်လာပါက ရွေးကောက်ပွဲခုံရုံးအဖွဲ့က ပြည်သူရှေ့မှောက်တွင် တရားစီရင်ဆုံးဖြတ်ခြင်း (Open Court) စနစ်ကျင့်သုံးမည်ဖြစ်ပြီး အများပြည်သူနှင့် မီဒီယာများ လွတ်လပ်စွာ လာရောက်လေ့လာ၊ သတင်းယူနိုင်ကြောင်း ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ပြောကြားသည်။



ဓာတ်ပုံ - အားမာန်

**ရွေးကောက်ပွဲကော်မရှင်မှ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ**

ကြားဖြတ်ရွေးကောက်ပွဲအပြီး ရွေးကောက်ပွဲ ကန့်ကွက်မှုများကို တရားစီရင်မည့် ရွေးကောက်ပွဲခုံရုံးသို့ လာရောက်သတင်းရယူနိုင်ပါသလားဟု သတင်းထောက်များ၏ မေးမြန်းမှုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက Open Court (ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ခြင်း) တွင် ဆုံးဖြတ်မည်ဖြစ်၍ လာရောက်သတင်းယူလေ့လာနိုင်ကြောင်း မတ်လ ၂၈ ရက်တွင် ကော်မရှင်ရုံး၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင်ပြောကြားခဲ့သည်။

ရွေးကောက်ပွဲခုံရုံးအဖွဲ့၏ Open Court ကို နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး မြေညီထပ်တွင် ဖွင့်လှစ်ထားသည်။ ပြီးခဲ့သည့် ၂၀၁၀ ရွေးကောက်ပွဲမှ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကိုလည်း အဆိုပါတရားရုံး၌ပင် စီရင်ခဲ့ခြင်းဖြစ်သည်။

၂၀၁၀ ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲခုံရုံးသို့ ရောက်လာသော အငြင်းပွားမှုပေါင်း ၅၀ ခန့်ရှိခဲ့ပြီး ၎င်းတို့အားလုံးကို စီရင်ချက်ချဖြေရှင်းပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

လစ်လပ်မဲဆန္ဒနယ် ၄၈ နေရာအတွက် ကျင်းပသော ကြားဖြတ်ရွေးကောက်ပွဲမတိုင်မီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ နိုင်ငံရေးပါတီများမှ အများဆုံးတိုင်တန်းမှုများမှာ ပါတီအချင်းချင်း၊ ကိုယ်စားလှယ်လောင်းအချင်းချင်း ဝေဖန်ပုတ်ခတ်ခြင်းများသာအများဆုံးဖြစ်ကြောင်း ဦးတင်အေးကဆက်လက်ပြောသည်။

# လွှတ်တော်ရေးရာကော်မတီနှင့်ကော်မရှင်များ ပြည်ထောင်စုအဆင့် မဟုတ်ကြောင်း ခုံရုံးဆုံးဖြတ်

**အောင်သူရ**

**ရန်ကုန်၊ မတ်-၂၉**

ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်တို့တွင် ဖွဲ့စည်းထားသော ရေးရာကောက်မတီများသည်ပြည်ထောင်စုအဆင့် မဟုတ်ဟု အခြေခံဥပဒေခုံရုံးက မတ် ၂၈ရက်က ဆုံးဖြတ်လိုက်ကြောင်း သတင်းရရှိသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းသည့်ပြည်ထောင်စု အဆင့် အဖွဲ့အစည်းနှင့်ယင်းအဖွဲ့အစည်းဝင်(သို့မဟုတ်)ပုဂ္ဂိုလ်များဆိုသည်မှာ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ် တော်၏သဘောတူညီချက်ရယူ ပြီး ခန့်ထားသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းနှင့် ယင်းအ ဖွဲ့အစည်းဝင်(သို့မဟုတ်) ပုဂ္ဂိုလ်များသာဖြစ်ကြကြောင်း မတ်လ ၃၀ရက်ထုတ် သတင်းစာတွင် ဖော်ပြထားသည်။

"သုံးသပ်စရာတော့ အများကြီးရှိပါတယ်။ ပြည်ထောင်စုအဆင့်ဆိုတာဘာလဲ၊ လွှတ်တော်မှာဖွဲ့စည်းတဲ့အဖွဲ့ကိုပြည်ထောင်စုအဆင့်မဟုတ်ဘူးဆိုတော့"ဟု အမျိုးသားလွှတ်တော်အစိုးရ ကတိကဝတ်များကော်မတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်ကဆိုသည်။

အဆိုပါဆုံးဖြတ်ချက်နှင့်ပတ်သက်၍ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဦးဇော်အေးမောင်က "လွှတ်တော်က ဖွဲ့တဲ့ကော်မတီ တွေကို ပြည်ထောင်စုအဆင့် သတ်မှတ်မှ တိုင်းပြည်ရဲ့ Check and Balance ကပိုပြီး ကောင်းလိမ့်မယ်"ဟု မှတ်ချက်ပြုသည်။

သို့သော် နိုင်ငံတော် သမ္မတ ကခန့်အပ်ပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးရသော တရားသူကြီးချုပ်နှင့် တရားသူကြီးအဖွဲ့ဝင်များကိုမူ ပြည်ထောင်စုအဆင့် သတ်မှတ်လိုက်သည်ဟု လွှတ်တော်ကိုယ်စားလှယ်များက ပြောသည်။

ထိုကဲ့သို့ဖြစ်ရခြင်းမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲစဉ်က အားနည်းချက်များဖြစ်ကြောင်း ဦးဇော်အေးအောင်က ဆိုသည်။

စာ(၁၂)သို့




i-MAX လူကြီးဝတ်၊ ကလေးဝတ် အင်္ကျီမျိုးစုံ၊ ဘောင်းဘီနှင့် အနွေးထည်များကို အမြို့မြို့အနယ်နယ်ရှိ SUPER MARKET ဆိုင်များ၊ ခရီး ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

7 DAY NEWS JOURNAL
Vol.11, No.5 • APRIL 5 , 2012

## ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းနှင့် စတုတ္ထမဏ္ဍိုင် အခန်းကဏ္ဍအကြောင်း ဟောပြောမည်

**ကိုကိုကြီး**

**ရန်ကုန်၊ မတ်- ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ရုံး၌ ဧပြီ ၇ ရက် မွန်းလွဲ ၂ နာရီတွင် စာရေးဆရာမောင်ဝံသက "ဒီမိုကရက်တစ် လူ့အဖွဲ့ အစည်းနှင့် စတုတ္ထမဏ္ဍိုင်၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စာရေးဆရာမောင်ဝံသသည် ၂၀၁၁ ခုနှစ်တွင် "ရှားမှရှားတဲ့ နိုင်ငံရေးသမားနှင့် နိုင်ငံရေးဆောင်းပါးများ" စာအုပ်အတွက် သုတစွယ်စုံ နိုင်ငံရေးစာပေဆု ရရှိခဲ့သည်။ ၎င်းသည် ၂၀၁၁ ခုနှစ် ဇူလိုင်မှစတင်၍ ပြည်သူ့ခေတ် ဂျာနယ်ကို ဦးစီးထုတ်ဝေလျက်ရှိသည်။

## မျက်နှာဖုံး-တစ်ဖက်အဖွဲ့အစည်းကို ထိခိုက်စေမည့် အပြုအမူများ လုံးဝရှောင်ကြဉ်ရန် ဒေါ်အောင်ဆန်းစုကြည်ပန်ကြား မှ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှကိုယ်စားလှယ်အများစု အနိုင်ရရန် နေရာအတော်များများတွင် သေချာသလောက်ရှိသည်ဆိုသော သတင်းများ သတင်းဌာနများ၌ တက်လာပြီးနောက် လူအများမှာ လမ်းမများပေါ်တွင် ပါတီအလံများလွှင့်ထူကာ ကားများဖြင့် လှည့်လည်ပြီး အောင်ပွဲခံခဲ့ကြသည်မှာ ည သန်းခေါင်ယံတိုင်သည်အထိ ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်သည် အဆိုပါပန်ကြားချက်ကိုညဂနာရီဝန်းကျင်အချိန်တွင် ထုတ်ပြန်ခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အဆိုပါကြေညာချက်များကိုပြည်တွင်းပြည်ပသတင်းဌာနများသို့ ညတွင်းချင်းပင်ပေးပို့ကာ သတင်းထုတ်ပြန်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်က ပြည်သူအများ၏ အောင်နိုင်မှုသည် သိက္ခာရှိသောအောင်နိုင်မှုဖြစ်စေရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်အားလုံး အထူးသတိပြုစေလိုကြောင်းပြောကြားသွားပြီး ယခုကဲ့သို့ အနိုင်ရခဲ့ခြင်းမှာ ပြည်သူများ၏ ပူးပေါင်းမှုစိတ်ဓာတ်အင်အားများကြောင့် ယခုအောင်ပွဲကိုရရှိခဲ့ခြင်းဖြစ်သည်ဟု ကြားဖြတ်ရွေးကောက်ပြီးနောက်တစ်နေ့ ဧပြီ ၂ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးချုပ်ရှေ့၌ စုဝေးနေသောလူထုကို ၅မိနစ်ကြာမျှ ပြောကြားခဲ့သည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မဲဆန္ဒနယ် ၄၅ နေရာရှိသည့်အနက် ၄၄နေရာတွင်ယှဉ်ပြိုင်ခဲ့ပြီး ရာနှုန်းပြည့်နီးပါး အနိုင်ရခဲ့သည်။

## တိုင်းမ်မဂ္ဂဇင်း၏ ကမ္ဘာကိုလွှမ်းမိုးမှုအရှိဆုံးလူသား ၁၀၀ ဆန်ခါတင်စာရင်းတွင် သမ္မတဦးသိန်းစိန်ပါဝင်

**အေးမြကျော်**

**ရန်ကုန်၊**

**ဧပြီ - ၂**

နှစ်စဉ် တစ်ကမ္ဘာလုံးရှိ လွှမ်းမိုးမှုအရှိဆုံး လူသား ၁၀၀ စာရင်းကို ရွေးချယ်ကာ ထုတ်ပြန်လေ့ရှိသော ကမ္ဘာကျော် တိုင်းမ်မဂ္ဂဇင်းက ၂၀၁၂ခုနှစ်အတွက် လွှမ်းမိုးမှုအရှိဆုံး လူသား၁၀၀ ဆန်ခါတင်စာရင်းဖော်ပြရာတွင် မြန်မာနိုင်ငံမှ သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့နှစ်ဦး ပါဝင်ခဲ့သည်။

တိုင်းမ်မဂ္ဂဇင်းမှ နှစ်စဉ် နိုင်ငံ့ခေါင်းဆောင်၊ လူထုခေါင်းဆောင်များ၊ အပြောင်းအလဲအတွက် တက်ကြွလှုပ်ရှားသူများ၊ အနုပညာရှင်များ၊ စံနမူနာပုဂ္ဂိုလ်များ၊ သူရဲကောင်းများကို ဆန်ခါတင်စာရင်းပြုစုကာအွန်လိုင်းသုံးစွဲသူများထံမှ ဆန္ဒမဲ ကောက်ခံထားခဲ့ရာ လာမည့် ဧပြီ ၁၇ ရက်တွင်၁၀၀စာရင်းကိုတိုင်းမ်မဂ္ဂဇင်းအယ်ဒီတာအဖွဲ့က ရွေးချယ်ထုတ်ပြန်သွားမည်ဟု ကြေညာထားသည်။



TIME Specials

Main | TIME 100 | Person of the Year | Best Blogs | Best Websites | Worst Cars | Be

The 2012 TIME 100 Poll

*Cast your votes for the leaders, artists, innovators, icons and heroes that you think a influential people in the world. Official voting ends on Friday, April 6, and the poll wi included in the TIME 100 issue. The complete TIME 100 list will be chosen by our ed revealed on TIME.com on Tuesday, April 17.*

Story | All Best and Worst Lists

Thein Sein

By TIME STAFF Thursday, Mar. 29, 2012

BACK NEXT

View All

**Age:** 66

**Occupation:** President of Burma

When Burma's military regime, which has ruled in one form or another since a 1962 coup, announced it would transfer power to a quasi-civilian government, few took the brutal junta seriously. The new President, installed last March, is a former general, after all. But Thein Sein has shocked the world by releasing political prisoners and meeting with Burmese opposition leader Aung San SuuKyi. Could Thein Sein be Burma's Gorbachev?

What do you think?

Should Thein Sein be on the list?

STEPHEN MORRISON / EPA

တိုင်းမ်မဂ္ဂဇင်း၏ ဆန်ခါတင်စာရင်းဝင် သမ္မတဦးသိန်းစိန်ကို အကျဉ်းသားများလွှတ်ပေးခြင်းနှင့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခြင်းတို့ဖြင့် ကမ္ဘာကို တအံ့တသြဖြစ်အောင်လုပ်ဆောင်ပြခဲ့သူဟု ရည်ညွှန်းထားပြီး ဦးသိန်းစိန်သည်မြန်မာနိုင်ငံ၏ဂေါ်ဘာချော့ဖ်ဖြစ်နိုင်သလားဟု မေးခွန်းမေးမြန်း၍ ဆန္ဒမဲကောက်ခံထားသည်။ ဧပြီ ၂ရက်အထိထို ၁၀၀ စာရင်းတွင်ပါဝင်သင့်သည်ဟုဖြေကြားထားသော ရာခိုင်နှုန်းမှာ ၇၀ ဒသမ ၄ ရာခိုင်နှုန်းရှိပြီဖြစ်ပြီးမဖြစ်သင့်ဟု မဲပေးသူ ၂၉ ဒသမ ၉၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရရှိကာပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်သွားပြီဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်သည် ဧပြီလ ၂ ရက်အထိ ကမ္ဘာ့လွှမ်းမိုးမှုအရှိဆုံး လူသား ၁၀၀ တွင် ပါဝင်သင့်သည်ဟု မဲပေးသူ ၉၄ ဒသမ ၁၆ ရာခိုင်နှုန်းရှိပြီး မပါဝင်သင့်ဟု မဲပေးထားသူ ၅ ဒသမ ၁၄ ရာခိုင်နှုန်းရှိသည်။

တိုင်းမ်မဂ္ဂဇင်းက သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့နှစ်ဦး၏ အသက်ကို (၆၆ နှစ်) ဟုဖော်ပြထားသည်။

## ရုပ်ရှင်အစည်းအရုံးသစ်ဥက္ကဋ္ဌ ဦးဇင်ဝိုင်း သမ္မတထံ မေတ္တာရပ်ခံစာပို့

**အေးသူစံ**

**ရန်ကုန်၊**

**မတ် ၃၀**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအား အများဆန္ဒဖြင့် အညီ မတ်လ ၂၃ ရက်နေ့က ရွေးကောက်ပွဲပြုလုပ်ကျင်းပခဲ့ပြီးသော်လည်း ရွေးကောက်ခံ အမှုဆောင်အဖွဲ့သစ်အား လက်ရှိအမှုဆောင်အဖွဲ့မှ လုပ်ငန်းတာဝန်များပြန်လည်လွှဲပြောင်းပေးခြင်းမရှိသေးသည့်အတွက် ရွေးကောက်ခံဥက္ကဋ္ဌ ဦးဇင်ဝိုင်းနှင့် အနုပညာရှင်များက သမ္မတထံ မေတ္တာရပ်ခံစာပေးပို့ခဲ့ကြောင်း ဦးဇင်ဝိုင်းကပြောသည်။

"အခုအပြင်မှာပြောနေကြသလို ကျွန်တော်တို့အဖွဲ့ကို အသိအမှတ်မပြုဘူးဆိုတာကို တရားဝင်စာနဲ့ပေနဲ့ မထုတ်ပြန်သေးပါဘူး။ အခုစာတင်တဲ့အထဲမှာ ကျွန်တော်တို့အဖွဲ့ကို လက်ရှိအဖွဲ့က လွှဲပြောင်းပေးဖို့နဲ့ ဝဇီရာရုပ်ရှင်ရုံ ၂ ရုံကို ရုပ်ရှင်အစည်းအရုံးကို ဆက်လက်လုပ်ကိုင်ခွင့်ပေးဖို့နှစ်ချက်ပါပါတယ်" ဟု ဦးဇင်ဝိုင်းက ပြောသည်။

"မတ်လ ၂၄ ရက်နေ့မှာ ရွေးကောက်ခံပြီးပြန်လည်ဖွဲ့စည်းလိုက်တဲ့ စာရင်းကို ဦးစီးကော်မရှင်က သက်ဆိုင်ရာကို သတင်းပို့ပြီးပါပြီ။ အကြောင်းမပြန်လို့ ဒီနေ့ မနက် ၁၁ နာရီခွဲမှာ ကျွန်တော်တို့အမှုဆောင်အဖွဲ့အပါအဝင် လက်လှမ်းမီရာ အနုပညာရှင်တွေရဲ့ လက်မှတ်တွေစုထိုးပြီး ချင်းတွင်းလမ်းက သမ္မတအကြံပေးအဖွဲ့ဆီ စာတင်လိုက်ရတာပါ" ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကို ပြန်လည်ဖွဲ့စည်းရန် အနုပညာရှင်အများစုဆန္ဒအရ ဥက္ကဋ္ဌရာထူးကို သရုပ်ဆောင်အကယ်ဒမီဇင်ဝိုင်း၊ ဒုဥက္ကဋ္ဌ(၁) ဒါရိုက်တာညီညီထွန်းလွင်၊ ဒုဥက္ကဋ္ဌ(၂)သရုပ်ဆောင်လူမင်း၊ အတွင်းရေးမှူး စိန်ငွေဗီဒီယိုထုတ်လုပ်ရေးမှ ဦးဝင်းကြည်၊ တွဲဖက်အတွင်းရေးမှူး(၁)ဒါရိုက်တာ ဦးမျိုးဇော်အောင်၊ တွဲဖက်အတွင်းရေးမှူး (၂)ဦးဖြူး၊ ဘဏ္ဍာရေးမှူး ဦးဇော်မင်း၊ စာရင်းစစ်ဇော်မင်း(ဟံသာမြေ)၊ ဦးဖုန်းမော်၊ ပြန်ကြားရေးမှူး ဦးအေးကြူလေးနှင့် ဦးကျော်ညွန့်၊ စည်းရုံးရေးမှူးအဖြစ် အရိုင်းနှင့်မတူးတို့ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။



7 DAY NEWS JOURNAL


Vol.11, No.5 • APRIL 5 , 2012

# ဘင်္ဂလားဒေ့ရှ် – မြန်မာ ရေပိုင်နက်အပြောင်းအလဲ ဒေသခံများ တိကျစွာ သိရန်လို

**မြတ်စုမွန်**

**ရန်ကုန်၊ မတ်-၂၂**

သမိုင်းဝင် ဘင်္ဂလားဒေ့ရှ်- မြန်မာ ပင်လယ်ရေပိုင်နက် ခွဲခြားသတ်မှတ်သည့် ဆုံးဖြတ်ချက် ထွက်ပေါ်လာပြီးနောက် ရခိုင်ဒေသခံများက ၎င်းတို့နှင့် သက်ဆိုင်သည့် ရေပိုင်နက် အပြောင်းအလဲကို တိကျစွာ မသိရှိရသေး သည့်အတွက် အာဏာပိုင်များ အနေဖြင့် အသိပေး ထုတ်ပြန်ပေးစေလိုကြောင်း ပြောဆိုနေကြသည်။




အထူးသဖြင့် ရခိုင်ပြည်နယ်ရှိ ရေလုပ်သားများ ပင်လယ်ပြင်တွင် ငါးဖမ်းသည့်ဧရိယာ ပြောင်းလဲသတ်မှတ်ခြင်း ရှိမရှိကို သိရန်လိုသည်ဟု ရေလုပ်ငန်းရှင်ထံမှ သိရသည်။

သက်ဆိုင်ရာပြည်နယ်အစိုးရနှင့်၊ တပ်မတော်(ရေ)ကတစ်စုံတစ်ရာ အသိပေးထုတ်ပြန်ခြင်း မရှိသေးသော်လည်း လက်ရှိတွင် စိန့်မာတင်ကျွန်း(ခ)အုန်းကျွန်း ရေပိုင်နက်သို့ငါးဖမ်းစက်လှေများ သွားရောက်ခြင်း မရှိတော့ကြောင်း စစ်တွေမှရေလုပ်ငန်းရှင်ဦးစံကျော်လှက 7Day News သို့ ပြောပြသည်။

ဂျာမဏီနိုင်ငံ၊ ဟမ်းဘတ်မြို့အခြေစိုက် ပင်လယ်ရေပြင်ဆိုင်ရာ နိုင်ငံတကာခုံရုံးက ဘင်္ဂလားဒေ့ရှ်- မြန်မာ ရေပိုင်နက် ခွဲခြား သတ်မှတ်လိုက်သည်မှာ ရက်သတ္တပတ်ရှိပြီဖြစ်သည်။

နှစ်နိုင်ငံ ရေပိုင်နက် နယ်နိမိတ် အပြောင်းအလဲကို သေချာစွာ မသိရှိပါက ဘင်္ဂလားပင်လယ်နှင့် အနီးဆုံးတွင် ရှိသော ရခိုင်ငါးဖမ်းစက်လှေများအတွက်ပြဿနာကြုံလာနိုင်ကြောင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြောသည်။

“ရခိုင်က ရေလုပ်သားတွေကြားမှာတော့ ငါးဖမ်းနယ်မြေနဲ့ပတ်သက်ပြီး ဘာပြဿနာမှ မဖြစ်သေးပါဘူး”ဟု ရခိုင် တိုင်းရင်းသား တိုးတက်ရေးပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြတ်ကျော်က ပြောသည်။

ရခိုင်ပြည်နယ် နယ်စပ်လုံခြုံရေးရာဝန်ကြီး ဦးထိန်လင်းကမူ “အဲဒီကိစ္စကို ကျွန်တော်မသိပါဘူး။ နေဗီ(ရေတပ်)က ကိုင်မယ့်ကိစ္စပါ”ဟု 7 Day Newsသို့ ပြန်လည်ဖြေကြားသည်။

၂၀၀၉ မတိုင်ခင်ကပင် စတင်ခဲ့သည့် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်ရေပိုင်နက် အငြင်းပွားမှုကို ဂျာမဏီနိုင်ငံ ဟမ်းဘတ်သံရုံးက ယခုလ ၁၄ ရက်က ဆုံးဖြတ်ချက်ချခဲ့ပြီး၊ ရက်ပိုင်းအကြာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေတပ်သင်္ဘောများ ကင်းလှည့်လျက်ရှိကြောင်း ဒေးလီစတားသတင်းစာကို ကိုးကား၍ နိရဉ္စရာအင်တာနက် သတင်းစာမျက်နှာတွင် ဖော်ပြပါရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ရေပိုင်နက်အကျယ် ၁၀၇,၀၀၀ စတုရန်းကီလိုမီတာ တောင်းဆိုခဲ့သော်လည်း တရားရုံးဆုံးဖြတ်ချက်အရ ၁၁၁,၀၀၀ စတုရန်းကီလိုမီတာထိ ရရှိသွားခဲ့ပါသည်။ အဓိက အငြင်းပွားနေသည့် စိန့်မာတင် ကျွန်းပတ်လည် ရေမိုင် ၂၀၀ ပတ်လည်အား ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေပိုင်နက်အဖြစ် သတ်မှတ်ပေးလိုက်ခြင်း ဖြစ်သည်။

ဂျာမနီနိုင်ငံ၊ ဟမ်းဘတ်မြို့ အခြေစိုက် ပင်လယ်ရေပြင်ဆိုင်ရာ နိုင်ငံတကာခုံရုံး၏ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်များ ဆုံးရှုံးသွားခြင်း မရှိကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယခုလ တတိယပတ်အတွင်း ကျင်းပသည့် ပြည်သူ့ လွှတ်တော် အစည်းအဝေးတွင် သီးခြားအနေဖြင့် ထည့်သွင်း ပြောကြားခဲ့သည်။

## လူကုန်ကူးသူများ ကျက်စားရာအများဆုံးနှင့် ဖြစ်ပွားမှုအများဆုံး ရန်ကုန်တိုင်းဒေသကြီးဖြစ်နေ

### ၈၀ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံသို့ လူကုန်ကူးခြင်းခံရ

**ကိုကိုကြီး**

**ရန်ကုန်၊ မတ် ၂၃**

၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ဖြစ်ပွားခဲ့သည့် လူကူးသည့် ဖြစ်ပွားမှုများကို ကြည့်ပါက လူကုန်ကူးမှုအများဆုံးဖြစ်ပွားသည့် ဒေသနှင့် လူကုန်ကူးသည့် တရားခံအများဆုံး ကျက်စားရာဒေသသည် ရန်ကုန်တိုင်းဒေသကြီးဖြစ်ကြောင်း ပြည်ထဲရေး ဝန်ကြီးဌာန၊ လူကုန်ကူးမှုတားဆီး ကာကွယ်ရေး ဗဟိုအဖွဲ့မှ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၀၆ ခုနှစ် ဇန်နဝါရီမှ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ၅ နှစ်တာကာလအတွင်း လူကုန်ကူးမှုအများဆုံး ဖြစ်ပွားသည့် မြို့နယ် ၄၂ မြို့နယ်ရှိသည်။ ၎င်းတို့အနက် ရန်ကုန်တိုင်းဒေသကြီးမှ လှိုင်သာယာ၊ ဒလ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ သန်လျင်၊ ရွှေပြည်သာ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ အင်းစိန်၊ မြောက်ဥက္ကလာပ၊ မင်္ဂလာဒုံ၊ မရမ်းကုန်း၊ သာကေတနှင့် တောင်ဥက္ကလာပမြို့နယ်၊

စာ(၁၂)သို့



7DAY NEWS JOURNAL
Vol.11, No.5 • APRIL 5 , 2012

## ၂၀၁၂ ဧပြီ ၄ မှ ၁၀ ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒသန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၊ မြောက်ပိုင်းနဲ့ ကပ္ပလီပင်လယ်ပြင်တွေမှာ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်မှာ တိမ်အနည်းငယ်သာ ဖြစ်ထွန်းနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ လှိုင်းအနည်းငယ်သာ ရှိနိုင်ပါတယ်။ အများဆုံးဖြစ်ပေါ်နိုင်တဲ့ လှိုင်းအမြင့်ဟာ ၁ ပေ မှ ၁ ပေခွဲခန့် အထိသာရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

ပြီးခဲ့တဲ့ မတ်လ(၂၃)ရက်နေ့မှ(၃၀)ရက်နေ့အထိ ရက်သတ္တတစ်ပတ်အတွင်းမှာမြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများနဲ့တောင်ပိုင်းဒေသတွေမှာမိုးရေချိန် ၀. ၂လက်မမှ ၁. ၈လက်မအထိမိုးအနည်းငယ်ထစ်ချုန်းရွာသွန်းခဲ့ကြတာကလွဲရင်၊ ကျန်ဒေသတွေမှာတော့ သာယာနေခဲ့ပါတယ်။ မိုးရွာသွန်းမှု ဆက်လက်လျော့နည်းနေဆဲဖြစ်ပါတယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

ခန့်မှန်းကာလအတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသတွေမှာ မိုးထစ်ချုန်းရွာသွန်းနိုင်ပါတယ်။ မိုးရွာသွန်းနိုင်မှု ခန့်မှန်းချက်အနေနဲ့ကတော့ ကချင်ပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းအထက်ပိုင်း ချင်းပြည်နယ်မြောက်ပိုင်းဒေသကြီးတွေမှာ(၆)ရက်ခန့်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်တွေမှာ(၃)ရက်ခန့်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းတို့မှာ(၂)ရက်ခန့်နဲ့ ကျန်ဒေသတွေမှာတော့ (၁)ရက်ခန့် မိုးအနည်းငယ် ရွာသွန်းနိုင်ပါတယ်။

**မိုးတိမ်တောင်များဖြစ်ပေါ်နိုင်မှုအခြေအနေ**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းတွင် (၅-၇)ရက်ခန့်၊ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်ဆို့တွင် (၃-၄)ရက်ခန့်၊ ကျန်ဒေသများ တွင် (၂-၃)ရက်ခန့် မွန်းလွဲညနေပိုင်း အချိန်အခါများတွင် မိုးတိမ်တောင်များဖြစ်ပေါ် မှုကြောင့် ထစ်ချုန်းမယ့် အခြေအနေများကိုဖြစ်ပေါ်နိုင်ပါသည်။ အဆိုပါကာလများတွင် မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်း အပြင်လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးကြိုးပစ်ခြင်းတို့ကို အထူးဂရုစိုက်ရန်လိုအပ်ပါမည်။

**နေ့အပူချိန်များအခြေအနေ**

မတ်လကစတင်ပြီး နေ့အပူချိန်များ တစ်နေ့ထက်တစ်နေ့ မြင့်တက်လာနေပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံ အလယ်ပိုင်း၊ မြေလတ်ပိုင်း၊ မြစ်ဝကျွန်းပေါ် ဒေသများနဲ့ တောင်ပိုင်းဒေသများမှာ သိသိသာသာ အပူချိန်များတက်လာနေပါတယ်။ ဒါပေမဲ့ နေ့အပူချိန်များ မြင့်တက်လာနဲ့အတူ မြန်မာနိုင်ငံ တောင်ပိုင်းနဲ့ မြစ်ဝကျွန်းပေါ် ဒေသများမှာ တိမ်များတက်လာပြီး အပူကိုလျော့ပါးစေနိုင်ပါတယ်။ ဒါကြောင့် အပူချိန်တွေဟာ အထူးသဖြင့် မြန်မာနိုင်ငံတောင်ပိုင်း၊ မြစ်ဝကျွန်းပေါ် နဲ့ မြေလတ်ပိုင်း ဒေသတွေမှာ ဖြစ်မြဲအောက် လျော့နည်းနိုင်ပြီး အပူဒဏ်သက်သာရာရနိုင်ပါတယ်။ ကျန်ဒေသတွေမှာတော့ အများအားဖြင့် ဖြစ်မြဲခန့်သာ ရှိနိုင်ပါတယ်။

နေ့အပူချိန်နဲ့ပတ်သက်ပြီး မြန်မာနိုင်ငံကို (၄)ပိုင်း ခွဲခြားပြောနိုင်ပါတယ်။ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းတွေမှာ ၄၀-၄၃ ဒီ ဂရီ စင်တီ၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ကချင်ပြည်နယ် အနောက်ပိုင်း၊ မွန်ပြည်နယ်။ ကရင်ပြည်နယ် နဲ့ တနင်္သာရီတိုင်းတွေမှာ ၃၆-၃၉ deg C၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်တွေမှာ ၃၀-၃၂ C၊ ကချင်ပြည်နယ်မြောက်ပိုင်းစွန်း ဒေသတွေမှာ ၂၄-၂၆ deg C ရှိနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံ တစ်ဝန်းရှိ မြစ်တို့တွင် လက်ရှိရေအမှတ်များဟာ ဆက်လက်ကျဆင်းနေပြီး မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှာ မိုးရွာသွန်းမှုလျော့နည်းနေတဲ့အတွက်ချင်းတွင်းမြစ်နဲ့ ဧရာဝတီမြစ်တို့မှာပြည်တွင်းရေကြောင်းသွားလာရေးအတွက် ရေနည်းမှုအန္တရာယ်ကို ဆက်လက်သတိထားဖို့ လိုလာပါလိမ့်။ ဒါပေမဲ့ ဧပြီလပထမ(၁၀)ရက်ပတ်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသတွေမှာ မိုးရွာနိုင်တာကြောင့် မြစ်များမှာ ရေပြန်လည်ရရှိလာနိုင်ပါတယ်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်မှာ ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်းမှာ ဒုတိယမြောက်တိုင်ဖွန်း PAKHAR ဖြစ်ပေါ်နေပြီး ဗီယက်နမ်နိုင်ငံကမ်းခြေကို ဧပြီလ လဆန်းပိုင်းမှာ ဖြတ်ကျော်ဝင်ရောက်မယ်လို့ ခန့်မှန်းရပါတယ်။ ကမ်းခြေကိုဖြတ်ကျော်ပြီးနောက် ကုန်းတွင်းပိုင်းကို အနောက်မြောက်ဘက်ဦးတည်ရာဘက်အတိုင်း ဆက်လက်ဝင်ရောက်သွားနိုင်ပါတယ်။ ဒါပေမဲ့ ဘင်္ဂလားပင်လယ်ပြင်မှာတော့ အခုလာမယ့် ရက်သတ္တတစ်ပတ်အတွင်းမှာတော့ မုန်တိုင်းဖြစ်ဖို့ မရှိသေးဘူးလို့ ခန့်မှန်းရပါတယ်။

**၂၀၁၂ အတွက် အရေးကြီးသောအခြေအနေ**

လက်ရှိဖြစ်ပေါ်နေတဲ့ လာနီညာရာသီဥတုဟာ မတ်လအကုန်မှာ ပြီးဆုံးတော့မယ်လို့ ခန့်မှန်းရပါတယ်။ ထူးခြားမှုတစ်ခုအနေနဲ့ ၂၀၁၂ ခုနှစ်ဟာ နေအမည်းစက် အများဆုံးနှစ်ဖြစ်နေပါတယ်။ နေအမည်းစက်အများဆုံးနှစ်တွေမှာ အယ်လ်နီညိုနှစ်ဖြစ်လာပါက အလွန်ပူပြင်း ခြောက်သွေ့တတ်တဲ့အတွက် ၂၀၁၂ရဲ့ လက်ကျန်ကာလတွေမှာ အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်နိုင်မှုကို စောင့်ကြည့်ဖို့ အရေးကြီးနေပါတယ်။

ဧပြီလမှစတင်ကာ မိုးတိမ်တောင်များရဲ့အန္တရာယ်ကို မေလပထမပတ်အထိ သတိထားဖို့လိုအပ်ပါတယ်။ အထူးသဖြင့် မွန်းလွဲညနေပိုင်း အချိန်အခါများမှာ မိုးတိမ်တောင်များကြောင့် မိုးကြိုးပစ်ခြင်း၊ မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ စိုက်ဆင်းလေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်းစတာတွေကို ကြုံတွေ့နိုင်ပါတယ်။

**ဒေါက်တာထွန်းလွင်**

# ရွေးကောက်ပွဲအပြီး အိမ်ခြံမြေဈေးမြင့်တက်လာ

**အောင်သူရ၊ ပြည့်သိမ်း**
**ရန်ကုန်၊ ဧပြီ - ၂**

ရွေးကောက်ပွဲရလဒ်ကြောင့် ရန်ကုန်မြို့ အိမ်ခြံမြေဈေးမှာ တစ်ပေပတ်လည်လျှင် ကျပ်တစ်သိန်းခန့်ဈေးတက်သွားကြောင်း အကျိုးဆောင်များထံမှသတင်းရရှိသည်။



"မြေကွက်အကြီးတွေ အဝယ်လိုက်လာတာ တစ်ကေပတ်လည်ရှိတဲ့ မြေကွက်တွေ ပြည်လမ်းတို့၊ ကမ္ဘာအေးဘုရားလမ်းတို့ ဒဂုံမြို့နယ်နဲ့ လှိုင်မြို့နယ်တို့မှာ တက်သွားတာ"ဟုကျောက်တံတားမြို့နယ်အခြေစိုက် အိမ်ခြံမြေအကျိုးဆောင်တစ်ဦးကပြောသည်။

ရွေးကောက်ပွဲကျင်းပမည့်ရက်မတိုင်ခင်က ရန်ကုန်အိမ်ခြံမြေဈေးကွက်မှာ တိုက်ခန်းနှင့် ကွန်ဒိုများသာ အငှားဖြစ်ခဲ့ပြီး မြေဈေးကွက်မှာ အရောင်းအဝယ်အေးခဲ့သည်။

"အကွက်ကြီးတွေ ဖြစ်တာရှိတယ်။ ရှေ့ဆက်ပြီး စောင့်ကြည့်ရမှာပဲ။ ရွေးကောက်ပွဲပြီးရင်ပြည်ပက FDI (နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု) တွေအနည်းနဲ့အများ ဝင်လာမှာပါ" ဟု ယူနတီအိမ်ခြံမြေ အကျိုးဆောင်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"NLD နိုင်သွားတော့ Investment (ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာမယ် ဆိုပြီး ဝယ်ကြတာ။ ဟိုတယ်ဆောက်ချင်တဲ့ လူတွေက အများကြီးပဲ။ အခု မြေကွက်က မရောင်းချင်လည်း ငှားလို့ရနေပြီ။ ဒါကြောင့် လွယ်လွယ်ပဲစဉ်းစားပြီး လုပ်နေကြတာ"ဟု ဘဏ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ထိုကဲ့သို့ ဝင်ရောက်လာပါက အမေရိကန်နှင့် မြန်မာကျပ်ငွေတန်ဖိုးနှုန်းမှာ ကျဆင်းသွားနိုင်ကြောင်းလည်း အဆိုပါလုပ်ငန်းရှင်ကပြောသည်။

ရွေးကောက်ပွဲ မတိုင်မီ နိုင်ငံတကာမှ လာရောက်လေ့လာသူများက ကြားဖြတ်ရွေးကောက်ပွဲ အခြေအနေအား စောင့်ကြည့်ခဲ့ပြီး ထိုအခြေအနေမှာ စီးပွားရေးပိတ်ဆို့မှုများအပေါ် သက်ရောက်မှုရှိလိမ့်မည်ဟုပြောကြားခဲ့သည်။

## မျက်နှာဖုံး-ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်မှ ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဖြစ်လာ မှ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဟု ဘင်္ဂလားဒေ့ရှ်လေတပ်ဦးစီးချုပ်နှင့် ဧပြီ ၂ ရက်က တွေ့ဆုံစဉ် နိုင်ငံပိုင် မီဒီယာများ၌ ဖော်ပြစဉ် ပထမဆုံးအကြိမ်သုံးနှုန်းခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အပါအဝင် တပ်မတော်အဆင့်မြင့်အရာရှိကြီး ၅ ဦးမှာ မတ်လ ၃၀ ရက်မှစတင်၍ အဆင့်တိုးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းကိုဗိုလ်ချုပ်ကြီးစိုးဝင်းဟူ၍လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်းကို ဗိုလ်ချုပ်ကြီး လှဌေးဝင်း ဟူ၍လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်းကို ဗိုလ်ချုပ်ကြီးညဏ်ထွန်းဟူ၍လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ)ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းကို ဗိုလ်ချုပ်ကြီး မြတ်ဟိန်းဟူ၍လည်းကောင်း အသီးသီးဖြစ်လာသည်။

**Certificate Course For**
**Mass Communication (E-401/10)**

၁။ မြန်မာနိုင်ငံတွင် အသစ်ပေါ်ထွန်းမည့် နိုင်ငံရေးစနစ်သစ်၏ **Political Process** တွင် သတင်းနှင့် ပြန်ကြားရေး လုပ်ငန်းများ ပိုမိုအရေးပါလာတော့မည် ဖြစ်ပါသည်။

၂။ အဆိုပါ အခန်းကဏ္ဍကို ဖြည့်ဆည်းသည့်အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘက်စုံနှံ့စပ်၍ ရင့်ကျက်သော လူသားအရင်းအမြစ်များ မွေးထုတ်ရန် **Myanmar Egress** က လူထုဆက်သွယ်ရေး အတတ်ပညာသင်တန်းတစ်ရပ်ကို မကြာမီ ဖွင့်လှစ်မည် ဖြစ်ပါသည်။

၃။ သင်တန်းကာလမှာ (၃)လဖြစ်၍ တနင်္လာနေ့မှ သောကြာနေ့အထိ အချိန်ပြည့်သင်တန်းဖြစ်သည်။ စနေ၊ တနင်္ဂနွေရက်များတွင် သင်တန်းတက်ရောက်ရန် လိုအပ်ပါက တက်ရောက်နိုင်ရပါမည်။ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာအပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတည်ဆောက်ရေးနှင့် ခေါင်းဆောင်မှု အရည်အသွေးဆိုင်ရာ ဘာသာရပ်များကိုလည်း သင်ကြားပို့ချမည်ဖြစ်ပါသည်။

၄။ သင်တန်းကြေးမှာ ကျပ်ငွေတစ်သိန်း (၁၀၀,၀၀၀) သတ်မှတ်ထားသည်။

၅။ စီးပွားဖြစ်ဖွင့်လှစ်သော သင်တန်းမဟုတ်ဘဲ နိုင်ငံတည်ဆောက်ရေးတွင် တစ်ထောင့်တစ်နေရာမှပါဝင်ခြင်းဖြစ်ရာ သင်တန်းကြေးအတွက် အခက်အခဲရှိသော ကျောင်းသားများအနေဖြင့် သင်တန်းကြေးသက်သာကင်းလွတ်ခွင့် လျှောက်ထားနိုင်ပါသည်။ အောက်ပါဘာသာရပ်များကို အမှန်တကယ် စိတ်ဝင်စားပြီး သင်တန်းကြေး အခက်အခဲရှိသူများ ဝင်ခွင့်ရရှိစေရပါမည်။

၆။ သင်တန်းတွင် သင်ကြားမည့် ဘာသာရပ်များမှာ –

**Public Relations Theories**
1. Framework of Public Relation
2. Public Relations Theories
3. Public Relations Strategies
4. Public Relations Practics

**Enterprising Leadership**
1. Political Economy of the State
2. Citizens & Constitution
3. State & Institutions
4. Civil Society & Civic Engagement
5. Critical Thinking for Leadership

**Basic Journalism and Professional Writing**
1. The Role of Media in State Building
2. Media Literacy & Information Government
3. Writing Skills for Journalism
4. Globalization and Media
5. Blog, Blogger & Citizen Journalist
6. Photography for Citizen Journalist

**Communication Skills**
1. Tools Kit of Information Technology
2. Leadership Personality / Ledership Skills
3. Commuication and Advocacy
4. Negotiation and Conflict Resolution Skills
5. Strategic Environment of Management
6. English For Journalist

၇။ ၂၀၁၂ ခုနှစ် မေလ တတိယပတ်တွင် သင်တန်းစတင် ဖွင့်လှစ်မည် ဖြစ်ပါသည်။ နယ်မြို့များမှ လူငယ်များကို သင်တန်းကြေး ကင်းလွတ်ခွင့်ဦးစားပေးမည်။ အချိန်ပြည့် သင်တန်းဖြစ်၍ အခြားသင်တန်းတစ်ခုခု တစ်ပြိုင်နက်တက်ရောက်ရန်ရှိသူများ လျှောက်ထား ရန် မလိုပါ။ သင်တန်းဝင်ခွင့် လျှောက်လွှာပိတ်မည့်နေ့မှာ (၉-၄-၂၀၁၂)ရက်၊ တနင်္လာနေ့ဖြစ်၍ သင်တန်းကြေးသက်သာ ကင်းလွတ်ခွင့်လျှောက်ထားလိုသူများအနေဖြင့် (၄-၄-၂၀၁၂)ရက်၊ ဗုဒ္ဓဟူးနေ့မတိုင်မီလျှောက် ထားရန်လိုပါသည်။

၈။ ဤသင်တန်းဆင်းပြီးပါက ရုပ်သံနှင့် ပုံနှိပ်မီဒီယာများတွင်လည်းကောင်း၊ **Poltical Process** တွင် လည်းကောင်း၊ သံရုံးများ၊ **INGO** များ၊ **NGO** များ၊ ကုမ္ပဏီများ၏ သတင်းနှင့် ပြန်ကြားရေးဆိုင်ရာဌာနများဖြစ်သော **Public Affairs**၊ **Public Relations** နှင့် **Media Relations** ဌာနများတွင်လည်းကောင်း အလုပ်ရရှိနိုင်မည့် အခွင့်အလမ်းများ ပွင့်လင်းသွားမည်ဖြစ်သည်။

၉။ သင်တန်းဝင်ခွင့်လျှောက်လွှာများကို သမ္မတဟိုတယ် ပထမထပ်ရှိ **Myanmar Egress** ကျောင်းသားရေးရာဌာနတွင်ရယူနိုင်ပြီး **www.myanmaregress.org** တွင်လည်း **Download** ရယူနိုင်ပါသည်။

**Myanmar Egress Office**
2nd Floor, Thamada Hotel Business Suite, Yangon, Myanmar
Tel: 255604, 393303
Email: mc@myanmaregress.org,
www.myanmaregress.org

**TRADEMARK CAUTION NOTICE**

**HOE Pharmaceuticals Sdn Bhd,** a company organized under the laws of Malaysia and carrying on business as and having its principal office at B-3A-07, Dataran 32, No. 2, Jalan 19/1, 46300 Petaling Jaya, Selangor Darul Ehsan, Malaysia is the owner and sole proprietor of the following Trademarks:-

Ellgy plus

Reg. Nos. 4/4918/2006 for Int'l Class 3 & 4/4919/2006 for Int'l Class 5

Used in respect of: Cosmetics and non-medicated skincare preparations. (International Class 3)
Pharmaceutical preparations for skincare. (International Class 5)

T3


Reg. Nos. 4/4920/2006 & 4/3860/2009 for Int'l Class 3 & 4/4921/2006 for Int'l Class 5

Used in respect of:- Preferable "Cosmetics and non-medicated skincare preparations". (International Class 3) Otherwise "cosmetics and non-medicated skincare preparations; non-medicinal creams and lotions, non-medicated anti-acne preparations, astringent for cosmetics purposes, oil for cosmetic purpose, beauty masks, tissues impregnated with cosmetic lotions, make-up removing preparations, blackhead removing preparations, cleansing milk, cleansing gel, toner, moisturizer, skin whitening creams". (International Class 3)
Pharmaceutical preparations for skincare. (International Class 5)

Any unauthorised use, imitation, infringements or fraudulent intentions of the above marks will be dealt with according to law.

**Tin Ohnmar Tun & The Law Chambers**
Ph: 0973150632
Email: law_chambers@seasiren.com.mm
(For.Advanz Fidelis Sdn. Bhd.,Malaysia)
Dated. 05 April,2012.

Life
7 DAY NEWS JOURNAL
Vol.11, No.5 • APRIL 5 , 2012



# ပညာအလင်းရောင် ကူညီထွန်းပြောင်စေသည် ဆိုရာတွင်. . .

ရှင်းသန့်လွင်

**ကျွန်မ ဂုဏ်ထူးတန်း(ဒုတိယနှစ်) တက္ကသိုလ်ကျောင်းသူဘဝ၊ ၂၀၀၂ ခုနှစ်။ အတန်းတင်စာမေးပွဲဖြေပြီးချိန်၊ ကျောင်းပိတ်ချိန်တိုင်း ကျောင်းစရိတ်ရရန် အချိန်ပိုင်းအလုပ်တစ်ခုခုလုပ်လေ့ရှိပါသည်။ တစ်နေ့ကျွန်မအလုပ်နေရာသို့တက္ကသိုလ်မှဆရာမနှစ်ယောက်လိုက်လာပါသည်။ ကျွန်မအားပါမောက္ခခေါ်ခိုင်းသည်ဆိုကာ ကျောင်းသို့ လိုက်သွားရသည်။ ဘာကြောင့်ခေါ်သည်မပြော။ ရင်တထိတ်ထိတ်ဖြင့် ကျောင်းသို့ရောက်သော် အဖြေကား နိုင်ငံခြားတက္ကသိုလ်တစ်ခုမှ ပညာသင်ဆုခေါ်ကြောင်း သိရသည်။**

တက္ကသိုလ်မှ ဘာသာရပ်တိုင်းတွင် ဒုတိယနှစ်(ဂုဏ်ထူးတန်း)မှ အမှတ်အများဆုံး ရရှိသူများအား လျှောက်လွှာခေါ်ကြောင်း သိရပါသည်။ တက္ကသိုလ်ကျောင်းသူဘဝတွင် ကျွန်မအမျှော်လင့်ဆုံးဆု၊ အလိုချင်ဆုံး ဂုဏ်ထူးတန်း (ဒုတိယနှစ်)ရောက်သည်အထိ အစွမ်းကုန်ကြိုးစားခဲ့ပါသည်။ ပျော်ရွှင်၊ ကျေနပ်ဝမ်းမြောက်မှုများစွာနှင့် လိုအပ်သော ကိုယ်ရေးရာဇဝင်များ ဖြည့်ပြီးတက်ကြွသော ခြေလှမ်းများဖြင့် မိဘများအား ဝေမျှသော အိမ်အပြန်လမ်း။ ထက်သန်သော မျှော်လင့်ချက်ရောင်ခြည်များဖြင့် နေ့သစ်များကို နိုးထခဲ့သော်လည်း . . ။ ထိုဆုကို ကျွန်မမရခဲ့ပါ. . ။ ကျွန်မထက် ပို၍ ထူးချွန်သော တခြားဘာသာရပ်မှ ကျောင်းသူတစ်ဦးရရှိသွားပါသည်။ ဝမ်းနည်းစိတ်များဖြင့်သာ ဖြေသိမ့်ခဲ့ရပါသည်။ သေချာမှုတစ်ခုက ကျွန်မပိုပြီး ကြိုးစားရပါဦးမည်။

သာမန်ဝန်ထမ်းမိသားစုမှ သမီးကြီးဖြစ်သော ကျွန်မအတွက် ပညာရေးခရီးလမ်းမှာ ကြမ်းလှပါသည်။ အခက်အခဲ အတားအဆီးပေါင်းများစွာ၊ သည်းခံရခြင်းများစွာ၊ စိတ်ခံစားမှုများစွာ မပြည့်စုံမှုများစွာ အရင်းတည်၍ သိပ္ပံ(ဂုဏ်ထူးဘွဲ့)၊ မဟာသိပ္ပံဘွဲ့၊ မဟာသုတေသနဘွဲ့၊ တစ်ထစ်ချင်း၊ တစ်လှမ်းချင်း လှမ်းတက်ခဲ့ရသော ကျွန်မ၏ လှေကားထစ်များ၊ မောပန်းလှပါသည်။ သို့သော် ဇွဲမလျှော့ပါ။ ခြေကုန်လက်ပန်းကျ လှပါသည်။ သို့သော် ကြိုးစားမှု၊ ဝီရိယများ ပိုထည့်ကာ ကျွန်မ၏ ပန်းတိုင်မရောက်မချင်း အကောင်းဆုံးဖြစ်အောင် ကြိုးစားနေရင်း . . ။

တက္ကသိုလ်မှသရုပ်ပြဆရာမ ရာထူးများ ခေါ်သော်လည်း ကံအကြောင်း မတိုက်ဆိုင်စွာ ကျွန်မဆရာမ မဖြစ်ခဲ့ပါ။ တက္ကသိုလ်စတက်သည့် ပထမနှစ်မှစ၍ အလုပ်ခေါ်သည့် အချိန်အထိ နှစ်စဉ်အတန်းတိုင်း ထိပ်ဆုံးမှ အောင်မြင်ခဲ့သော်လည်း အောင်မြင်အောင်ကြိုးစားခဲ့သော်လည်း ကျွန်မတက္ကသိုလ် ဆရာမတစ်ဦးဖြစ်ခွင့်မရခဲ့ပါ။ မျှော်လင့်စိတ်ကူးယဉ်ထားသော ဘဝနှင့်လက်တွေ့ တွေ့ကြုံရခြင်းများ ခြားနားလှပါသည်။ ဖြေသိမ့်နိုင်အောင် ကြိုးစားခဲ့ရပါသည်။

ပါရဂူသုတေသန ပထမနှစ်၊ ဒုတိယနှစ်။ ငွေကြေးအခက်များစွာနှင့် လုံးခြာလိုက်နေခဲ့သည်။ မိုးလင်းသည်နှင့် အိမ်မှထွက် ကျောင်းစရိတ်ရရန် ကျူရှင်သင်၊ ထိုမှ ကျောင်းရှိ ဓာတ်ခွဲခန်းသို့ ပြေး။ ညနေ နောက်တစ်ချိန် ကျူရှင်သင်။ နိဗ္ဗာန်ဆုရရန် မျှော်လင့်ချက်မဟုတ်သော်လည်း ကျွန်မပြုလုပ်နေသော ပါရဂူသုတေသန၏ ရလဒ်များ ကောင်းမွန်စေချင်ပါသည်။ မိမိ၏ ငွေကြေးအင်အား တတ်စွမ်းသမျှဖြင့် အကောင်းဆုံးဖြစ်စေချင်ပါသည်။ ထိုကြောင့် အရင်းအနှီးစိုက်ထုတ်ရမှုများမှာလည်း ကျွန်မတတ်စွမ်းသမျှလက်ကုန်။ ကျွန်မပြုလုပ်နေသော သုတေသနလုပ်ငန်းများထဲတွင် စိတ်ရော၊ ကိုယ်ပါနှစ်လျက်။ ဘဝ၏ ခက်ခဲ ခါးသီးမှုများအားလုံး သုတေသနပြုလုပ်ခြင်း လုပ်ငန်းများတွင် ကြုံတွေ့နေရသော အခက်အခဲများ အားလုံးကို ရင်ဆိုင်ရုန်းကန်ခဲ့ရပါသည်။

တစ်နေ့ ကျွန်မတို့ အိမ်နားရှိ စာအုပ်အဟောင်းဆိုင်မှ လကျော်နေပြီဖြစ်သော ပြည်မြန်မာဂျာနယ်တစ်စောင်တွင် 'သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းနှင့် ပတ်သက်သော သုတေသနလုပ်ငန်းများအား အကူအညီပေးရန်' ဆိုသည့် ခေါင်းစဉ်နှင့် ဆောင်းပါးသတင်းတိုတစ်ခုကို ကျွန်မ၏ မိခင်က ဖတ်မိသည်။ ကျွန်မအား ဆက်သွယ်စုံစမ်းကြည့်ရန် တိုက်တွန်းသည်။

ထိုဂျာနယ်တိုက်သို့ ဖုန်းဆက်စုံစမ်းကြည့်ရာ အခန့်သင့်ပင် ဆောင်းပါးရေးသူနှင့် စကားပြောရသည်။ ဆောင်းပါးရေးသူထံမှ ထပ်မံဆက်သွယ်ရမည့် ဖုန်းနံပါတ်များ ရရှိခဲ့ပါသည်။ တစ်စုံတစ်ခု စတင်မိလျှင် အဆုံးထိတိုင် သိချင်တတ်သော၊ အဆုံးထိတိုင် ကြိုးစားကြည့်ချင်သော စိတ်များဖြင့် သုတေသနလုပ်ငန်းများ ကူညီမည့် အဖွဲ့အစည်းထံသို့ ဆက်သွယ်စုံစမ်းကြည့်ရာ နောက်တစ်ရက်တွင် ၎င်းအဖွဲ့သို့ကျွန်မကိုယ်တိုင် လာရောက်တွေ့ဆုံရန် အကြောင်းပြန်ပါသည်။

ထိုအချိန်ကား ၂၀၀၉ခုနှစ် ဇူလိုင်လ ပေးထားသော လိပ်စာ အတိုင်း ဘတ်စ်ကားတစ်ဆင့် ကုန်းကြောင်းတစ်ဆင့် စမ်းတဝါးဝါးဖြင့် ပါးစပ်ပါရွာ ရောက်နှလုံးမူကာ သွားနေရသည်။ တွေ့ပါပြီ။ ကျွန်မသွားလိုသောနေရာ။ ခမ်းနားကြီးကျယ်သော အဆောက်အအုံကြီးကို ရင်သပ်ရှုမောမြင်ရသည်။ ကြည်လင်နေသော မှန်တံခါးမကြီးကို ဖွင့်လိုက်ရာ ရုပ်ရှင်များတွင်သာ မြင်ဖူးသော သားနားသော အဆင်အပြင်များဖြင့် ဧည့်ခန်းမဆောင်ကြီး၊ လှပသော ဝန်ထမ်းအမျိုးသမီးငယ်လေးများ၊ ပထမဆုံး ကျွန်မကိုယ်ကျွန်မ အားငယ်စိတ်ဖြင့် ဝမ်းနည်းမိသည်။ ကျွန်မလာခဲ့မိတာ မှားပြီးလားဟု တွေးမိပါသည်။ မိုးတွင်းမို့ မိုးရေများ စိုရွှဲနေသော၊ ပျက်တချို့ ကွက်တချို့ သနပ်ခါးများ။ အတတ်နိုင်ဆုံး သပ်ရပ်အောင် ဝတ်ဆင်ခဲ့သော်လည်း တန်ဖိုးမကြီးသည့် သာမန်အဝတ်အထည်များ။ ဝဲတက်လာသော မျက်ရည်များကို အားတင်းရင်း ဒေါင်းပျံ့မလေးများ အလယ်မှ ကျီးတစ်ကောင်ကဲ့သို့ ခံစားရပါသည်။ သို့သော် ပညာဟူသော မိတ်ဆွေက ရဲရင့်စေခဲ့ပါသည်။

ကျွန်မတွေ့ဆုံရမည့် တာဝန်ရှိသူ လူကြီးမှာ အစည်းအဝေးခန်းတွင်း ရောက်နေသောကြောင့် စောင့်ဆိုင်းရန် ဝန်ထမ်းအမျိုးသမီးလေးများကပြောပါသည်။ သူမတို့ဧည့်ခံသော ကော်ဖီပူပူကား ရင်တွင်းမှ စိုးရိမ်စိတ်များဖြင့် အေးစက်နေသော ကျွန်မ၏ ခြေလက်များကို မနွေးထွေးနိုင်ပါ။

ထို့နောက် တာဝန်ရှိသူနှင့်တွေ့ရန် ကျွန်မအားခေါ်သွားပြီး အခန်းတံခါးတစ်ခုကို ဖွင့်လိုက်ရာ နူးညံ့လှပသော ကော်ဇောကြီးကို စတင်မြင်ရပါသည်။ ဖိနပ်ချွတ်ရမည်လား။ စီးရမည်လား။ ကျွန်မ မဝေခွဲနိုင်ပါ။ လိုက်ပို့သူ ဖိနပ်မချွတ်သည်တွေ့မှ ဆက်ပြီးစီးဝံ့ပါသည်။ အရာအားလုံး ကျွန်မအတွက် အဆန်းတကျယ်များသာဖြစ်သည်။ ယခင်က ကျွန်မမြင်ဖူးသမျှ အခမ်းနားဆုံးကား ကျွန်မတို့ဌာနမှ ပါမောက္ခ(ဌာနမှူး)၏ အခန်းဖြစ်သည်။ တစ်သက်နဲ့တစ်ကိုယ် မြန်မာပြည်တွင် ယခုကဲ့သို့ ခမ်းနားသော နေရာသို့ ကျွန်မလာရလိမ့်မည်မတွေးစဖူး။ နိုင်ငံခြားသို့ ပညာတော်သင်သွားမှသာ ဤသို့သော နေရာမျိုးသို့ ရောက်မည်ဟု ထင်မိခဲ့သည်။

ကျွန်မတွေ့ဆုံရမည့် အဖွဲ့အစည်းမှ တာဝန်ရှိလူကြီးမှ ကျွန်မတွေးထင်ထားသည်က အသက်ကြီးကြီး လူကြီးတစ်ယောက်ဖြစ်သည်။ သို့သော် တကယ်တမ်းတွေ့သောအခါ လူလတ်ပိုင်းမျှသာဖြစ်သည်။ ရာထူးကြီးသော၊ ပိုက်ဆံရှိသော၊ ဂုဏ်သရေရှိ လူကြီးမင်းများကို စကားပြောရန် ဝန်လေးတတ်သော စိတ်အခံရှိသော်လည်း ကျွန်မ၏ လာရင်းကိစ္စကို လိုရင်းတိုရှင်း ပြောပြရပါသည်။ ထိုဆရာက ကျွန်မပြုလုပ်နေသော ပါရဂူဘွဲ့အတွက် ပညာသင်ဆု လျှောက်ထားကြည့်ရန် အကြံပေးပါသည်။ ကျွန်မပညာသင်ဆုလျှောက်လွှာအပေါ် မူတည်၍ ဆုံးဖြတ်မည်ဖြစ်သည်။ သူတို့အဖွဲ့အစည်းတွင် ထိုသို့ ပါရဂူဘွဲ့ ပညာသင်ဆုတစ်ခါမှ မပေးဘူးသေးပါ။ ကျွန်မရရှိခဲ့သော ဘွဲ့များနှင့် ပြုလုပ်နေဆဲဖြစ်သော သုတေသနများအကြောင်း ရေးသားရန် မှာကြားလိုက်ပါသည်။

စာ(၁၁)သို့




## ခရမ်းသီးပုံးရည်ကြီးချက်

ဒီတစ်ပတ်တော့ဝိုက်ဖ်ီက သာမန်အားဖြင့်တွဲဖက်ချက်လေ့မရှိတဲ့ဟင်းတစ်မျိုးကိုချက်ထားပါတယ်။ အညာသူ၊ အညာသားတွေချက်စားလေ့ရှိတဲ့ဟင်းတစ်မျိုးကို ပုံစံနည်းနည်းပြောင်းပြီး ပြင်ဆင်ချက်ပြုတ်ထားတာပါ။

လိုအပ်တာတွေကတော့ ပုံမှန်အားဖြင့်ပြုတ်စားလေ့ရှိတဲ့ခရမ်းသီးစိမ်းသေးသေးလေးတွေနဲ့ ပုံးရည်ကြီးတစ်ထုပ် ပဲလိုပါတယ်။ ပထမဆုံးအရွယ်တူခရမ်းသီးစိမ်းလေးတွေကို ထက်ခြမ်းခြမ်းပါမယ်။ ပြီးရင်ပုံမှန်ဟင်းတွေချက်သလိုပဲကြက်သွန် ဖြူနီထောင်းကိုဆီ သတ်ပါ။ ခရမ်းသီးလေးတွေကိုဆီထဲမှာအိသွားတဲ့အထိရေထည့်ပြီးတည်ပါမယ်။ အစိမ်းရောင်လေးတွေပျက်မသွားအောင်သတိထားရမှာပါ။ ခရမ်းသီးနူးအိသွားပြီဆိုရင် ပုံးရည်ကြီးထည့်မွှေပေးလိုက်ပါ။ ပုံးရည်ကြီးအရေခန်းပြီး ခရမ်းသီးထဲအရသာစိမ့်ဝင်သွားပြီဆိုရင် မီးဖိုပေါ်ကချလို့ရပါပြီ။ ဒါကတော့ခပ်စိမ့်စိမ့်လေးနဲ့ အရသာရှိမယ့်အညာဟင်းလေးတစ်မျိုးပဲဖြစ်ပါတယ်။



## ဘယ်ဒီတာ့ထံ ပေးစာ

### ကျေးဇူးပြု၍ ကျွန်မတို့ကို ပြောခွင့်ပြုပါ

ကျွန်မသည် အခြေခံပညာဦးစီးဌာနလက်အောက်ရှိပညာရေးဝန်ထမ်းတစ်ဦးဖြစ်ပါသည်။ ပညာရေးကဏ္ဍကိုအာရုံစိုက်၍ ပြုပြင်ပြောင်းလဲရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရှင်များ၏ ဆွေးနွေးချက်များကို ကြားရသည့်အတွက် အလွန်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။ အာရုံစိုက်၍ ဆွေးနွေးပေးကြပါသော သက်ဆိုင်ရာ လူကြီးမင်းများအားလုံးကို အထူးပင်ကျေးဇူးတင်ပါသည်။ လာမည့်စာသင်နှစ် ၂၀၁၂-၂၀၁၃ တွင် ကလေးဗဟိုပြုသင်ကြားရေး (CCA)နည်းဖြင့် သင်ကြားခြင်း၊ Teaching Aids များ အသုံးပြုသင်ကြားခြင်းတို့ကို ဦးစားပေးဆောင်ရွက်မည်ဟုသိရပါသည်။ ကျွန်မ၏ ဖြုတ်ဦးနှောက်လောက်သာရှိသော အသိဉာဏ်ဖြင့် အနည်းငယ်မျှ အကြံပြုလိုပါသည်။ ယခုတစ်လောတွင် ဂျာနယ်မျိုးစုံ၊ မီဒီယာမျိုးစုံတို့တွင် ပညာရေးဆိုင်ရာ ဝေဖန်ချက်များကိုကြားသိရပါသည်။ ဝေဖန်အကြံပြုချက်များအားလုံးကို ကြိုဆိုပါသည်။ ကျွန်မတို့လို လက်တွေ့တာဝန်ထမ်းဆောင်နေရပါသော ဆရာ၊ ဆရာမတို့၏ အသံများကိုလည်း နားထောင်စေလိုပါသည်။

ပထမဦးဆုံးအနေဖြင့် CCA သင်ကြားနည်းကို အကောင်အထည်ဖော်ရန်အတွက် အရေးကြီးဆုံးအချက်မှာ ဆရာအင်အားလုံလောက်မှုပင်ဖြစ်ပါသည်။ အနိမ့်ဆုံးအနေဖြင့် ဆရာနှင့် ကျောင်းသားအချိုးမှာ ၁း၁၀၀ ဖြစ်ရန်လိုအပ်ပါသည်။ ကျွန်မ ယခု တာဝန်ထမ်းဆောင်ရသောကျောင်းမှာ (တိုးချဲ့မြို့နယ်မှ ကျောင်း) ဆရာနှင့်ကျောင်းသားအချိုး ၁း၂၀၀ ခန့်ဖြစ်နေပါသည်။ ဆရာမများမှာ မနိုင်ဝန်ကို ထမ်းနေရသလိုဖြစ်ပါသည်။ ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်များမှ ဆရာ၊ ဆရာမများအား နှစ်စဉ် မွေးထုတ်ပေး သော်လည်း လုပ်ငန်းခွင် မဝင်သူဦးရေမှာ များပြားလှပါသည်။ တချို့သောရွာများမှာ သွားလာရေး ခက်ခဲသည်ကတစ်ကြောင်း၊ စားဝတ်နေရေးပြဿနာများရှိသည်ကတစ်ကြောင်း ဆရာ၊ ဆရာမများ အလုပ်မှထွက်လိုက်ရပါသည်။ ယခုအခါ နိုင်ငံတော်က ဝေးလံခေါင်သီသောနေရာတွင် တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများကို ထောက်ပံ့စရိတ်ပေးမည့်သတင်းကို ကြားရသည့်အတွက် ဝမ်းသာလှပါသည်။ သို့သော်လည်း ထိုဒေသများတွင် တာဝန်ထမ်းဆောင်နေရသော ဆရာ၊ ဆရာမများ၏အသံများကို နားထောင်ပေးစေလိုပါသည်။ ဤနေရာတွင် ကျွန်မ အနည်းငယ်တင်ပြလိုပါသည်။ လုပ်သက်အရ ဒေသ၊ နေရာခွဲဝေခန့်ထားမှုများကိုလည်း မျှတစွာဆောင်ရွက်စေလိုပါသည်။ Service Book ရှိလုပ်သက်များကိုတိကျစွာ စစ်ဆေးစေလိုပါသည်။ အဆိုးဆုံးသောအခြေအနေမှာ လုံခြုံမှုမပေးနိုင်သောရွာများဖြစ်ပါသည်။ **တစ်ဖက်သို့**









7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.5 ▪ APRIL 5 , 2012

## အယ်ဒီတာ့ထံပေးစာ မှ

ကျွန်မ သူငယ်ချင်း ဆရာမလေးဆိုလျှင် ညအချိန်မတော် ရွာသားက အိမ်ထဲသို့ ချောင်းကြည့်နေသည်အထိ ဖြစ်ပေါ်ခဲ့ပါသည်။ ထို့ထက်ပင် ဆိုးရွားသော၊ တင်ပြရန်ပင် မသင့်လျော်သောအခြေအနေများလည်း အများကြီးရှိပါသည်။ ထို့ကြောင့်လည်း လက်တွေ့တာဝန်ထမ်းဆောင်သော ဆရာ၊ဆရာမအင်အားလျော့နည်းလာပါသည်။

ဒုတိယအချက်အနေဖြင့် Teaching Aids အသုံးပြုသင်ကြားရေးတွင် လိုအပ်သောခဲတံ ခွဲခန်းပစ္စည်းများ၊ ရုပ်ပုံကားချပ်၊ မူပုံ၊ စာကြည့်တိုက်အတွက် လိုအပ်သောသင်ထောက်ကူများ၊ စာအုပ်များ အထိ လုံလောက်စွာ ထောက်ပံ့ပေးစေလိုပါသည်။ ကျွန်မတို့၏ ကျောင်းတွင် သင် ထောက်ကူပစ္စည်း မပြောပါနှင့်။ စာသင်ခုံများပင် မလုံလောက်ပါ။ မိဘများထံမှ အလှူခံရန်မှာလည်း ရပ်ကွက်မှာ လက်လုပ်လက်စား ဆင်းရဲသားများ နေထိုင်သောရပ်ကွက်ဖြစ်ပါသည်။ ဆရာမကိုယ် တိုင်မှာလည်း လစာနည်းဝန်ထမ်းဖြစ်သည့်အတွက် ထိုပစ္စည်းများ ကိုမဝယ်နိုင်ပါ။ (ကျွန်မတို့လိုစည်ပင်ပြင်ပမြို့နယ်ကျောင်းများတွင် ကျူရှင်မရှိပါ) ထို့ကြောင့် သင် ထောက်ကူများ လုံလောက်စွာ ချပေးစေလိုပါသည်။ ဘတ်ဂျက်အရ အကုန်အကျများမည်ဖြစ်သော်လည်း ပညာရေးတိုးတက်စေဖို့ကိုတော့ အသုံးပြုစေလိုပါသည်။ သယံဇာတဘာမျှမရှိသော စင်ကာပူနိုင်ငံသည် လူသားအရင်းအမြစ်ကိုအသုံးချ၍ တိုးတက်သွားသည်မှာ မျက်မြင်ပင်ဖြစ်ပါသည်။

ကျွန်မ နောက်တစ်ချက်အနေဖြင့် တင်ပြချင်သည်မှာ ကျွန်မတို့ ဌာနတွင် မရောင်ရာ ဆီလူးသည့်ကိစ္စများ အလွန်ပင်များပြားလှပါသည်။ နံနက်အစောကြီးထ၍ ဂိတ်ဂျူတီစောင့်ရခြင်း၊ စာသင်ချိန်တွင် စာမသင်ရဘဲ ဂိတ်ဂျူတီစောင့်နေရခြင်း၊ မလိုလားအပ်သော စာရင်းဇယားများ လုပ်ရခြင်း၊ ငွေကုန်၍ လူပင်ပန်းပြီး ထိရောက်သော သင်ကြားမှု မရှိသောသင်တန်းများ စသည်တို့ဖြစ်ပါသည်။ ကလေးများ တကယ်စာတတ်ပြီး တိုးတက်သွားလျှင် ကျွန်မတို့ပင်ပန်းပြီး သေသွားပါစေ ကြိုးစား၍ထမ်းဆောင်ပါမည်။

ဆရာ၊ဆရာမများ အင်္ဂလိပ်စာကျွမ်းကျင်မှုမှာ အရေးကြီးသောကြောင့် ကျွန်မတို့ သူငယ်ချင်းဆရာမလေးများ Global English သင်တန်းတက်ရန် လိုအပ်သောညွှန်ချုပ်၏ လက်မှတ်ကိုယူရန် အခြေခံ-ပညာ(၃)သို့သွားသောအခါ သင်ကြားရေးထိခိုက်သဖြင့် Global တက်ခွင့်မပေးပါဟုပြောကာ လက်မှတ်ထိုးမပေး ပါ။ ကျွန်မ လုံးဝပင် ဉာဏ်မမီတော့ပါ။ စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်တွင်ဖွင့်သော သင်တန်းက ဘယ်လိုများသင်ကြားရေးကို ထိခိုက်ပါသလဲ။ ဆရာ၊ ဆရာမများ အင်္ဂလိပ်စာကျွမ်းကျင်မှုလိုအပ်သည်လည်းပြောနေကြပါသေးသည်။

နောက်ဆုံးအနေဖြင့် ပြောချင်သည်မှာ ဆရာ၊ ဆရာမများ၏ လိုအပ်ချက် အကြံဉာဏ်များ၊ အကြံပြုချက်များကို ပညာရေးဌာန၏ လူကြီးများက နားထောင်သင့်သည်ဟု ယူဆပါသည်။

ယခုအချိန်အခါသည်မြန်မာနိုင်ငံ၏ အရေးကြီးဆုံးသောအချိန် ဖြစ်ပါသည်။ ပညာရေးဌာန၏ ပြုပြင်ပြောင်းလဲမှုမှာ သာ၍ပင် အရေးကြီးပါသည်။ ကျွန်မတို့ အားလုံး တစ်ယောက်နဲ့တစ်ယောက် လက်ညှိုးထိုးမှုတွေကိုရပ်ပြီး လက်တွဲဝိုင်းဝန်းကြိုးပမ်းမှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံသစ်ကြီးဆီသို့ ချီတက်နိုင်မည်ဖြစ်ပါသည်။

**ကျောင်းဆရာမတစ်ဦး**



**ဓမ္မ**

အသိတစ်လုံးအပြတ်သုံး
တစ်လုံးအသိအကျိုးရှိ၏



## ကုန်လွန်ခဲ့သောအချိန်များစွာမှာ . . .

ကိုယ့်သက်တမ်းအလျောက် ပြန်တွက်ကြည့်လိုက်မယ်ဆိုရင် လပေါင်းများစွာ နေခဲ့ပြီးပါပြီ။ လပေါင်းများစွာ ကာလခရီးကို ဖြတ်သန်းပြီးခဲ့ကြပါပြီ။ တစ်လကုန်သွားတဲ့အချိန်မှာ မမေ့မလျော့အောက်မေ့ဆင် ခြင်လိုက်ဖို့က သေဖို့ တစ်လနီးသွားပြီဆိုတာကိုပါပဲ။ တစ်လကုန်ပြန်ရင် သေဖို့ တစ်လနီးကပ်သွားပါပြီ။ နေတဲ့ဘက်မှာ တစ်လလျော့သွားတာဟာ သေတဲ့ဘက်ကို တစ်လနီးကပ်သွားတယ်ဆိုတာ ဆင်ခြင်တတ်ဖို့လိုပါတယ်။ မွေးဖွားချိန်ကစလို့ တရွေ့ရွေ့အိုလာပြီ။ အိုရာကနေ သေဖို့နီးလာပါတယ်။ လက်ရှိအခြေအနေ၊ ဒီပုံစံဒီအနေအထားအတိုင်း ဘယ်တော့မှ တည်တံ့မနေဘူး။ တစ်လကုန်သွားရင် တစ်လစာအိုသွားပြီ။ တစ်နှစ်ကုန်ရင် တစ်နှစ်စာအိုသွားခဲ့ပြီ။ တစ်ရက်၊ တစ်လ၊ တစ်နှစ်ကနေ အခုဆိုရင် အနှစ်သုံးဆယ်၊ လေးဆယ်၊ ငါးဆယ်၊ ခြောက်ဆယ် အသီးသီးဖြတ်သန်း ခဲ့ကြတဲ့နှစ်တွေဟာ ကုန်လွန်သွားခဲ့ပါပြီ။ ကုန်လွန်သွားတဲ့ အချိန်ကာလတွေကို ဘာနဲ့မှပြန်လဲယူလို့မရနိုင်တော့ပါဘူး။ ကိုယ်ယူထားနိုင်တာ၊ ရလိုက်တာတွေ ဘာများရှိကြသလဲလို့ တွက်စစ်ကြည့်ပါ။

ဥစ္စာရှာတဲ့သူက ဥစ္စာရပါတယ်။ ပညာရှာတဲ့သူက ပညာရပါမယ်။ တရားရှာတဲ့သူက တရားရပါမယ်။ ကိုယ်ယူထားတာကိုပဲ ကိုယ်ရလိုက်ပါတယ်။ သေတဲ့ဘက်ဆီကို နီးမသွားအောင်တော့ ဆွဲထားလို့မရပါဘူး။ တရားအားထုတ်တယ်ဆိုတာ ကုသိုလ်တရားရှာကြတာပါ။ စီးပွားရှာနေတာလည်းမဟုတ်ဘူး။ အချိန်ဖြုန်းနေတာလည်းမဟုတ်ပါဘူး။ ကုသိုလ်ရှာရင် ကုသိုလ်ရမှ ကိုယ့်အတွက်ကျန်ပါတယ်။ ကိုယ့်အတွက် အကျိုးရှိပါတယ်။ ကုသိုလ်ရှာချိန်မှာ ကုသိုလ်အရယူဖို့လိုတယ်။ ကိုယ့်ရဲ့အချိန်ကို ကုသိုလ်နဲ့ လဲယူရပါမယ်။ ကုန်လွန်ခဲ့သောအချိန်များစွာမှာ ကုသိုလ်တွေ ရယူထားဖို့လိုပါတယ်။

ရည်ညွှန်း-'ဓမ္မလမ်းပေါ်မှာ' ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ

## ကချင်စစ်ဘေးသင့်ပြည်သူများကို ကူညီရန် ဖျော်ဖြေပွဲများ ရန်ကုန်နှင့် မြစ်ကြီးနားတွင် ကျင်းပမည်

**ကြူကြူဟန်**

**ရန်ကုန်၊ မတ်-၃၀**

ကချင်ပြည်နယ် နယ်စပ်ဒေသ၌ အကြောင်းအမျိုးမျိုးကြောင့် အကူအညီလိုအပ်နေသော တိုင်းရင်းသားများကို ကူညီရန် ရန်ကုန်မြို့နှင့် မြစ်ကြီးနားမြို့တွင် ဖျော်ဖြေပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။



"သင်္ကြန် Crazy & dance fresh & coolfestival ပွဲကို ရန်ကုန်မြို့ မျှော်စင်ကျွန်း၌ ဧပြီ ၈ ရက်တွင် ဟဲလေး၊ ရသ၊ ဂျက်ဆန်ထွန်း၊ Lဆိုင်းဇီ၊ kမီကို၊ ရတနာမိုင်၊ ဒိုရေမီ၊ Blueberry၊ Me & Ma girls၊ လူမော်၊ အိန်းအိန်း၊ နေဇော်၊ နာမည်ကြီး ဒီဂျေများနှင့် Dancer အဖွဲ့၊ Hip Hop အဖွဲ့စသည့် အနုပညာရှင် ၂၀ ကျော် ပါဝင်သီဆိုမည်ဖြစ်သည်။ အဆိုပါ ပွဲအား အခမဲ့ကြည့်ရှုနိုင်ပြီး လာရောက်ကြည့်ရှုသူထံမှအလှူငွေကောက်ခံမည်ဖြစ်ကြောင်း ပွဲစီစဉ်သူ ကိုနေဇော်က ပြောသည်။

ဧပြီ ၁၂ ရက်က မြစ်ကြီးနားမြို့တွင် ပြုလုပ်မည့်ပွဲအား "မနောမြေသင်္ကြန်မှ နတ်သမီးလေးများနှင့် ကြိုဆိုမည်" ဟု အမည်ပေးထားကာ ခွန်းဆင့်နေခြည်၊ Mဆိုင်းလာ၊ မြကြာညို၊ ရှင်မင်းအိမ်၊ နေခြည်၊ အဲနီ၊ ရေချယ်တို့က သီဆိုမည်ဖြစ်ပြီး ဝင်ကြေးအခမဲ့ဖြစ်သည်။ ရန်ကုန်မြို့တွင် ရရှိလာမည့် အလှူငွေများကိုလည်း တစ်ပါတည်း ယူဆောင်လှူဒါန်းမည်ဖြစ်ကြောင်း ပွဲစီစဉ်သူကိုလင်းခန့်က ပြောသည်။

ဧပြီ၁၉ရက်တွင်လည်း မနောမြေသင်္ကြန်မှ နတ်သမီးများဘောလုံးအသင်းနှင့် ကချင်ပြည်နယ် အဆင့် လူကြီးမင်းများအသင်းတို့ ဘောလုံးပြိုင်ပွဲ ထပ်မံ ကျင်းပပြုလုပ်ကာ ရရှိသော ဝင်ကြေးများအပြင် လာရောက်ကြည့်ရှုသူပရိသတ်များက လှူဒါန်းလိုသည့်ငွေကြေးများကိုလည်းလှူဒါန်းပေးမည်ဖြစ်ကြောင်းသိရှိရသည်။

"ကျွန်တော်တို့ ပံ့ပိုးပေးတာထက် ပြီးဆုံးစေချင်တယ်" ဟု ကိုလင်းခန့်ကပြောသည်။ ကချင်ပြည်နယ် ကန်ပိုင်နီနဲ့စတုန်းရွာကြား နယ်စပ်ဒေသရှိ ဒုက္ခသည်ခုနစ်ထောင်အတွက် ရရှိလာမည့်ရန်ပုံငွေအားလုံးကို တိုင်းရင်းသားများအား ကူညီပံ့ပိုးနိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ ပေးအပ်လှူဒါန်းမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

## စာ-၉၊ ပညာအလင်းရောင် ကူညီထွန်းပြောင်စေသည် ဆိုရာတွင်. . . မှ

အလာလမ်းတွင် စိုးရိမ်စိတ်များဖြင့် လာခဲ့ရသော်လည်း အပြန်လမ်းတွင် တက်ကြွသော ခြေလှမ်းများဖြင့် ကျွန်မ ကြိုးစားကြည့်ပါဦးမည်။ ကျွန်မ၏ ပါမောက္ခဆရာ၊ ကျမ်းကြီးကြပ်သူဆရာများနှင့် တိုင်ပင်ကာ ကျွန်မပြုလုပ်နေသော သုတေသနကျမ်းအကြောင်း အကျဉ်းချုပ်ရေးသားပြီး ကိုယ်ရေးအချက်အလက်များ၊ ရရှိခဲ့သော အမှတ်စာရင်းများ (သရုပ်ပြဆရာမ အလုပ်မရခဲ့သည့်အတွက် ကြိုးစားခဲ့သမျှ အချည်းနှီး ဖြစ်ကုန်ပြီဟု ယူဆခဲ့သော)နှင့်သုတေသနအတွက် ခန့်မှန်းကုန်ကျစရိတ်များကို အသပ်ရပ်ဆုံး ကြိုးစား၍ ပြင်ဆင်ကာ ထိုအဖွဲ့အစည်းသို့ တင်ပြခဲ့ပါသည်။

နောက် တစ်ပတ် ခန့်ကြာသောအခါ ကျွန်မအား အဖွဲ့အကြီးအကဲမှ ပညာသင်ဆုပေးရန်ဆုံးဖြတ်ကြောင်း အကြောင်းကြားလာပါသည်။ ကျွန်မ၏ ပျော်ရွှင်မှုများကို တိုင်းတာရန် စကားလုံးများ ရှာမတွေ့ခဲ့ပါ။ ကျွန်မရရှိမည့် ပညာသင်ဆုကြေးသည် တစ်လငွေကျပ်တစ်သိန်းကျော် ဖြစ်ပါသည်။ သာမန်လူတန်းစားဖြစ်သော ခက်ခဲစွာ၊ ပင်ပန်းစွာ ပညာသင်စရိတ် ရှာနေရသော ပြည့်စုံကောင်းမွန်သည့် ပါရဂူဘွဲ့ကျမ်း ပြုစုလိုသော ကျွန်မအတွက် အတိုင်းအတာတစ်ခုအထိ ပြေလည်သွားစေခဲ့သော ငွေကြေးပမာဏ ဖြစ်သည်။ ကျွန်မအား ထိုအဖွဲ့အစည်းမှ မည်သို့သော စည်းမျဉ်းများနှင့်မှ ချုပ်နှောင်မထားပါ။ ပညာသင်ဆုကြေးငွေ တစ်နှစ်စာ ရယူနေစဉ် ကာလအတွင်း စာမေးပွဲများ အောင်မြင်ရန်နှင့် တက္ကသိုလ်၏ စည်းမျဉ်းစည်းကမ်းများ လိုက်နာရန်သာ ဝန်ခံကတိလက်မှတ် ထိုးခိုင်းပါသည်။ ထိုအဖွဲ့အစည်းမှ ပေးအပ်သော ပညာသင်ဆုကြေးကြောင့် ကျွန်မ၏ ပါရဂူ(သုတေသန)တတိယနှစ် တစ်နှစ်တာလုံး စိတ်ချမ်းသာစွာ သုတေသနလုပ်ငန်းများ လုပ်ဆောင်နိုင်ခဲ့ပါသည်။

ပါရဂူ စတုတ္ထနှစ်တွင်လည်း ပညာသင်ဆုငွေ တစ်နှစ်စာထပ်မံ၍ ချီးမြှင့်ခဲ့ပါသည်။ ထို့ကြောင့် ကျွန်မစိတ်တိုင်းကျ သုတေသနစမ်းသပ်ချက်များ ပြုလုပ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ယနေ့အထိတိုင် အောင် ထိုအဖွဲ့အစည်းအား ကျွန်မကိုယ်တိုင်၊ ကျွန်မ၏မိသားစု ဆွေမျိုးများ၊ ဌာနမှ ပါမောက္ခအပါအဝင် ကျမ်းကြီးကြပ်သူ ဆရာများ အားလုံးက ကျေးဇူးတင်နေဆဲ ဖြစ်ပါသည်။ ဤပညာသင်ဆုကြောင့် ကျွန်မ၏ ပါရဂူဘွဲ့ကျမ်း ပြုစုနိုင်ခဲ့ပါသည်။ ပညာသင်ဆုသာ မရခဲ့လျှင် ကျွန်မစိတ်တိုင်းကျ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်မည် မဟုတ်ပါ။ ပါရဂူဘွဲ့ အောင်မြင်ပြီးမြောက်ရန်လည်း မသေချာပါ။

ကျွန်မအား ပညာသင်ဆုချီးမြှင့်ခဲ့သော အဖွဲ့အစည်းသည် မြန်မာပြည်ရှိ ထင်ရှားသော လုပ်ငန်းစုမှ အဖွဲ့ခွဲတစ်ခုဖြစ်ပါသည်။ ၂၀၀၉-၂၀၁၀ ခုနှစ်နှင့် ၂၀၁၀-၂၀၁၁ ခုနှစ် ၂ နှစ်တိုင် သုတေသနလုပ်ငန်းများအောင်မြင်သည်အထိ ငွေကြေးထောက်ပံ့ခဲ့သော်လည်း ကျွန်မနာမည်၊ သင်ယူနေသော ဘာသာရပ်နှင့် တက္ကသိုလ်တို့ကို မည်သည့် စာမျက်နှာများပေါ်မျှ မတင်ခဲ့ပါ။ ကျွန်မ၏ ပညာရေးခရီးလမ်းဖြောင့်တန်းစေလိုသော စေတနာသက်သက်ဖြင့် ကူညီခဲ့ခြင်း ဖြစ်ပါသည်။

ယခုနှစ်များအတွင်း စေတနာရှင်များမှ ပညာသင်ဆုများ ချီးမြှင့်ကြောင်း သတင်းစာ၊ ဂျာနယ်များတွင် မကြာခဏဖတ်ရှုရပါသည်။ ပညာခရီးလမ်း ဖြောင့်တန်းစေလိုသော မေတ္တာများကိုလည်း လေးစားရပါသည်။ စေတနာရှင်များအား ကျွန်မ၏ ဆန္ဒတစ်ခုတင်ပြလိုပါသည်။ ငွေပမာဏအနည်းငယ်ဖြင့် ဆုအရေအတွက် အများအပြားချီးမြှင့်မည့်အစား အမှန်တကယ်ငွေကြေးလိုအပ်နေသော ပညာထူးချွန်သူ အရေအတွက် အနည်းငယ်ကို ငွေကြေးပမာဏထိုက်တန်စွာ ချီးမြှင့်စေလိုပါသည်။ ချို့တဲ့နွမ်းပါးသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်သည်ဆိုသည့်အစား ထူးချွန်သည့်ကျောင်းသားများအား ပညာသင်ဆု ချီးမြှင့်သည်ဟု ပြောဆိုသုံးနှုန်းစေလိုပါသည်။ နိုင်ငံတကာပညာသင်ကျောင်းသားတိုင်း မက်မောရသည့် စကော်လားရှစ် ပညာသင်ဆုများကဲ့သို့ ငွေကြေးအရ ဂုဏ်သိက္ခာအရ တန်ဖိုးမြင့်မားစေချင်ပါသည်။

သာမန်လူတန်းစား မိသားစုများမှ မွေးဖွားလာသော ကျွန်မတို့သည် ငွေကြေးမချမ်းသာသော်လည်း ရိုးသားစွာ၊ စိတ်ဓာတ်ခိုင်မာစွာဖြင့် ထူးချွန်အောင် ကြိုးစားလာသူများ၊ ထူးချွန်အောင် ကြိုးစားနေသူများ ဖြစ်ပါသည်။ ကျွန်မ တို့၏ ရည်မှန်းချက်များကို တောက်ပလာအောင် ကူညီပေးသူများအား အစဉ်အမြဲ နှလုံးသားထဲမှ လေးစား၊ ကျေးဇူးတင်နေမည် ဖြစ်ပါသည်။ ဆုချီးမြှင့်မည့် လူကြီးမင်းများအနေဖြင့်လည်း ကျွန်မတို့၏ ထူးချွန်မှုကို အသိအမှတ်ပြုစေချင်ပါသည်။

ကျွန်မအား ပညာသင်ဆု ချီးမြှင့်ပေးခဲ့သည့် အဖွဲ့အစည်းနှင့် ပညာအလင်းရောင်ရှင်သန်တောက်ပစေရန် ကူညီနေသူများ အားလုံးကို ကျေးဇူးတင်စွာဖြင့် . . . ။

7 DAY NEWS JOURNAL
Vol.11, No.5 • APRIL 5 , 2012

## မျက်နှာဖုံး – အချိန်ပိုင်းလျှပ်စစ်မီးကြောင့် ရန်ကုန်လူထု စိတ်ပျက် မှ

ထို့အတူ ပဲခွဲစက်လုပ်ငန်းတွင် ဒါရိုက်တာတာဝန် ထမ်းဆောင်နေသူ ဦးသိန်းဝင်းကလည်း "မီးမလာတဲ့အတွက် အလုပ်လုပ်လို့မရဘူး။ မီးစက်သုံးရတဲ့အတွက်ဆီဖိုးပိုကုန်မယ်။ ကုန်ဈေးနှုန်းကတော့ လျှပ်စစ်တစ်ခုတည်းနဲ့ မဆိုင်ပါဘူး"ဟု မှတ်ချက်ပြုသည်။

ရန်ကုန်မြို့တွင် မီးပေးဝေမှုအား ဧပြီလ ၂ ရက်မှစ၍ A,B,C အုပ်စု သုံးခုခွဲကာ နံနက် ၅ နာရီမှ ၁၁ နာရီထိတစ်ကြိမ်၊ နေ့လယ် ၁၁ နာရီမှ ညနေ ၅ နာရီထိ တစ်ကြိမ်၊ ညနေ ၅ နာရီမှ ည ၁၁နာရီထိ တစ်ကြိမ်၊ည ၁၁ နာရီမှ နံနက် ၅ နာရီထိတစ်ကြိမ်ဖြင့် အလှည့်ကျ မီးပေးသွားမည်ဟု ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှထုတ်ပြန်ခဲ့သည်။

"နိုင်ငံခြားသားတွေ အခုလိုအများကြီး ရောက်နေတဲ့အချိန်မှာ မီးပြတ်တာ သိက္ခာကျစရာပဲ။ ဆည်တွေလည်း အသစ်ဆောက်ထားရဲ့သားနဲ့မီးပြတ်တာမကောင်းဘူး"ဟု ဒို့မိုးယံမော်တော်ယာဉ် အရောင်းစင်တာ ဖွင့်လှစ်လုပ်ကိုင်သူ ဦးကျော်ထင်ကျော်က ဆိုသည်။ ယခုကဲ့သို့ အုပ်စုခွဲ၍ မီးပေးရခြင်းမှာ လျှပ်စစ်သုံးစွဲမှု ပမာဏမြင့်တက်လာပြီး ထုတ်လုပ်မှုအပိုင်းတွင် တိုး၍မထုတ်လုပ်နိုင်ခြင်းကြောင့် ဓာတ်အားလိုအပ်ချက်မြင့်မားနေသဖြင့် အလှည့်ကျစနစ်အားဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးအဖွဲ့မှ ဒုဉက္ကဋ္ဌ ဦးမောင်မောင်လတ်ကပြောသည်။

သို့သော် အရေးကြီးနေရာဟု သတ်မှတ်ထားသော H အုပ်စုနေရာများဖြစ်သည့် လုံခြုံရေးဆိုင်ရာနေရာများ၊ ဆေးရုံများ၊ ဘဏ်များ၊ ဆက်သွယ်ရေး၊ လေဆိပ်၊ သံရုံးနှင့် စီအင်န်ဂျီဓာတ်ငွေ့ပေးဝေရာ နေရာများတွင်မူ မီးအပြည့်ပေးသွားမည်ဟု အဆိုပါတာဝန်ရှိသူကပြောသည်။

ယခုနှစ် အလှည့်ကျ မီးပေးသောစနစ် စတင်သောအချိန်သည် နိုင်ငံတော်တွင် မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်း ပြင်ဆင်မည့်အချိန်နှင့် တိုက်ဆိုင်နေသဖြင့် ထိုကဲ့သို့ ငွေလဲနှုန်းပြောင်းလဲမှုကြောင့် အခွန်ကောက်ခံမှုတိုးလာနိုင်ရာ ဒီဇယ်ဆီဈေးနှုန်းမှာလည်း လက်ကျန်ကုန်ပြီးနောက် ဈေးတက်လာနိုင်ကြောင်း သုံးသပ်ကြသည်။

ပြီးခဲ့သည့်နွေက လျှပ်စစ်မီးအပြည့်ရရှိခဲ့ခြင်းကြောင့် အများပြည်သူ စိတ်ချမ်းသာခဲ့ရပြီး၊ နောက်နှစ်များတွင်လည်း လျှပ်စစ်မီးအပြည့်ပေးလိမ့်မည်ဟုမျှော်လင့်ခဲ့ကြသည်။

## စာ-၇၊ လူကုန်ကူးသူများ ကျက်စားရာအများဆုံးနှင့် ဖြစ်ပွားမှုအများဆုံး ရန်ကုန်တိုင်းဒေသကြီးဖြစ်နေ မှ

ရှမ်းပြည်နယ် မြောက်ပိုင်းမှ မူဆယ်၊ လားရှိုး၊ ကွတ်ခိုင်၊ သီပေါ၊ ကျောက်မဲ၊ သိန်းနီ၊ နမ့်ခမ်း၊ နမ္မတူ၊ နောင်ချို၊ လောက်ကိုင်။ မန္တလေးတိုင်းဒေသကြီးမှ ပြည်ကြီးတံခွန်၊ ချမ်းမြသာစည်၊ ချမ်းအေးသာယာ၊ အောင်မြေသာစံ၊ မဟာအောင်မြေ။ ပျော်ဘွယ်၊ ရမည်းသင်း၊ မိတ္ထီလာနှင့် ပုသိမ်ကြီးမြို့နယ်။ ကချင်ပြည်နယ်မှ မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်နှင့် ဖားကန့်၊ ပဲခူးတိုင်းဒေသကြီးရှိပဲခူး၊ သနပ်ပင်နှင့်ကျောက်တံခါးမြို့။ ကရင်ပြည်နယ်တွင် မြဝတီမြို့နယ်။ မွန်ပြည်နယ်မှ ကျိုက်မရောမြို့နယ်။ ရှမ်းပြည်နယ်အရှေ့ဘက်ရှိတာချီလိတ်မြို့နှင့် တနင်္သာရီတိုင်းဒေသကြီးရှိ ကော့သောင်းမြို့တို့ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် သက်ဆိုင်ရာမြို့နယ်များ၌လူကုန်ကူးခြင်းဆိုင်ရာ သတင်းပေးမှုများ ပြားလာခြင်းကြောင့် ဖော်ထုတ်တွေ့ရှိမှု မြင့်မားလာခြင်းဖြစ်ကြောင်း မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးခြင်းကိုတိုက်ဖျက်သည့် ကုလသမဂ္ဂစီမံချက် အမျိုးသားစီမံချက် ညှိနှိုင်းရေးမှူး ဒေါ်ဥမ္မာအိအိချောက ပြောသည်။ ထို့ပြင် ရန်ကုန်ရှိ လူကုန်ကူးခံရသည့်အချို့ မြို့နယ်များတွင် နေထိုင်သည့်သူများသည်နယ်မြို့များမှ ပြောင်းရွှေ့နေထိုင်လာသူများ အများစုဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်း ရှာဖွေရာတွင် အခက်အခဲများကြောင့်လည်း လူကုန်ကူးခံရမှုဖြစ်နိုင်ကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။

"နယ်ကလာတဲ့ သူတွေက အသိအမြင်(လူကုန်ကူး) အားနည်းပြီး နယ်မှာ ကျန်ခဲ့သူတွေကို ငွေပြန်ပို့ရတဲ့ ဖိအားတွေကြောင့်ဖြစ်တယ်"ဟု ၎င်းကပြောသည်။

လူကုန်ကူးသည့် ပုံစံအမျိုးမျိုးကို ခွဲခြားလေ့လာကြည့်ပါက အဓမ္မထိမ်းမြားလက်ထပ်ခြင်း ၆၉ ဒသမ ၇ ရာခိုင်နှုန်း၊ ပြည့်တန်ဆာပြုခြင်း ၁၃ ဒသမ ၆ ရာခိုင်နှုန်း၊ အဓမ္မစေခိုင်းခြင်း ၁၀ ရာခိုင်နှုန်း၊ ကလေးသူငယ် လူကုန်ကူးခြင်း ၄ ဒသမ ၈ ရာခိုင်နှုန်း၊ အဓမ္မတောင်းရမ်းစေခိုင်းခြင်း ၁ ဒသမ ၄ ရာခိုင်နှုန်း၊ အဓမ္မမွေးစားခြင်း ၀ ဒသမ ၃ ရာခိုင်နှုန်းနှင့် လိင်မှုဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း ၀ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးဖြစ်ပွားသည်ကို တွေ့ရှိရသည်။

ထို့ပြင် လူကုန်ကူးခံရသည့်သူများတွင် အမျိုးသမီး ၈၅ ရာခိုင်နှုန်း၊ အမျိုးသား ၁၀ ဒသမ ၇ ရာခိုင်နှုန်းနှင့် ကလေး ၄ ဒသမ ၃ ရာခိုင်နှုန်းပါဝင်သည်ကို တွေ့ရှိရပြီး ၎င်းတို့အနက် တရုတ်နိုင်ငံသို့ ရာခိုင်နှုန်း ၈၀ ဖြင့် အများဆုံး လူကုန်ကူးခံရပြီး ထိုင်းနိုင်ငံသို့ ၁၀ ရာခိုင်နှုန်း၊ မလေးရှားသို့ ၆ ရာ ခိုင်နှုန်းနှင့် ပြည်တွင်းတွင် ၄ ရာ ခိုင်နှုန်းရှိကြောင်း သိရသည်။

၅ နှစ်အတွင်း လူကုန်ကူးသည့် တရားခံများကို ပြစ်ဒဏ်ချမှတ်ရာတွင် အမျိုးသား ၄၁၆ ဦး၊ အမျိုးသမီး ၆၇၃ ဦးတို့ကို ပြစ်မှုများအလိုက် ထောင်ဒဏ် ၃ နှစ်မှ ထောင်ဒဏ်တစ်သက်စီ ချမှတ်ခဲ့ပြီး တရားခံပြေး အမျိုးသား ၂၀၄ ဦးနှင့် အမျိုးသမီး ၂၇၄ ဦးကို စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

လူကုန်ကူး တရားခံများတွင် အမျိုးသမီးအများစု ပါဝင်နေခြင်းသည် အမျိုးသမီးချင်း ယုံကြည်မှုပိုရှိခြင်းကြောင့် စည်းရုံးသိမ်းသွင်းမှုကို အလွယ်တကူ ဆောင်ရွက်နိုင်ခြင်းကြောင့်ဖြစ်ကြောင်း ၎င်းညှိနှိုင်းရေးမှူးက ပြောသည်။

"သူစိမ်းယောကျ်ားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်အိမ်ကိုလာပြီး သိမ်းသွင်းဖို့ ဆိုတာမလွယ်ဘူး။ မိန်းကလေးအချင်းချင်းဆိုတော့ မဖြစ်တန်လောက်ဘူးဆိုပြီး ယုံကြတယ်"ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံ၏ လူကုန်ကူးမှုဖြစ်စဉ်များကို လေ့လာကြည့်ပါက လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပြဋ္ဌာန်းခဲ့သည့် ၂၀၀၅ ခုနှစ်စက်တင်ဘာ ၁၃ ရက်နောက်ပိုင်းတွင် ဖော်ထုတ်တွေ့ရှိသည့် အမှုများကိုကြည့်ပါက ၂၀၀၆ ခု နှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၁၁ ခုနှစ် ဩဂုတ် ၃၁ ရက်ထိ အမှုပေါင်း ၇၃၁ မှုရှိပြီး တရားခံပေါင်း ၂၀၄၃ ဦးကို အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ ၎င်းအမှုဖြစ်စဉ်များတွင် လူကုန်ကူးခံရသူပေါင်း ၁၂၉၈ ဦးကိုကာကွယ်နိုင်ခဲ့ပြီး တရုတ်နိုင်ငံမှ ၇၈၀ ဦး၊ ထိုင်းနိုင်ငံမှ ၄၈၃ ဦး၊ အင်ဒိုနီးရှားမှ ၁၆ ဦး၊ မလေးရှားမှ ၁၅ ဦး၊ တီမောလက်စတေမှ ၁၀ ဦး၊ ဂျမေကာမှ ၁ ဦးနှင့် အားလုံးပေါင်း ၁၃၀၅ ဦးကို သက်ဆိုင်ရာဒေသများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

လူကုန်ကူး တားဆီးကာကွယ်ရေးဆောင်ရွက်သည့် အဖွဲ့အစည်းများနည်းပါးခြင်း၊ အန္တရာယ်ကျရောက်နိုင်သည့် စက်ရုံများမှ ဝန်ထမ်းများ၊ အိမ်အကူလုပ်သူများ၊ ပြည့်တန်ဆာလုပ်ကိုင်သူများနှင့် အိမ်နှင့် ဆက်ဆံရေးမပြေလည်သည့် ၁၀ ကျော်သက်အရွယ်ကလေးငယ်တို့အားထိရောက်သည့် ကာကွယ်မှုများ ဆောင်ရွက်ရာတွင် အားနည်းချက်များ ရှိနေဆဲဖြစ်ကြောင်း ၎င်းကပြောသည်။

"နယ်တွေမှာ လူကုန်ကူးပွဲစားတွေက အိမ်တိုင်းရောက်ဖို့လွယ်တယ်။ ဒါပေမဲ့ လူကုန်ကူးတားဆီးရေး လုပ်သူတွေ အနေနဲ့ နယ်တွေမှာ လှုပ်ရှားတာနည်းသေးတယ်"ဟု ၎င်းညှိနှိုင်းရေးမှူးကပြောသည်။

## စာ-၃၊ ခရီးသည်အိတ်အတွင်းမှ စိန်ထည်ပစ္စည်းခိုးယူမှု ရန်ကုန်လေဆိပ်တွင်ဖြစ်ပွား မှ

၎င်းတို့ထွက်ဆိုချက်အရ ဝှက်သိမ်းထားသောနေရာ၌ ကျပ်သိန်း ၈၀ တန်ဖိုးရှိစိန်လော့ကက်သီးတစ်ခု၊ ကျပ်သိန်း ၇၂ တန်ဖိုးရှိစိန်ဘယက်တစ်ခု၊ ကျပ်သိန်း ၈၀ တန်ဖိုးရှိ စိန်လက်ကောက်တစ်ကွင်း စုစုပေါင်းကာလတန်ဖိုးကျပ် ၂၃၂ သိန်းတို့အား ရှာဖွေတွေ့ရှိခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ စင်ကာပူသို့ ထွက်ခွာမည့် လေကြောင်းလိုင်း စစ်ဆေးရေးကောင်တာ ၁၁ ရှေ့၌ ခရီးသည်အမျိုးသမီးတစ်ဦးက ၎င်းဝတ်ဆင်ထားသောလက်ဝတ်ရတနာပစ္စည်းများအား ခရီးဆောင်အိတ်အတွင်းသို့ ချွတ်၍ထည့်ပြီး အိတ်အား သော့ခတ်လိုက်သည်ကို ကိုကိုထွန်းက တွေ့မြင်၍ ညီညီဇော်သို့တစ်ဆင့် ပြောကြားခဲ့သည်။

ယင်းနောက် ခရီးသည်ပစ္စည်းများ လေယာဉ်ပေါ်သို့ သယ်ဆောင်မည့်ယာဉ်ပေါ်သို့ တင်ပေးသည့်နေရာအနီး၌ ညီညီဇော်က အသင့်ပါလာသောဘောပင်ဖြင့် အိတ်၏ဇစ်အား ထိုးခွဲဖွင့်လိုက်ပြီး အိတ်ထဲမှနှိုက်ယူထားခဲ့သည်။ အဆိုပါပစ္စည်းများအား မင်္ဂလာဒုံမြို့နယ်၊ အနန်းပင်ရပ်ကွက်အနီးရှိ ရထားလမ်း ဘေးချုံပုတ်၌ ဝှက်သိမ်းထားခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ တရားခံနှစ်ဦးအား မင်္ဂလာဒုံ ရဲစခန်းမှ (ပ)၁၅၄/ ၂၀၁၂၊ ပြစ်မှုပုဒ်မ ၃၇၉ ဖြင့် အရေးယူဖမ်းဆီးထားကြောင်း သိရသည်။

## စာ-၅၊ လွှတ်တော်ရေးရာကော်မတီနှင့် ကော်မရှင်များ ပြည်ထောင်စုအဆင့် မဟုတ်ကြောင်း ခုံရုံးဆုံးဖြတ် မှ

နိုင်ငံအများစုတွင် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လွှတ်တော်တွင် ရေးရာကော်မတီများထားရှိကြပြီး ထိုကော်မတီများက သက်ဆိုင်ရာဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များအား လေ့လာစောင့်ကြည့်သော အလုပ်များလုပ်ကြရသည်။ မြန်မာနိုင်ငံတွင်လည်း ဝန်ကြီးဌာနအလိုက် ရေးရာကော်မတီများ ဖွဲ့စည်းထားပြီး အချို့ကော်မတီဥက္ကဋ္ဌများမှာ ယခင်အစိုးရလက်ထက် ဝန်ကြီးဟောင်းများ ပါဝင်သည်။

## စာ-၄၊ ရုပ်ရှင်လုပ်ငန်းက ရုပ်ရှင်အစည်းအရုံးသို့ ငှားရမ်းထားသော ဝဇီရာ ရုပ်ရှင်ရုံနှစ်ရုံ ဆက်မငှားတော့ မှ

၃၀ရက်နေ့ နံနက်၁၁နာရီတွင် ရုပ်ရှင်လုပ်ငန်းမှ ဦးသိန်းထွန်းအောင်နှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးတို့ တွေ့ဆုံဆွေးနွေးမှုအပြီးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရုပ်ရှင်အစည်းအရုံးကို ဆောင်ရွက်ချိန် ၃ လခွင့်ပြုခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်လုပ်ငန်းက သတင်းထုတ်ပြန်ခဲ့သည်။

ရန်ကုန်မြို့လယ်ရှိ ဝဇီရာ ၁ရုပ်ရှင်ရုံနှင့် လှိုင်သာယာမြို့နယ် ရှိ ဝဇီရာ ၂ ရုပ်ရှင်ရုံတို့တွင် ယခုလက်ရှိ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းစုစုပေါင်း ၄၀ဦးရှိနေသည်။ မတ်လ ၃၁ရက် နောက်ဆုံးထားကာ မြန်မာ့ရုပ်ရှင်လုပ်ငန်းသို့ပြန်လည်ပေးအပ်ရမည်ဖြစ်ခြင်းကြောင့် ဝန်ထမ်းများ မှာအလုပ်လက်မဲ့ အခြေအနေနှင့် ရင်ဆိုင်နေရသည်ဟု အဆိုပါရုံတာဝန်ခံဦးဌေးအောင်ကဆိုသည်။ "လက်မှတ်ရောင်းသိမ်းဝန်ထမ်းလေးတွေ တချို့မူးလဲကုန်တယ်။ ငိုနေကြတယ်။ ဒါ့ပြင် စာရင်းစစ်ဦးလေးဆိုရင် အသက် ၈၀ကျော်ပါပြီ။ သူဆိုလည်း အလုပ်လက်မဲ့ဖြစ်တော့မယ်ဆိုတဲ့အတွက် စိတ်မကောင်းဖြစ်နေတယ်။ အထူးသဖြင့် ဝန်ထမ်းတွေလစာတိုးမယ့်လဖြစ်နေတယ်။ ကျွန်တော်တို့က ဝန်ထမ်းတွေကို လစာတိုးပေးမယ့်အချိန်မှာဖြစ်သွားလို့ အကုန်ဒုက္ခရောက်ကုန်ပါတယ်။ စာအရဆို ဝန်ထမ်းတွေကိုအလုပ်ဖြုတ်ပစ်ရမလိုဖြစ်နေတော့ ကျွန်တော်တို့မှာ ထုံးစံအတိုင်း ဝန်ထမ်းလစာ ၃ လခပေးပြီး ဖြုတ်ရမလိုဖြစ်နေတာပေါ့" ဟု ဝဇီရာရုံတာဝန်ခံ ဦးဌေးအောင်ကပြောသည်။

စာချုပ်ပါအချက်အလက်များအရ အဆိုပါရုံနှစ်ရုံအား နိုင်ငံတော်အစိုးရမှ အချိန်မရွေး ပြန်လည်သိမ်းယူနိုင်ပြီး မျက်မြင် အခြေအနေတိုင်းသာ ပြန်အပ်ရမည်ဟုအချက်ပါဝင်သောကြောင့် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးမှ နစ်နာမှုများစွာရှိနေကြောင်းပြောသည်။

"မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှာ ရုပ်ရှင်ရုံလေးရှိတယ်ဆိုတဲ့ဂုဏ်သိက္ခာအတွက်ပါ။ ကျွန်တော်တို့ဒီရုံထဲမှာ ထည့်ထားတဲ့ပစ္စည်းတွေလည်း ရှိတယ်။ ဒီရုံမှာ ခုံတန်းတွေလည်း အသစ်ဝယ်ထည့်ထားတာ။ အခုတိုင်းဆို မီးလုံးတစ်လုံး တောင်ဖြုတ်ခွင့်မရှိတော့ဘူး။ မတ်လ ၃၁ ရက်မှာ ဘယ်လိုမှ မပြောင်းနိုင်သေးဘူး။ ဧပြီ ၁ရက်မှာ သူတို့ကသော့ပိတ်မယ်လို့ပြောတယ်။ ဒီနှစ်ရုံပေါင်းဝန်ထမ်းတွေရဲ့ စားဝတ်နေရေး၊ အလုပ်လက်မဲ့ဖြစ်သွားမယ့် ကိစ္စ၊ ချိတ်ထားတဲ့ရုပ်ရှင်ဇာတ်ကားတွေပြသဖို့ကိစ္စ ဒုက္ခရောက်သွားမယ်။ ဒီအခက်အခဲတွေကိုစာရေးပြီး ရုပ်ရှင်လုပ်ငန်းကိုပြန်တင်ပြမယ်။ အိမ် ရှင်အိမ်ငှားတောင်မှတစ်လကြိုပြီး အကြောင်းကြားရတာကိုသုံးလေးရက်အတွင်း ပြန်ပေးရမယ် ဆိုတာ တော်တော်လေးစိတ်မကောင်းဘူး"ဟု ဒုဉက္ကဋ္ဌ ဒေါ်မြင့်မြင့်ခိုင်ကပြောသည်။

ထို့အပြင်မကြာမီက အများဆန္ဒအရရွေးကောက်တင်မြှောက်လိုက်သော မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ အမှုဆောင်သစ်အဖွဲ့၏အမြင်တွင်လည်းလက်ရှိအမှုဆောင်အဖွဲ့အပေါ် ယခုကိစ္စကြောင့် အမြင်တိမ်းစောင်းမှာကို စိုးရိမ်မိကြောင်း ဦးမြင့်သိန်းဖေက ပြောသည်။

"အမှုဆောင်အသစ်အဖွဲ့ကို တာဝန်မလွှဲသေးခင်မှာ ကျွန်တော်တို့က ငါ့လက်ကလွတ် ဖြစ်ချင်ရာဖြစ်ဆိုသလို မစားရတဲ့အမဲ သဲနဲ့ပက်တယ်ဆိုတာမျိုး အဖြစ်မခံနိုင်လို့ဒီကိစ္စကိုစီစဉ်ရတာပါ။ ချက်ချင်းပြောတာနဲ့ချက်ချင်းအပ်ရသလားဆိုရင် အမှုဆောင်အဟောင်းတွေရဲ့ သိက္ခာကရစရာမရှိတော့ပါဘူး။ အမှုဆောင်ဟောင်းတွေက လုပ်ချင်ရာလုပ်သွားတယ်ဆိုတာမျိုးအဖြစ်မခံနိုင်ဘူး" ဟု ပြောသည်။

အဆိုပါရုပ်ရှင်ရုံနှစ်ရုံမှ ဝင်ငွေဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ လည်ပတ်ရပ်တည်နေပြီး ယင်းဝင်ငွေထဲမှ ရုပ်ရှင်လောကသားများ၏ သာရေး၊ နာရေး၊ ကျန်းမာရေး၊ လူမှုရေး စသဖြင့် သုံးစွဲနေရသည်ဟု သတင်းရရှိသည်။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် ရုပ်ရှင်ရုံတစ်ရုံရှိသည်ဟူသော ဂုဏ်သိက္ခာပိုင်းဆိုင်ရာအကြောင်းကြောင့်တစ်ကြောင်း၊ နိုင်ငံတော်သို့လွှဲပြောင်းပေးရပါကလည်း သတ်မှတ်ကာလကို ယခုထက်ပိုမိုအချိန်တိုး ပေးသင့်ကြောင်း အချက်နှစ်ချက်ကို မြန်မာ့ရုပ်ရှင်လုပ်ငန်းသို့မေတ္တာရပ်ခံ တင်ပြသွားမည်ဟုဆိုသည်။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသည် မြန်မာ့ရုပ်ရှင်လုပ်ငန်းပိုင် ဝဇီရာရုပ်ရှင်ရုံ ၂ ရုံအား ၁၉၉၉ ခုနှစ်ကတည်းက ငှားရမ်းလုပ်ကိုင်ခဲ့ပြီး သုံးနှစ်တစ်ကြိမ် စာချုပ်သက်တမ်းဖြင့် လုပ်ကိုင်ခဲ့ရာ ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် စာချုပ်သက်တမ်းကုန်ဆုံး သဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဆက်လက်ငှားရမ်းရန် ကြိုးစားခဲ့သော်လည်း တစ်နှစ်နီးပါး အကြောင်းမပြန်ခဲ့ဘဲ မြန်မာ နိုင်ငံရုပ်ရှင်အစည်းအရုံး ပြန်လည်ရွေးကောက်ပွဲပြုလုပ်ပြီး ရက်ပိုင်း ကာလအတွင်း အဆိုပါ ရုံနှစ်ရုံအားပြန်လည်အပ်နှံရန် ရုပ်ရှင်လုပ်ငန်းက အကြောင်းကြားလာခြင်းဖြစ်သည်။ ရန်ကုန်မြို့လယ်ရှိ ရုပ်ရှင်ရုံများထဲတွင် ဘုရင်၊ ဆုထူးပန် စသည့် ရုပ်ရှင်ရုံများမှာ ပုဂ္ဂလိကသို့ရောင်းချပြီးဖြစ်သည်။

# Health

7DAY NEWS JOURNAL

Vol.11, No.5 • APRIL 5 , 2012




# သင်္ကြန်ရေနှင့် မျက်စိကျန်းမာရေး

မေဝင်းမွန်

**ရာသီအကူးအပြောင်းကာလလည်းဖြစ်၊နွေနေပူပူအောက်တွင်ရေကစားရမည့်သင်္ကြန်ရက်များ၌ အလည်အပတ်ထွက်သူများအနေဖြင့် ထိခိုက်အန္တရာယ်ကင်းစွာနှင့် ရေကစားနိုင်ရေးမှာလည်း အရေးကြီးသည့်အချက်ဖြစ်သည်။**

သင်္ကြန်ရေကြောင့်မျက်စိနှင့် ပတ်သက်သော ထိခိုက်ဒဏ်ရာရနိုင်သည့်အခြေအနေများရှိသဖြင့် သင်္ကြန်လည်ပတ်သူတို့ သတိပြုစရာ ဖြစ်လာသည်။

ခါတ်မတည့်သည့်ရေ၊ မသန့်ရှင်းသည့်ရေများမျက်လုံးအတွင်းသို့ ဝင်ခြင်း၊ အရှိန်ပြင်းသည့်ရေအားက မျက်လုံးအိမ်ကို တိုက်ရိုက်ထိခိုက်ခြင်းများက လူ့ခန္ဓာကိုယ်၏ အနူးညံ့ဆုံး အစိတ်အပိုင်းဖြစ်သည့် မျက်စိကို ဆိုးကျိုးပေးနိုင်သည်ဟုဆိုသည်။

"သင်္ကြန်မှာအများဆုံးဖြစ်တတ်တာက အပူချိန်အပြောင်းအလဲကြောင့် မျက်စိတွေနီတာ၊ မျက်စိနာတာတွေဖြစ်နိုင်တယ်။ ရေချိုးပြီးကာစမှာတောင် ရုတ်တရက်ပြောင်းသွားတဲ့ အပူချိန်ကြောင့် သွေးကြောတွေ ကျယ်လာပြီးတော့မျက်လုံးရဲတာ တွေဖြစ်တတ်တော့။ နေပူထဲမှာရေကစားတဲ့ အခါမှာ မျက်စိတွေနီတာမျိုးတွေကဖြစ်လေ့ရှိပါတယ်" ဟု မျက်စိအထူးကု ဆရာဝန်တစ်ဦးကပြောသည်။

သင်္ကြန်ရေပက်ခံထွက်ရာ တွင် အလွယ်တကူရသည့် ရေများ၊ အချိန်ကြာမြင့် စွာသိုလှောင်ထားသည့်ရေများ၊ မသန့်ရှင်းသည့်ရေများဖြင့် ပက်ဖျန်းခံရခြင်းများမှလည်း မျက်စိများ ယားယံခြင်း၊ နီရဲခြင်း၊ မျက်စိနာခြင်းများဖြစ်ပွားနိုင်ခြေများသည်ဟုဆိုသည်။

မျက်ကပ်မှန်သုံးစွဲသူများ အနေဖြင့် ထိုသို့သောရေများမျက်စိထဲဝင်မည်ဆိုပါက မျက်စိဆိုင်ရာ ထိခိုက်နာကျင်မှု ပိုမိုဖြစ်ပွားနိုင်ခြေရှိသဖြင့် သင်္ကြန်တွင်းမျက်ကပ်မှန်နှင့်စတိုင်ထုတ်ခြင်းကို ရှောင်ရှားသင့်သည်ဟု သိရသည်။

"မျက်ကပ်မှန်သုံးတတ်သူတွေအနေနဲ့ မျက်ကပ်မှန်နဲ့ ရေကစားမထွက်ဖို့လိုပါတယ်။ မျက်စိကိုရေအားပြင်းပြင်းနဲ့တိုက်ရိုက်ထိခိုက်မိတဲ့အခါမျိုးမှာ မျက်ကြည်လွှာ နုနုလေးကိုထိခိုက်မိပြီး ကွာထွက် သွားတာမျိုးတွေ၊ မျက်ကြည်လွှာ စုတ်သွားတာမျိုးတွေလည်းဖြစ်တတ်တယ်။ မျက်စိအပေါ် ယံလွှာကွာသွားတဲ့အချိန်မှာမျက်လုံးထဲကိုမသန့်တဲ့ရေတွေဝင်သွားပြီး မျက်လုံးတွေ ရဲတွတ်သွားတယ်။ မျက်ကပ်မှန်သုံးတဲ့သူတွေကတော့ပိုပြီး သတိထားရပါတယ်" ဟုအဆိုပါမျက်စိအထူးကုဆရာဝန်ကပြောကြားသည်။

လူတစ်ဦးမှတစ်ဦးသို့ကူးစက်မှုမြန်ဆန်သော မျက်စိနာဖြစ်ပွားမှုမှာလည်း ကလေးမှလူကြီး၊ လူကြီးမှကလေးကူးစက်ဖြစ်ပွားမှုအနေအထားများပြားလာသည်ဟု မျက်စိအထူးကုဆရာဝန်တစ်ဦး၏ ပြောပြချက်အရသိရသည်။

"ရာသီအပြောင်းအလဲမှာက မျက်စိနာတာအများဆုံးဖြစ်တယ်။ မျက်စိနာတာက တစ်ယောက်ဖြစ်ရင် တစ်အိမ်လုံးကို ကူးတယ်။

စာ(၁၄)သို့

# မီးဖွားကြသူများ

■ ဝတ်ရည်အောင်

တိုးတက်လာသည့်ခေတ်ရေစီးကြောင်းတွင်ပညာရေးပိုမိုအဆင့်အတန်းမြင့်လာစေရန်အတွက်လည်းကောင်း၊ ငွေကြေးပိုင်းဆိုင်ရာပြည့်စုံစေရန်အတွက်လည်းကောင်း အမျိုးသမီးများသည်ပညာရေး၊ စီးပွားရေးလုပ်ငန်းများတွင် အချိန်ယူမှု တဖြည်းဖြည်း ပိုမိုများပြားလာသည်။

ဘဝရည်မှန်းချက်ဖြင့် စီးပွားရှာ၊ ပညာရှာကြသည့်အခါတွင် အိမ်ထောင်ရေးတည်ထောင်မှုများ နောက်ကျလာကြသည့်အခါ အသက်ကြီးသည့် မိခင်မွေးဖွားလာသည့် ကလေးများတွင် မွေးရာပါရောဂါများ ပါဝင်လာနိုင်မှု များပြားလာနိုင်သည်ကိုလည်း သတိပြုရန် လိုအပ်ပေသည်။

အသက်ကြီးမှ ကလေးမွေးသည့်အခါတွင် ကလေးရနိုင်ရန် အခွင့်အလမ်းနည်းပါးခြင်းများ၊ ကလေးတွင် မွေးရာပါ ဉာဏ်ရည်ကျပ်မပြည့်သည့် ဒေါင်းန်ကလေးများ မွေးဖွားနိုင်သည့် ရာခိုင်နှုန်းများပြားပြီး ပျော်ရွှင်ချမ်းမြေ့ဖွယ် မိသားစုဘဝရရှိနိုင်ရန် အခက်အခဲများနှင့် ရင်ဆိုင်ရနိုင်လာဖွယ်ရှိကြောင်း သားဖွားနှင့်မီးယပ်ဆိုင်ရာ ပညာရှင်များမှ ပြောကြားထားသည်။

အသက်ကြီးမှ ကလေးယူသည့်အခါတွင် ပထမဦးရင်ဆိုင်ရသည့် ပြဿနာတစ်ခုမှာ ကလေးရရှိရန် သာမန်ထက် ခဲယဉ်းခြင်းဖြစ်သည်။ အမျိုးသမီးတစ်ဦး၏ သားဥအိမ်ထဲတွင် မွေးကတည်းကပါလာသည့် သားသမီးရတနာများ ဖြစ်လာစေမည့် မျိုးဥသည် မိခင်အသက်ကြီးလာသည်နှင့်အမျှ သူတို့ကိုယ်တိုင်လည်း အသက်ကြီးလာပြီး အားနည်းချည့်နဲ့လာသည့် မျိုးဥကလေးများအဖြစ် ပြောင်းလဲသွားမည်ဖြစ်ကြောင်း သားဖွားမီးယပ်အထူးကုဆရာဝန် ဒေါက်တာစိုးလွင်က သူ ရာသီမလာခင်လူသတ်ချင်နှင့်ရွှေမင်းသမီးတို့ရဲ့ စပ်စပ်စုစု မွေးခွန်းများစာအုပ်တွင် ရေးသားထားသည်။

အသက်ကြီးသည့် မိခင်သည် ပုံမှန်အားဖြင့် ကလေးရယူနိုင်ရန် ခဲယဉ်းနိုင်ပြီး ကံကောင်းထောက်မစွာဖြင့် ကလေးရရှိသွားသည့်အခါတွင်လည်း ငယ်ရွယ်သူများထက် သားပျက်သားလျှောဖြစ်တတ်သည့်အန္တရာယ် ပိုမိုများပြားခြင်း၊ ဒေါင်းန်ကလေးများ မွေးဖွားလာနိုင်သည့် အန္တရာယ်ပိုမိုများပြားခြင်း၊ ကိုယ်ဝန်ဆောင်ကာလတွင်ဖြစ်တတ်သည့် ရောဂါဝေဒနာများ ပိုမိုများပြားသည့်အခါ သဘာဝအတိုင်း မွေးဖွားရန်လည်း အခက်ခဲများ ရှိလာခြင်း စသည့် အခက်အခဲများ များပြားလာနိုင်ကြောင်း ဒေါက်တာစိုးလွင်ကရေးထားသည်။

စာ(၃၀)သို့

## လေ့ကျင့်ခန်းလုပ်ဖြစ်ရေးမှာ အချိန်စီမံခန့်ခွဲမှုတွင် အရေးပါ

ဆယ်ဖေးနီးယား၊ မတ် - ၂၇



ရက်သတ္တပတ်တစ်ပတ်လျှင် လေး၊ ငါးကြိမ်လေ့ကျင့်ခန်းလုပ်ခြင်းကဲ့သို့ ကျန်းမာရေးရည်မှန်းချက်များအတွက် အချိန်စီမံခန့်ခွဲမှုမှာ အရေးပါကြောင်း အမေရိကန်နိုင်ငံမှ သုတေသီများက ပြောကြားသည်။

ပင်ဆယ်ဖေးနီးယား တက္ကသိုလ်မှ သုတေသီ ဒေးဗစ်ကွန်ရွိုင်သည် ကောလိပ်ကျောင်းသား ၃၃ဦး၏ လေ့ကျင့်ခန်းလုပ်ရန် အပတ်စဉ်ရည်မှန်းချက်နှင့် လေ့ကျင့်ခန်းလုပ်ဖြစ်ခြင်းကို ရက်သတ္တ ဆယ်ပတ်ကြာ လေ့လာခဲ့သည်။ ကွန်ရွိုင်နှင့်အဖွဲ့သည် ကျောင်းသားများ၏ လေ့ကျင့်ခန်းလုပ်ရန် စိတ်အားထက်သန်မှုကို တစ်ပတ်ချင်းစီ မှတ်တမ်းတင်ခဲ့ ရာတွင် "လေ့ကျင့်ခန်းလုပ်လိုစိတ်မရှိတော့ဘူး" ဟူသော ရက်သတ္တပတ်များစွာ လေ့ကျင့်ခန်းပြုလုပ်သော ကျောင်းသားများသည် မိမိတို့၏ လေ့ကျင့်ခန်းအစီအစဉ်များကိုရေရှည်တွင် မလုပ်ဖြစ်ကြတော့ကြောင်း သုတေသီများက တွေ့ရှိခဲ့သည်။ တစ်ပတ်အတွင်း လေ့ကျင့်ခန်းအပြီးလုပ်ရန် စိတ်ပိုင်းဖြတ်ထားသူများသာလျှင် လေ့ကျင့်ခန်း အပတ်စဉ်ဆက်လုပ်ဖြစ်သည်ဟု သုတေသီများက ပြောကြားသည်။

ထို့အတွက်အချိန်ကိုကောင်းစွာစီမံခန့်ခွဲမှုက တာရှည်လေ့ကျင့်ခန်းလုပ်ဖြစ်ရန်အတွက် အထောက် အကူဖြစ်ကြောင်း၊ အစားအစာနှင့် ကိုယ်လက်လေ့ကျင့်ခန်း စိတ်ပညာဂျာနယ်တွင် သုတေသီများက ရေးသားထားသည်။

—Ref: UPI




7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.5 • APRIL 5 , 2012

# ကြက်ငှက်တုပ်ကွေး လူသို့ မကူးစက်ရန် အထူးဂရုပြုနေ

သန်းဌေး

ရန်ကုန်၊ မတ် - ၂၈

ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်လာခြင်းမရှိစေရေး သက်ဆိုင်ရာက ကြပ်မတ်စောင့်ကြည့်နေကြကြောင်း ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ 'ဟိန်း'ကြက်သားပေါက်လုပ်ငန်းရှင် ဦးမြင့်အောင်က 7Day News သို့ ပြောသည်။

"ကြက်ခြံဝန်ထမ်းတွေ ဖျားလား၊ နာလားဆိုတာ တော်တော်သတင်းထောက်တွေမေးတယ်"ဟု ၎င်းကပြောသည်။

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကျွန်းကုန်းကျေးရွာရှိ ဥစားကြက် ၂၀,၀၀၀ ခန့်မွေးမြူထားသော ရွှေဝါကြက်မွေးမြူရေးခြံတွင် ယခုနှစ် ဖေဖော်ဝါရီလကုန်ပိုင်းမှစတင်၍ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သည်။

မတ်လ ၆ ရက်တွင် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ တိရစ္ဆာန်ရောဂါထိန်းချုပ်ရေးဌာနခွဲမှ ကြက်ငှက်တုပ်ကွေးရောဂါ ($H_5N_1$)ဟူ၍ အတည်ပြုပေးသည်။

ထို့ကြောင့် ကြက်ခြံအတွင်း ကျန်ရှိနေသော ကြက်များအားလုံးကို မြေမြှုပ်ပစ်လိုက်ပြီး အဆိုပါ ကြက်ခြံမှလုပ်သား ၃၀ ကျော်ကိုပါ ကျန်းမာရေးစစ်ဆေးခြင်းနှင့် အထူးကြပ်မတ်စောင့်ကြည့်ခြင်းများ လုပ်ဆောင်ပေးနေကြောင်း ရွှေဝါကြက်ခြံပိုင်ရှင် ဦးရဲဝင်းက ပြောသည်။

"ကြက်ခြံမှာ အလုပ်လုပ်တဲ့ အလုပ်သမားတွေကို ကျန်းမာရေးဌာနက ဆေးစစ်ပေးတယ်။ အမြဲစောင့်ကြည့်ပေးနေတယ်"ဟု၎င်းကပြောသည်။

အဆိုပါရွှေဝါကြက်ခြံနှင့် အနီးအနားရှိ တပ်ပိုင် ကြက်ခြံ၊ ပုဂ္ဂလိကကြက်ခြံများမှ ကြက်များမှာလည်း ၎င်းတို့ထက် စောစီးစွာ သေဆုံးနေကြောင်း ဦးရဲဝင်းက ပြောသည်။

အဆိုပါကြက်များတွင် ကြက်ငှက်တုပ်ကွေးရောဂါ မည်သို့စတင်ဖြစ်ပေါ်ပြီး တစ်ခြံမှတစ်ခြံသို့ ကူးစက်ပုံကိုမူ သေသေချာချာမသိရှိရသေးသော်လည်း လူတို့တွင် ရောဂါကူးစက်ခြင်းရှိ၊ မရှိကိုမူ ဧပြီ ၁ ရက်အထိ စောင့်ကြည့်ရဦးမည်ဖြစ်ကြောင်း ဦးမြင့်အောင်ကပြောသည်။

"ကျန်းမာရေးဦးစီး၊ မွေး/ကုဦးစီး၊ မြို့နယ်၊ ခရိုင်အဆင့်အထွေထွေအုပ်ချုပ်ရေးမှူးတွေက ရောဂါတားဆီးရေးကို အလေးပေးဆောင်ရွက်နေကြတယ်"ဟု ၎င်းက မတ်လ ၂၁ ရက်တွင် တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူးရုံး၌ အစည်းအဝေးတက်ရောက်ခဲ့ပုံကို ရည်ညွှန်းပြောသည်။

အဆိုပါဖြစ်ရပ်နှင့် တစ်ချိန်တည်းခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်အတွင်းရှိ ဧက ၂၁၀၀ ကျယ်သော ပေါက်အင်းနှင့် တစ်မိုင်ခွဲအကွာ မန်ကျည်းခွကျေးရွာရှိ အိမ်မွေးတိုင်းရင်းကြက်များတွင် ဆောင်းခိုငှက်ရိုင်းများကြောင့် ကြက်ငှက်တုပ်ကွေးရောဂါစတင်ဖြစ်ပွားခဲ့ကြောင်း မတ်လ ၂၁ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြခဲ့သည်။

"ငှက်ရိုင်းတွေကတစ်ဆင့် လွှတ်ကျောင်းမွေးမြူတဲ့ တိုင်းရင်းကြက်တွေကို ရောဂါကူးစက်၊ အဲဒီ့ကူးစက်ခံရတဲ့ ကြက်ကနေတစ်ဆင့် မွေးမြူရေးကြက်ကို ကူးတာပဲ"ဟု မောင်အောင်(မွေး/ကု)က ပြောသည်။

ထို့ကြောင့် မွေးမြူရေးကြက်အကောင်ရေ ၁၀၆၀၊ တိုင်းရင်းကြက်အကောင်ရေ ၂၈၅ နှင့် ဘဲခြောက်ကောင်ဆုံးရှုံးခဲ့ရကြောင်း ၎င်းကပြောသည်။

ထိုကဲ့သို့ ကြက်ငှက်တုပ်ကွေးရောဂါကြောင့်သေဆုံးသော တိရစ္ဆာန်များကို ကိုင်တွယ်သောလက်တွင် ကွဲရာ၊ ရှရာ အနာရှိနေပါက လူသို့ ရောဂါပိုးဝင်တတ်သည်။ ထို့အပြင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသောကြက်ခြံများအတွင်း ဝင်မိသော ဒဏ်ရာ



ရသောလူနှင့် ကြက်သေသားကို စားသောကြက်ငှက်တို့အပြင် မစင်များကို စားမိသောလူနှင့် သတ္တဝါများတွင်ပါ ရောဂါပိုးကူးစက်တတ်ကြောင်း မွေးမြူရေးဆရာဝန်ကြီးတစ်ဦးကပြောသည်။

"လူကို မကူးစက်အောင် ရောဂါပိုးတွေက တိရစ္ဆာန်အချင်းချင်းရယ်၊ တိရစ္ဆာန်ကနေ လူရယ်၊ လူက တိရစ္ဆာန်ရယ်၊ လူအချင်းချင်းရယ် ဗိုင်းရပ်စ်တွေ ပြန့်မသွားအောင် ဂရုစိုက်ဖို့လိုပါတယ်"ဟု ၎င်းကပြောသည်။

ကြက်ငှက်တုပ်ကွေးရောဂါသည် မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ် မတ် ၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဧပြီ ၇ရက်တွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်တို့တွင် စတင်တွေ့ရှိခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် ဖြစ်ပွားခဲ့ရာ ရှမ်းပြည်နယ် ကျိုင်းတုံတွင် ကလေးငယ်တစ်ဦးသို့ ရောဂါကူးစက်ခံခဲ့ရသည်။

ထို့ကြောင့် လူသို့ ရောဂါကူးစက်ခံရသော ၁၅နိုင်ငံတွင်မြန်မာနိုင်ငံပါဝင်ခဲ့သော်လည်း အဆိုပါနှစ်၌ သေဆုံးသူ ၂၅၆ဦးတွင်မူ မြန်မာနိုင်ငံ မပါဝင်ကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်ပေးခဲ့သည်။

၂၀၁၀ ပြည့်နှစ်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဥစားကြက်ခြံအတွင်း စာကလေးနှင့် ကျီးကန်းများ ဝင်ရောက်ရာမှ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၂ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ် သဲချောင်းကျေးရွာတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်သောကြောင့် ကြက်ကောင်ရေ ၃၀,၀၀၀ ကျော် ဖျက်ဆီးသုတ်သင်ခဲ့ရသည်။ ၂၀၁၁ ခုနှစ်အတွင်း ဖေဖော်ဝါရီလဆန်းတွင် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် ဗိုလ်မြရပ်ကွက်တွင်လည်း အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါကြောင့် ကြက်များ သေဆုံးခဲ့သည်။

ထို့ကြောင့် ယခုကာလတွင် ဖြစ်ပေါ်ခဲ့သော ကြက်ငှက်တုပ်ကွေးရောဂါအခြေအနေကို ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ် (OIE)နှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(FAO) သို့သတင်းပို့ပြီး အိမ်နီးချင်းနိုင်ငံများကိုလည်း အကြောင်းကြားထားကြောင်းသတင်းရရှိသည်။

# အလုပ်ရှင်များ၏ ကြံ့ခိုင်ရေးအစီအစဉ်များက ကျန်းမာရေးကို တိုးတက်စေ

ချီကာဂို၊

မတ် - ၂၇

အလုပ်သမားများအား ကျန်းမာရေးစစ်ဆေးမှုများ ခံယူရန် ဆွဲဆောင်၍ မက်လုံးများပေးသော ချီကာဂိုဒေသမှ အလုပ်ရှင်များသည် အလုပ်သမားများနှင့် ပတ်သက်၍ ကျန်းမာရေးရလဒ်ကောင်းများ ရရှိခဲ့ကြကြောင်း စစ်တမ်းတစ်ရပ်က တွေ့ရှိခဲ့သည်။

အကျိုးအမြတ်မယူသော Rush Health ကျန်းမာရေးအဖွဲ့၏စစ်တမ်းအရ ချီကာဂိုမြို့မှ အလုပ်ရှင်များသည် အလုပ်သမားများ၏ ကျန်းမာရေးစစ်ဆေးမှုရလဒ်များကို မက်လုံးများနှင့်တွဲဖက်ထားကြောင်း တွေ့ရှိခဲ့ကြသည်။ ယင်းစစ်တမ်းကို ချီကာဂိုဒေသမှ လုပ်ငန်းအမျိုးမျိုးအဖွဲ့အစည်းအမျိုးမျိုးကို လေ့လာခဲ့ခြင်းဖြစ်သည်။

ကျန်းမာကြံ့ခိုင်ရေး အစီအစဉ်များအလိုက် ကွာခြားမှုရှိသော်လည်း အလုပ်ရှင်များက ကျန်းမာရေးအတွက် အန္တရာယ်ရှိသောအပြုအမူများကို အကဲဖြတ်ခြင်း၊ မေးခွန်းရှည်များမေးမြန်းခြင်း၊ သွေးတိုးစစ်ဆေးခြင်း၊ ကိုလက်စထရောစစ်ဆေးခြင်း၊ ဆေးလိပ်ဖြတ်ခြင်း၊ ခန္ဓာကိုယ်အလေးချိန်ထိန်းသိမ်းခြင်းနှင့် အာဟာရပြည့်ဝသော စားသုံးခြင်းရှိ၊ မရှိကို စစ်ဆေးကြကြောင်းသိရသည်။

ထို့အပြင် အလုပ်ခွင်တွင် စုပေါင်းလမ်းလျှောက်ခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများကို ရွေးချယ်စားသုံးခြင်း၊ လူအများပါဝင်မှုနှုန်းများသော အစီအစဉ်များကို ရှာဖွေဖော်ထုတ် ခြင်း၊ အန္တရာယ်ဖြစ်နိုင်သော အခြေအနေများလျှော့ချခြင်းများလည်းပါဝင်ခဲ့ရာ ရလဒ်ကောင်းများရရှိသည်ကို စစ်တမ်းကတွေ့ရှိခဲ့သည်။

—Ref: UPI

## စာ - ၁၃၊ သကြၤန်ရေနှင့်မျက်စိကျန်းမာရေး မှ

ဒီကာလမှာတော့ ဆေးခန်းတွေမှာမျက်စိနာတာကို အများဆုံးလာပြတာ တွေ့ရတယ်" ဟုမျက်စိအထူးကုဆရာဝန်တစ်ဦးကပြောကြားသည်။

မျက်စိနာခြင်း(Conjunctivitis)မှာဗိုင်းရပ်စ်၊ဘက်တီးရီးယား၊ ဓာတုပစ္စည်းများနှင့်အခြား အကြောင်းများကြောင့်ဖြစ်ပွားတတ်ပြီး အများအားဖြင့်ဗိုင်းရပ်စ်၊ဘက်တီးရီးယားကြောင့်လည်းကောင်း၊ ဓာတ်မတည့်ခြင်းကြောင့်လည်းကောင်း၊ မျက်ရည်ခန်းခြောက်ခြင်းကြောင့်လည်းကောင်း ဖြစ်ပွားတတ်သည်ဟုဆိုသည်။

မက်စကာရာ၊ အိုင်းလိုင်နာ၊ အိုင်းရှဲဒိုးသုံးစွဲလေ့ရှိသောမိန်းကလေးအချို့သည်လည်း သုံးစွဲသည့်အလှကုန်နှင့်ဓာတ်မတည့်သည့်အတွက် မျက်စိနာခြင်းဖြစ်ပွားနိုင်သဖြင့် မျက် စိခြယ်သမှုပြုလုပ်လေ့ရှိသော မိန်းကလေးများအနေဖြင့် အိပ်ရာဝင်ခါနီးတွင် သေချာစွာ မျက်နှာသစ် ရန်လိုအပ်သည်။

သကြၤန်ကာလအတွင်း မျက်စိထိခိုက်မိခြင်း၊ ခွက်စောင်းခုတ်ခံခြင်း၊ မသန့်ရှင်းသည့်ရေများဝင်သွား၍ဆေးခန်းရောက်လာခြင်းမျိုးရှိရာ ယခင်နှစ်များထက်စာပါက သကြၤန်တွင်း မျက်စိထိခိုက်ခံရမှုနှုန်းကပိုများလာသည်ဟုဆိုသည်။

"နေကာမျက်မှန်တပ်မယ်ဆိုရင်လည်း ခရမ်းလွန်ရောင်ခြည်ကို အမှန်တကယ်ကာကွယ်ပေးနိုင်မယ့်မျက်မှန်မျိုးကိုပဲရွေးချယ်သင့်ပါတယ်။ ဈေးကွက်ထဲမှာရောင်းနေတဲ့ဈေးပေါတဲ့နေကာမျက်မှန်နဲ့ ကော်မျက်မှန်တွေက မျက်စိကိုမကာကွယ်နိုင်တဲ့အပြင် မှန်မဟုတ်ဘဲကော်ဖြစ်တာကြောင့်အမြင်ကိုတောင် ဝေဝါးစေပါတယ်" ဟုမျက်စိအထူးကုဆရာဝန်ကပြောသည်။

မျက်စိထဲသို့ တစ်စုံတစ်ခုဝင်ခြင်းကြောင့်နီရဲခြင်းများကြုံတွေ့ပါက မျက်စိကိုသန့်ရှင်းစင်ကြယ်အောင်ပြုလုပ်ရန်လိုအပ်ပြီး လက်နှင့်ပွတ်ခြင်းကိုလည်းရှောင်ရှားရမည်ဖြစ်သည်။ သို့ဖြစ်၍ သကြၤန်ရေကစားရာတွင် မျက်စိကိုနေရောင်ခြည်နှင့် ရေများတိုက်ရိုက်မထိတွေ့ရလေအောင် ခရမ်းလွန်ရောင်ခြည်ကာကွယ်နိုင်သည့်နေကာမျက်မှန်များ အသုံးပြုရန်လိုအပ်ပြီး မျက်စိနှင့်ပတ်သက်ပြီး တစ်စုံတစ်ခုဖြစ်ပွားပါက ပေါ့ဆမနေသင့်ဘဲ မျက်စိဆရာဝန်နှင့်အမြန်ဆုံးတိုင်ပင်ကုသရမည်ဖြစ်သည်။

**မွန်မြတ်ဆေးခန်း** ဗိသုကာ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း။ အမှန်ယုံကြည်ရ

**ဆေးခန်းသုံး တိုင်းရင်းဆေးများသာ**

**လိပ်ခေါင်းရောဂါကုသခြင်း**
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

**သွေးတိုးနှင့်ဆက်နွယ်သောနလုံးရောဂါ၊ သွေးထဲအဆီများသူများ ကုသခြင်း**
- (၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီတည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
- (၇)ရက်သောက်သုံးပါက ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ မူးမော်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
- (၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါ ပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။ 30% Discount

**ဆီးချို၊ သွေးချိုရောဂါကုသခြင်း**
- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကိုသာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

( ဆေးခန်းဖွင့်ချိန် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ )

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၂၅၃၃၂၊ ၀၉ ၅၁၉၆၅၁၈

စားသုံးသူများသို့

**ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင် ဆိုင်ခွဲအသစ်**

**နေရာကြို့ပြောင်းအသိပေးကြေငြာခြင်း**



ပြည်လမ်း၊ (၅မိုင်ခွဲ)၊ မာလာဆောင်မှတ်တိုင် ကမ္ဘောဇဘဏ်ဘေး၊ သုခကမ္ဘာဆေးရုံအဝင်လမ်း၊ ပြည်လမ်းမမှ တတိယခြံ၊ အမှတ် (၆၁၇/A)၌
- ကျယ်ဝန်းသောကားရပ်နားရန်နေရာ
- အဲယားကွန်းပါရှိသော သီးသန့်အခန်းများ
- ကျေးလက်သဘာဝသုံးဆောင်နိုင်ရန် နေရာများဖြင့် မကြာမီ ဖွင့်လှစ်နိုင်ရန် ပြင်ဆင်နေပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင် ချိုင့်ဆွဲပို့ဆောင်ရေး

ပါရမီဆိုင်ခွဲ - အမှတ်(၄၂/က)၊ ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ ပါရမီဂုံးကျော်တံတားကြီးအနီး။
ကုက္ကိုင်းဆိုင်ခွဲ - အမှတ်(၂၀/ခ)၊ တက္ကသိုလ်ရိပ်သာလမ်းဟောင်း၊ ကုက္ကိုင်းမီးပွိုင့်အနီး၊
ဖုန်း ၀၉-၅၁၅၉၀၀၄၊ ၀၉-၇၃၀၀၀၇၀၇၊ ၀၉-၇၃၀၀၆၄၂၂
ဂန္ဓမာဆိုင်ခွဲ - Gandamar Wholesale ၊ (တောင်ဥက္ကလာဂေါက်ကွင်းအနီး)။

7Day News Journal
Vol.11, No.5 • APRIL 5 , 2012

# ယင်းမာပင်မြို့နယ် ရွာလုံးကျွတ်မီးလောင်မှု ကောက်ပဲသီးနှံရိတ်သိမ်းပြီးချိန်ဖြစ်၍ ကျပ်သိန်းထောင်ပေါင်းများစွာဆုံးရှုံး

**မျိုးမင်းဦး**

**မုံရွာ၊ မတ်-၃၁**

မုံရွာခရိုင် ယင်းမာပင်မြို့နယ်၊ ကြတ်ကျေးရွာအုပ်စု၊ ဝင်းကုန်းကျေးရွာတွင် မတ်လ ၂၉ ရက် မွန်းလွဲပိုင်းက ပေါ့ဆမှုမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ် (၁၅၈) လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး ကောက်ပဲသီးနှံ ရိတ်သိမ်းပြီးချိန်ဖြစ်ခြင်းကြောင့် ကျပ်သိန်းထောင်ပေါင်းများစွာ ဆုံးရှုံးခဲ့ရကြောင်း ဝင်းကုန်း ကျေးရွာအုပ်စု ဥက္ကဌ ဦးစောအောင်က ပြောကြားသည်။

"မီးလောင်မှုဖြစ်ပွားတဲ့ အချိန်မှာ ကောက်ပဲသီးနှံရိတ်သိမ်းပြီးချိန်ဖြစ်လို့ ကျပ်သိန်းထောင်ပေါင်းများစွာ ဆုံးရှုံးခဲ့ရပါတယ်။ ယင်းမာပင်မြို့နယ် တာဝန်ရှိသူတွေက သီရိမင်္ဂလာကျောင်းတိုက်အတွင်းမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး ဟောပြောပွဲစတဲ့အချိန်မှာ လောင်တာ။ အိမ်ရှင်တွေကိုယ်တိုင် မီးဘယ်က စလောင်တာလဲဆိုတာမသိကြဘူး၊ အချို့က ရှို့မီးလို့လည်း ပြောနေကြတယ်။ တစ်ဦးတစ်ယောက်ဒုက္ခရောက်အောင် မီးရှို့တယ်ဆိုရင်လည်းအခုရွာမှာ ချမ်းသာကြွယ်ဝတဲ့စက်သူဌေးတွေ၊ တောင်သူကြီးတွေရဲ့အိမ်တွေအားလုံး မီးလောင်တာဖြစ်တဲ့အတွက် မီးလောင်မှုကာလတန်ဖိုး ကျပ်သိန်းထောင်ပေါင်းများစွာ ဆုံးရှုံးခဲ့ပါတယ်။ ရွာမှာရှိတဲ့အိမ်တွေအားလုံးရဲ့တစ်ဝက်နီးပါး မီးလောင်ဆုံးရှုံးခဲ့တာဖြစ်ပြီး ကျွန်တော့်အိမ်ရောမီးထဲပါသွားတာ အဝတ်အစားမပြောနဲ့ ဖိနပ်တောင်စီးစရာမကျန်တော့ဘူး" ဟု မီးလောင်မှုတွင် ဆုံးရှုံးခဲ့သော ဦးစောအောင်က ပြောကြားသည်။



"မီးစလောင်တာကနေ့လယ် ၃နာရီ လောက်ကစလောင်တာ၊ ယင်းမာပင်နဲ့ မုံရွာနဲ့ပါ မိုင် ၃၀ နီးပါးဝေးပြီး လမ်းကလည်း ကြမ်းတော့ မီးသတ်ကားတွေ ညနေ ၅ နာရီခွဲ၊ ၆ နာရီလောက်မှ ရွာကို ရောက်တာ။ ရွာမှာ ရေတွင်းတွေကလည်း မိုးတွင်းမှ သုံးလို့ရတာ။ အခုအချိန်မှာ ရေကရှားတော့ မီးကိုနိုင်အောင် မငြိမ်းနိုင်ဘူး။ ယင်းမာပင်၊ မုံရွာ၊ အလုံ၊ ပုလဲစတဲ့ မြို့နယ်တွေက မီးသတ်ကားတွေ လာငြိမ်းတယ်။ နေ့ရောညပါ ငြိမ်းသတ်ပေမယ့် ရေအခက်အခဲကြောင့် မတ်လ ၂၉ ရက်က လောင်တဲ့မီး မတ်လ ၃၀ ရက်ညပိုင်းအထိ မီးငွေ့ငွေ့လောင်နေတာတွေရှိလို့

စာ(၁၈) သို့

# မန္တလေးသင်္ကြန်တွင် နာမည်ကြီး လူရွှင်တော်များ သံချပ်ဖြင့် ဖျော်ဖြေမည်

**စိုင်းသာအောင်**

**ရန်ကုန်၊ မတ်- ၂၉**

မန္တလေးမြို့ မဟာသင်္ကြန်တွင် နှစ်ပေါင်းဆယ်စုနှစ်နှစ်ခုကျော် ဆိတ်သုဉ်းခဲ့သော သင်္ကြန် သံချပ်များကို ခွင့်ပြုမည်ဖြစ်သဖြင့် သံချပ်အဖွဲ့များကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း သိရသည်။

မန္တလေးသင်္ကြန်ပွဲတော်သည်မြန်မာဆန်ပြီး အလှပြမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များ၊ ၈၄ လမ်းတစ်လျှောက်၊ လမ်း ၈၀ တစ်လျှောက်၊ ၈၃ လမ်းတစ်လျှောက်၊ ၈၂လမ်းတစ်လျှောက်နှင့်ရပ်ကွက်အလိုက် နေ့ပိုင်းတွင် ရေပက်ကစားကြပြီး ညပိုင်းတွင် ကပြဖျော်ကြကြောင်း၊ လွန်ခဲ့သောနှစ်ပေါင်း ၄၀ ခန့်က မန္တလေးမြို့ ၈၄ လမ်း၊ ၃၃ လမ်းထောင့်တွင် နဂါးဒေါ်ရီရေကစားမဏ္ဍပ်၊ ဈေးချိုသူရေကစားမဏ္ဍပ်၊ ဝါးတန်း ရေကစားမဏ္ဍပ်၊ အသင်းအဖွဲ့ရေကစားမဏ္ဍပ်များ၊ မြို့တွင်း၌ အထူးစည်ကားခဲ့ကြောင်း၊ ၎င်းမဏ္ဍပ်များသို့ရပ်ကွက်အလိုက်၊ အသင်းအဖွဲ့အလိုက် ဖွဲ့စည်းထားကြသော သံချပ်အဖွဲ့များက ခေတ်၏သရုပ်၊ ခေတ်၏ဟာသ၊ ခေတ်၏ပုံရိပ်များကိုသံချပ်ထိုး၍ ဖြေဖျော်ခဲ့ကြောင်း၊ သင်္ကြန်သံချပ်အဖွဲ့များသည် အဖွဲ့ ၂၀ မှ ၃၀ အထိရှိကြောင်း၊ ယခုမန္တလေးသင်္ကြန်တွင် သင်္ကြန်သံချပ်များကွယ်ပျောက်ခဲ့သည်မှာ ဆယ်စုနှစ်နှစ်ခုကျော်နေပြီ ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရက ပွင့်လင်းလာသော နိုင်ငံရေးစနစ်များကြောင့် ယခုနှစ် မန္တလေး မဟာသင်္ကြန်ပွဲတော်၌ တိမ်မြုပ်နေသော သင်္ကြန်သံချပ်များပြန်လည် ဖော်ထုတ်ခွင့်ပြုသည်ကို ဝမ်းမြောက်ကျေနပ်မိကြောင်း မန္တလေး ဈေးချိုတော်မှ ဈေးသည်တစ်ဦးက ပြောကြားသည်။

အသက် ၅၅ နှစ်ဝန်းကျင် မန္တလေး တက္ကသိုလ်ကျောင်းသားတစ်ဦးက "၁၉၇၀-၇၅ ဝန်းကျင် ကျွန်တော် တက္ကသိုလ်ကျောင်းသားဘဝက မန္တလေးသင်္ကြန်ပုံရိပ်ရဲ့ အစည်ကားဆုံးနေရာက မန္တလေးဈေးချိုတော်ဇရိယာပါ။ ရုပ်ရှင်မင်းသမီးဝင်းရီက မြို့မတေးဂီတနဲ့ တွဲဖက်ပြီး မန္တလေးသင်္ကြန်ကို လာရောက်ဖြေဖျော်တာက မန္တလေးသင်္ကြန်ရဲ့ ပုံရိပ်တွေ မြင့်စေပါတယ်။ မန္တလေးနာရီစင်အနီး ၈၄×၂၆ လမ်းဆုံကနေပြီး ဝင်းရီလိုက်ပါလာတဲ့ မြို့မတေးဂီတအဖွဲ့ကို စောင့်မျှော်ရတာက အစောဆုံးပါပဲ။ နဂါးဒေါ်ရီရဲ့ နဂါးမယ်ရေကစားမဏ္ဍပ်နဲ့အလှပြဖြေဖျော်ရေးမဏ္ဍပ်ဟာလည်း မန္တလေးမဟာသင်္ကြန်ပွဲတော်ရဲ့ မေ့မရတဲ့ပုံရိပ်တွေပါပဲ"ဟု သူ၏ အမြင်ကို ပြောကြားသည်။

၂၀၁၂ ခုနှစ် မန္တလေးမြို့ မဟာသင်္ကြန်ပွဲတော်တွင် ပွင့်လင်းလာသောနိုင်ငံရေးစနစ်အရ မန္တလေးလူရွှင်တော်များ၊ စာရေးဆရာများ၊ ရပ်ကွက်လူငယ်အသင်းအဖွဲ့များက သံချပ်ထိုးရန် စီစဉ်နေကြောင်း သိရသည်။

မန္တလေးလူရွှင်တော်များ စုပေါင်း၍ သံချပ်အဖွဲ့တွင် ယနေ့ မန္တလေးနာမည်ကြီး လူရွှင်တော်ကြီးများဖြစ်သော ဦးချစ်စရာ၊ ဦးထင်ပေါ်၊ သပြေ၊ ဂျာအေး၊ ဦးမြတ်သာဦး၊ ဂျာစိန်၊ ဦးဒီပါ၊ မုံရွာတက်တိုး၊ ပါပါလေး၊ နှုတ်ခမ်းမွှေးယုမော်တို့ဦးဆောင်ပါဝင်ကြမည်ဖြစ်ပြီး သံချပ်ထိုးရာတွင် ပြည်သူလူထုကိုယ်စား နေ့စဉ်ဖြစ်ပျက်နေသော လူနေမှုစရိုက်ကို အခြေခံပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးရာများကို ခေတ်အမြင်၊ ခေတ်အတွေး၊ ခေတ်ပုံရိပ်တို့လို သံချပ်ထိုးမည်ဖြစ်ကြောင်း ဦးဆောင်ပါဝင်သူ လူရွှင်တော်ပါပါလေးက 7Day News သို့ ပြောသည်။

မန္တလေးမြို့ နာမည်ကြီး လူရွှင်တော်များ လှည့်လည်ဖျော်ဖြေမှုတွင် သံချပ်အလှပြယာဉ်ဒီဇိုင်းကို မန္တလေးကာတွန်းဆရာများက ပါဝင်ဖျော်ဖြေမည့်လူရွှင်တော်များ၏ ရုပ်ပြောင်များ၊ ရုပ်ပုံများဖြင့် အလှဆင်ပေးမည်ဖြစ်ပြီး မန္တလေး စာရေးဆရာများကလည်း သင်္ကြန်ကာလ ငါးရက်အတွင်း စာနယ်ဇင်းဆရာ ၃၀ဦးခန့်ပါဝင်၍သံချပ်ဖြင့် လှည့်လည်ဖျော်ဖြေရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

## မန်းပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (၇၇)ကြိမ်မြောက် အစည်းအဝေး ကျင်းပမည်

**ညီညီဇော်**

**မန္တလေး၊ မတ် - ၂၉**

မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းကြီး၏ (၇၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဧပြီလ ၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၇၇)ကြိမ်မြောက် ကထိန်တော် ငွေစာရင်းရှင်းတမ်းနှင့် အထွေထွေငွေစာရင်းရှင်းတမ်းများဖတ်ကြားခြင်း၊ လုပ်သက်တစ်နှစ်ပြည့်ဝန်ထမ်းများအား ချီးမြှင့်ငွေပေးအပ်ခြင်း အစီအစဉ်များ ပါဝင်မည်ဟု သိရသည်။ (၇၇)ကြိမ်မြောက် ကထိန်တော်နှစ်အတွင်း အသင်းတိုက်တွင် လုံခြုံရေးကင်မရာများတပ်ဆင်ခြင်း၊ ဝိုင်ဖိုင်အင်တာနက်စနစ်လွှင့်ပေးခြင်း၊ သွင်းကုန်၊ ထုတ်ကုန်သင်တန်းများ ပို့ချပေးခြင်း၊ အလိုအလျောက် ဈေးနှုန်းဖြေကြားစက်များ တပ်ဆင်ပေးခြင်း၊ နေ့စဉ် ပေါက်ဈေးများကို LED ဘုတ်များဖြင့်ပြသပေးခြင်းများပြုလုပ်နိုင်ခဲ့သည်ဟု သတင်းရရှိသည်။

ငွေစက္ကူမလို ၊ အကြွေပေးစရာမလို ၊ အမ်းစရာမလို
စိတ်ချမ်းသာစွာ ဘတ်(စ်)ကားစီးနိုင်မည့် တို့ထိရုံဖြင့် ယာဉ်စီးခပေးနိုင်သော
ipay နတ်ပိုက်ဆံ ကတ် ipay
ရန်ကုန်မြို့သို့ မကြာမီ လာမည် . . .
www.ipay.com.mm
☎ : 09 7376 5555

7DAY NEWS JOURNAL
Vol.11, No.5 • APRIL 5 , 2012

# ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး ကောလင်း – ဝန်းသိုတွင် ကွင်းဆင်းဆောင်ရွက်

**စိုင်းလှူမင်း**

**ချောင်းဦး၊ မတ်- ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားနေကြောင်း စစ်ဆေးတွေ့ရှိရပြီးနောက် ကောလင်း-ဝန်းသိုမြို့နယ် မြို့ပေါ်ကျေးရွာများတွင်မတ်လပထမပတ်မှစတင်၍ ကြက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုအစီအမံများမြှင့်တင်ခြင်း၊ လူထုပညာပေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ခြင်းကို ပြုလုပ်လျက်ရှိကြောင်းသိရသည်။

ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ မြို့နယ်မွေးမြူရေးအသင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ စည်ပင်သာယာဈေးအတွင်းရှိ ကြက်သား၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ အရောင်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ကြက်ငှက်တုပ်ကွေးရောဂါပိုးမှာ ဇန်နဝါရီလမှ ဧပြီလထိ ဖြစ်ပွားတတ်သောကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ အထူးသတိထားရန် လိုအပ်ကြောင်း၊ မိမိတို့၏ ပတ်ဝန်းကျင်တွင် ပုံမှန်မဟုတ်သော ကြက်၊ ငှက်၊ ဘဲ သေဆုံးသည်ကိုတွေ့ရှိပါက တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အမြန်ဆုံး အကြောင်းကြားရန် လိုအပ်ကြောင်း၊ ငုံးမွေးမြူသူများ အနေဖြင့် ငုံးများသည် ခံနိုင်ရည်နည်းသဖြင့် ပို၍ ဂရုစိုက်သင့်ကြောင်း မြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနဦးစီးမှူးက ပြောကြားခဲ့သည်။

မြို့နယ်ဈေးကွက်အတွင်းသို့ ကြက်၊ ဘဲ၊ ငုံး၊ ကြက်ဥ၊ ဘဲဥ၊ ငုံး ဥများ တင်ပို့ရောင်းချရာတွင်လည်း သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး၏ ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်ပါမှသာ ရောင်းချခွင့်ပေးထားကြောင်း ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းကိုလည်း ဧပြီလတွင် ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။






## မုံရွာတွင် အချိန်ပိုင်းစနစ်ဖြင့် လျှပ်စစ်မီးဖြန့်ဝေ

**မျိုးမင်းဦး**

**မုံရွာ၊ မတ် - ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရရုံးစိုက်ရာ မုံရွာမြို့တွင် အပူချိန်သိသိသာသာမြင့်တက်ချိန်ဖြစ်သော မတ်လကုန်ကာလ၌ ပုံမှန် ၂၄ နာရီ လျှပ်စစ်မီးသုံးစွဲခွင့်မှ အချိန်ပိုင်းခွဲတမ်းစနစ် စတင်ခဲ့ကြောင်း မြို့ခံများထံမှ သိရသည်။

"လျှပ်စစ်မီးက တစ်ရက်ပျမ်းမျှခြောက်နာရီလောက်သုံးစွဲခွင့်ရတယ်ဆိုပေမယ့် လျှပ်စစ်မီးက မနိုင်တာလားမသိဘူး။ လာလိုက်၊ ပျက်လိုက်နဲ့ပါ။ ညအချိန်မတော် လျှပ်စစ်မီးလာချိန်မှာ မီးအားတွေ မငြိမ်တော့ ဝါယာရှော့ခ်ဖြစ်မှာ စိုးရိမ်ပြီး မိန်းချအိပ်ရတာတွေလည်းရှိပါတယ်။ လျှပ်စစ်မီးပျက်ချိန်မှာ ဖယောင်းတိုင် မီးတွေပိုသုံးရတယ်။ အချို့က အင်ဗာတာကို သုံးတယ်။ မီးစက်တွေသုံးတယ်" ဟု မုံရွာမြို့ဒေသခံ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။



# အထည်ချုပ်ကုမ္ပဏီများ ပဲခူးဒေသကို ပိုမိုစိတ်ဝင်စားလာ

ဖိုးကျော်မြင့်

**ပဲခူး၊ မတ်- ၂၈**



*ပြည်ပအထည်ချုပ်လုပ်ငန်းခွင် တစ်ခုအားတွေ့ရစဉ်*

ဓာတ်ပုံ - betweenonline.com

အထည်ချုပ်လုပ်ငန်း လုပ်ကိုင်နေသောနိုင်ငံခြားအထည်ချုပ် ကုမ္ပဏီများသည်ပဲခူးဒေသ၌လုပ်ငန်းများလုပ်ကိုင်ရန် အခွင့်အလမ်းများစွာရှိသဖြင့် ပဲခူးဒေသကိုစိတ်ဝင်စားလျက်ရှိကြောင်း စုံစမ်းသိရသည်။

ပဲခူးဒေသတွင် အထည်ချုပ်လုပ်ငန်းလုပ်ကိုင်နေသော နိုင်ငံခြား ကုမ္ပဏီအထည်ချုပ်စက်ရုံများမှာမြန်စတားအထည်ချုပ်စက်ရုံ၊ ယန်စီကျန်အထည်ချုပ်စက်ရုံနှင့် ရှင်ဆောင်းအထည်ချုပ်စက်ရုံတို့ရှိပြီး ယခုအခါ စက်ရုံ သုံးရုံပေါင်း၌ အထည်ချုပ် လုပ်သားအင်အား ၅,၀၀၀ ကျော်ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

၂၀၁၂-၁၃ ခုနှစ်ဘဏ္ဍာရေးနှစ်အတွင်း အထည်ချုပ် လုပ်သားပေါင်း ၁၀,၀၀၀ ကျော်အထိ တိုးချဲ့လုပ်ဆောင်နိုင်အောင် အထည်ချုပ်စက်ရုံ တိုးချဲ့အဆောင်များ ဆောက်လုပ်နေခြင်း၊ နိုင်ငံခြားမှ ရောက်ရှိလာသော အထည်ချုပ်အပ်ချုပ်စက် မော်တာများ တပ်ဆင်နေခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးမှာ အထည်ချုပ်လုပ်ငန်းအတွက်အထည်ချုပ်အလုပ်သမားများ အလွယ်တကူ ရှာဖွေငှားရမ်းရရှိနိုင်သည့်ဒေသဖြစ်ခြင်း၊ အထည်ချုပ်စက်ရုံများအတွက် အဓိကလိုအပ်သောလျှပ်စစ်မီးမှာလည်း ၂၄ နာရီ ရရှိအောင် နိုင်ငံတော်က စီစဉ်ထားသည့်မဟာဓာတ်အားလိုင်းနှင့် နီးကပ်စွာ တည်ရှိခြင်း၊ လျှပ်စစ်ဓာတ်အား အခြေအနေများကို အချိန်နှင့် တစ်ပြေးညီ သိရှိစေရန်နှင့် လျှပ်စစ်ဓာတ်အားချို့ယွင်းပျက်စီးမှုအခြေအနေများကို အလျင်အမြန် ဆောင်ရွက်နိုင်ရန် လျှပ်စစ်ဓာတ်အားခွဲရုံ အမှတ်(၃) ပဲခူးမြို့နယ်နှင့် နီးကပ်စွာ တည်ရှိသည်။ ထို့ပြင်နိုင်ငံခြားသို့ပို့ဆောင်မည့် အထည်ချုပ်ပစ္စည်းများ တင်ဆောင်ထားသော ကွန်တိန်နာကားများကို ရန်ကုန်-သီလဝါဆိပ်ကမ်းသို့ သယ်ပို့ရန်အတွက် ရန်ကုန်မြို့တော်သို့အဝင် အမှတ်(၁) လမ်းမကြီး၊ အမှတ်(၂)လမ်းမကြီးတို့နှင့် ချိတ်ဆက်မှုရှိခြင်း၊ အထည်ချုပ်စက်ရုံများမှာ ပဲခူး-ရန်ကုန်ခြောက်လမ်းသွားကားလမ်းမကြီးဘေးတွင်တည်ရှိနေမှုကြောင့် အထည်ချုပ် စက်ရုံလုပ်သားပေါင်း ၅,၀၀၀ ကျော်နေ့စဉ်အကြိုအပို့ပြုလုပ်ရာတွင် လမ်းပန်းဆက်သွယ်မှု လွယ်ကူစွာရှိခြင်း စသည်တို့ကြောင့် ပဲခူးဒေသကို အထည်ချုပ်စက်ရုံ ကုမ္ပဏီများ ပိုမိုကြိုက်နှစ်သက်ကြကြောင်း သိရသည်။

# တရားရုံးများ၏ သက်သေစရိတ် ထုတ်ပေးသည့် နှုန်းထားများကို လက်ရှိငွေကြေးတန်ဖိုးနှင့် လျော်ညီသည့်နှုန်းထား ပြင်ဆင်သတ်မှတ်ပေးသင့်

စိုင်းလှမင်း

**ကောလင်း၊ မတ်- ၂၉**

မြို့နယ်တရားရုံးများမှ သက်သေစရိတ်ထုတ်ပေးသည့်နှုန်းထားများမှာ လက်ရှိငွေကြေးတန်ဖိုးနှင့် လျော်ညီသည့်နှုန်းထားမဖြစ်သောကြောင့် သက်သေအဖြစ် တရားရုံးသို့ လာရောက်ရသူများမှာ မိမိငွေကြေးများကို စိုက်ထည့်သုံးစွဲနေရသဖြင့် တရားရုံးများ၏ သက်သေစရိတ်နှုန်းထားကိုယနေ့လက်ရှိ ငွေကြေးတန်ဖိုးနှင့် ကိုက်ညီသည့် နှုန်းထားသို့ပြင်ဆင်တိုးမြှင့်သတ်မှတ်ပေးသင့်ကြောင်း ကောလင်းမြို့နယ်မှ သက်သေအဖြစ်လိုက်ပါသူများကပြောကြားသည်။

"ကျွန်တော်တို့ရွာမှာဆိုရင် သက်ဆိုင်ရာရဲစခန်းကလာရောက်ရှာဖွေဖမ်းဆီးတိုင်း ကျွန်တော်တို့အသိသက်သေအဖြစ်လိုက်ရပါတယ်။ အချို့အမှုတွေဆိုရင် ဖမ်းဆီးတဲ့ပစ္စည်းက တန်ဖိုးနည်းရင် မြို့နယ်တရားရုံးမှာပဲ တရားစွဲဆိုတင်ပို့တာဆိုတော့ အသွားအပြန်ဆိုင်ကယ်စီးပြီးလာရတာ ဓာတ်ဆီလေးပုလင်းကုန်ပါတယ်။ တချို့အမှုတွေဆိုရင် ခရိုင်တရားရုံးကို သွားရတယ်ဆိုပါတော့။ ဥက္ကံကျေးရွာမှ ကောလင်းကို ကားခအသွားအပြန် ၂,၀၀၀ ကျပ်၊ ကောလင်းမှ နဘားကို အသွားအပြန်ရထားခ ၁,၅၀၀ ကျပ်၊ နဘားဘူတာမှ ကသာကိုမှန်လုံကားအသွား ၂,၀၀၀ ကျပ်၊ ထမင်းညမနက်စာ ၂,၀၀၀ ကျပ်ဆိုတော့ အားလုံးပေါင်း ၇,၀၀၀ ကျပ် ကုန်ကျပါတယ်။ သက်သေစရိတ်ကနည်းတော့ အိတ်ထဲက စိုက်ထုတ်ပြီး သက်သေခံသွားရတာမျိုးတွေရှိပါတယ်"ဟု ကောလင်းမြို့နယ်၊ တပေါင်းအိုင်ကျေးရွာမှ ဒေသခံတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ မြို့ပေါ်က ရပ်ကွက်အုပ်ချုပ်ရေးမှူးအချို့နဲ့ အရန်မီးသတ်အချို့ဆိုရင် စီမံချက်အရပဲလုပ်လုပ်၊ မှုခင်းတစ်ခုဖြစ်လို့ပဲဖြစ်ဖြစ် အကူအညီတောင်းတဲ့အခါ ကျွန်တော်တို့မှာ သက်သေလိုက်ရပါတယ်။ သက်သေလိုက်ရတာကိုယ့်မြို့နယ်မှာ အခက်အခဲမရှိပေမယ့်ခရိုင်တရားရုံးကို သက်သေလိုက်ရတယ်ဆိုရင်ပဲ လုပ်ငန်းတွေ ပစ်ထားခဲ့ရသလို ကိုယ့်အိတ်ထဲက စိုက်ထုတ်ပြီးသွားရတာတွေရှိပါတယ်။ ဒါကြောင့်လည်း မှုခင်းတစ်ခုဖြစ်ပွားလို့ ရဲတပ်ဖွဲ့က စစ်ဆေးရင် မျက်မြင်သက်သေတွေက သူတို့မသိဘူးငြင်းကြတာတွေ့ရှိပါတယ်။ အဲဒီတော့ကိုယ့်စရိတ်ကိုယ်စားပြီး သက်သေလိုက်မယ့်လူက တရားရုံးမသွားချင်ကြဘူး"ဟုကောလင်းမြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦးက သုံးသပ်ပြောဆိုသည်။

ယခုလက်ရှိ သက်သေအဖြစ် တရားရုံးများသို့ လာရောက်ရသူများမှာ စရိတ်ကို မိမိအိတ်ထဲမှ စိုက်ထုတ်ကုန်ကျနေရသည့်အတွက် ငွေကြေးပြည့်စုံသူများအနေဖြင့် ထိုကုန်ကျငွေမှာမပြောပလောက်သော်လည်း အခြေခံလူတန်းစားများအတွက် အခက်အခဲဖြစ်ကြရသည်။ မည်သည့်အမှုမျိုးမဆို အမှုမှန်ပေါ်ပေါက်ရေးအတွက်အမှန်တကယ်လိုအပ်သဖြင့် နိုင်ငံတော်အနေဖြင့် သင့်တင့်သည့် သက်သေနှုန်းထား စရိတ်များကိုပြင်ဆင်သတ်မှတ်ပေးသင့်ကြောင်း သက်သေလိုက်ပါဖူးသူဒေသခံအများစုက ဆန္ဒရှိကြသည်။

# ကန်စောက်တောင်ပေါ်တွင် ထော်လာဂျီတစ်စီးတိမ်းမှောက်

မာန်ယုကျော်

**ကျောက်တော်၊ မတ်- ၂၉**

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်ရှိ အမြင့်ပေ ၄၄၀ ပေရှိသော ကန်စောက်တောင်ပေါ်တွင် ယခုလ ၂၅ ရက်ကထော်လာဂျီတစ်စီးတိမ်းမှောက်မှုဖြစ်ပွားသဖြင့် လူ ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်တော်မြို့နယ်၊ ကန်စောက်တောင်တစ်ဖက်ရှိကဏန်းတောင်ကျေးရွာအနီးတွင် ရန်ကုန်-စစ်တွေကားလမ်းပိုင်းအားပြုပြင်နေကြသည့် ကျောက်တော်မြို့အနီးရှိပုဏ္ဏားရွာကျေးရွာမှလမ်းလုပ်သားရဲနိုင်ဝင်း(၁၈နှစ်)သည်လုပ်သားများအားထော်လာဂျီဖြင့် တင်ဆောင်ကာ လုပ်ငန်းခွင်သို့မောင်းလာခဲ့ကြောင်း သိရသည်။

ထိုသို့မောင်းနှင်လာရာ ကန်စောက်တောင်မှအဆင်းတွင် ထော်လာဂျီဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ မွန်းလွဲ ၁ နာရီ၊ မိနစ် ၃၀ အချိန်တွင် အဆိုပါထော်လာဂျီတိမ်းမှောက်ခဲ့ခြင်းဖြစ်ပြီး ယာဉ်မောင်းအပါအဝင် လုပ်သား ၁၀ ဦး ထိခိုက်ပွန်းပဲ့ဒဏ်ရာရရှိခဲ့ကြကြောင်း သိရသည်။ ထိခိုက်ဒဏ်ရာရရှိသူများသည် ယခုအခါ ကျောက်တော်မြို့နယ်၊ အပေါက်ဝတိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိနေကြကြောင်း အပေါက်ဝရဲစခန်းမှတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းရဲနိုင်ဝင်းအား(ပ) ၂၂/ ၂၀၁၂ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၈ အရ အပေါက်ဝရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# ဇီးချောင်းဆည်နှင့် ပြိုင်းချောင်းဆည်တို့မှ ရေအလုံအလောက်မရရှိ၍ နွေစပါးအတွက် အခက်တွေ့

မာန်ယုကျော်

**ကျောက်တော်၊ မတ်- ၂၉**

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်ရှိ ဇီးချောင်းဆည်နှင့် ပြိုင်းချောင်းဆည်တို့မှ ရေအလုံအလောက်မရရှိသဖြင့် နွေစပါးစိုက်လယ်သမားအချို့ အခက်တွေ့နေကြကြောင်း စုံစမ်းသိရသည်။

"ဇီးချောင်းဆည်နဲ့ပြိုင်းချောင်းဆည်ကနေ ရေမရရှိလို့ နွေစပါးစိုက်လယ်သမားအချို့ နစ်နာမှုတွေနဲ့ ကြုံနေကြရပါတယ်။ တချို့ဆို နွေစပါးတွေစိုက်ပျိုးထားတဲ့ လယ်ကွင်းတွေဆီ သွားချင်စိတ်တောင်မရှိကြတော့ဘဲ စိတ်ပျက်နေကြပါတယ်။ တချို့ကတော့ ရေရလို့အဆင်ပြေပါတယ်။ ဒါပေမဲ့ရေရတဲ့သူတွေကနည်းပါတယ်။ အများစုကတော့ ရေအလုံအလောက်မရရှိကြပါဘူး"ဟု ကျောက်တော်မြို့ ဒေသခံတစ်ဦးဖြစ်သူ ဦးစောမောင်က ပြောသည်။

အဆိုပါနွေစပါးစိုက်ဧရိယာတွင်နွေစပါးဧက၆၀၀၀ ခန့်အထိစိုက်ပျိုးရန် သက်ဆိုင်ရာက သတ်မှတ်ထားကြောင်း သိရသည်။ အလားတူ ပြိုင်းချောင်းဆည်ရေသောက်ဧရိယာအတွင်းရှိ ဂါဘုကျေးရွာနေလယ်သမားငါးဦး၏ လယ်မြေ၁၅ဧကတွင် နွေစပါးအထူးအထွက်တိုးစပ်မျိုးစပါး (F.1 HYBRID) ကိုလည်း စမ်းသပ်စိုက်ပျိုးလျက်ရှိနေကြကြောင်းသိရသည်။

နှစ်သစ်ကူးမဟာသင်္ကြန်အတွက်

**အောင်ကျော်ဇော**

အုန်းသီးခြစ်၊ ညှစ်၊ မုန့်လက်ဆောင်းဖတ်၊ ရွှေရင်အေး၊ မုန့်လက်ဆောင်း

(အထူးအော်ဒါလက်ခံပါသည်)

ဆိုးဆေးလုံးဝမပါ။ ပါဝါ၊ ဆေးသကြား လုံးဝမသုံး။ အာမခံပါသည်။

Ph : 098632105, 0973082589, 01-548885

အမှတ်-47 / 73 ၊ ရေတာရှည်လမ်းသစ်၊ ရွှေနံ့သာရပ်ကွက်အတွင်း၊ ဗဟန်း။

**Design & Decoration ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| 1. Architecture | ကျား/မ (၁) ဦး |
| 2. Graphics Designer | ကျား/မ (၁) ဦး |
| 3. Accountant | မ (၁) ဦး |
| 4. Office Staff | မ (၂) ဦး |
| 5. Driver | ကျား (၃) ဦး |

လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ CV Form ပညာအရည်အချင်း ထောက်ခံချက်နှင့်တကွ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။

**အမှတ်(၉၁)၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၉-၇၃၀၉၉၉၁၁**

ENGINEERING UNITED

Computer Training Center

AutoCAD (2D, 3D) SolidWorks Autodesk Inventor 3D

3D Studio Max iOffice 2007

Engineering Drawing ENGINEERING UNITED Professional

Hot Line: 09 731 22277 ,09 515 7462 email: engineeringutd@gmail.com

7 DAY NEWS JOURNAL
Vol.11, No.5 • APRIL 5 , 2012

# မြေနဲကျေးရွာ ကြက်သွန်စိုက်တောင်သူများ သယ်ယူစရိတ်မြင့်တက်မှုကြောင့် အခက်ကြုံဟုဆို

မျိုးမင်းဦး

မုံရွာ၊
မတ်-၂၉



မုံရွာမြို့နယ်အတွင်း ကြက်သွန်နီ၊ ကြက်သွန်ဖြူအဓိကစိုက်ပျိုးထုတ်လုပ်ရာမြေနဲကျေးရွာအနီးမုံရွာမြို့ အဝင်၌တိုးပလာဇာတည်ဆောက်ပြီးနောက်ပိုင်း ကြက်သွန်သယ်ယူသောယာဉ်များအားတန်ပိုစစ်ဆေးအရေးယူဆောင်ရွက်ခဲ့သည့်အတွက်သယ်ယူစရိတ်မြင့်တက်လာခြင်းကြောင့်မုံရွာဈေးကွက်သို့ကြက်သွန်နီတင်ပို့ရောင်းချမှုအခက်အခဲကြုံတွေ့ခဲ့ရကြောင်း မြေနဲကျေးရွာဒေသခံတောင်သူများကပြောကြားခဲ့သည်။

"တိုးပလာဇာတည်ဆောက်ပြီးခါစက ကြက်သွန်နီတစ်ပိဿာ ၈ကျပ်နှုန်းပေးရတယ်။အခု တန်ပိုစစ်ဆေးအရေးယူတဲ့နောက်ပိုင်းတစ်ပိဿာကျပ် ၂၀ ကျော်အထိ သယ်ယူခပေးရတယ်။လယ်ကွင်းကနေဖော်ပြီးစ ကြက်သွန်နီ၊ ကြက်သွန်ဖြူတွေကို ဈေးကွက်တန်းပို့လို့မရဘူး။ မြေနဲစိုက်ကွင်း၊ မအူစိုက်ကွင်းနဲ့ မုံရွာစက်မှုဇုန်စိုက်ကွင်းမှာစိုက်တဲ့တောင်သူတွေက ရွာကိုသယ်တော့တန်ပိုခတစ်ခါဆောင်ရတယ်။ လယ်ကွင်းကနေ ဈေးကွက်တန်းပို့တော့ဈေးကွက် အနေအထားအရ ဈေးကောင်းမရတော့တောင်သူအများစုကလှောင်ပြီးမှဈေးကွက်ပို့တာများတယ်။ ရွာမှာလှောင်ပြီးဈေးကွက်ပြန်ပို့တဲ့အခါ တန်ပို တစ်ခါထပ်ပေးရတယ်ဆိုတော့ လယ်ကွင်းနဲ့အိမ်၊ အိမ်နဲ့ ဈေးကွက်တန်ပိုဂိတ်နှစ်ကြိမ်ဖြတ်ရလို့ အနည်းဆုံးတစ်ပိဿာ ကျပ် ၄၀ ဝန်းကျင် အရင်းထဲက ပေးလိုက်ရပြီ။ အခုနောက်ပိုင်းလယ်ကွင်းသွားဖို့နွားလှည်းမသွားရတော့ သုံးဘီး၊ထော်လာဂျီတွေ အသုံးပြုရတယ်။ အချို့ထော်လာဂျီတွေ၊သုံးဘီးတွေကမကိုက်လို့မပြေးနိုင်ဖြစ်တော့မြေနဲကတောင်သူတွေသယ်ယူဖို့တောင်ခက်နေပြီ" ဟု မုံရွာမြို့နယ်၊ စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ (ကြက်သွန်အသင်း)ဒုတိယ ဥက္ကဋ္ဌဦးအောင်ထူးကပြောသည်။

"ထော်လာဂျီ တစ်စီးကို ယာဉ်+ကုန် သုံးတန်သတ်မှတ်ထားတော့ယာဉ်ရဲ့တန်ကနှစ်တန်ဖြစ်တဲ့အတွက်ကုန်တစ်တန်ပဲတင်ခွင့်ရတယ်။အရင်တုန်းကထော်လာဂျီတစ်စီး ကြက်သွန်အိတ်၅၀ အထိတင်ခဲ့တာ အခု၁၀အိတ်ဝန်းကျင်နဲ့ တိုးဂိတ်ဖြတ်ရတယ်။ဒိုင်နာကားတစ်စီးဆိုအရင်ကြက်သွန်အိတ်ရာဂဏန်းအထိတင်တယ်။ အခုတန်ပိုစစ်ဆေးအရေးယူတဲ့အတွက်ကြက်သွန်အိတ် ၂၅အိတ်ပဲတင်ခွင့်ရတယ်။ဆိုက်တွဲ(သုံးဘီးဆိုင်ကယ်)ယာဉ်အလေးချိန်က ၆၃၀ ကီလိုဂရမ်လေးတယ်။ကုန်+ယာဉ်တင်ဆောင်ခွင့်က ၈၀၀ ကီလိုဂရမ်ဆိုတော့ကြက်သွန်အိတ်နည်းနည်းပဲတင်ခွင့်ရတာပေါ့။အချို့ထော်လာဂျီတွေ၊ သုံးဘီးတွေက သယ်ယူခရတာ နည်းနည်းနဲ့ ကုန်ကျစရိတ်များတော့ မကိုက်လို့ မထွက်နိုင်တဲ့သူတွေများတယ်။ အရင် ကုန်တစ်ပိဿာ ၅ ကျပ်က အခု ၁၅ ကျပ်နဲ့ မလိုက်နိုင်ဘူး။ ၂၀ ကျပ်ဝန်းကျင်မှ ပြေးနိုင်တာဆိုတော့ တောင်သူတွေမျက်နှာလည်း မကြည့်နိုင်တော့ဘူး" ဟု မုံရွာ-မြေနဲထော်လာဂျီယာဉ်ပိုင်ရှင်တစ်ဦးကပြောသည်။

မုံရွာမြို့နယ်အတွင်း ဒေသထွက်လယ်ယာထွက်ကုန် စိုက်ပျိုးသီးနှံများဈေးသက်သက်သာသာဖြင့်ရောင်းချနိုင်ရန်တောင်သူများလိုလားခဲ့သော်လည်း စိုက်ပျိုးစရိတ်မြင့်တက်မှု၊ ဈေးကွက်သယ်ယူစားရိတ်မြင့်တက်မှုများကြောင့် တောင်သူများ ကောက်ပဲသီးနှံအချို့တွင်အရှုံးနှင့် ရင်ဆိုင်နေရကြောင်းမုံရွာမြို့ဒေသခံတောင်သူများကပြောသည်။

လယ်ယာထွက်ကုန်သီးနှံများဈေးကွက်အရောက်တင်ပို့ရောင်းချနိုင်ရန်အတွက် ကျေးရွာမြို့အရောက် လမ်းများဖောက်လုပ်ထားရှိခဲ့သော်လည်းကျေးလက်ဒေသ ဖွံ့ဖြိုးရေးလမ်းများတွင် အခွန်စည်းကြပ်ကောက်ခံမှုအချို့ကြောင့်တောင်သူများသယ်ယူစရိတ်မြင့်တက်လာခဲ့ကြောင်း သိရှိရသည်။

## သင်္ကြန်တွင်း ဒုလ္လဘရဟန်း/ သီလရှင်ဝတ်ပွဲနှင့် အထူးတရားစခန်းပွဲ

ရန်ကုန်၊ မတ်-၃၀

မှော်ဘီမြို့နယ် ကျိုက်ဒေးဒလွန်ဘုရားကြီးအနီးရှိ မိုးကုတ်ဝိပဿနာ ထေရီဓမ္မရိပ်သာကြီးအတွင်း၌ ၁၃. ၄. ၁၂ မှ ၁၇. ၄. ၁၂ အထိ ငါး ရက်အထူးတရားစခန်းပွဲကို ကျင်းပဖွင့်လှစ်မည်ဖြစ်၍ ဒုလ္လဘရဟန်း၊ သီလရှင်ဝတ်မည့်သူများနှင့် ယောဂီအဖြစ် တရားစခန်း ဝင်ရောက်လိုသူများသည် အကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၀၉-၅၄၀၄၃၉၄၊ ၀၉-၅၀၃၈၇၇၅ သို့ စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်၏အကြိမ် (၁၀၀) မြောက် ဓမ္မနုပဿနာ သတိပဋ္ဌာန်မဟာသင်္ကြန် ၇ ရက်တရားစခန်း ဝင်လိုသူများလည်း စာရေးပေးသွင်းနိုင်ပြီဖြစ်သည်။ ဧပြီ ၁၂ ရက်မှ ၁၈ ရက်အထိ ပြုလုပ်မည်ဖြစ်ရာ မူလသစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် အမှတ်(၁၃၀/က)၊ တာမွေလမ်း၊ က+ဂ ရပ်ကွက်တာမွေမြို့နယ်သို့ ဆက်သွယ်နိုင်သည်။

## စာ(၁၅) ယင်းမာပင်မြို့နယ် ရွာလုံးကျွတ်မီးလောင်မှု ကောက်ပဲသီးနှံ ရိတ်သိမ်းပြီးချိန်ဖြစ်၍ ကျပ်သိန်းထောင်ပေါင်းများစွာဆုံးရှုံး မှ

ရွာထဲကလူငယ်တွေ ရေပုံးလေးတွေနဲ့ငြိမ်းနေကြတာ တွေ့ရတယ်" ဟု ဝင်းကုန်းကျေးရွာ သီရိမင်္ဂလာကျောင်းတိုက်ပဓာနနာယကဆရာတော် ဥူးပါမောက္ခာစာရကမိန့်ကြားသည်။

မီးစလောင်တဲ့အိမ်က အိမ်ရှင်ဦးမြတ်ကျော်တို့လင်မယားနှစ်ယောက်က မီးလောင်တဲ့အချိန်မှာ မုံရွာအနီးတစ်ဝိုက်က ဗောဓိတစ်ထောင်၊ မိုညှင်း၊ ကျောက္ကာ၊ ရွှေတောင်ဦး၊ ဖိုလ်ဝင်တောင်ဘုရားဖူးသွားကြတာ။ပုလဲမှာရွှေးကောက်ပွဲအောင်နိုင်ရေး ဂီတပွဲတော် ရှိတယ်ဆိုတာရွာကလူတွေလုံးဝမသိကြပါဘူး။ အချို့ကလည်း ရွေးကောက်ပွဲအောင်နိုင်ရေး ဂီတပွဲတော်သွားလို့ မီးရှို့ခံရတယ်ဆိုတဲ့ သတင်းတွေကောလာဟလပျံ့နှံ့နေတာနဲ့ပတ်သက်ပြီး ရွာကလူတွေက တောင်သူလုပ်ငန်းလုပ်ကိုင်ကြတာဆိုတော့ ရွေးကောက်ပွဲလည်း စိတ်မဝင်စားဘူး။ ရွေးကောက်ပွဲကျင်းပတုန်းကလည်း ပြီးပြီးရောထည့်လိုက်ကြတာ များတယ်။ မဲဆွယ်ဂီတပွဲရွာနားလာလုပ်ရင်တောင် ကြောက်လို့ထွက်ကြည့်သူရှိမှာ မဟုတ်ဘူး" ဟု ဝင်းကုန်းကျေးရွာ ရပ်မိရပ်ဖတစ်ဦးကပြောသည်။

ရွာတွင်အိမ်ခြေ ၃၈၉ လုံးရှိသည့်အနက် အိမ် ၁၅၈ လုံး မီးလောင်ဆုံးရှုံးခဲ့ရသည်။ ယင်းမာပင်မြို့နယ်ဝင်းကုန်းကျေးရွာသည် ယင်းမာပင်မြို့နယ်အဆုံးကျေးရွာတစ်ရွာဖြစ်သည်။အနောက်ဘက်တွင် ပုံတောင်ပုံညာတောင်တန်းကြီး၏ တောင်စွန်တောင်တန်းများဖြစ်သော မဟူတောင်တန်း၊ ပင်တောင်တန်းကြီးများနှင့် ထိစပ်လျက်ရှိပြီး ကနီမြို့နယ်နှင့် နီးကပ်လျက်ရှိသည်။မြေအောက်ရေရှားပါးသော အရပ်ဒေသတစ်ခုဖြစ်ပြီး လွန်ခဲ့သော ၂၀၀၃ ခုနှစ်အတွင်း မီးလောင်မှုတွင် ရေအခက်အခဲကြောင့် နေအိမ် ၁၀ လုံးခန့် မီးလောင်ဆုံးရှုံးခဲ့သည့်နောက်ပိုင်း ယခုမီးသည် နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း အကြီးမားဆုံးမီးလောင်ဆုံးရှုံးမှုဖြစ်ကြောင်း ဝင်းကုန်း ကျေးရွာဒေသခံများ ပြောကြားချက်များအရ သိရှိရသည်။

အဆိုပါ မီးလောင်ဆုံးရှုံးမှုကြောင့် လူဦးရေ စုစုပေါင်း၇၈၇ ဦးအိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့သဖြင့် ဝင်းကုန်းကျေးရွာသီရိမင်္ဂလာကျောင်းတိုက်၊ အခြေခံပညာအလယ်တန်းကျောင်းခွဲနှင့် ကျေးရွာအားကစားကွင်းအတွင်းတွင်ယာယီမီးဘေးဒုက္ခသည်စခန်းဖွင့်လှစ်ထားသည်။


## သင်တန်းသူများအတွက် တစ်သက်တာ
## အေးသူဇာ (အမျိုးသမီးအပ်ချုပ်ဆိုင်)

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများအား ဦးထိပ်ပန်လျက် ဆရာမ ဒေါ်အေးအေးသန်း (**အေးသူဇာ အမျိုးသမီးအပ်ချုပ်ဆိုင်**) မှ ဂျပန်စင်တီမီတာနည်းဖြင့် မြန်မာအမျိုးသမီးများအတွက် ဝတ်စားဆင်ယင်မှုတွင် အဆင်ပြေပြီး လွယ်ကူသော နည်းစနစ်များဖြင့် ကိုယ်တိုင်စာအုပ်ထုတ်ပြီး သင်ကြားပေးမည် ဖြစ်ပါသည်။

**(၁) ကိုယ်ခန္ဓာအချိုးအစား စနစ်တကျ တိုင်းထွာနည်း၊ (၂) ပုံဒီဇိုင်းဆွဲနည်း၊ (၃) ညှပ်နည်း၊ (၄) ချုပ်နည်း များနှင့် မြန်မာ့လက်မှုပညာ ပန်းကြယ်သီးထိုးနည်းများပါ သင်ကြားပို့ချပေးပါမည်။**

- **နေ့စဉ် သင်တန်းသူများ လက်ခံသည်။**
- **နယ်မှ သင်ကြားလိုသူများ စုံစမ်းမေးမြန်းနိုင်ပါသည်။**

**ဆက်သွယ်ရန်လိပ်စာ**

**အမှတ် (၁၃၈)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၁-၅၁၈၁၂၉ ၊ ၀၉-၅၁၀၃၅၁၂ ၊ ၀၉-၈၆၅၀၅၁၀**



## ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ ကျပ်ငွေဖြင့်သာခန့်)

၁။ **ယာဉ်မောင်း**
- အခြေခံပညာအထက်တန်းအဆင့်ရှိရမည်။
- ယာဉ်မောင်းလိုင်စင်သက်တမ်း အနည်းဆုံး (၅) နှစ်ရှိရမည်။
- အော်တိုဂီယာမောင်းနိုင်သူ၊ မော်ဒယ်အနိမ့်/မြင့် ကားမျိုးစုံကျွမ်းကျင်စွာ မောင်းနိုင်သူဖြစ်ရမည်။

၂။ **လုံခြုံရေး**
- ပညာအရည်အချင်း (၈) တန်းအောင်
- စစ်မှုထမ်းဟောင်းများလည်း လျှောက်ထားနိုင်သည်။
- အသက် (၂၅) မှ (၄၅) နှစ်အတွင်း
- အကျင့်စာရိတ္တကောင်းမွန်၍ ကျန်းမာသန်စွမ်းရမည်။
- လုံခြုံရေးအတွေ့အကြုံအနည်းဆုံး (၁) နှစ်ရှိ၍၊ နေ့/ညတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

လိုအပ်သော စာရွက်စာတမ်း၊ လိုင်စင်ဓာတ်ပုံ (၁) ပုံနှင့်အတူ ခနသီဟကုမ္ပဏီလီမိတက်၊ အမှတ် (၇၉၀)၊ အခန်းအမှတ် (၂၀၁)၊ ဒုတိယထပ်၊ နေသီဟစင်တာ၊ ဗိုလ်ချုပ်လမ်းနှင့် ဝါးတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

7DAY NEWS JOURNAL
Vol.11, No.5 • APRIL 5 , 2012

# မြန်မာနိုင်ငံမှ အိမ်အကူအလုပ်သမများ လက်ခံရန် မလေးရှားစဉ်းစားမည်



**ကွာလာလမ်ပူ၊ မတ် - ၃၀**

မလေးရှားနိုင်ငံသို့ အိမ်အကူအလုပ်သမများ စေလွှတ်ခြင်းကို ၂နှစ်တာဆိုင်းငံ့ထားရန် အင်ဒိုနီးရှားနိုင်ငံ၏ ဆုံးဖြတ်ချက်ထွက်ပေါ်လာပြီးနောက် နိုင်ငံခြားသား အလုပ်သမများလျော့နည်းနေခြင်းကိုကျော်လွှားနိုင်ရန် အိမ်အကူအလုပ်သမများအပါအဝင်မြန်မာနိုင်ငံမှ အလုပ်သမများကိုမလေးရှားနိုင်ငံကလက်ခံရန် စဉ်းစားနေကြောင်း သိရသည်။

မြန်မာနိုင်ငံသို့ နှစ်ရက်ကြာအလည်အပတ်ခရီးလာရောက်ခဲ့သော မလေးရှားဝန်ကြီးချုပ်နာဂျစ်ကွန်းရာဇတ်က ၎င်း၏ခရီးစဉ်အဆုံးတွင် ယင်းကိစ္စကို သတင်းထောက်များအား ပြောကြားခဲ့ခြင်းဖြစ်သည်။ မြန်မာအိမ်အကူ အလုပ်သမများကိုလည်း ခေါ်ယူသွားရန်အစီအစဉ်ရှိကြောင်း၊ သို့သော် ယင်းကိစ္စကိုထပ်မံဆွေးနွေးရန်လိုအပ်မည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ်ကပြောသည်။

"အဆိုပြုချက်ကို ကျွန်တော်တို့ ထပ်မံဆွေးနွေးရပါဦးမယ်။ ဘယ်လိုအချက်တွေ တောင်းဆိုမှုတွေပါမလဲမသိသေးပါဘူး။ အချက်အလက်တွေက လက်ခံနိုင်စရာရှိတယ်ဆိုရင် ကျွန်တော်တို့ ဒီကိစ္စကို ကျိန်းသေပေါက် စဉ်းစားပါမယ်"ဟု နာဂျစ်တွန်းရာဇတ်ကပြောသည်။

မလေးရှားနိုင်ငံတွင် မြန်မာအလုပ်သမားဦးရေနှစ်သိန်းခွဲအား တရားဝင်အလုပ်သမားအဖြစ် မှတ်ပုံတင်ထားသည်ဟုလည်း မလေးရှားဝန်ကြီးချုပ်က အသိပေးပြောကြားခဲ့သည်။

—Ref: Bernama

## Free Classified | ဝန်ထမ်းအလိုရှိသည် | အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**
စက်ချုပ်ကျွမ်းကျင် မ (၄) ဦး
**ဖုန်း- ၀၉၄၃၀၆၅၈၁၂**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
ဂျပန်ရိုးရာဆူရှီပညာသင် အသက် ၁၆ နှစ်မှ ၁၈ နှစ် (၂) ဦး
**ဖုန်း - ၀၁-၂၂၃၀၅၀**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
အရောင်းဝန်ထမ်း ကျား (၅) ဦး၊ မ (၅) ဦး
ရုံးဝန်ထမ်း မ (၂) ဦး
Long way Co.,Ltd
C.7. Yadanar Road, Bawa-myint Quater, Thingangyun Township.
**ဖုန်း - ၀၁- ၅၇၂၂၀၀**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
Min Thurein Publsihing service
ကွန်ပျူတာစာစီစာရိုက် ကျွမ်းကျင်သူ မ (၁) ဦး၊
အမှတ် (၈)၊ ရန်ကင်းလမ်းမကြီး၊ စီအမ်အေရုံးရှေ့၊ (ကြားမှတ်တိုင်အနီး) ရန်ကင်းမြို့နယ်။
**ဖုန်း - ၀၉-၅၁၄၈၅၂၄**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်း ကျား (၁) ဦး
(အသက် (၃၀) နှင့် အထက်၊ ယာဉ်မောင်းလိုင်စင်သက်တမ်းအနည်းဆုံး ၅ နှစ်ရှိရမည်။ နယ်ဝေးခရီးမောင်းနိုင်ပြီး အရက်သေစာသောက်စားခြင်းကင်းရှင်းသူဖြစ်ရမည်။)
အမှတ် (၈)၊ ပါရမီလမ်း၊ အင်းစိန်လမ်းနှင့် ဗဟိုလမ်းကြား၊ ပါရမီစိန်ဂေဟာအနီး၊ ၁၆ ရပ်ကွက်၊ လှိုင်မြို့နယ်။
**ဖုန်း - ၀၁-၆၅၄၆၄၆**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
25th Group Construction Co.,Ltd
- Project Engineer (1) M
- H.R Manager (1) M
- Site Manager (1) M
- Admin Manager (1) M
- Accountant (3) F
- Coordinator (3) F
- Driver (5) M

Ph: 526648

-------------------------

**ဝန်ထမ်းအလိုရှိသည်**
လုံခြုံရေးဝန်ထမ်း (Security) ကျား (၈၀) ဦး၊ မ (၂၀) ဦး
လှည်းတန်းမှတ်တိုင်၊ မေတ္တာဦးဆေးရုံအနီး။ **ဖုန်း - ၀၁-၅၂၆၆၄၈**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
City Mart Holding Co.,Ltd
- အရောင်းဝန်ထမ်း ကျား/မ (၁၀) ဦး
- ငွေကိုင် မ (၃၀) ဦး
အမှတ် (၁-၁၁)၊ ပဒုမ္မာကွင်း အရှေ့ဘက်ခြမ်း၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်။

-------------------------

**ဝန်ထမ်းအလိုရှိသည်**
internet staff မ (၂) ဦး၊ ကျား (၁) ဦး
**ဖုန်း- ၀၉၇၃၄၉၄၅၀၄**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
(၁) Marketing Executive
(၂) ရုံးဝန်ထမ်း
(၃) Supervisor (စက်ခန်း)
(၄) ပန်းထိုးစက်မောင်းကျွမ်းကျင် (TAJIMA-ပန်းထိုးစက်)
အမှတ် (၈)၊ ကနောင်မင်းသားကြီးလမ်းနှင့် ကနောင် (၂) လမ်းထောင့်၊ ရွှေပေါက်ကံစက်မှုဇုံ၊ မြောက်ဥက္ကလာပမြို့နယ်။
**ဖုန်း - ၀၁-၆၉၅၄၀၃**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
Deluxe Formula Industrial Co.,Ltd
စက်ရုံမှူး ကျား (၁) ဦး
စာရင်းကိုင် မ (၅) ဦး
ငွေကိုင် မ (၂) ဦး
ဂိုဒေါင်မှူး ကျား/မ (၂) ဦး
စက်ပြင် ကျား (၃) ဦး
Injection စက်ဆွဲ ကျား (၃) ဦး
တရုတ်စကားပြန် ကျား/မ (၂) ဦး
Sale & Marketing ကျား/မ (၉) ဦး
အမှတ် (၂၉)၊ ပန်းတဉ်းဝန် ဦးရွှေဘင်လမ်း၊ စက်မှုဇုန် (၁)၊ လှိုင်သာယာမြို့နယ်။
**ဖုန်း - ၀၁-၆၈၅၅၂၆**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
Adobe Photoshop အလုပ်သင် မ (၂) ဦး
**Ph: 01-562949, 095402028**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
24 Hr Goodday minimarket တွင် တာဝန်ထမ်းဆောင်ရန် (နေ့ /ည) အရောင်းဝန်ထမ်း အလိုရှိ သည်။
၅၆၉၊ ကမ္ဘာအေး ဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။
(ကမ္ဘာ့အေးဘုရားမှတ်တိုင်ရှေ့)

-------------------------

**ဝန်ထမ်းအလိုရှိသည်**
SPECIAL TRIP TRAVELS & TOURS
1. Marketing (5) M/F
2. Office Staff (5) M/F
No.482, 1st Floor, 15th & Strand Street, Lanmadaw Township, Yangon

-------------------------

**ဝန်ထမ်းအလိုရှိသည်**
ဆရာမ (၅) ဦး အလိုရှိသည်။
အချိန်ပြည့်၊အချိန်ပိုင်း ကြော်ငြာပါပြီး နှစ်ပတ်အတွင်း
အမှတ် (၁၅၄)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတား။ **ဖုန်း - ၃၈၉၁၇၃**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ ကီးမား၊ ပူတင်း &Dimsum အထူးကျွမ်းကျင်
၂။ အစားအသောက်၊ အချက်အပြုတ်၊ အသုပ် အအေးကျွမ်းကျင်
၃။ စားပွဲထိုး (ကျား/မ)
အမြန်ဆက်သွယ်ပါ။
**ဖုန်း - ၀၉၅၀၉၅၂၈၄**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
iOffice 2003 Course (or) iOffice 2007 Course ကျွမ်းကျင် သူ ကျား/မ ၁၀ ဦး
**ဖုန်း - ၀၉-၇၃၁၂၀၂၇၈**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
တရုတ်စကားပြောကျွမ်းကျင်သူ (မ) တစ်ဦးအလိုရှိသည်။
**ဖုန်း - ၀၉၇၃၀၃၅၂၀၉**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
ခေါင်းလျှော်၊ ဆံပင်ဖြောင့် (စက်ဆွဲ) ကျွမ်းကျင် မ (၃) ဦး
**ဖုန်း - ၀၉၇၃၁၆၂၄၉၂**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
1. Admin Manager ကျား (၁) ဦး
2. Accountant မ (၂) ဦး
**ဖုန်း - ၀၁- ၂၁၂၈၃၇**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
Corporate Management Adn Consultants
Marketing Executive မ (၂) ဦး
Room No. 1401, 14th Floor, Olympic Tower, Corner of Mahabandoola St & Bo Aung Kyaw St, Kyauktada Township

Ph: 01-392917

-------------------------

**ဝန်ထမ်းအလိုရှိသည်**
Marketing ၁၀ တန်း ကျား/မ (၅) ဦး
Office staff ဘွဲ့ရ မ(၃) ဦး
Driver ကျား (၃) ဦး
အရောင်းဝန်ထမ်း(နေ/စားငြိမ်း) ကျား/မ (၅) ဦး
Computer Operator ကျား/မ (၂) ဦး
Site Engineer ကျား (၂) ဦး
Sale Promotor ကျား/မ (၅) ဦး
အမှတ်(၁၈၇/ခ)၊ပထမထပ်၊၃၄ လမ်း။ **ဖုန်း - ၀၉-၇၃၀၂၇၆၃၅**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
ရဲရင့်ကုမ္ပဏီလီမိတက်
Sales Representative ကျား (၁) ဦး
Marketing Clerk ကျား(၁) ဦး
အမှတ် ၁၂၈၊ ကနောင်မင်းသားကြီးလမ်း၊ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
**ဖုန်း- ၀၁-၅၈၅၃၄၀**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
အထွေထွေရောင်းဝယ်ရေး လုပ်ငန်းတွင် တာဝန်ခံ(ရောင်း/ဝယ်) ၁၀ တန်းအောင်၊ ဘွဲ့ရ ကျား (၁) ဦး။ **ဖုန်း - ၀၉၄၉၃၄၁၄၈၁**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
Marketing Manager ကျား (၃) ဦး
Accountant (LCCI Level III) မ (၅) ဦး
Computer Operator ကျား/မ (၃) ဦး
Designer/ photoshop ကျား/မ (၃) ဦး
တရုတ်၊ အင်္ဂလိပ်ဘာသာပြန် ကျား/မ (၃) ဦး
Office staff ၊ အရောင်းစာရေး ကျား/မ (၅) ဦး
Marketing ကျား/မ (၅) ဦး
Driver ကျား (၃) ဦး
Sale Protomor ကျား/မ (၅) ဦး
အရောင်းဝန်ထမ်း (၁၀) တန်း ကျား/မ (၅) ဦး
အမှတ် ၁၈၇၊ ၃၄ လမ်း။
**ဖုန်း - ၂၄၃၈၁၉**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ B.E (Civil) (သို့) A.G.T.I
၂။ Estimate တွက်ချက်နိုင်မည့်သူ၊ ၃။ အသတ်ကန့်သတ်ချက်မရှိ
၄။ အငြိမ်းစားအင်ဂျင်နီယာများ လျှောက်ထားနိုင်သည်။
ဆက်သွယ်ရန်
ဗိုလ်မှူးကြီးခင်မောင်မြင့် (ငြိမ်း)
**ဖုန်း - ၀၉-၅၀၄၅၇၇၇**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်း(၂)ဦးအလိုရှိသည်
မြို့တွင်း၊ ရုံးကားမောင်းရန်။
**ဖုန်း-၃၉၂၆၃၇**


အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


Palmolive
Naturals
INTENSIVE MOISTURE
KC Concepcion
Palmolive
NATURALS
INTENSIVE MOISTURE


Want to study English here?
American Center English Language Program
14 TAWWIN STREET, DAGON TOWNSHIP
အမေရိကန်စင်တာ ဝင်ခွင့်စာမေးပွဲ ဝင်ဖြေပါ။
အမေရိကန်စင်တာတွင် မည်သည့် သင်တန်းမဆို တက်ရောက်ရန် ဝင်ခွင့်စာမေးပွဲကို အရင်ဖြေဆိုရပါမည်။
ဧပြီမှာ စမည့် သင်တန်းအတွက် စာရင်းသွင်းခြင်း။
Core သင်တန်း - ကျပ် ၂၂၀,၀၀၀
Special Topics သင်တန်း - ကျပ် ၁၆၀,၀၀၀
4 Skills English နှင့် အခြားအထူးသင်တန်းများ တစ်နှစ်တွင် လေးကြိမ်ရှိပါသည်။
ဆက်သွယ်ရန်လိပ်စာ-
သို့မဟုတ် Facebook: American Center, Rangoon တွင် ဝင်ကြည့်နိုင်ပါသည်။


GENERAL
FUJITSU GENERAL LIMITED
FUJITSU
SUPER COOL
SUPER DEALS
မြန်မာနှစ်ကူး အထူးဈေးရောင်းပွဲ
Safeguard, Frame, Free Installation
INVERTER
ALL DC
ASGA09J
ASGA12J
NEW
ASGA09A
ASGA12A
ဒဲခြစ်ကဲဝင်းမဲ တောင်းယူရန်
အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။
2 Year Compressor
3 Year Service
WARRANTY
Golden Orchid Ltd.
ဖုန်း - 01-706223, 373462, 09-73030250
ဖုန်း - 02-74682, HP: 09 87 43114. 09-49 237909
Technical / Service Hot Line :01-706223, 09-8502421


VitaCo Anti Acne Facial Form
VitaCo
VitaCo Anti Acne Healing Gel tube
VitaCo Whitening Facial Foam tube
(Arbutin and Kojic Acid)
Facial Foam
Anti-Acne
50g
Whitening
Manufactured by: Gyi Industries Ltd. ( USA technology)


Relaxing
Thingyan Holiday
@ BoB!!!
"Package available from 11th to 17th April 2012"
1 Night Stay in Double/Twin sharing at Deluxe Garden View, 1 Breakfast, 1 Lunch & 1 Dinner
BAY OF BENGAL
RESORT
NGWE SAUNG
YANGON - 151 (B)
Thiri Mingalar Lane, 8th Mile,
Mayangone Tsp., Yangon, Myanmar.
Tel : (+95-1) 667024, 661577, 664463, 650021
Fax : (+95-1) 664740, 650258
NGWE SAUNG - Tel : (+95-42) 40304, 40346,
40347, 09-520 0909, 09-856 9142
Fax : (+95-42) 40342
Ks. 85,000/Person
E-mail -info@bobresort.com, reservation@bobresort.com

Education


7DAY NEWS JOURNAL

Vol.11, No.5 • APRIL 5 , 2012

# ပညာရေးအတွက် လိုအပ်ချက်ရှိလာသော ဘာသာစကား နားလည်မှု စွမ်းရည်

**နေလင်းထွန်း**

"ကျွန်မသားလေး သူငယ်တန်းတက်တဲ့အချိန်မှာ မိခင်ဘာသာစကား မဟုတ်တဲ့စာနဲ့ စသင်ရတယ်။ အဲ့ဒါတစ်နေ့ အတန်းထဲမှာ ဆရာမပြောတာက ခုံပေါ် မှောက်အိပ်ခိုင်းတယ်ပေါ့နော့။ ကျွန်မသားကမိခင်ဘာသာစကားမဟုတ်တဲ့ မြန်မာစကားကို နားမလည်ဘူး။ သူက ခုံဆိုတာနားလည်တယ်၊ အိပ်ဆိုတာ နားလည်တယ်။ အဲ့လိုဆရာမကပြောတော့ ကလေးက ခုံအောက်တစ်ခါတည်းထိုးအိပ်လိုက်တာပေါ့နော့" ဟုကချင်အမျိုးသမီးတစ်ဦးကမိမိရင်သွေးပညာသင်ကြားစဉ် ဘာသာစကား အခက်အခဲ ကြုံတွေ့ခဲ့ရမှုကို ပြောပြသည်။



မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုး စုပေါင်းနေထိုင်လျက်ရှိပြီး တိုင်းရင်းသားလူမျိုးများအလိုက် မတူညီသော ကိုယ်ပိုင်ဘာသာစကားများကိုပြောဆိုအသုံးနေကြသည်။ မြန်မာဘာသာစကားသည် တိုင်းရင်းသား လူမျိုးများအကြား ရင်းနှီးမှုရှိသော ဘာသာစကားဖြစ်ပြီး ရုံးသုံးဘာသာစကားဖြစ်သလို မူလတန်းအဆင့်အခြေခံပညာမှ တက္ကသိုလ်အဆင့်ထိ ကျောင်းသုံးဘာသာစကားအဖြစ်လည်း အသုံးပြုလျက်ရှိသည်။ ထို့ပြင် တိုင်းရင်းသားလူမျိုးများအကြား ဆက်သွယ်ပြောဆိုသုံးစွဲနေသော ဘာသာစကားဖြစ်သည်။

တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများတွင် မူလတန်းအဆင့်မှစတင်၍ ပြဋ္ဌာန်းစာအုပ်များကို မြန်မာဘာသာဖြင့် ရိုက်နှိပ်ထုတ်ဝေနေသလို ပညာသင်ကြားရာတွင်မြန်မာဘာသာစကားကိုအသုံးပြုသင်ကြားရန်သတ်မှတ်ထားသည်။

မြန်မာ့လူမှုအဖွဲ့အစည်းနှင့်ဝေးကွာသောတိုင်းရင်းသားဒေသများ၌ မူလတန်းပညာ စတင်သင်ကြားရသော ကလေးငယ်များသည် ဘာသာစကားကွဲပြားမှုကြောင့် ပညာရေးဆိုင်ရာ အခက်အခဲများ ရင်ဆိုင်နေရကြောင်း ပညာရေးလေ့လာ သုံးသပ်သူများက ဆိုသည်။

ပညာရေးဝန်ကြီးဌာန အနေဖြင့် မြန်မာဘာသာစကားနှင့် ထိတွေ့နီးစပ်မှု နည်းပါးသေးသော (သို့မဟုတ်)လုံးဝ ထိတွေ့နီးစပ်မှုမရှိသော တိုင်းရင်းသားကလေးငယ်များအား မြန်မာဘာသာစကားဖြင့် စတင်ထိတွေ့သင်ကြားသည့် မူလတန်းအောက်အဆင့်တွင် ပညာရေးအောင်မြင်မှုများရရှိရန် ကလေးများအားသူတို့ အကောင်းဆုံးနားလည်သော တိုင်းရင်းသားဘာသာစကားနှင့်တွဲဖက်၍ သင်ကြားသွားလျှင် အင်မတန်မှ အကျိုးဖြစ်ထွန်းမည့်ခိုင်မာသော ပညာရေးစနစ်အခြေခံကိုတည်ဆောက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားဖြင့် တွဲဖက်၍ သင်ကြားသောစနစ်အားပညာရေးစီမံကိန်းတွင် ထည့်သွင်းရေးဆွဲသင့်ပါကြောင်း တိုင်းရင်းသားလွှတ်တော်အမတ်တစ်ဦးကမတ်လ၁ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားလွှတ်တော်တွင် အဆိုတင်သွင်းခဲ့သည်။

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ ဥက္ကဋ္ဌဖြစ်သူ ဦးနိုင်ငွေသိန်းက "ကျွန်တော်ပညာရေးဝန်ထမ်းဘ၀ကလာတာပါ။ ကချင်မှာလည်း နေဖူးတယ်။ ကလေးတွေက ဘာသာစကားနဲ့ပတ်သက်ပြီး အခက်အခဲတွေ အများကြီးရှိပါတယ်။ မြန်မာစာတော့ သင်ရမယ်။ သူငယ်တန်းကနေ စပြီးတော့ပေါ့။ လေးတန်းအောင်သွားရင်တော့ မြန်မာဘာသာ ကောင်းကောင်းရေးတတ်၊ ဖတ်တတ်ပါပြီ။ လေးတန်းအထိတော့ ကလေးတွေ နားလည်တဲ့ ဘာသာစကားနဲ့ သင်ပေးနိုင်ရင်တော့ အကောင်းဆုံးပေါ့"ဟု သုံးသပ်သည်။

တိုင်းရင်းသားဒေသမှကလေးငယ်များအနေဖြင့် မိမိတို့နားလည်သိကျွမ်းခြင်းမရှိသော ဘာစကားကို မူလတန်းတွင် စတင်ထိတွေ့ရချိန်၌ ပညာသင်ယူရေးအတွက် အခက်အခဲ ဖြစ်ပေါ်နေခြင်းဖြစ်ပြီး အဆိုပါဒေသတွင် တာဝန်ထမ်းဆောင်မည့် ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းစာသင်ခန်းတွင် တိုင်းရင်းသား ဘာသာစကားအား တရားဝင် အသုံးပြု သင်ကြားခွင့်အတွက် တိုင်းရင်းသားအခွင့်အရေး ဆောင်ရွက်သူများက တောင်းဆိုနေခြင်းဖြစ်သည်။

"ပညာရေးဝန်ကြီးဌာနနဲ့ ယူနီဆက်နဲ့ ပူးပေါင်းဆောင်ရွက်ထားတဲ့ သုတေသနတွေ ရှိပါတယ်။ အဲ့ဒီမှာ လုပ်ပုံကိုင်ပုံ ပြင်ဆင်ဖို့လိုတာတွေ၊ အကြံပြုချက်တွေ အများကြီးတွေ့ရပါတယ်။ ဒါပေမဲ့ အရင်ခေတ်ကဆိုရင် ဒါတွေကို ပေါ်ပေါ်ထင်ထင် ပြောရဲတာတွေ မရှိပါဘူး။ ကလေးတွေ ဘယ်လောက်ခက်ခဲနေတယ်ဆိုတာ ပညာရေးဝန်ထမ်းတွေ သိကြပါတယ်။ ခေတ်စနစ် အနေအထားအရ လုပ်ဆောင်ဖို့၊ ပြောင်းလဲဖို့ အခြေအနေလည်း မရှိခဲ့ပါဘူး။ ဘာဖြစ်နေလဲဆိုတာတော့ ပြောနေကြတယ်။ အထောက်အထားနဲ့ ကိန်းဂဏန်းတွေ မရှိခဲ့ဘူး"ဟု မူလတန်းအဆင့် ပညာသင်ယူနေသော တိုင်းရင်းသားကလေးငယ်များ၏ ဘာသာစကားအခက်အခဲ အခြေအနေကို သုတေသန စစ်တမ်းပြုစုထားသော ငြိမ်းဖောင်ဒေးရှင်းမှ ပရိုဂရမ်မန်နေဂျာဒေါ်နန်ရော်က ပြောသည်။

**စာ(၂၂)သို့**

## Fulbright ပညာသင်ဆု ဇွန်၁၈ရက်နောက်ဆုံး လျှောက်ထားရမည်

**နေလင်းထွန်း**

**ရန်ကုန်၊ မတ်-၂၈**

အမေရိကန်နိုင်ငံတွင် မဟာဘွဲ့သင်တန်းတက်ရောက်လိုသော မြန်မာကျောင်းသားများအနေဖြင့် Fulbright ပညာသင်ဆုအစီအစဉ်ကိုဇွန်၁၈ရက်နောက်ဆုံးလျှောက်ထားရမည်ဖြစ်ကြောင်း အမေရိကန်သံရုံးမှ သတင်းထုတ်ပြန်သည်။

အမေရိကန်နှင့် အခြားနိုင်ငံမှ လူအများကြား အပြန်အလှန် နားလည်မှုကို မြှင့်တင်နိုင်မှုအလားအလာရှိသူများ၊ အမေရိကန် လူနေမှုဘ၀နှင့် လိုက်လျောညီထွေစွာ နေထိုင်နိုင်မည့်သူများ၊ အတွေ့အကြုံနှင့်စိတ်ဓာတ်ရင့်ကျက်သူများ၊ အကယ်ဒမစ်ပညာရေး ကောင်းမွန်ထားသူများ၊ ခေါင်းဆောင်နိုင်မှု စွမ်းရည်အလားအလာ ရှိသူများကို အခြေခံရွေးချယ်မည့် ပညာသင်ဆုအစီအစဉ်အတွက် အရည်အချင်း ပြည့်မီသူများ လျှောက်ထားနိုင်မည်ဖြစ်သည်။

Fulbright ပညာသင်ဆုအစီအစဉ်အနေဖြင့်ကျောင်းလခနှင့် အခြားအကယ်ဒမစ်ကြေးများ၊ လစဉ်နေထိုင် စားသောက်စရိတ်များ၊ ကျန်းမာရေးအာမခံ၊ စာအုပ်စာတမ်းကြေးများ၊ ခရီးစရိတ်များနှင့် ပညာသင်ဆုအရည်အသွေး ပြည့်မီစေမည့် သင်တန်းများ တက်ရောက်နိုင်မည့် အခွင့်အလမ်းများကို ရရှိမည်ဖြစ်သည်။

မြန်မာနိုင်ငံသားများအနေဖြင့် ဒီဂရီဘွဲ့တစ်ခုရရှိထားသူများ၊ အကယ်ဒမစ်ပညာရေး နောက်ခံမှတ်တမ်းကောင်းရရှိထားသူများ၊ အင်္ဂလိပ်ဘာသာစကား အရည်အသွေးအနေဖြင့် TOEFL အမှတ်-၅၇၅(သို့မဟုတ်)IELTS အမှတ် ၆ ဒသမ ၅ အနည်းဆုံးရရှိထားသူများ၊ မိမိလေ့လာသင်ယူမည့် ဘာသာရပ်နှင့်ဆက်စပ်သော ဒီဂရီဘွဲ့(သို့မဟုတ်)လုပ်ငန်းအတွေ့အကြုံရှိထားသူများ၊ အမေရိကန်နိုင်ငံတွင် နေထိုင်ဖူးခြင်း မရှိသူများ အဆိုပါ ပညာသင်ဆုကို လျှောက်ထားနိုင်မည်ဖြစ်သည်။

ပညာသင်ဆုအတွက် ရွေးချယ်ခံရသူများအနေဖြင့် ပညာသင်ယူပြီးချိန်တွင် မိမိနိုင်ငံသို့ ပြန်လာရမည်ဖြစ်သော ပညာသင်ဆုအစီအစဉ်အတွက် www. burma.usembassy.gov/shcolarship.html တွင် ဝင်ရောက်လေ့လာ ကြည့်ရှုလျှောက်ထားနိုင်မည် ဖြစ်သည်။



## ကျောင်းသားပြည်ဝင်ခွင့်ဗီဇာ မြန်ဆန်စွာ ထုတ်ပေးရန် ဩစတြေးလျ စီစဉ်

**နေလင်းထွန်း**

**ရန်ကုန်၊**

**မတ်-၂၉**

ဩစတြေးလျနိုင်ငံတွင် သွားရောက် ပညာသင်ယူလိုသော ကျောင်းသားများအတွက် ကျောင်းသားပြည်ဝင်ခွင့်ဗီဇာ လျှောက်ထားရာတွင် ပိုမိုမြန်ဆန်လာမည့်စနစ်ကို စတင်ကျင့်သုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဩစတြေးလျ လူဝင်မှုကြီးကြပ်ရေးမှ သတင်းထုတ်ပြန်သည်။

နိုင်ငံတကာ ကျောင်းသားများ ပြည်ဝင်ခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်လျက်ရှိသော ဩစတြေးလျနိုင်ငံသည် နိုင်ငံတကာပညာရေးမှာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်အပြင် နိုင်ငံတကာနှင့် ဆက်ဆံရေးတွင်အရေးပါကြောင်း၊ နိုင်ငံတကာ ကျောင်းသားများကို အကောင်းဆုံး ထောက်ပံ့ပေးသွားရန် ရည်ရွယ်ထားကြောင်း ထုတ်ပြန်ထားသည်။

"ကျွန်တော်တို့ နိုင်ငံက ASSESSMENT LEVEL (3) လို့ခေါ်တဲ့ လူဝင်မှု ကြီးကြပ်ရေးနဲ့ ပတ်သက်ပြီး၊ စွန့်စားမှုမြင့်တဲ့ တိုင်းပြည်စာရင်းထဲမှာပါတဲ့ အတွက် ဗီဇာလျှောက်ထားတဲ့ အခါပိုပြီးတင်းကျပ်ပါတယ်။ အခုစနစ်သစ်အရ မြန်မာနိုင်ငံက ကျောင်းသားတွေဟာ ASSESSMENT LEVEL 3 မှာပါသော်လည်း၊ တက္ကသိုလ်တွေ ရွေးချယ်လျှောက်ထားရင် LOWER MIGRATION RISK ထဲမှာအကျုံးဝင်ပြီး၊ ဗီဇာရဖို့အတွက် ပိုမိုချောမွေ့လာနိုင်ပါတယ်" ဟု Crown Education မှ ပညာရေးအတိုင်ပင်ခံ ဦးအောင်ကျော်ဆန်းကပြောသည်။

ဩစတြေးလျနိုင်ငံတွင် သွားရောက်ပညာသင်ယူရန် ပြင်ဆင်နေသော မြန်မာကျောင်းသားများအနေဖြင့် အဆိုပါစနစ်တွင်ပါဝင်သော တက္ကသိုလ်နှင့် ပညာရေးလမ်းကြောင်းကို စနစ်တကျရွေးချယ် လျှောက်ထားသင့်ကြောင်း ၎င်းက အကြံပြုပြောကြားသည်။

# Education

7 DAY NEWS JOURNAL
Vol.11, No.5 • APRIL 5 , 2012

## စာ-၂၁၊ ပညာရေးအတွက် လိုအပ်ချက်ရှိလာသော ဘာသာစကား နားလည်မှု စွမ်းရည် မှ

ကယားပြည်နယ်မှလွဲ၍ အခြားပြည်နယ်ခြောက်ခု၌ လေးလကြာ သုတေသနပြုစုထားသော စစ်တမ်းတွင် ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ ကလေးငယ်များက စာဖတ်စွမ်းရည်အား အနည်းဆုံးဖြစ်နေပြီး ပထမတန်း၊ ဒုတိယတန်းနှင့် ကျောင်းထွက်ထားသောကလေး ၆၉၉ ဦးတွင် စာပြီးဆုံးအောင် မဖတ်နိုင်သော ကလေးမှာ ၁၈ ရာခိုင်နှုန်းနှင့် စာလုံးဝမဖတ်နိုင်သော ကလေးမှာ ၁၄ ရာခိုင်နှုန်းရှိနေကြောင်း သိရသည်။

မူလတန်းအဆင့် ပညာသင်ယူနေသော ကလေးငယ်များတွင် မြန်မာ့လူအဖွဲ့အစည်းနှင့် နီးစပ်သော တိုင်းရင်းသားကလေးငယ်များထက် ယင်းအဖွဲ့အစည်းနှင့် ဝေးကွာသောဒေသမှ ကလေးငယ်များ၏ စာဖတ်စွမ်းရည် သိသိသာသာ နိမ့်ကျနေကြောင်း တိုင်းရင်းသားကျေးရွာ ၂၁ ရွာတွင်သုတေသနပြုလုပ်ချက်အရ တွေ့ရှိခဲ့ကြောင်း သိရသည်။

“အရည်အသွေးပြည့်တဲ့ မူလတန်းပညာရချင်တယ်ဆိုရင် ကလေးတိုင်းဟာ သူတို့ဖတ်တဲ့ စာတွေကို ကောင်းကောင်းနားလည်ဖို့လိုပါတယ်။ ကောင်းကောင်းနားလည်မှလည်းပြန်လည်အသုံးချနိုင်မှာပါ။ ကိုယ်နားမလည်တဲ့ ဘာသာစကားနဲ့ သင်ရတာဆိုလို့ရှိရင် လူတွေအတွက် အရမ်းဒုက္ခရောက်ပါတယ်။ ငယ်တဲ့ကလေးတွေဟာ ကျောင်းရောက်ခါစမှာ သူတို့ဘာမှ နားမလည်ဘူး။ ကျွန်တော်တို့ဟာ တကယ်တမ်းလူသားအရင်းအမြစ် ဖွံ့ဖြိုးချင်တယ်ဆိုရင် ကလေးတွေဟာ ငယ်ငယ်ကတည်းက သူတို့နားလည်တဲ့ ဘာသာစကားနဲ့ ခြေခြေမြစ်မြစ်နားလည်လာမှ အခြေခံကောင်းမှာပါ။ ဘာသာစကားနားလည်မှု အားနည်းပြီဆိုလို့ရှိရင် ကျန်တာတွေလည်းတောက်လျှောက် အားနည်းလာမယ့် သဘောရှိတယ်” ဟု ရန်ကုန်ပညာရေးတက္ကသိုလ်၊ ပညာရေးစိတ်ပညာဌာနမှ အငြိမ်းစားပါမောက္ခ ဒေါက်တာ သိန်းလွင်က သုံးသပ်သည်။

တိုင်းရင်းသားဒေသ အချို့ရှိ ကျောင်းသားမိဘ ၃၃၉ ဦးအား လေ့လာသုတေသန ပြုချက်အရ ၈ ဒသမ ၅ ရာခိုင်နှုန်းသာ မြန်မာဘာသာ တတ်ကျွမ်းကြပြီး ထိုဒေသရှိ ကလေးငယ်များအား မြန်မာဘာသာစကားဖြင့် သင်ကြားရာတွင် အခက်အခဲကြုံတွေ့နေရခြင်းကြောင့် ဒေသခံမဟုတ်သော ဆရာများက ဒေသခံစကားတတ်ကျွမ်းသော ဆရာများမှ ဘာသာပြန်ပေးမှု အကူအညီရယူနေရကြောင်း အထပ်ပါစစ်တမ်းအရ သိရသည်။

မူလတန်းအဆင့်တွင် ဒေသခံ ဘာသာစကားဖြင့် သင်ကြားပို့ချခွင့် ရရှိပါက မြန်မာဘာသာစကားနှင့် ရင်းနှီးမှုမရှိသော ကလေးငယ်များအတွက် သက်သောင့် သက်သာရှိစွာ ပညာသင်ကြားနိုင်မည်ဖြစ်သလို မိမိအရည်အချင်းနှင့် အခြေအနေပေါ်မူတည်၍ အဆင့်မြင့်ပညာရေး အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ကြောင်း သုတေသနစစ်တမ်း စီမံကိန်းမန်နေဂျာ ဦးဟယ်ရီက ဆိုသည်။

“ကလေးတွေ ရင်းနှီးထားတဲ့၊ အကောင်းဆုံး နားလည်ထားတဲ့ ဘာသာစကားနဲ့ ပထမဆုံးစသင်ပြီးတော့မှ တဖြည်းဖြည်း နက်နဲတဲ့ အကြောင်းအရာတွေကို သွားမှ မှန်ကန်တဲ့ လမ်းကြောင်းပါ။ အခုဘာဖြစ်နေလဲဆိုတော့ ကလေးတွေက ဝန်နဲ့အား မမျှဘူး ဖြစ်နေတယ်။ ဘာသာစကားကြောင့်ဝန်ထုပ်ဝန်ပိုးဖြစ်နေတယ်ဆိုတာ ကောက်ချက်ချလို့ ရပါတယ်။ ဒါကို ဆုံးဖြတ်ချက်ချပေးနိုင်တဲ့ ပုဂ္ဂိုလ်တွေက မူဝါဒတွေပြင်ဆင်မယ်။ ကလေးတွေအတွက် အစီအစဉ်တွေချမှတ်ပေးမယ်ဆိုရင်တိုင်းရင်းသားကလေးငယ်တွေရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲတွေကနေ လွတ်မြောက်ပြီးတော့ ပညာရေးအခွင့်အလမ်းတွေ ပိုရလာမယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်”ဟု ၄င်းက ပြောသည်။

တိုင်းရင်းသားဒေသများတွင် တာဝန်ကျသော ဆရာ၊ ဆရာမများ အနေဖြင့် ဒေသခံဘာသာစကားနှင့် မြန်မာဘာသာစကား နှစ်မျိုး တတ်ကျွမ်းပါက အဆင်ပြေလျက်ရှိခြင်းကြောင့် မူလတန်းအဆင့် ဆရာ၊ ဆရာမများကို ၄င်းတို့တတ်ကျွမ်းနားလည်သည့် ဘာသာစကားနှင့် ကိုက်ညီသော ဒေသများ၌ တာဝန်ချထားပေးရန်၊ မူလတန်းအဆင့်အားလုံးတွင် တိုင်းရင်းသား ဘာသာစကားအား အသုံးပြုသင်ကြားခွင့်ရရန်၊ မူလတန်းသင်ရိုးညွှန်းတမ်းများတွင် သက်ဆိုင်ရာဒေသများနှင့် ကိုက်ညီသော အကြောင်းအရာများ ထည့်သွင်းရေးဆွဲရန်နှင့် တိုင်းရင်းသားကလေးငယ်များနှင့် ကိုက်ညီသော မြန်မာပြဋ္ဌာန်း စာအုပ်များအား သီးသန့်ပြဋ္ဌာန်း သင်ကြားပေးရန်၊ ပြည်နယ် အသီးသီးရှိ ပညာရေးကောလိပ်များတွင် ဒေသခံဘာသာစကားတတ်ကျွမ်းသောလူငယ်များပိုမိုတက်ရောက်ခွင့် ရရှိစေရေးအတွက် မူဝါဒသစ်များချမှတ်ပေးရန် သုတေသနစစ်တမ်းပြုစုခဲ့ကြသော ပညာရှင်များက အဆိုပြုကြသည်။

ငြိမ်းချမ်းရေး နိုဗယ်ဆုရှင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်က မြန်မာဘာသာစကား အခက်အခဲရှိသော တိုင်းရင်းသားမျိုးနွယ်များ၏ ကလေးငယ်များအတွက် အထောက်အကူဖြစ်စေမယ့် ပညာရေး လုပ်ငန်းအစီအစဉ်များကို ရေးဆွဲရမည်ဖြစ်ကြောင်း ပါတီ၏ မူဝါဒ၊ သဘောထားနှင့် လုပ်ငန်းစဉ်များအကြောင်း ရုပ်မြင်သံကြားမှ ထုတ်လွှင့်စဉ်၌ ပြောကြားခဲ့သည်။

## ဓမ္မကျောင်းများ နိုင်ငံတစ်ဝန်းပေါ်ထွန်းလာရန် စီစဉ်

**နေလင်းထွန်း**

**ရန်ကုန်၊**

**မတ်-၂၇**

ဗုဒ္ဓဘာသာကို ပညာရေးအသွင်ဖြင့် ချဉ်းကပ်သင်ကြားမည့် ဓမ္မစကူးလ်(ဓမ္မကျောင်း)များ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပေါ်ထွန်းလာစေရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ဓမ္မကျောင်းများ ဖြစ်မြောက်ရေးအတွက် စုပေါင်းအစည်းအဝေးကိုမတ်လ ၁၄ ရက်တွင်မြို့မကျောင်းလမ်းရှိ စိန်ရတနာဓမ္မစရိယစာသင်တိုက်၌ ကျင်းပပြုလုပ်ခဲ့ပြီး အင်းစိန်ရွာမ ဆရာတော်ကြီးအမှူးပြုသော သံဃာတော်များ၊ သီလရှင်များ၊ တတ်သိပညာရှင်များနှင့် အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

ဗုဒ္ဓဘာသာကို ပညာရပ်အသွင်သင်ကြားမည့်ဓမ္မကျောင်းများ ဖြစ်ပေါ်လာရေးအတွက် ဓမ္မစကူးလ်ဖောင်ဒေးရှင်းကို ဖွဲ့စည်းပြီးဖြစ်ကာ သင်ရိုးညွှန်းတမ်းများ စီစဉ်ရေးဆွဲလျက်ရှိကြောင်း ၄င်းဖောင်ဒေးရှင်းမှပြန်ကြားရေး တာဝန်ခံ သံဃာတော်တစ်ပါးက မိန့်ကြားသည်။

“ပထမဆုံးအနေနဲ့ ဓမ္မကျောင်းသင်ရိုးတွေ စလုပ်နေတယ်။ ဗုဒ္ဓဘာသာကိုပညာရပ်အသွင် သင်ကြားမယ်။ သင်ရိုးတွေ အချောဖြစ်ရင်ဆရာအတတ်သင်တန်းတွေ ခေါ်မယ်။ သင်တန်းတွေကို တနင်္ဂနွေမှာ သင်ကြားနိုင်အောင်ကြိုးစားနေပါတယ်”ဟု ၄င်းသံဃာတော်က မိန့်သည်။

သီရိလင်္ကာနိုင်ငံတွင် ဗုဒ္ဓဘာသာကို ဘာသာရေးအသွင်ဖြင့်သာမက ပညာရေးအသွင်ဖြင့်ပါ လေ့လာသင်ကြားကြကြောင်း၊ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာကို ဘာသာရေးအသွင်ဖြင့်သာ သင်ကြားကြသည်က များကြောင်း၊ ထိုကြောင့် မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာကို ပညာရေးအသွင်ဖြင့် ချဉ်းကပ်သင်ကြားပေးနိုင်သော ဓမ္မကျောင်းများဖြစ်ထွန်းလာအောင် ကြိုးစားရမည်ဖြစ်ကြောင်း ဓမ္မကျောင်းဖြစ်မြောက်ရေး အကျိုးဆောင် သီလရှင်ဆရာလေး ဒေါ်ကေတုမာလာက အထက်ပါ အခမ်းအနားတွင် ပြောကြားသည်။

ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၊ လှရတနာဆရာတော် ဦးနာရဒါဘိဝံသက ယနေ့ခေတ်ကာလတွင် လူငယ်မျိုးဆက်များကို ဘုန်းကြီးကျောင်းများက တာဝန်ယူသင်ကြားမပေးနိုင်တော့သဖြင့် အားနည်းနေကြောင်း၊ ထိုကြောင့် ဓမ္မကျောင်းများ ဖွင့်လှစ်နိုင်အောင် ကြိုးစားသင့်ကြောင်း ၄င်းအခမ်းအနားတွင် အကြံပြုတိုက်တွန်းခဲ့သည်။

မြန်မာနိုင်ငံတွင်ဗုဒ္ဓဘာသာအား ပညာရေးအသွင် သင်ကြားပို့ချမည့် ဓမ္မကျောင်းများဖြစ်ပေါ်လာရေးအတွက် ရှိုင်းဟုတ်ကုမ္ပဏီမှဒေါက်တာဒေါ်ခင်ခင်ရီက အဓိကမတည်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။









# Technology

7DAY NEWS JOURNAL

Vol.11, No.5 • APRIL 5 , 2012


## Wimax ကို အရစ်ကျ ရောင်းပေးမည်

ယုဇနကိုကို

ရန်ကုန်၊ မတ် - ၂၂

ရွှေ့လျားစနစ်ဖြင့် အသုံးပြုနိုင်မည့် WiMax အင်တာနက်စနစ်ကို ရောင်းချပေးနေသည့် Red Link Communications က လာမည့်ဧပြီလကုန်နှင့်မေလဆန်းပိုင်းတွင် အရစ်ကျစနစ်ဖြင့်စတင်ရောင်းချပေးတော့မည် ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါကုမ္ပဏီမှ ရောင်းချမည့် ကျပ်ခြောက်သိန်းသုံးသောင်းရှိ ရွှေ့လျားအင်တာနက်စနစ်ကို ကနဦးတပ်ဆင်ခ ကျပ်တစ်သိန်းရှစ်သောင်းပေးသွင်းပြီး ကျန်ရှိသည့်ပေးသွင်းရမည့် ပမာဏကို တစ်လလျှင် ကျပ်လေးသောင်းသုံးထောင်နှုန်းဖြင့် ဆယ့်တစ်လ တိတိပေးသွင်းပြီး ဝယ်ယူနိုင်မည်ဖြစ်သည်။

ယင်း WiMax စနစ် အင်တာနက်လိုင်းကို အရစ်ကျစနစ်ဖြင့် ဝယ်ယူလိုသူများအနေဖြင့် ယခုအချိန်မှစတင်ကာ အထက်ပါ ကုမ္ပဏီထံတွင် သန်းခေါင်စာရင်း၊ မှတ်ပုံတင်မိတ္တူများဖြင့် လျှောက်လွှာတင်၍ ဝယ်ယူနိုင်မည်ဟု တာဝန်ရှိသူတစ်ဦးဖြစ်သူ ဦးမျိုးမြင့်ညွန့်က ပြောသည်။

အရစ်ကျစနစ်ဖြင့် ရောင်းချပေးမည့် အင်တာနက်လိုင်းအရေအတွက်ကို ကန့်သတ်ထားပြီး ကြိုက်နှစ်သက်ရာ ငွေဖြည့်စနစ်များဖြင့်အသုံးပြုနိုင်မည်ဟုသိရသည်။

အဆိုပါရွှေ့လျားစနစ်WiMax အင်တာနက်လိုင်းအား ရန်ကုန်မြို့တွင်းအပါဝင်နှစ်ဆယ့်လေးမြို့နယ်အတွင်းသုံးစွဲရရှိနိုင်ပြီး ဒဂုံတောင်ပိုင်း၊ မြောက်ပိုင်း၊ ဒဂုံဆိပ်ကမ်းအရှေ့၊ သာကေတ၊ ဒေါပုံနှင့် လှိုင်သာယာအစရှိသည့် မြို့နယ်များအတွင်းတွင်မူ သုံးစွဲနိုင်ခြင်းမရှိသေးဟု အထက်ပါကုမ္ပဏီမှ သိရသည်။



## Apple မျိုးဆက်သစ် iPhone 5 လက်ရှိမော်ဒယ်များထက် အရွယ်ပိုကြီးမည်

လန်ဒန်၊ မတ် - ၂၆

မကြာမီဖြန့်ချိမည့် Apple ၏ iPhone 5 သည်လက်ရှိမော်ဒယ်များထက် ပိုမိုကြီးမားပြီး မျက်နှာပြင်အရွယ်အစား ၄ ဒသမ ၆ လက်မရှိမည်ဖြစ်ကာ ယခုနွေရာသီတွင် ဈေးကွက်တွင်းသို့ ရောက်ဖွယ်ရှိကြောင်း တောင်ကိုရီယားသတင်းရင်းမြစ်များက ဆိုသည်။

တောင်ကိုရီးယား စီးပွားရေးသတင်းစာတစ်စောင်၏ ဖော်ပြချက်အရ ယင်းအိုင်ဖုန်းအသစ်သည်၎င်း၏ပြိုင်ဘက်ဆမ်ဆောင်းဂလက်ဇီ S2 နှင့် အရွယ်အစားတူညီကြောင်း သိရသည်။ ကိုရီးယား နည်းပညာ စက်ရုံများသည် Apple အပါအဝင် နည်းပညာကုမ္ပဏီများစွာအတွက် မျက်နှာပြင်များနှင့် ပရိဆက်ဆာများ ထုတ်လုပ်ပေးလျက်ရှိရာ ယင်းတို့ထံမှရရှိသော သတင်းများသည် မကြာမီထွက်ပေါ်ဖွယ်ရှိသည့် ပစ္စည်းများနှင့်ဖြစ်နိုင်ဖွယ်ရှိသည့် ပုံသဏ္ဌာန်များကို အနီးစပ်ဆုံးခန့်မှန်းပေးနိုင်သည်။

ကိုရီးယားစီးပွားရေးသတင်းစာမေအီလ်က Appleသည်ယခင်ဖုန်းများထက်ပို၍ကြီးမားသော ၄ ဒသမ ၆ လက်မအရွယ်မျက်နှာပြင်ပါသည့် အိုင်ဖုန်းမျိုးဆက်သစ်ထုတ်လုပ်ရန် ကိုရီးယားရှိ ပစ္စည်းအစိတ်အပိုင်းတင်သွင်းသည့်ကုမ္ပဏီများထံအမှာစာပို့ထားကြောင်း ဆိုသည်။ ယင်းသတင်းနှင့်ပတ်သက်၍လက်ရှိကိုရီးယားမှApple ၏ဖုန်းမျက်နှာပြင် အစိတ်အပိုင်းများတင်သွင်းသည့် LG Display နှင့်ဆမ်ဆောင်းတို့ကမူ မှတ်ချက်ပေးရန်ငြင်းဆိုထားသည်ဟု သိရသည်။ Apple၏နောက်ဆုံးထုတ် iPhone 4S ကို ၂၀၁၁ အောက်တိုဘာက ဖြန့်ချိခဲ့သည်။

—*Ref: Dialymail*

## ကျပ်နှစ်သိန်းတန် ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများ စတင်ရောင်းချိန်တွင် ဝယ်လိုအားသိသာစွာမြင့်တက်

မျိုးမင်းဦး

မုံရွာ၊ မတ် - ၂၉

မုံရွာမြို့ပေါ်ရှိ စတိုးဆိုင်များနှင့် မိုဘိုင်းဖုန်းအရောင်းဆိုင်များတွင် ယခုနှစ် မတ်လ ၁၅ ရက်မှစ၍ ကျပ်နှစ်သိန်းတန် ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများ စတင်ရောင်းချခဲ့ရာ ဝယ်လိုအား သိသိသာသာမြင့်တက်ခဲ့ကြောင်း မုံရွာဒေသခံမိုဘိုင်းဖုန်းရောင်းချသူများ၏ ပြောကြားချက်များအရ သိရှိရသည်။

"မုံရွာမြို့နယ်အတွက်ချထားပေးတဲ့ဖုန်းတွေက မတ်လ ၂၆ ရက်နဲ့ ၂၇ ရက်တွေမှာ ဝန်ထမ်းတွေအတွက် စတင်ရောင်းချပြီး အများပြည်သူတွေအတွက် မတ်လ ၂၈ ရက်ကစပြီး ရောင်းချပေးနေပါတယ်။ တချို့ မိုဘိုင်းဖုန်းဆိုင်တွေမှာ အရစ်ကျစနစ်နဲ့ ရောင်းချဖို့စီစဉ်ထားပေမယ့်ဝယ်လိုအားများတဲ့အတွက် လက်ငင်းငွေချေစနစ်နဲ့ကို တန်းစီစောင့်ဆိုင်းဝယ်နေရတယ်" ဟု မုံရွာမြို့ဒေသခံ မိုဘိုင်းဖုန်းရောင်းချသူတစ်ဦးက ပြောသည်။


"မိုဘိုင်းဖုန်း အရောင်းဆိုင်တွေမှာ ကျပ်နှစ်သိန်းနဲ့ လိုသလောက်ဝယ်လို့ရတယ်။ အချို့အရောင်းဆိုင်တွေမှာ ဖုန်းနံပါတ်လှတာရွေးရင် ကျပ်တစ်သောင်းပိုပေးရသလို မုံရွာအတွက်ချထားပေးတဲ့ဖုန်းတွေက ဝန်ဆောင်ခ ကျပ်ငါးထောင် ပိုပေးရတာလည်းရှိတယ်။ ဝယ်လိုအားများတဲ့အချိန်မှာတော့ အပိုဆောင်းပေးရတာတွေရှိပေမယ့် နောက်ပိုင်းတော့ မူလဈေးနှုန်းနဲ့ ရောင်းတဲ့ဆိုင်တွေသာ အရောင်းအဝယ်ပိုဖြစ်လာမှာပါ။ ကျပ်နှစ်သိန်းတန်ဖုန်းဝယ်သူတွေအားလုံး မှတ်ပုံတင်မိတ္တူတစ်စောင်၊ အိမ်ထောင်စုစာရင်းမိတ္တူနဲ့ ပတ်စ်ပို့ဓာတ်ပုံ နှစ်ပုံလိုအပ်ပါတယ်။ ဝန်ထမ်းတွေအနေနဲ့တော့ ဝန်ထမ်းကတ်မိတ္တူထည့်သွင်း လျှောက်ထားရမှာဖြစ်ပါတယ်"ဟု မုံရွာမြို့ပေါ်ရှိ မိုဘိုင်းဖုန်းဝန်ဆောင်မှုလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ကျပ်နှစ်သိန်းတန် ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများအား မတ်လ ၂၆ နှင့် ၂၇ ရက်မှစ၍ ဝန်ထမ်းများ စတင်လျှောက်ထားနိုင်ပြီး မတ်လ ၂၈ ရက်တွင် အများပြည်သူများအား စတင်ရောင်းချပေးမည် ဖြစ်ကြောင်း မိုဘိုင်းဖုန်း ဖြန့်ချိရောင်းချသော မြန်မာပိတောက်ကုမ္ပဏီ (မုံရွာရုံးခွဲ) အောင်ချမ်းသာရပ်ကွက်၊ မုံရွာမြို့တွင် တရားဝင်ထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။ ကျပ်နှစ်သိန်းတန် ဂျီအက်စ်အမ်ဖုန်းနှင့်အတူ မုံရွာမြို့တွင် မိုဘိုင်းဖုန်း ဝန်ဆောင်မှုကုမ္ပဏီများ တိုးချဲ့ဖွင့်လှစ်လာကြောင်း သတင်းရရှိသည်။







# နေပြည်တော်တွင် လျှပ်စစ်မီတာခ အွန်လိုင်းမှပေးဆောင်နိုင်

**ယုဇနကိုကို**

**ရန်ကုန်၊မတ်-၂၉**

နေပြည်တော်ခရိုင်အတွင်းလျှပ်စစ်မီတာခများကို ဧပြီလမှစတင်က အွန်လိုင်းမှတစ်ဆင့်ပေးဆောင်နိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထိုဝန်ဆောင်မှုကို အမှတ် (၂) လျှပ်စစ်ဝန်ကြီးဌာနနှင့် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်၊ ပုဂ္ဂလိကဘဏ်များက အကျိုးတူပူးပေါင်းဆောင်ရွက်ထားကြခြင်းဖြစ်သည်ဟု အဆိုပါကုမ္ပဏီ၏ တာဝန်ရှိသူတစ်ဦးက 7Day News သို့ပြောသည်။

ယင်းကုမ္ပဏီနှင့်အတူ အာရှစိမ်းလန်းဖွံ့ဖြိုးမှုဘဏ်၊ယူနိုက်တက်အမရာဘဏ်နှင့် CB ဘဏ်တို့ဖြင့် ပူးပေါင်းထားခြင်းဖြစ်ပြီး နည်းစနစ်ပိုင်းဆိုင်ရာများကိုမူ ရတနာပုံတယ်လီပို့ကုမ္ပဏီနှင့် e-Trade Myanmar ကုမ္ပဏီတို့က တာဝန်ယူဆောင်ရွက်ထားသည်ဟု ဆိုသည်။


နေပြည်တော်ခရိုင်အတွင်း လျှပ်စစ်မီတာခကိုအွန်လိုင်းမှတစ်ဆင့် ပေးဆောင်လိုသူများအနေဖြင့် ဖော်ပြပါဘဏ်များတွင် မိမိတို့ပေးဆောင်ရမည့်လစဉ်မီတာခကျသင့်ငွေများကို တွက်ချက်ပြီး ကြိုတင်ငွေပေးသွင်းထားရမည်ဟု ဆိုသည်။

ထိုသို့ ဘဏ်များတွင် လျှပ်စစ်မီတာခကိုကြိုတင်ငွေပေးသွင်းထားခြင်းဖြင့် လစဉ်ကျသင့်သည့်ငွေပမာဏအား ဘဏ်များကဖြတ်တောက်သွားမည်ဟု ယင်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ထိုဝန်ဆောင်မှုအတွက် နေပြည်တော်ခရိုင်အတွင်း ငါးနေရာတွင် ရုံးခန်းများဖွင့်လှစ်ကာ လိုအပ်သည့်အချက်အလက်များကောက်ခံခြင်းနှင့် နည်းပညာဆိုင်ရာချိတ်ဆက်မှုဆောင်ရွက်ခြင်းများကို စတင်နေပြီဖြစ်သည်။

အဆိုပါစနစ်ကို နေပြည်တော်ခရိုင်အတွင်း ပထမဆုံး အကောင်အထည်ဖော်မည်ဖြစ်ပြီး ထို့နောက်တွင်မန္တလေးတိုင်းဒေသကြီးနှင့်ရန်ကုန်တိုင်းဒေသကြီးတို့တွင်ပါ ယခုနှစ်အတွင်း အသုံးပြုနိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်သွားရန်ရှိကြောင်း ယင်းကုမ္ပဏီမှသိရသည်။





# ဒစ်ဂျစ်တယ်ကင်မရာလို စွမ်းဆောင်နိုင်သော စမတ်ဖုန်းများ HTC ဖြန့်ချိမည်

**တိုင်ပေ၊ မတ် - ၂၆**

တရုတ်တိုင်ပေမှ ဖုန်းကုမ္ပဏီ HTC သည်ခေတ်ပေါ် ဒစ်ဂျစ်တယ်ကင်မရာများကဲ့သို့ စွမ်းဆောင်နိုင်သောစမတ်ဖုန်းသစ်များကို အာရှဈေးကွက်အတွင်း မကြာမီဖြန့်ချိတော့မည်ဖြစ်ကြောင်း သိရသည်။ ဝမ်းစီးရီးဟုအမည်တပ်ထားသည့် ယင်းစမတ်ဖုန်းမော်ဒယ်သစ်များကို ဧပြီ ၂ ရက်တွင် အာရှဈေးကွက်၌ဖြန့်ချိမည်ဖြစ်ကာ ခေတ်ပေါ် ဒစ်ဂျစ်တယ်ကင်မရာများကဲ့သို့ပင် အောက်တိုဖိုးကပ်စ်ချိန်ခြင်းကို ၀ ဒသမ ၂ စက္ကန့်အတွင်း ပြုလုပ်နိုင်သော စွမ်းဆောင်ရည်မြင့်ကင်မရာများ ပါဝင်ကြောင်း ဆိုသည်။ HTC ၏မြောက်အာရှဒေသဌာနခွဲဥက္ကဋ္ဌ ဂျက်တွ်က "လက်ထဲမှာ ဝမ်းစမတ်ဖုန်းရှိနေရင်ပဲ သင်ဟာကိုယ့်ရဲ့ဒစ်ဂျစ်တယ်ကင်မရာတွေကို အနားပေးနိုင်ပါပြီ" ဟု ပြောသည်။

ဧပြီလဆန်းတွင် ဈေးကွက်ဝင်ရောက်မည့် အဆိုပါ HTC One ဟန်းဆက်များသည် တန်ဖိုး ထိုင်ဝမ်ဒေါ်လာ ၂၀,၉၀၀ (ကန်ဒေါ်လာ ၇၀၆) ခန့်ကျသင့်မည်ဖြစ်သည်။ ဝမ်းစမတ်ဖုန်းများ၏ မော်ဒယ်ဟန်းဆက်များတွင် မျက်နှာပြင်အရွယ် ၄ ဒသမ ၇ လက်မရှိပြီး Quad core processor များတပ်ဆင်ထားသည်။ ပိုမိုဈေးသက်သာသည့် ဗီမော်ဒယ်များတွင် မျက်နှာပြင်အကျယ် ၃ ဒသမ ၇ လက်မရှိမည်ဖြစ်သည်။

ကမ္ဘာ့ထိပ်တန်းဖုန်းကုမ္ပဏီ HTC သည်ယခုနှစ် ပထမသုံးလပတ်၌ ယခင်နှစ်ကထက် ဝင်ငွေ ၃၃ မှ ၃၈ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့ပြီး ကန်ဒေါ်လာ ၂ ဒသမ ၂ နှင့် ၂ ဒသမ ၃၆ ဘီလီယံရှိခဲ့သည်။ ယင်းမှာပြိုင်ဘက် Apple နှင့် ဆမ်ဆောင်းတို့၏ ဈေးကွက်ဝေစု ရရှိမှုများ ဆက်လက်အားကောင်းနေခဲ့ခြင်းကြောင့် ဖြစ်သည်။

—Ref: AFP



## အချုပ်ပို (B)၊ တောင်တန်းပေါ်က ကျား၊ ဒေါင်း၊ ခြင်္သေ့တို့၏ အားစမ်းပွဲ မှ

ဧပြီ၂ ရက်၊ နံနက်တွင် ကွမ်းလုံမြို့နယ်မှ မဲစာရင်းများရောက်ရှိလာခဲ့ရာ ခွပ်ဒေါင်းက ၅,၁၆၃ မဲ၊ ကျားဖြူက ၁,၄၃၃ မဲ၊ ခြင်္သေ့က ၆,၄၉၁ မဲ၊ လားဟူပါတီက ၁,၁၆၅ မဲ၊ ကိုးကန့်ပါတီက ၆,၉၄၁ မဲဖြင့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက အများဆုံးအနိုင်ရရှိသွားခဲ့သည်။ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှာ ငါးမြို့နယ်စလုံးတွင် မဲအနည်းဆုံးသာရရှိထားခဲ့သည်။

ကွမ်းလုံမြို့တွင် ကိုးကန့်ပါတီက မဲအများဆုံး ရရှိသွားသော်လည်း ခွပ်ဒေါင်း၊ ခြင်္သေ့၊ ကျားဖြူတို့အတွက်လည်းမဲကိုယ်စီရရှိလာခဲ့သဖြင့် လက်ရှိငင်းတို့လက်ထဲရှိမဲရလဒ်များအတွက် အင်အားတစ်ခုဖြစ်စေခဲ့သည်။ ထို့ကြောင့် အနိုင်အရှုံး မကွဲပြားသေးသည့် ရှမ်း(မြောက်)မှ ပြိုင်ပွဲမှာ ရွေးကောက်ပွဲနေ့ကထက်ပိုမိုအသက်ဝင် လှုပ်ရှားလာခဲ့သည်။

ဧပြီ ၂ ရက်နေ့ နံနက် ၉ နာရီခန့်အထိ ကျားဖြူနှင့် ခွပ်ဒေါင်းတို့မှာ အဓိက ယှဉ်ပြိုင်ဘက်ပါတီများ ဖြစ်သွားခဲ့ပြီး ခြင်္သေ့ပါတီမှာ တတိယနေရာသို့ ရုတ်တရက် ကျဆင်းသွားသည်။

နေရောင်ခြည်ပွင့်လာသည်နှင့်အတူ လားရှိုးမြို့နယ်အတွင်းရှိ ကျန်ရှိနေသေးသော ကျေးရွာများနှင့် တန့်ယန်းမြို့နယ်အတွင်းမှ ကျန်ရှိခဲ့သော ကျေးရွာအချို့မှ မဲရလဒ်များ ထပ်မံရောက်ရှိလာခဲ့သည့်အတွက် အနိုင်အရှုံးရလဒ်မှာ အဆိုပါ ကျေးရွာများအပေါ်တွင် မူတည်သွားခဲ့ပြီဖြစ်သည်။

ကျေးရွာများမှ မဲစာရင်းများ အရောက်နောက်ကျ နေရသည့် အချက်တစ်ချက်မှာ မြို့နှင့် အလှမ်းဝေးလွန်းခြင်းကြောင့်ဖြစ်သလို အချို့ကျေးရွာဒေသများမှာ မငြိမ်းချမ်းသည့် တောင်တန်းနယ်မြေများအတွင်း ရောက်ရှိနေသောကြောင့် မဲလက်မှတ်များကို ခက်ခက်ခဲခဲနှင့် ညအိပ်ညနေ သယ်ဆောင်ကြရမှုလည်းဖြစ်သည်။

ရွေးကောက်ပွဲနေ့မတိုင်မီ သုံးရက်အလိုတွင် SSA (ရှမ်းပြည်မြောက်ပိုင်းတပ်မတော်)ဆီမှ ငင်းတို့ စိုးမိုးသည့် နယ်မြေအတွင်း မဲရုံဖွင့်လှစ် မဲပေးခွင့် မပြုနိုင်ကြောင်း အကြောင်းကြားလာမှုကို တန့်ယန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးစံအေးက ရရှိခဲ့သည်။ ထို့ကြောင့် ခရိုင်ရွေးကောက်ပွဲ ကော်မရှင်သို့တင်ပြခဲ့ရာ ခရိုင်ကော်မရှင်က ငင်းအား ရောက်ရှိလာသည့်ညွှန်ကြားချက်က သွားနိုင်သလောက် နေရာများအထိ ဝင်ရောက်၍ မဲရုံဖွင့်လှစ်ရန်ဟူ၍ ဖြစ်သည့်အတွက် မဲရုံကြီးကြပ်ရေးမှူး တာဝန်ယူကြမည့် ပညာရေးဝန်ထမ်း အယောက် ၆၀ ကျော်ပါဝင်သည့် အဖွဲ့ကိုSSAတားမြစ်လိုက်သည့်နယ်မြေများရှိရာသို့မတ်လ ၂၉ ရက်နေ့ကတည်းကပင်စေလွှတ်ခဲ့ရသည်။

အဆိုပါ ဒေသများသည် SSA(Shan State Army) မှကြီးစိုးထားသည့်နယ်မြေဖြစ်ပြီး ရွေးကောက်ပွဲအတွက်မူလညှိနှိုင်းချက်အရ မဲရုံများ ဖွင့်လှစ်ခွင့်ပြုခဲ့သော်လည်း မတ်လ ၂၈ ရက်နေ့တွင်မှ အခြေအနေ ပြောင်းလဲသွားခဲ့ခြင်းဖြစ်ကာ SSA(Shan State Army) က ငင်းတို့တပ်ဖွဲ့ဝင်များ တပ်ဖြန့်ထားသည့်နေရာများသို့မဝင်ရောက်စေလိုကြောင်း သိရသည်။ အကယ်၍သာ အဆိုပါကျေးရွာများတွင် မဲရုံများ ဖွင့်လှစ်ခွင့်မရရှိပါက ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃,၁၇၀ ဦးမှာမဲပေးခွင့်များ ဆုံးရှုံးသွားမည်ဖြစ်ပြီး ယင်းအရေအတွက်မှာ တန့်ယန်းမြို့နယ် တစ်မြို့နယ်လုံးရှိမဲပေးပိုင်ခွင့်ရှိသူဦးရေ၏ ၄ ဒသမ ၅၁ ရာခိုင်နှုန်းဖြစ်သည်။ သို့သော်လည်း SSA က ခွင့်မပြုသည့် ကျေးရွာများမှ ရွာသူရွာသားများအား SSA ခွင့်ပြုပေးသည့် ကျေးရွာနှစ်ရွာသို့ ရွှေ့ပြောင်းမဲထည့်စေခဲ့ကြသည်ဟု နောက်ဆုံးသိရှိရသည်။

တန့်ယန်းရွေးကောက်ပွဲကော်မရှင်ထံသို့ SSA(Shan State Army) က အကြောင်းကြားခဲ့သည့်နေ့တွင် သိန္နီမြို့နယ်သို့ သွားရာလမ်းရှိ သိန္နီတံတားအား မိုင်းဖောက်ခွဲမှုတစ်ခုဖြစ်ပွားခဲ့သေးသည်။ မိုင်းဖောက်ခွဲမှုဖြစ်ပွားရာနေရာမှာ သိန္နီမြို့အဝင်တွင်ဖြစ်ပြီး အစိုးရတပ်နယ်မြေနှင့်လည်း မနီးမဝေးပင်ဖြစ်သည်။ ထိုသို့မိုင်းဖောက်ခွဲခံရသော်လည်း ကြားဖြတ်ရွေးကောက်ပွဲကို မည်သို့မျှ အနှောင့်အယှက်မဖြစ်ခဲ့ဘဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြသည့်အပြင် တန့်ယန်းနှင့် သိန္နီတို့တွင် ကျားဖြူပါတီက အများဆုံးအနိုင်ရရှိသွားခဲ့သည်။

ရှမ်းတိုင်းရင်းသားများ အများဆုံး နေထိုင်ကြသည့် နေရာများနှင့် ရှမ်းကျေးရွာတိုင်းလိုလိုတွင် ကျားဖြူပါတီက မဲရရှိမှု အားကောင်းနေခဲ့သည်။ မတ်လ ၁၇ ရက်နေ့ကဒေါ် အောင်ဆန်းစုကြည် လာရောက်စည်းရုံးဟောပြောခဲ့သည့် လားရှိုးမြို့နယ်တွင် ခွပ်ဒေါင်းပါတီက မဲရရှိမှု အလွန်များပြားခဲ့သည်။ ခြင်္သေ့ပါတီမှာ မြို့နယ်တိုင်းတွင် ဒုတိယနေရာနှင့် တတိယနေရာများမှပင် လိုက်နေခဲ့ပြီး ကြိုတင်မဲရရှိမှုတွင် အများဆုံးဖြစ်ခဲ့သည်။ တပ်မတော်သားများ၏ ကြိုတင်မဲများ လိုလိုကို ရရှိခဲ့သော်လည်း စစ်တပ်ကြိုတင်မဲ ၂,၃၇၄ မဲတွင် စည်းကမ်းချက်နှင့် မကိုက်ညီသောကြောင့် ၉၉၁ မဲကို ကော်မရှင်က ပယ်ချခဲ့သည်။

ရှမ်းတိုင်းရင်းသားများသည် ရှမ်းတိုင်းရင်းသားများ ပါတီကိုသာ အားပေးထောက်ခံမှုများပြားပြီး ကျန်ပါတီများအနေဖြင့် စည်းရုံးရေးဆင်းစဉ်ကပင် ခက်ခဲမှုများရှိခဲ့ကြောင်း ခြင်္သေ့ပါတီက ဆိုသည်။ "လုံခြုံရေး အခက်အခဲကြောင့် အဲဒီရွာမှာ မဲထည့်ပါဆိုပြီး စည်းရုံးရတာ ခဲယဉ်းပါတယ်။ တချို့နေရာတွေမှာ ဗမာပါတီ နိုင်ရဲ့နိုင်ကြည့်ဆိုပြီး ရွာတွေကိုခြိမ်းခြောက်ထားတာတွေရှိတယ်လို့ ကြားရတယ်။ ကိုယ်က သူတို့ဆီက မဲတစ်ပြားပဲရတာ။ သူတို့က ဘဝနဲ့ ရင်းရမှာလေ။ အဲဒါကြောင့် မဲထည့်ပါလို့စည်းရုံးလို့မဖြစ်ဘူး"ဟု ဦးစိုင်းနော်ခမ်းက 7Day News သို့ ရွေးကောက်ပွဲမကျင်းပမီ တစ်ရက်အလိုတွင် ပြောခဲ့သည်။

ဧပြီ ၂ ရက်နေ့ နေ့လယ်အထိ ငါးမြို့နယ်မဲရရှိမှု စာရင်းများအရ ကျားဖြူ ခွပ်ဒေါင်းနှင့် ခြင်္သေ့တို့မှာ မဲပေါင်းလေးသောင်းခွဲအထက် ကိုယ်စီဖြင့် မတိမ်းမယိမ်းပင် ဆက်လက်ရှိနေကြပြီး လားရှိုးမြို့နယ် အတွင်းရှိ ကျေးရွာပေါင်း ၄၉ ရွာ နှင့် တန့်ယန်းမြို့နယ်အတွင်းရှိ SSA နယ်မြေသို့ ဝင်ရောက်နေသော ကျေးရွာ ၉ ရွာ ကျန်ရှိနေသေးသဖြင့် အနိုင်အရှုံးမှာ ယတိပြတ်မပြောနိုင်ဘဲ ဖြစ်နေကြရပြန်သည်။

ရောက်ရှိမလာသေးသည့် ကျေးရွာများမှ မဲများအပေါ် မူတည်ကာ အနိုင်အရှုံးကို ဆုံးဖြတ်နိုင်မည်ဖြစ်သည်ဟု ခွပ်ဒေါင်း ကိုယ်စားလှယ် ဦးစိုင်းမြင့်မောင်က ပြောကြားသည်။ "ရှုံးသွားရင်လည်း လွှတ်တော်ပြင်ပ နိုင်ငံရေးကို ဆက်လုပ်နေဦးမှာပဲ"ဟု ငင်းကဆက်ပြောသည်။

ဧပြီ ၂ ရက်နေ့ ညနေ ၃ နာရီခန့်တွင် ကျန်ရှိနေသော ကျေးရွာများမှ ခန့်မှန်းရရှိသည့် မဲစာရင်းများအရ ယင်းတို့ ရှုံးနိမ့်နေပြီဖြစ်ကြောင်း မဲပေါင်းရှစ်ထောင်ခန့်အကွာဖြင့် ကျားဖြူပါတီက အားလုံးထက်ရလဒ် အသာရရှိသွားပြီဖြစ်ကြောင်း၊ လားရှိုးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ရုံးသို့လာရောက်သည့် ပါတီဝင်အချို့အားဖြေကြားနေသည်ကိုတွေ့မြင်ရသည်။

အနိုင်ရဖွယ် အခြေအနေရှိနေသော ကျားဖြူပါတီမှ ဦးစိုင်းစံမင်းကမူ ဧပြီ၂ရက်နေ့ ညနေ ၃ နာရီခန့်တွင်"အတိအကျကိုတော့ မပြောလိုသေးပါဘူး။ ပြည်နယ်ကော်မရှင်က ထုတ်ပြန်မှပဲ သေချာမယ်"ဟု ဖုန်းဖြင့်ပြောသည်။ ခရိုင်ရွေးကောက်ပွဲကော်မရှင်ကလည်း ဧပြီ ၃ ရက်နေ့တွင် ထပ်မံအကြောင်းကြားဦးမည်ဟု ကိုယ်စားလှယ်လောင်းများအား အသိပေးထားကြောင်း ငင်းတို့ကဆိုသည်။ ထိုသို့ဖြင့် ကြားဖြတ်ရွေးကောက်ပွဲပြုလုပ်သည့် ၄၅ နေရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၄၀ နေရာ အနိုင်ရရှိသွားခဲ့ပြီဖြစ်ကြောင်းပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကနိုင်ငံပိုင်ရုပ်သံများမှတစ်ဆင့် ကြေညာနေချိန်တွင်ရှမ်းပြည်နယ်မြောက်ပိုင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နေရာမှာ တရားဝင် အတည် မပြုနိုင်ကြသေးသည့်အတွက်ပြည်တွင်းမှာသာမက ကမ္ဘာကပါ အထူးစိတ်ဝင်တစား စောင့်ကြည့်နေခဲ့ကြရသည်။

မဲစာရင်းများ မစုံညီသေး၍ အတည်မပြုနိုင်ဘဲ ကျန်ရှိနေသော ကျေးရွာများမှာလည်း ရှမ်းတိုင်းရင်းသားလူမျိုးများသာ အဓိကနေထိုင်ကြသော ရွာများဖြစ်၍ အကြိတ်အနယ်ဖြစ်နေခဲ့သော ယခု အားစမ်းပွဲတွင် ခွပ်ဒေါင်းတို့က ခန့်မှန်းတွက်ချက်မှုများဖြင့် တရားဝင် ထွက်ပေါ်လာမည့် ရလဒ်ကို ကြိုတင်လက်ခံလိုက်ရဟန်ပင်ဖြစ်သည်။

## စာ - ၁၃၊ အသက်အရွယ်ရမှ မီးဖွားကြသူများ မှ

"အိမ်ထောင်ပြုတာ နောက်ကျတိုင်းလည်း ကလေးမရနိုင်ဘူးလို့ ကံသေ၊ ကံမ ပြောလို့မရနိုင်ပါဘူး။ အိမ်ရှင်မရဲ့ အသက်ကြီးလေ ကလေးရဖို့ ခက်လေလို့ ယေဘုယျပြောလို့ ရပေမယ့် အတိအကျ ပြောလို့တော့မရဘူး။ ကလေးဆိုတာမျိုးက ရဖို့ကံပါလာရင် ကြံဖန်ပြီးရတတ်ပြီး၊ မရတဲ့ကံပါလာရင်တော့ ဘယ်လိုကြိုးစားကြိုးစားမရတတ်တဲ့ အရာတစ်ခုဖြစ်တယ်"ဟုဒေါက်တာစိုးလွင်ကပြောကြားသည်။

အသက်ကြီးသည့် မိခင်များ စိုးရိမ်လေ့ရှိသည့်ဒေါင်းန်ကလေးဆိုသည်မှာမြင်လိုက်သည်နှင့် ထူးခြားသိသာသည့် အသွင်ရှိသည့် ကလေးများဖြစ်သည်။ တစ်ကမ္ဘာလုံးတွင် မည်သည့် လူမျိုးဖြစ်စေ၊ အသားအရောင် မည်မျှကွာခြားသည်ဖြစ်စေ၊ ကလေးများ၏ မျက်နှာဝိုင်းဝိုင်း၊ ပါးဖောင်းဖောင်း မျက်လုံးများ၏ လေးထောင့်လေးများမှာ အပေါ်ဘက်သို့ ကော့နေပြီး မျက်ခွံမှာ ခပ်အစ်အစ်၊ နှာခေါင်းပြားပြား၊ ပါးစပ်ခပ်သေးသေး ပုံစံများဖြစ်ကြောင်း သိရသည်။

ပါးစပ်ခပ်သေးသေးဖြစ်သော်လည်း လျှာမှာကြီးနေလေ့ရှိကြသည့်အတွက် ကြည့်လိုက်သည့်အခါတွင် လျှာတစ်လစ်တစ်လစ်ဖြစ်နေပြီး နားရွက်သည် ခေါင်းမှ အောက်သို့ ခပ်ကျကျအနေအထားဖြင့် ခေါင်းက ကိုယ်လုံးထက်စာလျှင် ကျဉ်းနေလေ့ရှိကြောင်းဒေါက်တာစိုးလွင်ကပြောသည်။

သူတို့၏ မျက်နှာထားသည် ဒေါသထွက်ခြင်း၊ ဝမ်းနည်းခြင်း၊ စိတ်တိုခြင်း စသည့် ခံစားချက်များ သိသာစွာမဖော်ပြတတ်သည့် ပုံစံမျိုးဖြစ်ပြီး များသောအားဖြင့် ပျော်ပျော်ပဲ နေတတ်လေ့ရှိကြသည်။ ခပ်ပြုံးပြုံးအနေအထားကြောင့် မြင်သူတိုင်းချစ်ခင်၊ သနားကရုဏာသက်စေသည့် မျက်နှာထားမျိုးပိုင်ဆိုင်ပြီး လက်ကလေးများ၊ လက်ချောင်းလေးများမှာ တိုတိုသေးသေးနှင့်လက်ဝါးမှာလည်း တိုတိုပြားပြားအပြင် လက်ဝါးအလယ်တွင်မြန်မာများလက်ပြတ်ဟုခေါ်လေ့ရှိသည့်ကန့်လန့်ဖြတ်အစင်းကြီးတစ်ခုလည်း ထင်ထင်ရှားရှားပါဝင်နေလေ့ရှိကြောင်း သိရသည်။

ထိုကဲ့သို့ ပုံသဏ္ဌာန်အပြင် ကလေးများ၏ ဉာဏ်ရည်များလည်း သာမန်အောက်နိမ့်ကျနေတတ်ပြီး ပုံမှန် လူတစ်ယောက်၏ ဉာဏ်ရည်အိုင်ကျူသည် ၈၀-၁၂၀ ရှိလေ့ရှိသော်လည်း ဒေါင်းန်ကလေးများ၏ ပျမ်းမျှအိုင်ကျူသည် ၄၀-၅၀ ခန့်သာရှိကြောင်း သိရသည်။ ဆိုးလွန်းသည့်ကလေးများတွင် အိုင်ကျူ ၂၀ မပြည့်သူများလည်း ရှိပြီး သိပ်မဆိုးသည့်သူများတွင် အိုင်ကျူ ၇၀ ခန့်အထိရှိတတ်ကြောင်း ဒေါက်တာစိုးလွင်က ဆက်လက်ပြောသည်။

ထိုသို့ အိုင်ကျူနိမ့်ပါးသည့် ဒေါင်းန် ကလေးငယ်များသည် ဉာဏ်ရည်မမီသည့်အတွက် အဆင့်မြင့်ပညာများအား သင်ကြားနိုင်ခြင်း မရှိခြင်းများဖြစ်သည့် အတွက် ဉာဏ်ရည်နိမ့်သည့် ကလေးများအတွက်သီးသန့်ဖွင့်လှစ်ထားသည့်ကျောင်းမျိုးတွင်တက်ရောက်ပညာသင်ကြားရလေ့ရှိသည်။

"အဲလို ကျောင်းတွေမှာကတော့ အပြင်ကျောင်းတွေလို စာကို သတ်မှတ်ထားတဲ့အချိန်အတွင်း သတ်မှတ်ထားတဲ့ စာကို အပြီးသင်ရတာမျိုးတော့ မဟုတ်ဘူးပေါ့။ သူတို့သင်နိုင်တဲ့ပမာဏလောက်ကိုပဲ သူတို့သိသင့်သလောက် အချိန်ယူပြီး သင်ရတယ်" ဟုထိုကဲ့သို့ကလေးများအားပညာသင်ကြားပေးနေသည့် အစိုးရစာသင်ကျောင်းတစ်ခုမှ ကျောင်းအုပ်ဆရာမကြီးတစ်ဦးက ပြောသည်။

ဒေါင်းန်ကလေးများသည် အသက်အရွယ်ကြီးလာသော်လည်း ဉာဏ်ရည်မှာ ကလေးငယ်တစ်ဦး၏ ဉာဏ်ရည်ခန့်သာရှိသဖြင့် ထိုသူများ၏ လှုပ်ရှားသွားလာမှုသည့်အသက်ကြီးလာသော်လည်း ပြောင်းလဲမှုမရှိကြောင်း သိရသည်။

"ပြောရရင်တော့ အသက်ကြီးလာတာနဲ့ ဉာဏ်ရည်မြင့်မားရင့်ကျက်လာရမယ့်အစား ကလေးဘဝမှာပဲ တစ်သက်လုံးနေထိုင်သွားမယ့် ပုံစံမျိုးပါပဲ"ဟု ဒေါက်တာစိုးလွင်ကပြောသည်။

မွေးရာပါ ရောဂါများလည်း ပါရှိပြီး အသက် ၆၀ အထိ နေနိုင်ရန် ၄၅ ရာခိုင်နှုန်းသာရှိကြောင်း သိရသည်။ ထိုကဲ့သို့ ကလေးများသည် မွေးရာပါ မျိုးရိုးဗီဇချို့ယွင်းသည့် ရောဂါပါရှိခြင်းကြောင့် ဖြစ်ပြီး ဒေါင်းန်ကလေးများ မွေးလာနှုန်းသည် မိခင်အသက်ကြီးလေလေ ပိုများလာလေဖြစ်ကြောင်း သိရသည်။

မိခင်အသက် ၂၀ ၌ဒေါင်းန်ကလေးမွေးနိုင်ခြေ ၂၀၀၀ တွင် တစ်ဦး၊အသက်(၃၀)၌တစ်ထောင်တွင် တစ်ဦး၊ အသက် (၃၅)နှစ်၌ ၄၀၀ တွင်တစ်ဦး၊အသက်(၄၀)၌ ၁၀၀တွင်တစ်ဦး၊အသက်(၄၃)နှစ်၌ ၅၀ တွင် တစ်ဦး၊ အသက် (၄၆) နှစ်၌ ၂၅ဦးတွင်တစ်ဦးမွေးဖွားလာနိုင်ကြောင်း သိရသည်။

ထိုကဲ့သို့ ဒေါင်းန်ကလေးများ မွေးဖွားနိုင်မှုသည် အသက်ငယ်သည့် မိခင်များတွင် မမွေးဖွားနိုင်ဟူ၍လည်း မဟုတ်ဘဲ ကမ္ဘာပေါ်ရှိ ဒေါင်းန်ကလေးများ၏ ၈၀ ရာခိုင်နှုန်းခန့်ရှိ မိခင်များသည် အသက် ၃၅ နှစ်အောက် မိခင်များဖြစ်ကြောင်း ဒေါက်တာစိုးလွင်က ပြောသည်။

"သူငယ်ချင်းတစ်ယောက်ဆိုရင် အသက် ၄၅ နှစ်မှ ကိုယ်ဝန်ဆောင်တဲ့အခါအားလုံးကဒေါင်းန်ကလေးလေးမွေးလာမှာ အရမ်းစိုးရိမ်ပေမယ့် မွေးလာတဲ့ ကလေးကျတော့ ဉာဏ်ရည်လည်း အရမ်းကောင်းတဲ့ ကလေးတွေ မွေးလာတယ်။ အဲလိုမျိုးတွေလည်း ရှိတယ်" ဟု ဒေါက်တာစိုးလွင်က ပြောသည်။

မွေးဖွားလာမည့် ကလေးတွင် ဒေါင်းန်ရောဂါရှိ၊ မရှိအားလည်း စစ်ဆေးနိုင်ပြီး ကျွမ်းကျင်ဆရာဝန်များနှင့် တိုင်ပင်ဆွေးနွေးနိုင်ကြောင်း သိရသည်။ ငွေကြေးပိုင်းဆိုင်ရာ ပညာရေးပိုင်းဆိုင်ရာ ပြည့်စုံစေရန် ကြိုးစားရင်းနှင့် မိခင်လောင်းများတွင် ရင်သွေးရတနာများ ရယူနိုင်ရန် အခွင့်အလမ်းနည်းသွားသည့် အခြေအနေများ မဖြစ်စေရန်လည်း ဂရုပြုရမည်ဖြစ်ကြောင်း ပညာရှင်များက အကြံပြုပြောကြားသည်။

7DAY NEWS JOURNAL
Vol.11, No.5 • APRIL 5 , 2012



# ဝမ်းဝလို့ ခါးလှစေချင်

ထင်အောင်ကျော်

ယခု အချိန်တွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ အတော်ပင် မြန်မြန်ဆန်ဆန် ရှိနေကြောင်းကို ပြည်တွင်းမှာသာမက ပြည်ပကပါ ပြောနေကြရပါပြီ။ အားတက်စရာပါ။ သည်လို နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ၏ အကျိုးကျေးဇူးများကို ပြည်သူများ ပိုပြီး ပြည့်ပြည့်ဝဝ ခံစားနိုင်ရန်ဆိုလျှင် နိုင်ငံ၏ စီးပွားရေးကိုပါ ထိထိရောက်ရောက် ပြုပြင်ပြောင်းလဲရန်လိုပါသည်။

သည်ရက်ပိုင်းအတွင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်အကြောင်း၊ နိုင်ငံခြားငွေ တရားဝင်ရရှိနေသူများအား နိုင်ငံခြားငွေကို ခွင့်ပြုထားသည်နှင့်အညီ ကိုင်ဆောင်ခွင့်ပြုမည့်အကြောင်း၊ နိုင်ငံခြားငွေလဲနှုန်းကို အစိုးရက တရားဝင်သတ်မှတ်ပေးမည့်အကြောင်း သတင်းများထွက်ပေါ်လာပါသည်။ အားရစရာပါ။

နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံရေးတည်ငြိမ်မှုရှိရန်အတွက်ဆိုလျှင် စီးပွားရေး တည်ငြိမ်ဖွံ့ဖြိုးမှုသည်လည်း အရေးကြီးပါသည်။ နိုင်ငံသားအများပြည်သူတို့ဝမ်းဝလို့ခါးလှဖို့လိုပါသည်။

မတ်လလယ်ပိုင်းက အိမ်နီးချင်းဘန်ကောက်မြို့တော်သို့ ရုံးတာဝန်ဖြင့်ရက်တိုသင်တန်းတစ်ခု ကျွန်တော်သွားတက်ခဲ့ရပါသည်။ ဆယ့်သုံးနှစ်တာကာလအတွင်း လေးကြိမ်မြောက်ရောက်ဖြစ်ခြင်းပါ။ ပထမဆုံးအကြိမ် သွားရစဉ်တုန်းက ကျွန်တော်နှင့် ခရီးသွားဖော် တက်လမ်းအားကစားဂျာနယ် အယ်ဒီတာချုပ်ဆရာချစ်ဝင်းမောင်က "မြောက်ဥက္ကလာကိုကားမောင်းသွားတာလောက်တောင် မကြာလိုက်ဘူး။ ကမ္ဘာခြားကို ရောက်သွားရသလိုပဲ" ဟု မှတ်ချက်ချခဲ့ဖူးပါသည်။

သည်လိုဆိုလိုက်၍ ထိုင်းကို တစ်ဖက်သတ် အားကျဖို့မဟုတ်ပါ။ သည်လို အခြေအနေရောက်အောင် သူတို့ ဘယ်လိုလုပ်ခဲ့သလဲဆိုတာ စောကြောကြည့်ဖို့သာ ဖြစ်ပါသည်။

ထိုစဉ်က ထိုင်းသည် ၁၉၉၇ စီးပွားပျက်ကပ်နှံ့တွင်းမှ ရုန်းထွက်နေရဆဲ၊ ကျွန်တော် အမှတ်မမှားဘူးဆိုလျှင် ငွေလဲနှုန်းက အမေရိကန်တစ်ဒေါ်လာကို ထိုင်းဘတ်ငွေ ၃၇ ဘတ်နှုန်း။

ကျွန်တော်တို့ကို ထိုင်းအခြေစိုက် ဩြစတြေးလျသတင်းစာတစ်စောင်မှ အိမ်ခံသတင်းထောက်က နတ်လမ်းညွှန်လုပ်၍ လမ်းဘေးမှာ ညစာဟော့ပေါ့စားကြတော့ တစ်ယောက်ကို ၃၅ ဘတ်ခန့်ကျသင့်ခဲ့ပါသည်။ အမေရိကန်တစ်ဒေါ်လာဟုပဲ ဆိုကြပါစို့။

ထိုစဉ်က ငွေလဲနှုန်းနှင့်တွက်လျှင် မြန်မာငွေ ကျပ်တစ်ထောင်နီးပါးပါ။ ထိုစဉ်တုန်းက ရန်ကုန်မြို့လယ် ရှမ်းထမင်းဆိုင်တစ်ဆိုင်မှာ ထမင်းဟင်း ပုံစားတစ်ပွဲကို ၁၂၀၀ ကျပ်ခန့်ကျသင့်ပါသည်။

နောင်ရှစ်နှစ်အကြာ ဘန်ကောက်ကို တစ်ခေါက်ပြန်ရောက်တော့ ထိုင်းငွေဈေးက အတော်မာနေပြီ။ အမေရိကန်တစ်ဒေါ်လာသည် ဘတ် ၃၀ ဝန်းကျင်မှာရှိနေပါသည်။ သာမန် စားစရိတ်က တစ်နပ်ကို ဘတ် ၃၀-၄၀ ဝန်းကျင်ကျသင့်ပါသည်။

ယခုတစ်ခေါက်ရောက်တော့ ကျွန်တော့်လုပ်ဖော်ကိုင်ဖက်၏ ဦးလေးဇနီးမောင်နှံက ကျွန်တော်တို့ တည်းခိုသောဟိုတယ်ကြီးနှင့်တွဲလျက် အဆောက်အအုံကြီးမှာ ဖွင့်ထားသော စားသောက်ဆိုင်တစ်ဆိုင်တွင် နေ့လယ်စာကျွေးမွေးပါသည်။ ဟင်းပွဲတစ်ပွဲဖိုးက ဘတ် ၃၀၀ ကျော်၊ ၄၀၀ ကျော်တွေ။ တော်တော့်ကိုဈေးကြီးပါသည်။

ကျွန်တော်က www.numbeo.com ကိုဝင်ပြီး ထိုင်း၏ လူနေမှုစရိတ်ကိုဝင်ကြည့်ရာ ဈေးမကြီးသော သာမန်စားသောက်ဆိုင်တစ်ဆိုင်တွင် တစ်နပ်စာက ဘတ် ၆၀ ကျော် (၂ ဒသမ ၆၀ ဒေါ်လာ)ခန့်ကျသင့်သည်ဟုဖော်ပြထားပါသည်။ ဒါက ပျမ်းမျှကျသင့်သော ဈေးနှုန်းပါ။ ထိုဝက်ဘ်ဆိုက်မှာပင် အလယ်အလတ်တန်းစား ထိုင်းတစ်ယောက်၏ ပျမ်းမျှတစ်လဝင်ငွေသည် ဘတ် ၁၄၃၀၀ ကျော် (၄၇၇ ဒေါ်လာ ဝန်းကျင်) ဖြစ်သည်။

ကျွန်တော်တို့ကိုဧည့်ခံသော မိတ်ဆွေက ဆိုင်မှစားပွဲထိုးလူငယ်များကို ညွှန်ပြရင်း သူတို့အများစုသည် အလယ်တန်းပညာအဆင့်လောက်ပဲရှိကြောင်းပြောပြသည်။ ထိုမိတ်ဆွေက ထိုင်းမှာ အခြေချနေထိုင်လာတာ နှစ် ၂၀ ခန့်ရှိပြီ။

ဟုတ်နိုင်ပါသည်။ အင်္ဂလိပ်စကားကို သူတို့ လည်လည်ဝယ်ဝယ်မရှိ။ သို့သော် သူတို့တစ်တွေမှာ ဝတ်စုံသပ်သပ်ရပ်ရပ်။ သူတို့ကိုယ်သူတို့လည်း ယုံကြည်မှုရှိဟန်တူသည်။ အလုပ်ကရသော လစာသည် သူတို့အတွက် အတိုင်းအတာတစ်ရပ်အထိ ဂုဏ်သိက္ခာရှိရှိ နေထိုင်ခွင့်ရကြောင်း ထိုမိတ်ဆွေကပြောပါသည်။ "ဒါက စနစ်ကောင်းလို့ပဲ"ဟုလည်း မှတ်ချက်ချပါသည်။

မှန်ပါသည်။ ပြောရလျှင်စနစ်နှင့် စီမံခန့်ခွဲမှုက တွဲနေပါသည်။

ဘန်ကောက်မှာ ကုမ္ပဏီရုံးကြီးများ၊ ရှော့ပင်းစင်တာကြီးများ ဖြင့်ပြည့်နေပါသည်။ ဘန်ကောက်နယ်ခံ ကျွန်တော်တို့မိတ်ဆွေ အဆိုအရ ယင်းတို့ကို ပုဂ္ဂလိက ကုမ္ပဏီကြီးများ၊ ပင်လယ်ရပ်ခြား စီးပွားရေးလုပ်ငန်းကြီးများက ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေခြင်းဖြစ်ပြီး အစိုးရက အခွန်ကောက်ခံသည်။ ဒါက အလွန်အပေါ်ယံကြောဆန်သောအမြင် ဖြစ်ကောင်းဖြစ်ပေမည်။ သို့သော် သည်စနစ်ကြီးက အလုပ်ဖြစ်နေဟန်တော့ရှိပါသည်။ ထိုင်းလေဆိပ်မှာ ယခင်အခါများနှင့်မတူ တစ်မူထူးခြားစွာပင်လူဝင်မှုကြီးကြပ်ရေး၌ အလွန်ရှည်လျားစွာတန်းစီကြရပါသည်။ ကမ္ဘာ့စီးပွားရေးအကျပ်အတည်း၊ နိုင်ငံရေးဆန္ဒပြမှုများနှင့် ယမန်နှစ် ရေကြီးခြင်းဒဏ်များကို ကျော်လွှားလာနိုင်ဟန်လည်းရှိပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံသည်လည်း အနာဂတ်မှာ သည်လိုတိုးတက်နိုင်ရပေမည်။ ဆိုချင်သည်က လူမှုအဆင့်အတန်းမြင့်မားတိုးတက်စေရေးအတွက် အခြေခံကောင်းများ ပေါ်ထွန်းလာစေရေးဖြစ်ပါသည်။

သို့မှသာ ပညာရေး၊ ကျန်းမာရေး စသော အခြေခံကျ၍ တိုင်းပြည်အတွက် အရေးလည်းကြီးသောကဏ္ဍများပါ ဖွံ့ဖြိုးတိုးတက်လာကာ ဒေသတွင်း နိုင်ငံများအလယ် တင့်တယ်လာနိုင်ပေလိမ့်မည်။

သည့်အတွက် ကျွန်တော်တို့ကရော စနစ်ကောင်းများ၊ စီမံခန့်ခွဲမှုကောင်းများကို မဖော်ဆောင်ယူနိုင်ဘူးလား။

စင်စစ် မြန်မာနိုင်ငံမှာ ရေခံမြေခံကောင်းများ ရှိနေပြီးသားပါ။ သည်ကနေ့ ဘန်ကောက်ညချမ်းထိန်ညီးနေသောမီးများထဲတွင် မြန်မာ့သဘာဝဓာတ်ငွေ့ဖြင့် လင်းနေသောမီးများ ပါသည်။ သည်လို အလွန်အရေးကြီးသော သဘာဝသယံဇာတတွေ ကျွန်တော်တို့ဆီမှာရှိနေပါသည်။

စီးပွားရေးပညာရှင်တစ်ဦး ပြောခဲ့ဖူးတာရှိပါသည်။ မြန်မာ့ကျွန်းသစ်သည် ကမ္ဘာမှာ ထိပ်တန်း၊ မြန်မာ့ပတ္တမြားသည်လည်း ကမ္ဘာမှာ ပြိုင်စံရှား၊ သို့စဉ်လျက် ကျွန်တော်တို့က ကြိုက်ဈေးခေါ်မရောင်းနိုင်ဘဲ ဘာကြောင့် သူများပေးသည့်ဈေးနှင့်ပဲ ကျေနပ်နေရတာလဲ။

ဟုတ်ကဲ့။ စနစ်ကြောင့်ဟု သူကဖြေပါသည်။

မကြာသေးခင်က အခွန်အခနှုန်းထားများ တိုးမြှင့်ခြင်းကို နိုင်ငံတကာနှုန်းများဖြင့် နှိုင်းယှဉ်ပြသွားတာတွေ ကြားသိလိုက်ရသည်။ ဟုတ်ပါသည်။ ခေတ်နှင့်အညီ ဖြစ်စေဖို့အတွက် ဒါတွေကို လေ့လာနှိုင်းယှဉ်ကြရပေမည်။

တစ်ဖက်တွင်လည်း မြန်မာပြည်သူ လူများစုကြီး၏ ဝင်ငွေအဆင့်အတန်းကို နိုင်ငံတကာစံများဖြင့် 'မှန်မှန်ကန်ကန်' တွက်ချက်ကြည့်ရန်လိုပါသည်။

ယခု ကြားဖြတ်ရွေးကောက်ပွဲများပြီး၍ နိုင်ငံရေးအခြေအနေ တည်ငြိမ်လာမည်။ နယ်စပ်ဒေသများမှာလည်း ပိုမိုအေးချမ်းလာမည်။ ဒါတွေကို နိုင်ငံတကာက အသိအမှတ်ပြုပြီး ဝိုင်းကြဝန်းကြမည်ဆိုလျှင် အခြေအနေတွေတိုးတက်ကောင်းမွန်လာပါလိမ့်မည်။ နိုင်ငံအစိုးရနှင့် သက်ဆိုင်ရာ တာဝန်ရှိသူအသီးသီးကလည်း နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆီ ပိုမိုအာရုံစိုက်လာနိုင်လိမ့်မည်ဟုလည်း မျှော်လင့်မိပါသည်။

တစ်ခုတော့ သတိပြုစရာရှိပါသည်။ မြန်မာအီးဂရက်စ်တွင် သင်ကြားပို့ချပေးနေသော ဆရာဦးစောမြင့်မောင်နှင့် ကျွန်တော် လွန်ခဲ့သောဆယ်နှစ်လောက်က ဆွေးနွေးခဲ့ဖူးတာရှိပါသည်။ ထိုစဉ်က မြန်မာ့စီးပွားရေးဖွံ့ဖြိုးစေရေးနှင့် ပတ်သက်၍ ကျွန်တော်က မေးကြည့်တော့ သူက ယခုလို ပြောပြခဲ့ပါသည်။

"နိုင်ငံတစ်ခုမှာ စီးပွားရေးလုပ်ကြတဲ့အခါ ဘောလုံးပွဲတစ်ပွဲလိုပေါ့ဗျာ။ ဟိုဘက်ဒီဘက်ကန်ကြတယ်ပေါ့။ အစိုးရက ဒိုင်လူကြီးပဲ။ မှန်မှန်ကန်ကန်ဖြစ်အောင် ပွဲကို ထိန်းရတယ်။

အလွန်စဉ်းစားဆင်ခြင်စရာကောင်းသော ဖွင့်ဆိုရှင်းပြချက်တစ်ခုပါ။ ဒါတွေကို သုံးသပ်ဆင်ခြင်ကာ ရှေ့ခရီးကို ဆက်ကြရပေမည်။

# ဝန်ထမ်းဘဝ အတွေ့အကြုံ

ကိုစံ (မြစ်သား)



၈-၃-၂၀၁၂ ရက်နေ့ အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁ )ရက်မြောက်နေ့ အစည်းအဝေးမှာ လွှတ်တော်ကို ယ်စားလှယ်လောင်းတစ်ယောက်ရဲ့ 'လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ပိုလျှံဝန်ထမ်းများ ပြန်လည်ခန့်အပ်ရန် သို့မဟုတ် နစ်နာကြေးပေးရန် အစီအစဉ်ရှိ/မရှိ'ဆိုတဲ့ မေးခွန်းကိုပိုလျှံဝန်ထမ်းအဖြစ် သတ်မှတ်ပြီး မိခင်ဌာနက စွန့်ပစ်ခံခဲ့ရတဲ့သူတစ်ယောက်အဖို့ စိတ်ဝင်စားမိတာအမှန်ပါပဲ။ ကျွန်တော်နဲ့ ဘဝတူတွေလည်း စိတ်ဝင်စားကြမှာဖြစ်ပါတယ်။

ကျွန်တော် စိတ်ဝင်စားတာဟာ နစ်နာကြေးလိုချင်လို့လည်း မဟုတ်သလို အလုပ်ပြန်ခန့်မလားဆိုတဲ့ မျှော်လင့်ချက်နဲ့ စိတ်ဝင်စားတာမဟုတ်ပါဘူး။ လွန်ခဲ့တဲ့ခုနစ်နှစ်လောက်က ကိုယ်တိုင်ကြုံတွေ့ခဲ့ရတဲ့အဖြစ်ကို အခုလိုအချိန် လွှတ်တော်အစည်းအဝေးလိုနေရာ မှာ အရေးတယူလုပ်ပြီး ဆွေးနွေးမေးမြန်းကြတာကို မယုံကြည်နိုင်အောင်ဖြစ်ရလို့ စိတ်ဝင်စားမိတာဖြစ်သလို အဲဒီ့အချိန်တုန်းက နိုင်ငံ့ဝန်ထမ်းတွေကို ဘယ်လိုပုံစံနဲ့ လျှော့ချပစ်တယ်ဆိုတာကို အားလုံးသိသင့်တယ်ထင်လို့ အတိတ်က အတွေ့အကြုံတစ်ခုကို မျှဝေခြင်းသက်သက်ဖြစ်ပါတယ်။

ကျွန်တော်ဟာ ၂၀၁၁ ခုနှစ် နိုဝင်ဘာလက မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှာ ဒု/လက်ထောက်ကြီးမှူးရာထူးနဲ့ တာဝန်ချထားခြင်းခံရပါတယ်။ အဲဒီ့အချိန်တုန်းက ကျွန်တော်တို့လို စိုက်ပျိုးရေးဘွဲ့ရတွေကို အလုပ်ခန့်တဲ့နေရာမှာ လွယ်လွယ်ကူကူပါပဲ။ စိုက်ပျိုးရေး နိုင်ငံမှာ စိုက်ပျိုးရေးဘွဲ့ရတွေကို သက်ဆိုင်ရာဌာနတွေမှာ အလွယ်တကူ အလုပ်ခန့်တာ အဆန်းတော့ မဟုတ်ပါဘူး။ အူမမတောင့်သော်လည်း သီလစောင့်ခဲ့တဲ့ မိဘနှစ်ပါးရဲ့ ဝန်ထမ်းကောင်းစိတ်တွေ ကိန်းအောင်းနေခဲ့တဲ့အတွက် ဝန်ထမ်းကောင်းအဖြစ်ရပ်တည်မယ်ဆိုရင် လူနေမှုဘဝနိမ့်ကျမှာ သိသိချည်းနဲ့ နိုင်ငံ့ဝန်ထမ်းအလုပ်ကိုရွေးချယ်ခဲ့တာဖြစ်ပါတယ်။

ကျွန်တော့်လုပ်သက် သုံးနှစ်ကျော်ကျော်လောက်မှာ ပိုလျှံဝန်ထမ်းအဖြစ်သတ်မှတ်ခံရပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခဲ့တာဖြစ်ပါတယ်။ အဲဒီလို ပိုလျှံဝန်ထမ်းအဖြစ်သတ်မှတ်ခံရပြီး ဌာနပြောင်းရွှေ့ခြင်းခံခဲ့ရတာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းကဝန်ထမ်းပေါင်း သုံးထောင်ကျော်လေးထောင်နီးပါးပါဝင်ပါတယ်။ အဲဒီထဲမှာ ပညာရှင်အဆင့်နဲ့ ခန့်အပ်ထားတဲ့ စိုက်ပျိုးရေးဘွဲ့ရ လူငယ်တွေအများဆုံးပါဝင်ပါတယ်။ ကျွန်တော့်ရဲ့ခြံမန်နေဂျာကဌာနထဲမှာ ပညာရှင်မျိုးဆက်ပြတ်သွားမှာစိုးတဲ့အတွက် ကျွန်တော့်ကိုသနားခံစာတင်ဖို့ပြောပါသေးတယ်။ ကျွန်တော် ငြင်းခဲ့ပါတယ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို သတင်းပို့တဲ့အချိန်မှာ ကျွန်တော်တို့ကို ဘယ်ရာထူးအဆင့်နဲ့ ဘာတာဝန်တွေပေးမှာလဲလို့မေးတော့ သေချာတဲ့အဖြေတစ်ခုမှ မရခဲ့ဘူး။ လကုန်ရက်မှသာ လစာလာထုတ်ပါဆိုတဲ့ အဖြေပဲရခဲ့တာပါ။ နှစ်လ၊ သုံးလလောက်ကြာတဲ့အခါမှာ ကျွန်တော်တို့ကို တိုင်းထွေ/အုပ်ရုံးက ခေါ်တွေ့ပါတယ်။

စာ(၃၁) သို့

7 DAY NEWS JOURNAL

# ကြားဖြတ်ရွေးကောက်ပွဲ အထူးအချပ်ပို

Vol.11, No.5 • APRIL 5 , 2012

# သမိုင်းဝင်တဲ့ ပွဲ

၂၀၁၂ဧပြီ ၁ ရက်တွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည်သမိုင်းဝင်ကြားဖြတ်ရွေးကောက်ပွဲတစ်ရပ် ကျင်းပခဲ့သည်။

လစ်လပ်သွားသော ပြည်သူ့လွှတ်တော် ၃၇ နေရာ၊ အမျိုးသားလွှတ်တော် ၆ နေရာနှင့် တိုင်းဒေသကြီးလွှတ်တော် ၂ နေရာ စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်နေရာ ၄၅ နေရာအတွက် ဤကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပခြင်းဖြစ်သည်။

ထို ၄၅ နေရာလုံးမှာ ၂၀၁၀ ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအနိုင်ရခဲ့သော အမတ်နေရာများဖြစ်ပြီး၊ ယင်းကိုယ်စားလှယ်များက အုပ်ချုပ်ရေးတာဝန်များကို ရယူထားခြင်းကြောင့် လွှတ်တော်အတွက် လစ်လပ်သွားသောကိုယ်စားလှယ်များနေရာကို ရွေးချယ်ရခြင်းဖြစ်သည်။

လွှတ်တော်အတွင်း စုစုပေါင်းအမတ်နေရာ ၆၅၉ နေရာရှိရာမှ ယခု ၄၅ နေရာသည် ရာခိုင်နှုန်းအားဖြင့် ၇ ရာခိုင်နှုန်းအောက် ဖြစ်သည်။

ကြားဖြတ်ရွေးကောက်ပွဲများကို မူလက ၄၈ နေရာတွင် ကျင်းပရန် စီစဉ်ထားသော်လည်း မတ် ၂၃ ရက်တွင် ရွေးကောက်ပွဲကော်မရှင်က ကချင်ပြည်နယ်ရှိ မဲဆန္ဒနယ် ၃ နေရာကို လုံခြုံရေးအရ ရက်ရွှေ့ဆိုင်းခဲ့သည်။




ကော့မှူးမြို့နယ်




# အစိမ်းရောင်မြေက ခွပ်ဒေါင်းအောင်ပွဲ

သီဟ၊ အိဖြူလွင်

ပြင်ဦးလွင်မြို့၏အေးစိမ့်စိမ့်နံနက်ခင်းတွင် ထိုမြို့၏ အခမ်းအနားဆုံး အဆောက်အအုံများထဲမှ တစ်ခုဖြစ်သော တပ်မတော် စစ်တက္ကသိုလ်၏ အောင်ဆန်းခန်းမရှေ့၌ ဆံပင်တိုတိုပြတ်ပြတ် ပုံစံတူညှပ်ထားသည့် အသက် (၂၅) နှစ်ဝန်းကျင် လူငယ်များ အစုလိုက်၊ အစုလိုက်။

စီတန်းနေကြသူများ နောက်တွင် လော်လီကားများက နောက်ထပ် လူငယ်များကို ထိုနေရာသို့ အသုတ်လိုက် ပို့ဆောင်လျက်ရှိနေသည်။ ထိုလူငယ်များအားလုံးက ဧပြီ ၁ ရက် နံနက် ၆ နာရီဝန်းကျင်တွင် အောင်ဆန်းခန်းမရှေ့၌ အစုအဖွဲ့လိုက် တန်းစီစောင့်ဆိုင်းနေကြခြင်းပင်။


ထို နေ့တွင် ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ဝင်ရောက်မဲပေးရန် တပ်မတော်စစ်တက္ကသိုလ်မှ မဟာဘွဲ့သင်တန်းသားများဖြစ်သည့် တပ်မတော်အရာရှိငယ်များ စောင့်ဆိုင်းနေကြခြင်း ဖြစ်သည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် စုစုပေါင်း မဲဆန္ဒနယ် ၄၅ နေရာရှိရာမှ ပြင်ဦးလွင်သည် တပ်မတော်သားဦးရေအများဆုံးသော မဲဆန္ဒနယ်များထဲမှ တစ်ခုဖြစ်သည်။

"မဲပေးဖို့ ဘာဖိအားမှ မရှိပါဘူး။ လျှို့ဝှက်စွာ မဲပေးခွင့် ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော် ရှုံးသွားရဦးမယ်ဗျာ။ ဒီလောက်ပဲပြောချင်တယ်"ဟု မဲပေးအပြီး ခပ်သုတ်သုတ် ဖြေရင်း ထွက်သွားသူမှာ တပ်မတော်စစ်တက္ကသိုလ် အပတ်စဉ်(၅၃)ဆင်း ဗိုလ်အဆင့်ရှိ အရာရှိငယ်တစ်ဦး ဖြစ်သည်။




ပြင်ဦးလွင်မြို့နယ်




ပုဗ္ဗသီရိမြို့နယ်

မြန်မာနိုင်ငံတွင် ယခင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (တပ်မတော်) အစိုးရလက်ထက် ၂၀၁၀ ခုနှစ် နိုဝင်ဘာ ရွေးကောက်ပွဲမှ တက်လာသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက် အထိပင် တပ်မတော်၏ အခန်းကဏ္ဍသည်အဓိကနေရာမှ ပါဝင် နေဆဲဖြစ်သည်။

လက်ရှိနိုင်ငံရေး အပြောင်းအလဲများနှင့် အခင်းအကျင်းများပေါ်တွင် စိတ်ဝင်တစား စောင့်ကြည့်လျက်ရှိကြသည်။ တပ်မတော်သားများရှိသကဲ့သို့ မိမိ၏ တာဝန်ကိုသာ ကျေပွန်စွာထမ်းဆောင်ပြီး မည်သည့်အစိုးရတက်တက် မိမိအစိုးရဟုသာ ခံယူထားသည့် တပ်မတော်သားများလည်း ရှိသည်။

"ကိုယ့်အလုပ် ကိုယ်လုပ်ရုံပါပဲ။ ခံစားခွင့်တွေ တိုးလာနိုင်တယ်။ လျော့လာနိုင်တယ် ဆိုတာက ကိုယ့်အလုပ်ပေါ်မှာပဲ မူတည်တယ်လို့ထင်တယ်"ဟုပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိတစ်ဦးက ပြောသည်။

ပြင်ဦးလွင်မြို့နယ်အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် ပြည်ခိုင်ဖြိုးပါတီ နှစ်ပါတီသာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး၊ ဧပြီ ၂ ရက်နေ့ နံနက်အထိ ရရှိသော စာရင်းများအရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက အသာစီးဖြင့် အနိုင်ရနေသည်။

ပြင်ဦးလွင်မဲဆန္ဒနယ်ကဲ့သို့ တပ်မတော်သားအရေအတွက်များသည့်မဲဆန္ဒနယ်နောက်တစ်ခုမှာ နေပြည်တော်တိုင်း စစ်ဌာနချုပ်တည်ရှိရာ ပုဗ္ဗသီရိမြို့နယ် မဲဆန္ဒနယ်ဖြစ်သည်။

ဧပြီ ၁ ရက် နံနက် ၈ နာရီနှင့် ၉ နာရီကြား အချိန်တွင် ပုဗ္ဗသီရိမဲဆန္ဒနယ်အတွင်းရှိနေပြည်တော်တိုင်းစစ်ဌာနချုပ်တည်ရှိရာ ၈ လမ်းသွား လမ်းမကြီးထက်

စာ(၁၀)သို့

7DAY NEWS JOURNAL
Vol.11, No.5 • APRIL 5 , 2012



ဒေါ်သင်းအုပ်အား သူမနေထိုင်ရာ တဲအိမ်တွင်တွေ့ရစဉ်

**ကော့မှူးရွေးကောက်ပွဲ**

# လယ်တောမှပို့သသောမေတ္တာ

**အားမာန်၊ ဗိုလ်ဗိုလ်ဝင်း**

**ဘဝတွင်ပထမဆုံးအကြိမ်မဲပေးရန် အသက်၇၁နှစ်အရွယ် အဘွားဒေါ်သင်းအုပ် ဧပြီ၁ရက်မတိုင်ခင်ကတည်းက စိတ်လှုပ်ရှားနေခဲ့သည်။**

**ကြားဖြတ်ရွေးကောက်ပွဲနေ့တွင် သူမနေထိုင်ရာလယ်တောမှ ၂မိုင်ကျော်ဝေးသော ကော့မှူးမြို့သို့ နံနက်စောစောခြေကျင်သွားရန် စီစဉ်ထားသည်။ အဘွားဒေါ်သင်းအုပ်တစ်ယောက် ၁၉၉၀ရွေးကောက်ပွဲကို မသိလိုက်၍ မဲမပေးလိုက်ရ။ ၂၀၁၀ ရွေးကောက်ပွဲတွင်လည်း ခေါင်းမူး၍ မဲမပေးနိုင်ခဲ့။ ထို့ကြောင့် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲမှာ အသက် ၇၁ နှစ်အရွယ် အဘွားအတွက် ပထမဆုံးအကြိမ် မဲပေးခွင့်ရမည့် အတွေ့အကြုံဖြစ်သည်။**

ကော့မှူးမြို့ တာလမ်းသစ်ရပ်ကွက်၊ လယ်ကွင်းပြင်ရှိ တဲ၌ မြေးနှစ်ဦးနှင့်အတူ နေသော အဘွားက အလှမ်းဝေးသော မဲရုံသို့ တကူးတက မဲသွားပေးရန် အကြောင်းရှိသည်။ မဲပေးရမည့်သူကိုလည်း ရွေးချယ်ဆုံးဖြတ်ပြီးဖြစ်နေသည်။ "ရင်ထဲမှာဆုံးဖြတ်ပြီးသား။ ဘယ်သူ့မှ မပြောဘူး။ သာသာလေးမဲပေးခဲ့မှာ"ဟု အဘွားက မတ်လ ၃၀ ရက် ညနေပိုင်းက ဆိုသည်။

ကော့မှူးမြို့နယ်၌ ဝင်ရောက်ယှဉ်ပြိုင်သော ကိုယ်စားလှယ်လောင်း ၃ ဦးထဲမှ ဒေါက်တာစိုးမင်းကို သူမ မသိ။ ဦးတင်ရီ၏ အမည်ကို မကြားဖူး။ ဗိုလ်ချုပ်အောင်ဆန်း၏သမီး၊ နေအိမ်အကျယ်ချုပ် အနှစ် ၂၀ ခန့်နေခဲ့ရသော ဒေါ်အောင်ဆန်းစုကြည်၏ အကြောင်းကိုမူ ရေဒီယိုမှတစ်ဆင့် ကောင်းကောင်းသိသည်။

မတ်လ ၃၁ ရက်ည တစ်ညလုံး အဘွားဒေါ်သင်းအုပ်သွားကိုက်၍ မအိပ်နိုင်။ ဟင်းမချက်နိုင်၍ ကိုးနှစ်အရွယ် မြေးမလေး ယွန်းရွှေရည်နိုင် ချက်ပေးသော ချောင်းရိုးထဲမှ ခူးထားသည့် ပိတ်စွယ်ရွက်ဟင်းနှင့်ထမင်းကြမ်းခဲကို နည်းနည်းသာစားနိုင်သည်။

ရှိသည့်အဝတ်အစားများထဲမှ အသစ်ဆုံး ဖြစ်သည့် သမီးကဝယ်ပေးထားသော အင်္ကျီနှင့် ဖိနပ်၊ တူမကဝယ်ပေးထားသော ထဘီတို့ကိုဝတ်၍ သနပ်ခါးအကျအနလိမ်းကာ ဒေါ်သင်းအုပ်မဲသွားပေးရန် ပြင်ဆင်သည်။ မြေးနှစ်ဦးဖြစ်သော ယွန်းရွှေရည်နိုင်၊ စနိုးဇူလိုင် (အသက် ၇ နှစ်)၊ တဲနီးနားချင်း ၃၈ နှစ်အရွယ် မအေးအေးတို့နှင့်အတူနံနက်၈နာရီ ၁၅ မိနစ်တွင်မဲရုံသို့ခြေလျင်ခရီးစနှင်သည်။

လမ်းတစ်လျှောက် မဲပေးပြီးပြန်လာသူ အသိအချို့က နှုတ်ဆက်သော်လည်း အဘွားသင်းအုပ် နှုတ်ဆိတ်နေ၏။ တစ်ခါတစ်ရံမှသာ မြေးဖြစ်သူနှစ်ဦးနှင့် စကားနည်းနည်းပြောသည်။ မိနစ် ၂၀ ခန့် လမ်းလျှောက်ပြီးချိန်တွင် ဒူးခေါင်းက နာလာသည်။ လွန်ခဲ့သည့် ၂ လခန့်မှ စနာခဲ့သော ဒူးခေါင်းက လမ်းများများလျှောက်လျှင် နာသည်။ ဒူးနာသော်လည်း စိတ်အားထက်သန်နေသည်မို့ ခြေလှမ်းများက သွက်ဆဲ။ မိနစ် ၃၀ လောက် လမ်းလျှောက်ပြီးချိန်တွင် ပါးပြင်ထက်မှ သနပ်ခါးများ ချွေးသီးချွေးပေါက်တို့ကြောင့် ပျက်ကုန်သည်။

၅၅ မိနစ် လမ်းလျှောက်ပြီးချိန် နံနက် ၉ နာရီ ၁၀ မိနစ်တွင် ကော့မှူးမြို့ဝင်သို့ ရောက်သည်။ မြို့အဝင်မှ ဆိုက်ကားငှား၍ ဘုရားလမ်းရပ်ကွက်ရှိ သမီးကြီးအိမ်သွားကာ မဲပေးခွင့်လက်မှတ် ဝင်ယူသည်။ နာဂစ်မုန်တိုင်း (၂၀၀၈ မေ-၂)မတိုက်ခင် နေထိုင်ရာသမီးကြီး၏ အိမ်အနီးရောက်သည်နှင့် အဘွားခြေလှမ်းများ ပိုမိုသွက်လက်လာသည်။

"နင်တို့ငါတို့ပေးတာလိုက်ပေးပေါ့ဟ"တစ်လမ်းလုံး စကားနည်းခဲ့သော အဘွားက တူမဖြစ်သူ ဒေါ်သန်းအေးကို နှုတ်ဆက်ရင်း မဲဆွယ်ခဲ့သည်။ မျက်စိမှုန်၍ မဲပေးရာတွင် အဆင်ပြေရန် သမီးကြီးဖြစ်သူ ဒေါ်အုန်းကြည်နှင့်အတူ မဲရုံသို့ ဆက်သွားသည်။ နံနက် ၉း၃၀ တွင် မဲရုံသို့ဝင်ပြီး သမီး၏ အကူအညီ နှင့်အတူ မဲပေးပြီး ပြန်လာသော အဘွားက မဲပေးရခြင်းအတွေ့အကြုံကို အောက်ပါအတိုင်း ဖွင့်ဟသည်။

"အရမ်းဝမ်းသာတယ်။ ကိုယ်ပေးချင်တာပေးလို့ရတယ်။ မဲရုံမရောက်ခင်တော့ ကိုယ့်ကိုဆီးပြီးတော့ ဟောက်များဟောက်မလားလို့ ထင်တာ။ အမေစုကိုပေးတာပေါ့။ ၃ ကွက်မှာ အောက်ဆုံးကအကွက်။ သမီးက အမှန်ခြစ်ခြစ်ပေးတာ တန်းနေတာပဲ"ဟု အဘွားက ရွှင်ရွှင်လန်းလန်းပြောတော့သည်။

သူမထက် လေးနှစ်ခန့် ငယ်သော ဒေါ်အောင်ဆန်းစုကြည်၏ သတ္တိနှင့်စွမ်းဆောင်မှုများကြောင့် ချစ်ခင်မြတ်နိုးစွာ "အမေစု" ဟု ခေါ်ခြင်းဖြစ်ကြောင်းလည်း သူက ကရှင်းပြသည်။ သူမ မဲပေးနေသော အချိန်တွင် ဝါးသခ်ကျေးရွာတွင် ညအိပ်ပြီး ကော့မှူးသို့ ရောက်နေသော ဒေါ်အောင်ဆန်းစုကြည်ကိုမြင်တွေ့လိုသော်လည်း မမြင်တွေ့ခဲ့ ရ။

ကော့မှူးမြို့နယ်မှ မဲဆန္ဒရှင် အများစုမှာ ဧပြီ ၁ ရက်တွင် အဘွားဒေါ်သင်းအုပ်ကဲ့သို့ ဒေါ်အောင်ဆန်းစုကြည်ကိုသာ မဲပေးခဲ့ကြသည်။

"အန်တီစုကို ချစ်လို့ပါ။ သူ့အကြောင်းသိပ်မသိပေမယ့်လည်း ဗိုလ်ချုပ်အောင်ဆန်းသမီးဖြစ်လို့ လေးစားတာလည်းပါပါတယ်"ဟု ပထမဆုံးအကြိမ် မဲပေးခဲ့သူတစ်ဦးဖြစ်သော အသက် ၂၁ အရွယ် မှော်တောကျေးရွာမှ မကေသီမိုးက ပြောသည်။

ဧပြီ ၃၁ ရက်ညတွင် ဒေါ်အောင်ဆန်းကြည် ညအိပ်ခဲ့ပြီး ၁၂ နာရီခန့် နေခဲ့သော ဝါးသခ်ကျေးရွာမှ အသက် ၉၅နှစ်အရွယ် ကရင်တိုင်းရင်းသူ ဂေါ့မအေး(ဒေါ်အေး)ကလည်း

စာ(၂၉)သို့



7DAY NEWS JOURNAL
Vol.11, No.5 • APRIL 5 , 2012



စာ(၂၈)မှအဆက်

နေသိပ်မကောင်းသည့် ကြားမှ ဒေါ်အောင်ဆန်းစုကြည်အတွက် မဲရုံသို့ လာရောက်မဲပေးခဲ့သည်။

"လူများအောင်လို့ လာတာပေါ့။ မဲများအောင်လို့လေ။ မှန်တဲ့လူကိုထည့်မယ်။ အမှန်အကန်လိုချင်တယ်။ ဘာဖြစ်ဖြစ် မှန်ကန်ရင်ပြီးရော။ တစ်ရွာလုံး တစ်နိုင်ငံလုံး မှန်ကန်ရင်ကောင်းတာပေါ့။ အလိမ်အကွက်ကို မကြိုက်ဘူးလေ" ဟု အဘွားဂါ့မအေးက မဲပေးရခြင်း အကြောင်းရင်းကို ဖွင့်ဟသည်။

"မနက်ဖြန် လက်ဖွေ့ပွဲကို သေသေချာချာ ကြည့်သွားဦး။ လက်ဖွေ့ပွဲဆိုတာ လက်ရည်ညီမှ ကြည့်ကောင်းတယ်" ဝါးသင်ကျေးရွာသားတစ်ဦးက ရွေးကောက်ပွဲကို လက်ဖွေ့ပွဲနှင့်နှိုင်းယှဉ်၍ မတ်လ ၃၁ ရက်ညက ပြောသည်။

သူပြောသကဲ့သို့ပင် မဲရုံအသီးသီး၌ မဲစာရင်းများရေတွက်ပြီးချိန်တွင် ကော့မှူးမြို့နယ်မှ ပြိုင်ပွဲမှာ အကြိတ်အနယ်မဖြစ်ဘဲ ဒေါ်အောင်ဆန်းစုကြည်က ပြိုင်ဘက် ဒေါက်တာစိုးမင်းကို ထင်ထင်ရှားရှား အသာစီးရသည်။ ကော့မှူးမြို့နယ်၌မဲရုံ ၁၂၉ ရုံရှိရာတွင် ဒေါ်အောင်ဆန်းစုကြည်က သမင်ခြံမဲရုံတစ်ရုံတွင်သာဒေါက်တာစိုးမင်းကို ၁၂ မဲဖြင့်ကပ်၍ရှုံးပြီး ကျန် ၁၂၈ ရုံစလုံးတွင် အပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်ကို အကြိမ်ကြိမ်ကန့်ကွက်ခဲ့သောဦးတင်ရီမှာမူ မဲရုံအချို့၌ ၂ မဲ၊ ၃ မဲသာရသည်။

စာရင်းချုပ်သောအခါ ဒေါ်အောင်ဆန်းစုကြည်က ၅၅၉၀၂ မဲ၊ ဒေါက်တာစိုးမင်းက ၉၁၇၂ မဲ၊ ဦးတင်ရီက ၃၉၇ မဲဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်က မဲပေးသူအားလုံး၏ ၈၅ ရာခိုင်နှုန်းကျော်သောမဲများကို ရရှိခဲ့သည်။

"ကော့မှူးသားတွေက သမိုင်းမှာမရိုင်းဘူးနော်" မဲရုံအသီးသီးမှ ရလဒ်များ ထွက်ပေါ်ပြီးနောက် ကော့မှူးမြို့ခံတစ်ဦးက ဆိုင်ကယ်စီးကာ အောင်ပွဲခံရင်းကြွေးကြော်သည်။

နေအိမ်အကျယ်ချုပ်အနှစ် ၂၀ ခန့် နေထိုင်ခဲ့ပြီး အခက်အခဲဆုံးကာလများကို ဖွဲ့သတ္တိအပြည့်ဖြင့်ဖြတ်ကျော်ပြီးပထမဆုံးအကြိမ်ရွေးကောက်ပွဲဝင်ရောက်ယှဉ် ပြိုင်သောဒေါ်အောင်ဆန်းစုကြည်ကို ကော့မှူးမြို့နယ်မှ မဲဆန္ဒရှင်များကအပြတ်အသတ် ထောက်ခံခဲ့သည်။

မဲစာရင်းများ ရေတွက်ပြီးချိန် ညနေ ၆ နာရီခွဲမှ ည ၉ နာရီခန့်အထိ ကော့မှူးမြို့နယ်ရှိ ကျေးရွာများနှင့် မြို့ပေါ်မှ ဒေါ်အောင်ဆန်းစုကြည်ကိုထောက်ခံသူများက ကားများ၊ ဆိုင်ကယ်များ၊ ထော်လာဂျီများဖြင့် စီတန်းလှည့်လည်ကာ အောင်ပွဲခံကြသည်။

နေဇော် သီဆိုထားသော "ထလော့မြန်မာ" သီချင်းနှင့် လားရှိုးသိန်းအောင်၏ "အမေစုပြန်လာပြီ" သီချင်းသံများက သောသောညံနေသည်။ ဒေသခံအားလုံးက ဧပြီ ၁ ရက်ညကဲ့သို့ လူအားလုံး ပျော်ရွှင်မြူးထူးကာ စည်ကားသည့် မြင်ကွင်းမျိုးတစ်ကြိမ်မှ မကြုံဖူးကြောင်း မှတ်ချက်ပေးကြသည်။

"ဒီလိုခေါင်းဆောင်တစ်ယောက်ပေါ်ဖို့ကျွန်တော်တို့တိုင်းပြည်မှာ နှစ် ၅၀ စောင့်ခဲ့ရတယ်။ ဝမ်းသာတာတော့ ပြောမပြတတ်အောင်ဘဲ။ ဒီအချိန်မှာ ကျွန်တော်ဟိုလူအုပ်ထဲ (အောင်ပွဲခံနေသောလူထု) သေသွားရင်တောင် သေပျော်ပြီ" ဟု သမင်ခြံကျေးရွာမှ အသက် ၂၄ နှစ်အရွယ် ကိုကျော်ဌေးကပြောသည်။

သူတို့ထောက်ခံသော ဒေါ်အောင်ဆန်းစုကြည်ထံမှ ဘာကိုမျှော်လင့်ပါသလဲဟု အမေးတွင် မဲဆန္ဒရှင်အချို့က သူမပြောခဲ့သော တရားဥပဒေစိုးမိုးရေး၊ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် စွမ်းဆောင်မှုပေးရန်မျှော်လင့်ကြောင်း ပြောသည်။

"ဘာမှတော့ မမျှော်လင့်ထားပါဘူး။ တစ်ခုပါပဲ။ လူထုရှေ့မှာ မားမားမတ်မတ် ရပ်တည်ပေးရင်ပဲ ကျေနပ်ပါပြီ" ဟု မှော်တောကျေးရွာမှ အသက် ၅၂ နှစ်အရွယ်ဦးသန်းထွန်းကပြောသည်။

၁၉၉၀ ရွေးကောက်ပွဲတွင် NLD ကို မဲမပေးခဲ့ဘဲ၊ တစည်ပါတီကို မဲပေးခဲ့ပြီး ယခုအကြိမ်တွင်မှ NLD မဲပေးခဲ့သော မှော်တောကျေးရွာမှ ဦးသိန်းဖေကလည်း "ဒီတစ်ခေါက်တော့ ဒေါ်စုပဲပေးမယ်။ သူ့ရဲ့အနစ်နာခံ စွမ်းဆောင်မှုတွေကြောင့်ပဲ။ အမေစုဖြစ်လည်း အောက်ခြေကောင်းဖို့လိုပါတယ်။ အပေါ်ဘယ်လောက်ကောင်းကောင်း၊ အောက်ခြေမကောင်းရင် ဒီအတိုင်းပဲသွားမှာပဲ။ အောက်ခြေအကြောင်း သေသေချာချာသိဖို့လိုတယ်" ဟု ပြောသည်။

"ကိုယ့်တာဝန်တော့ကျေသွားပြီ။ အများကြီးတော့ မမျှော်လင့်ပါဘူး။ သူကျန်းမာအသက်ရှည်ဖို့ပဲ။ မြေးတွေခေတ်မှာတော့ ပညာတတ်ကြီးတွေ ဖြစ်စေချင်တယ်" ဟု အဘွားဒေါ်သင်းအုပ်က ဒေါ်အောင်ဆန်းစုကြည်ထံမှ သူ၏မျှော်လင့်ချက်ကို ပြောသည်။

ကော့မှူးမြို့လယ်တွင် ဒေသခံများ အောင်ပွဲခံချိန်၌ တာလမ်းသစ်ရပ်ကွက် လယ်ကွင်းပြင်မှ ခနိမိုး၊ ခနိကာ တဲငယ်အတွင်း အဘွားဒေါ်သင်းအုပ်ရေချမ်းကပ်ရင်းဆုတောင်းနေသည်။ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်ကျနေသောကာလများ တစ်လျှောက်တွင်လည်း ကျန်းမာအသက်ရှည်အောင်မြင်ရန် အဘွားက အမြဲဆုတောင်းခဲ့သည်။ ဖန်ခွက်အတွင်း ဒေါ်အောင်ဆန်းစုကြည်၏ သက်စေ့ ရေ ၆၇ ဇွန်းထည့်၍ ရေချမ်းကပ်ရင်း ဒေါ်အောင်ဆန်းစုကြည် ကျန်းမာအသက်ရှည်ရန် ဒေါ်သင်းအုပ်တစ်ယောက်ဆုတောင်းပေးနေသည်။



မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မဲရုံတစ်ရုံတွင် မဲရေတွက်နေသည်ကို စောင့်ဆိုင်းနေကြစဉ်

## အသံတွေဆူညံခဲ့သော်လည်း အောင်မြင်ခဲ့သည့် ရွေးကောက်ပွဲ

သတင်းအဖွဲ့

ဧပြီ ၁ ရက်ကြားဖြတ်ရွေးကောက်ပွဲနေ့တွင် လူပြောအများခဲ့ဆုံးအကြောင်းအရာမှာ မဲလက်မှတ်များပေါ်တွင် ဖယောင်းသုတ်ထားသည်ဟု ထင်မြင်ခြင်းနှင့် မဲစာရင်းတွင် မပါဝင်ဘဲ မဲပေးခွင့်မရခဲ့သည့်ကိစ္စတို့ဖြစ်သည်။

စာ(၄၀)သို့



7 DAY NEWS JOURNAL
Vol.11, No.5 • APRIL 5 , 2012

## PHOTOS OF BY-ELECTIONS DAY



ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိမဲရုံနှစ်ရုံပေါင်းဖွင့်လှစ်ထားသော ACE ဆောက်လုပ်ရေးလုပ်ငန်းဝင်းအတွင်းရှိမဲရုံရှေ့တွင် မဲပေးရန် စောင့်ဆိုင်းနေကြသော ဆောက်လုပ်ရေးဝန်ထမ်းများ (ဓာတ်ပုံ - ကျော်ဇေယျ)



ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါ်အောင်ဆန်းစုကြည်ကို ဆီးကြိုပွေ့ဖက်နှုတ်ဆက်နေသည့် ကော့မှူးဒေသခံတစ်ဦး (ဓာတ်ပုံ - )

## နိုင်ငံတကာမှ တုံ့ပြန်သံများ

“ဧပြီလ ၁ ရက်တွင် တူရကီနိုင်ငံ၊ အီစတန်ဘူးလ်မြို့သို့ ရောက်ရှိနေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စဟီလာရီကလင်တန်က မြန်မာနိုင်ငံ၏ ကြားဖြတ်ရွေးကောက်ပွဲ မဲဆွယ်မှုနှင့် ပါဝင်ခဲ့သူများကို ဂုဏ်ပြုစကားပြောကြားလိုက်သည်။ ပြုပြင်ပြောင်းလဲရေးကြိုးပမ်းမှုများကိုလည်း ဆက်လက်ထောက်ခံသွားမည်ဟု မစ္စကလင်တန်ကပြောကြားသည်။ ရှေ့ခရီးလမ်းတွင်မူ အာဏာပိုင် များအနေဖြင့် ရွေးကောက်ပွဲစနစ်ကို နိုင်ငံတကာ စံချိန်စံနှုန်းမီရေးဆီသို့ လုပ်ဆောင်ရေးမှာ အရေးပါမည်ဖြစ်ကြောင်း

- **အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်**

“မြန်မာနိုင်ငံ၏ သမိုင်းဝင်ကြားဖြတ်ရွေးကောက်ပွဲမှာ အဆင်ပြေချောမွေ့ခဲ့ကြောင်းနှင့် ဆန္ဒမဲပြားတွင် မူမမှန်မှုများရှိသည်ဟူသော ပြောဆိုမှုများကို လေးလေးနက်နက်တိုင်ကြားမှုများမကြားမိကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများအသင်းမှ လေ့လာသူများကိုလည်း မြန်မာနိုင်ငံ၏ ကြားဖြတ်ရွေးကောက်ပွဲအတွက် ဖိတ်ကြားခဲ့သည်။ မြန်မာနိုင်ငံတွင် ရောက်ရှိနေသော လေ့လာသူများက အရာအားလုံး တော်တော်လေး အဆင်ပြေချောမွေ့နေပုံရကြောင်း၊ မူမမှန်မှုများ ရှိသည်ဆိုသောပြောကြားမှုများမှာအခြားနိုင်ငံများတွင် ပြုလုပ်သည့် ရွေးကောက်ပွဲများ တွင်လည်း ဖြစ်လေ့ဖြစ်ထရှိကြောင်း၊ ရွေးကောက်ပွဲ တွင်ပါတီအားလုံးက တက်တက်ကြွကြွပါဝင်ဆင်နွှဲခဲ့ကြပြီး ယင်းမှာနိုင်ငံ အတွက်အတိတ်နိမိတ်ကောင်းဖြစ်ကြောင်း

- **အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်**

“မြန်မာဟာ ကြားဖြတ်ရွေးကောက်ပွဲတွေကို ပွင့်လင်းမြင်သာမှုနဲ့ လွတ်လပ်မှုရှိဖို့ သေချာကြိုးပမ်းမယ်ဆိုတဲ့ ခံယူချက်ကို ရှင်းရှင်းလင်းလင်း ပြသခဲ့ပါတယ်။ မြန်မာပြည်သူတွေဟာ နိုင်ငံသားတွေအဖြစ် မဲပေးကြဖို့ သူတို့ရဲ့တာဝန်ကို သတိပြုခဲ့ကြပါတယ်


- **မြန်မာနိုင်ငံဆိုင်ရာမလေးရှားသံအမတ်ကြီး ဒေါက်တာအာမက်ဖိုင်ဆယ်မူဟာမ်မတ် (ရွေးကောက်ပွဲလေ့လာရန် ဖိတ်ကြားခံရသူ)**

“ဒီကြားဖြတ်ရွေးကောက်ပွဲတွေဟာ မြန်မာပြည်အတွက် ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်ကို ပိုပြီးနောက်ပြန်မသွားနိုင်အောင် ဖန်တီးတဲ့ အခွင့်အလမ်းတစ်ရပ်ဖြစ်ပါတယ်

- **အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မာတီနက်တယ်လီဂါဝါ**

“ဒီရွေးကောက်ပွဲတွေဟာ မြန်မာနိုင်ငံက ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဖြစ်စဉ်ကို ထိရောက်စွာလုပ်နိုင်တယ်လို့ ယုံကြည်ကြတဲ့ ကမ္ဘာ့အသိုင်း အဝိုင်းကို သက်သေခံပြချက်တစ်ခုဖြစ်ပါတယ်

- **ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး အဲလ်ဘတ်ဒယ်လ်ရိုဆာရီယို**




### စာ(၂၇) - အစိမ်းရောင်မြေက ခွပ်ဒေါင်းအောင်ပွဲ မှ



တွင် ပုံမှန်အတိုင်း ယာဉ်သွားလာမှုများမှအပ ရှင်းလင်းနေသည်။ စစ်ဌာနချုပ်အတွင်း မဲရုံ ၃ ရုံရှိသော်လည်း စစ်ဌာနချုပ်ရှေ့ဂိတ်ပေါက်မှ ကြည့်လျှင် ထူးခြားသောလှုပ်ရှားမှုများမရှိဘဲ ငြိမ်သက်တိတ်ဆိတ်နေသည်။

မဲရုံများအားလုံးသို့ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကိုဝင်ရောက်ခွင့်ပြုထားသော်လည်း စစ်ဌာနချုပ်အတွင်းရှိ မဲရုံများကို သက်ဆိုင်ရာပါတီများ၏ မဲရုံကိုယ်စားလှယ်မှအပ အခြားသူများ ဝင်ရောက်ခွင့် မရှိခဲ့။

ထိုမဲဆန္ဒနယ်အတွင်းရှိလေကြောင်းရန် ကာကွယ်ရေးတပ်၏ မဲရုံ ၁ ရုံကမူ နံနက် ၈ နာရီခွဲကပင် မဲပေးပြီးဖြစ်သည့်အတွက် မြို့နယ်ကော်မရှိသို့ ဆန္ဒမဲလက်မှတ်များအားလုံးကို ရေတွက်အပ်နှံခဲ့သည်။

ပုဗ္ဗသီရိတွင်လည်း ပြည်ခိုင်ဖြိုးပါတီက ပြင်ဦးလွင်ကဲ့သို့ပင် မဲအသာစီး ရနေသည်။

ပြင်ဦးလွင်မြို့နယ် တပ်မတော်အုပ်ချုပ်မှုကျောင်းအတွင်း မဲရုံတွင် ကြီးကြပ်လျက်ရှိသည့် တပ်မတော်အုပ်ချုပ်မှုကျောင်းမှ ဗိုလ်မှူးအဆင့်ရှိသူ အရာရှိတစ်ဦးက

“ဘယ်သူ့ကို ဘာပေးပါလို့ ကန့်သတ်ထားတာ မရှိဘူး။ လွတ်လွတ်လပ်လပ် ပေးလို့ရတယ်။ ဘယ်လိုပဲ ပြောင်းလဲ ပြောင်းလဲ တပ်က တပ်ပဲ”ဟု ဆိုသည်။

တပ်မတော်သား မဲဆန္ဒရှင်အားကောင်းရာ နယ်မြေဒေသတစ်ခုဖြစ်သော မကွေးမြို့မှ မဲဆန္ဒရှင် တပ်မတော်သားတစ်ဦးက “သိတဲ့အတိုင်းပဲလေ။ တပ်မတော်သားဆိုတော့ပြည်ခိုင်ဖြိုးကိုပဲ မဲပေးခဲ့တယ်။ ကိုယ့်ဆန္ဒနဲ့ကိုယ်ကြိုက်လို့ပေးခဲ့တာ”ဟုပြတ်ပြတ်သားသားစကားဆိုသည်။

ကြားဖြတ်ရွေးကောက်ပွဲကနေ အပြောင်းအလဲတစ်စုံတစ်ရာမြင်တွေ့လာနိုင်သည်ကိုလည်း မျှော်လင့်လျက်ရှိသည့် တပ်မတော်သားအချို့ကိုလည်း တွေ့ရသည်။

“အပြောင်းအလဲအများဆုံးလုပ်ပေးနိုင်မယ်ထင်တဲ့ပါတီပဲ မဲ ပေးခဲ့ပါတယ်။ ပါပဲပြောပြောပြောင်းလဲမှုရှိရင် အနည်းအများပိုကောင်းသွားမယ်ထင်ပါတယ်”ဟုအခြားအဆင့်တပ်မတော်သားတစ်ဦးက မျှော်လင့်စကား ဆိုသည်။

“ကျွန်တော်တို့ မြင်တွေ့ခဲ့ရတာနဲ့ပတ်သက်လို့ ပျော်ရွှင်ရပါတယ်။ မြန်မာနိုင်ငံဟာ အခု လုံးဝခြားနားသွားပါပြီ။ ဒီမှာ ကျွန်တော်တို့နေခဲ့တဲ့ သုံးရက်အတွင်း ဘယ်စစ်သားနဲ့ ရဲတပ်ဖွဲ့ဝင်တွေမှ မမြင်ခဲ့ရပါဘူး

- **ချာဟန်းဇန် (ကမ္ဘောဒီးယားမှ ရွေးကောက်ပွဲလေ့လာသူ)**



# စေတနာထားပေးပါ

■ မုန်လိုသူ



**တစ်**ချိန်တုန်းက ရန်ကုန်မြို့သည်မြန်မာနိုင်ငံ၏မြို့တော်ဖြစ်ခဲ့ဖူးလေသည်။ ခေတ်အဆက်ဆက် အစိုးရမင်းများ နေထိုင်အုပ်ချုပ်ခဲ့ရာမှသည် ၁၉၉၇ ခုနှစ်မှစ၍ တဖြည်းဖြည်း မေးမှိန်ထားခဲ့သည်မှာ ယနေ့အချိန်ထိ ဖြစ်ခဲ့သည်။ သမ္မတကြီးဦးသိန်းစိန်၏ ဒီမိုကရေစီအစိုးရလက်ထက်တစ်နှစ်မပြည့်တပြည့်အချိန်တွင် ၂၀၁၃ ခုနှစ်၊ အရှေ့တောင်အာရှပွဲတော် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရ၍လား၊ ၂၀၁၄ ခုနှစ်တွင်မြန်မာနိုင်ငံသည် အလှည့်ကျအာဆီယံဥက္ကဋ္ဌဖြစ်၍ပဲလား မပြောတတ်ပါ။ လမ်းများကို ပြုပြင်နေခဲ့သည်မှာ နေရာအနှံ့အပြားတွေ့ခဲ့ရ၏။ ပေါက်ပြဲနေသော လမ်းအိုလမ်းဟောင်းများကို ဖာထေးပြုပြင်ခြင်း၊ လမ်းဘေးပလက်ဖောင်းများကို အသစ်ပြန်လည်ခင်းကျင်းခြင်းနှင့် ဘတ်စ်ကားမှတ်တိုင်များအားပုံစံအသစ်လေးများဖြင့်ပြုပြင်ဆောက်လုပ်ခဲ့သည်များကို တွေ့ရသည်မှာ စိတ်ချမ်းမြေ့စရာ ဖြစ်ခဲ့ရပါသည်။

သို့သော်လည်း လမ်းတွေကောင်းနေရုံနှင့် မပြီးသေးပါ။ နောင်အနှစ်သုံးဆယ်အတွင်းမှာ ရန်ကုန်မြို့သည် စင်ကာပူနိုင်ငံကဲ့သို့ ဖြစ်ရမည်ကို ကြွေးကြော်ထားခဲ့ပြီးပြီ မဟုတ်ပါလား။ ခေါင်းစဉ်တပ်ပြီးလျှင်တော့နိဒါန်း၊ စာကိုယ်၊ နိဂုံးဆိုပြီး ငယ်ငယ်က စာစီစာကုံးရေးသလို ပြီးဆုံးအောင်ရေးဖို့လိုပေလိမ့်မည်။ (ခေါင်းစဉ်တပ်ပြီး အလုပ်မဖြစ်ခဲ့သော မအောင်မြင်ခဲ့သော အလုပ်များစွာတို့သည် ရှေ့၌သာဓကများစွာ ရှိခဲ့ပါ၏။) သို့ဆိုလျှင် လမ်းတံတားမှ မဟုတ်အဆောက်အအုံ၊ လူတွေရဲ့ စိတ်ဓာတ် အစစအရာရာ ပြုပြင်ပြောင်းလဲနိုင်မှသာ ဖြစ်ပေလိမ့်မည်။ ယခုဆိုလျှင် ယာဉ်အို ယာဉ်ဟောင်းများကို အပ်နှံ၍ ကားသစ်တင်သွင်းခွင့် ပါမစ်များထုတ်ပေးခဲ့သည်မှာ အစီးရေသုံးသောင်းကျော်သွားပြီဟု သိခဲ့ရပါသည်။ ထို့ကြောင့် ရန်ကုန်မြို့၏ လမ်းမများထက်မှာ ကားသစ်များဖြင့် အမြင်တင့်ခဲ့သည်မှာလည်း ငြင်းစရာမရှိ။ နံပါတ်မရေးသေးဘဲနှင့် မောင်းနှင်နေကြသည်မှာ ဥပဒေထုတ်ပြီး တားခဲ့ရသည်အထိ ဖြစ်ခဲ့ရပါသည်။ ထိုထက် ပိုကောင်းသည်မှာ ယာဉ်ဟောင်းတစ်စီးအပ်ယာဉ်သစ်တစ်စီး တင်သွင်းခွင့်ပေးလျှင် ပို၍ကောင်းမည်ဟုထင်မြင်မိပြန်သည်။

ကိုယ်ပိုင်ယာဉ်ငယ်များကို အသစ်အသစ်သော ပုံစံတို့ဖြင့်ပြုပြင်ပြောင်းလဲ၍ ရန်ကုန်မြို့ကို အလှဆင်မည်ဆိုလျှင် ဆင်းရဲချမ်းသာမရွေး စီးနေကြရသော ဘတ်စ်ကားများကိုလည်း ပြုပြင်ပြောင်းလဲဖို့လိုပေလိမ့်မည်။ အခြားအခြားသော နိုင်ငံများသည် နှစ်ထပ်ကားကြီးများဖြင့် မြို့တော်၏ အလှကိုဆင်နေချိန်တွင် ကျွန်တော်တို့နိုင်ငံသည် ဘာမှမထူးခြားသော အထူးကားများဖြင့်သာဆက်လက်ပြေးဆွဲနေဦးမည်ဆိုလျှင်ဖြင့် ရန်ကုန်မြို့၏ လိုင်းကားလောကသည် အရုပ်ဆိုးနေပေဦးမည်။ အရုပ်ဆိုးအကျည်းတန်သည့် လိုင်းကားများကို ဓာတ်ပုံနှင့်တကွ ဖော်ပြပေးလိုက်ပါသည်။ သက်ဆိုင်ရာလူကြီးမင်းတို့သည်လည်းမသိ၍ မပြုပြင်သည်လား၊ သိလျက်နှင့် မပြောင်းလဲတာလားဆိုတာ ဝေခွဲမရပြန်။ ယခုကဲ့သို့ဓာတ်ပုံနှင့်တကွ ဖော်ပြပေးလိုက်ခြင်းဖြင့် ပြုပြင်ပြောင်းလဲနိုင်မည်ဟုလည်း တွေးထင်မိပြန်ပါသည်။

ရန်ကုန်မြို့တွင်း၌ လိုင်းကားများစွာ ရှိပါသည်။ အခြားအခြားသော ယာဉ်လိုင်းတို့သည် စီးသည့် ခရီးသည်နှင့်ပြေးဆွဲနေကြသော ယာဉ်တို့မျှတလုံလောက်နေသည်ဟု မြင်မိ၏။ ယခု ကျွန်တော် ဖော်ပြမည်ဖြစ်သော ခရီးစဉ်နှင့် လိုင်းကားသည် ရန်ကုန်မြို့ အလုံမြို့နယ် ထရော်လီကွေ့ မှတ်တိုင်မှ တောင်ဥက္ကလာ ကျိုက္ကဆံဘုရားသို့ ပြေးဆွဲနေသော ၁၀၇ ယာဉ်လိုင်းအကြောင်း ဖြစ်ပါသည်။ ထိုယာဉ်လိုင်းရှိ ကားအစီးရေနှင့် စီးသည့် ခရီးသည်မမျှတလွန်းခြင်းသည် အန္တရာယ်ကို ဖိတ်ခေါ်နေသကဲ့သို့ ဖြစ်၏။ နှစ်စဉ်ယာဉ်မတော်တဆမှုများကြောင့် သေဆုံးခဲ့ကြရသည့် ခရီးသွားပြည်သူများ မြောက်မြားစွာ ရှိခဲ့ပါသည်။ ထိုခရီးစဉ်သည် ထိုယာဉ်လိုင်းမှ တစ်ပါး အခြားအခြားသောနံပါတ်ဖြင့် ပြေးဆွဲသည့်ကားများ မရှိပါ။ ထိုခရီးစဉ်ကို နေ့စဉ်အသုံးပြုနေကြသော ခရီးသွားများသာ အသိဆုံးဖြစ်ပါသည်။

ကျွန်တော်နေ့စဉ် တွေ့နေရသော အဖြစ်တို့သည် ဘယ်တော့မှ မရိုးသွားပါ။ ကြည့်ရမြင်ရသည်မှာ အသည်းတထိတ်ထိတ် ရင်တဖိုဖိုဖြင့် ထိတ်လန့်စရာကောင်းပါသည်။

လူ ၁၆ ယောက်သာ တင်နိုင်သော ဟိုင်းလတ်ကားလေးကို အယောက် ၅၀ လောက်အထိ တင်ဆောင်၍ သွားနေသည်မှာ ကြောက်စရာကောင်းလှပါသည်။ နောက်မှလည်း အယောက် ၂၀ လောက် တွယ်ထား၏။ ဘေးဘောင်များမှာလည်း တစ်ဖက်ကို ငါးယောက်လောက်စီ တွယ်ထားကြသေးသည်။ တစ်ခါတစ်ရံ ခေါင်မိုးပေါ်များ၌ပင် စီးသွားနေကြရသည်ကို ပုံပါအတိုင်းမြင်နိုင်ပါသည်။ ကားကို မမြင်ရ လူပဒေသာပင်ကြီး ဖြစ်နေ၏။ တစ်ခါတစ်ရံ ရှေ့ဘီးများပင် လွတ်သွားတတ်ပါသေးသည်။ ယာဉ်မောင်းဒရိုင်ဘာ၊ စပယ်ယာများ၏ လောဘကြောင့် တင်ကြသလို ခရီးသည်များက အလုအယက်တက်စီးသောကြောင့်လည်း ဖြစ်ပါသည်။

အဘယ်ကြောင့် ထိုသို့ဖြစ်ရပါသနည်း။ ခရီးသည်များသည် ယာဉ်မတော်တဆဖြစ်ခဲ့လျှင် ကျိုးပဲ့၊ သေကြမည်မှန်း သိသော်လည်း အသိဉာဏ်မရှိ မိုက်မဲစွာဖြင့် စီးနင်းနေကြခြင်း မဟုတ်ပါ။ ရွေးချယ်စရာ မရှိသောကြောင့် ထိုသို့စီးနေကြရခြင်းဖြစ်၏။ တစ်စီးလာလည်း အပြည့်အကျပ် နောက်တစ်စီးလာတော့လည်း တက်မရဆိုတော့ဖြစ်သလိုတွယ်စီးရခြင်းဖြင့် အလုပ်ချိန် ရုံးချိန်နောက်မကျအောင် ကြိုးစားနေကြရခြင်း ဖြစ်ပေသည်။ ယောကျ်ားလေးများသာမက မိန်းကလေးများလည်း ထိုနည်းတူပင် တွယ်စီးကြရပါသည်။ နောက်ဘက်မှ ယောကျ်ားလေးများက ကာထားသည်ဆိုသော်လည်း မလိုလားအပ်သော အထိအတွေ့များလည်းခံကြရမှာ မလွဲပါ။ ထိုအချိန်၌ ဝိစီမှတ်လျှင်တောင် မှတ်တဲ့သူအဆိုးဖြစ်ပေလိမ့်မည်။

ထိုကဲ့သို့ ဖြစ်ပျက်နေခြင်းသည် ရန်ကုန်မြို့ကို အကျည်းတန်စေပါသည်။ ခရီးသွားပြည်သူများကို အန္တရာယ်တွင်းထဲသို့ ဆွဲသွင်းနေသည်နှင့် တူပါသည်။ ဖြစ်နိုင်လျှင် နောက်ကားအသစ်များဖြင့် လိုင်းအသစ်ထပ်၍ ပြေးဆွဲစေချင်ပါသည်။ နေ့စဉ်စီးနင်းနေကြသော ခရီးသည်များ၏ ကိုယ်စား တောင်းပန်ပါသည်။ ထိုခရီးစဉ် ထိုလမ်းကြောင်းကို ကားသစ်များ အမြန်ဆုံးစီစဉ်၍ ပြေးဆွဲစေခြင်းဖြင့် သက်ဆိုင်ရာ လူကြီးမင်းများသည် ခရီးသွားပြည်သူများအပေါ် စေတနာထားပါသည်ဆိုတာကို သက်သေပြမည်ဟုလည်း ယုံကြည်မိပါတော့သည်။ ခရီးသွားပြည်သူအများ ကျန်းမာချမ်းသာစွာဖြင့် ခရီးသွားနိုင်ကြပါစေ။ ။

## စာ - ၂၆၊ ဝန်ထမ်းဘဝ အတွေ့အကြုံမှ

လျှပ်စစ်၊ သ/မ၊ စက်မှု(၁)ဌာနတွေကို ပြောင်းရွှေ့ဖို့နဲ့ မပြောင်းလိုပါက အလုပ်ထွက်နိုင်ကြောင်းပြောတာဖြစ်ပါတယ်။ ကျွန်တော်တို့ ရထားတဲ့ဘွဲ့နဲ့ ပြောင်းရမယ့်ဌာနတွေက ဘာမှမသက်ဆိုင်တာဖြစ်တဲ့အတွက်ကျွန်တော်ကတော့တစ်ခါတည်းပဲ အလုပ်ထွက်စာတင်ခဲ့တယ်။ သိပ်မကြာပါဘူး။ နုတ်ထွက်ခွင့်ပြုကြောင်း အကြောင်းကြားစာ ကျွန်တော့်ဆီကိုရောက်လာပါတယ်။ ဒါဟာ လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်က ကျွန်တော့်ရဲ့ အတွေ့အကြုံပါ။

အတိတ်ကို အတိတ်မှာထားခဲ့လို့မရပါဘူး။ အနာဂတ်တည်ဆောက်နေတဲ့ ပစ္စုပ္ပန်အချိန်မှာ အတိတ်က သင်ခန်းစာဆိုတာ တန်ဖိုးဖြတ်လို့မရပါဘူး။

ဒီမိုကရေစီစနစ်ကိုအကောင်အထည် ဖော်နေတဲ့အချိန်မှာ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေး ဖြစ်ပေါ်လာဖို့ဆိုရင် နိုင်ငံ့ဝန်ထမ်းတွေရဲ့ အခန်းကဏ္ဍကို လျစ်လျူရှုထားလို့မရပါဘူး။ တစ်နိုင်ငံလုံးမှာရှိတဲ့ လူဦးရေနဲ့အချိုးချရင် မပြောပလောက်တဲ့ အရေအတွက်ပဲရှိတယ်ဆိုပြီး ဝန်ထမ်းတွေရဲ့ အခွင့်အရေးတွေ၊ ရပိုင်ခွင့်တွေကို လျစ်လျူရှုထားမယ်ဆိုရင်၊ အောက်အဆင့်က အထက်အဆင့်ကို ကြောက်နေရဦးမယ်ဆိုရင်၊ အဲဒီကြောက်စိတ်နဲ့ အထက်က ခိုင်းတာမှန်သမျှကိုဝန်ထမ်း စည်းမျဉ်းစည်းကမ်းတွေနဲ့ အညီမဟုတ်ဘဲ နိုင်ငံနဲ့လူမျိုးအတွက် အကျိုးမရှိတာတွေ လုပ်နေရဦးမယ်ဆိုရင်၊ ငါ့ဆွေမျိုး ငါ့တပည့်ဆိုတဲ့ ဆွေမျိုးတစ်စု ဆွေစဉ်မျိုးဆက် ကောင်းစားရေး၊ တပည့်မွေးမြူရေးလုပ်နေဦးမယ်ဆိုရင် သန့်ရှင်းသောအစိုးရနဲ့ ကောင်းမွန်သောအုပ်ချုပ်ရေးဖြစ်အောင် အကောင်အထည်ဖော်ဖို့ နှောင့်နှေးနေဦးမှာ ဖြစ်ပါတယ်။

သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေး အမှန်တကယ်ဖြစ်ပေါ်လာစေချင်တယ်ဆိုရင် နိုင်ငံ့ဝန်ထမ်းတွေရဲ့ အခန်းကဏ္ဍကို ပထမဦးစားပေးဆောင်ရွက်ရမှာဖြစ်ပါတယ်။ ယဉ်ကျေးမှုတစ်ခုလို ဖြစ်တည်နေတဲ့ အဂတိလိုက်စားမှုပြဿနာကို အရင်ဆုံးဖြေရှင်းရမှာဖြစ်တဲ့အတွက် နိုင်ငံ့ဝန်ထမ်းတွေရဲ့ လူနေမှုဘဝအဆင့်အတန်းတွေမြင့်မားလာအောင် လုပ်ဆောင်ပေးရမှာဖြစ်ပါတယ်။ အဂတိလိုက်စားမှုပြဿနာကို ဖြေရှင်းနိုင်ပြီဆိုရင် အထက်အောက်ကြောက်နေရတဲ့ ဝန်ထမ်းနိယာမကို ပြောင်းလဲနိုင်မှာဖြစ်ပါတယ်။ ဒါမှသာလျှင် ဝန်ထမ်းတွေဟာ အကြောက်တရားကင်းကင်းနဲ့ နိုင်ငံနဲ့လူမျိုးအတွက် ပေးအပ်ထားတဲ့တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်နိုင်မှာဖြစ်သလို မိမိတို့ရဲ့ ရပိုင်ခွင့်နဲ့ အခွင့်အရေးတွေကို တောင်းဆိုရဲလာမှာဖြစ်ပါတယ်။


နိုင်ငံ့ဝန်ထမ်းဆိုတာ ရာထူးအဆင့်ကြီးသည်ဖြစ်စေငယ်သည်ဖြစ်စေ မိမိတို့နဲ့ လျော်ညီထိုက်တန်တဲ့လုပ်ခလစာယူပြီး နိုင်ငံနဲ့ လူမျိုး တိုးတက်ဖို့အတွက် နိုင်ငံ့တာဝန်တွေကိုထမ်းဆောင်နေကြရမှာဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ပါဘဲ အစိုးရဌာနအလုပ်တွေကို မိမိရဲ့ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကြီးသဖွယ်သဘောထားကာကိုယ့်မိသားစုနဲ့ကိုယ့်ဆွေမျိုးတစ်သိုက်ကောင်းစားရေးအတွက် လုပ်ပိုင်ခွင့်နဲ့ တာဝန်ကိုအသုံးချပြီး လုပ်နေဦးမယ်ဆိုရင် နိုင်ငံနဲ့ လူမျိုးဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ အလှမ်းဝေးနေဦးမှာဖြစ်ပါတယ်။

သန့်ရှင်းသောအစိုးရကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ပီပီပြင်ပြင်ဖြစ်ပေါ်လာဖို့ဆိုရင် ဒီမိုကရေစီနိုင်ငံတည်ဆောက်နေတဲ့ ဒီကနေ့ အချိန်မှာ အောက်ခြေနိုင်ငံ့ဝန်ထမ်းတွေရဲ့ လူနေမှုဘဝနိမ့်ကျနေတဲ့ပြဿနာတွေ ဖြေရှင်းပေးနိုင်မယ့်၊ အထက်အဆင့်ဆင့်ကိုကြောက်နေရတဲ့ အခက်အခဲတွေဖြေရှင်းပေးနိုင်မယ့်၊ ရပိုင်ခွင့်နဲ့အခွင့်အရေးတွေ တန်းတူညီမျှဖြစ်အောင် တောင်းဆိုဆောင်ရွက်ပေးနိုင်မယ့်ဝန်ထမ်းသမဂ္ဂလို အဖွဲ့အစည်းတွေလိုအပ်နေပြီဖြစ်ပါကြောင်း ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသမျှကို အခြေခံပြီး တင်ပြလိုက်ရပါတယ်။ ။

7DAY NEWS JOURNAL
Vol.11, No.5 • APRIL 5 , 2012

# မီတာခနှင့် အမြန်မချောတဲ့ ချစ်နှမ

ရွှေဖြိုးမောင်



မီတာခ၊ စာပို့ခတွေ တိုးမြှင့်ကောက်ခံမယ်လို့အသံကြားစဉ်ကတည်းက အကောင်းဘက်ကရော၊ အဆိုးဘက်ကပါ စဉ်းစားမိပါတယ်။ မီတာခတွေ တိုးမြှင့်လိုက်သည့်အတွက် မလိုအပ်တဲ့လျှပ်စစ်မီးအသုံးတွေကို လျှော့ပြီးသုံးစွဲကြလိမ့်မယ်။ အနာဂတ်အတွက် စွမ်းအင်ချွေတာစုဆောင်းပြီးသားရနိုင်တယ်။ ပြီးတော့ ကြေညာချက်ထဲမှာပါတဲ့အတိုင်း နိုင်ငံတော်ဝင်ငွေပိုရတာကြောင့် လျှပ်စစ်မီးမရသေးတဲ့ နေရာတွေကိုလျှပ်စစ်မီးရအောင် ပေးနိုင်မယ်ဆိုတာတွေဟာ ကောင်းပါတယ်။ ဒီလိုပဲ စာပို့ခတွေ ပိုများလာတာကြောင့် စာတွေပို့တဲ့ လိပ်စာဆီကိုဆိုက်ဆိုက်မြိုက်မြိုက်နဲ့ မြန်မြန်ဆန်ဆန်ရောက်လိမ့်မယ်လို့ မျှော်လင့်ရတယ်။ အရင်တုန်းက အမြန်ချောပို့စာတွေ သုံးလေးရက်ကြာတယ်ဆိုရင် အခုစာပို့ခ ဈေးတက်လိုက်တဲ့အခါမှာ တစ်ရက်လောက်ပဲ ကြာလိမ့်မယ်လို့ တွက်ဆရတယ်။ ဒါပေမဲ့ အခုအထိတော့ ထင်ထားသလောက် ဖြစ်မလာသေးဘူး။ နယ်မြို့ တချို့ကနေ ရန်ကုန်ကိုအမြန်ချောပို့တာသုံးလေးငါးရက်မကကြာတုန်းပဲ။ လောလောဆယ် ရန်ကုန်မြို့မှ မုံရွာကို အမြန်ချောပို့တာ သုံးပတ်မကကြာနေပါတယ်။ အမြန်ချောဆိုတဲ့ ချစ်နှမကို မချစ်သော်လည်းအောင့်ကာနမ်းခဲ့ရတာ နှစ်နဲ့ချီပြီးကြာခဲ့ပါပြီ။

မီတာခ၊ စာပို့ခတွေ တိုးမြှင့်ကောက်ခံခဲ့တာ အောက်ခြေပြည်သူလူထုမှာ အတိုင်းအတာတစ်ခုအထိ အောင့်သက်သက် ဖြစ်ရပါတယ်။ အိမ်မှာ လျှပ်စစ်မီးနဲ့ လုံးဝမဆိုင်တဲ့ လုပ်ငန်းသေးသေး မွှားမွှားလေးရှိရင်တောင် မီတာတစ်ယူနစ်ကို ၇၅ ကျပ်ကောက်ခံပါတယ်။ တချို့အိမ်တွေမှာတော့ လျှပ်စစ်ဝန်ထမ်းလာတဲ့အချိန်မှာ လုပ်ငန်းလုပ်တာကို မတွေ့နိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေ ရှိပါတယ်။ အဲဒီအိမ်မျိုးကို တစ်ယူနစ် ၃၅ ကျပ်ကောက်ခံပါတယ်။ အိမ်မှာ စာအုပ်အငှားဆိုင်လို၊ ကုန်စုံဆိုင်လို အမြဲဖွင့်ထားတာ တွေ့ရင် ဆိုင်အတွက် မီးသုံးလုံးဝ မရှိသော်လည်း တစ်ယူနစ် ၇၅ ကျပ်ကောက်ခံတာကျတော့ လုံးဝမမျှတပါဘူး။ နောက်တစ်ခုက လစဉ်ပုံသေပေးနေရတဲ့မီတာထိန်းသိမ်းစောင့်ရှောက်ခကျပ် ၁၀၀၀ ပါ။ တချို့အိမ်တွေမှာ လစဉ်မီးအသုံးပြုခထက် မီတာထိန်းသိမ်းစောင့်ရှောက်ခက ပိုများနေတတ်ပါတယ်။ တချို့ပိုက်ဆံပေါများတဲ့အိမ်တွေမှာကျတော့ အဲကွန်းနဲ့ ဇိမ်ခံပစ္စည်းတွေ အများအပြားကို လျှပ်စစ်မီးနဲ့တစ်နေကုန်နီးပါး သုံးနေပေမယ့် တစ်ယူနစ် ၃၅ ကျပ်ပဲကောက်ခံပါတယ်။ ဒီလိုဆိုတော့ အိမ်တွင်းစီးပွားရေးလုပ်ငန်းအတွက် လျှပ်စစ်မီးလုံးဝမသုံးဘဲ တစ်ယူနစ် ၇၅ ကျပ်အကောက်ခံနေရတဲ့ အိမ်တွေက ဒီပုံစံကို သဘာဝကျတယ်မထင်တော့ပါဘူး။

နောက်ဆက်တွဲ အကျိုးတရားကတော့ မီတာဖတ်စာရေးနဲ့ ခင်တဲ့သိတဲ့ အမျိုးတော်တဲ့အိမ်တွေက စီးပွားရေးလုပ်ငန်းကြီးကြီးမားမား မရှိဘူးဆိုရင် တစ်ယူနစ် ၃၅ ကျပ်နှုန်းပဲ ပေးရတယ်။ လျှပ်စစ်ကျွမ်းကျင် ဝန်ထမ်းတွေနဲ့ ရင်းနှီးကျွမ်းဝင်တဲ့ အိမ်တချို့ကျတော့ မီတာလည်ပတ်နှုန်းကို နှေးအောင် ပြုပြင်ထားကြတယ်။ အဲဒီလိုလုပ်ထားတဲ့အိမ်၊ လုပ်ရဲတဲ့အိမ်က မီတာခ နည်းနည်းပဲ ပေးဆောင်ရတယ်။ မီတာပြုပြင်မှုလုပ်မထားတဲ့ အိမ်၊ မလုပ်ရဲတဲ့ အိမ်တွေက မီတာခအများကြီး ပေးဆောင်ရတယ်။ ဒါတွေကို သက်ဆိုင်ရာက သိမှာမဟုတ်ပါဘူး။

ဒီလိုပဲ စာတွေ၊ ပါဆယ်ထုပ်တွေကို အလေးချိန်နဲ့သတ်မှတ်ပြီး အလေးချိန်အနည်းအများအပေါ် မူတည်ကာ ပို့ခနှုန်းထားတွေကို တိုးမြှင့်ကောက်ခံလိုက်တဲ့အခါ ပုံမှန်စာပို့နေကျသူတွေ၊ စာအုပ်၊ ဂျာနယ်စတဲ့ အလေးချိန်များတဲ့ ပစ္စည်းတွေကို လက်ဆောင်ပို့ချင်တဲ့အခါ ပို့ခကျသင့်ငွေကများပြားလွန်းတာမို့ ပြည်သူအများစုအတွက် အဆင်မပြေလှပါဘူး။ အမြန်ချောပို့စာတစ်စောင် ပို့ခအနည်းဆုံး ကျပ်ငါးရာ ကျသင့်ပေမယ့် ကိုယ်ပို့ချင်တဲ့သူထံ လက်ဝယ်ရောက်ရှိဖို့ သုံးလေးရက်မကကြာနေတာ သဘာဝမကျပါဘူး။ ရိုးရိုးမှတ်ပုံတင်စာထည့်ရင် ပို့ခကျသင့်ငွေ လျော့နည်းသွားပေမယ့် ရောက်တဲ့ရက်က ပိုကြာသွားပါတယ်။

အခုပဲကြည့်လေ။ ဖိတ်စာအရောက်နောက်ကျလို့ ဆဲဗင်းဒေးဂျာနယ်(၁၀)နှစ်ပြည့် နှစ်ပတ်လည်ပွဲကို မတက်လိုက်ရတဲ့ စာမူရှင်တွေ အများကြီးပဲဆိုတာ သိလိုက်ကြရပြီ။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အမြန်ချောပို့စနစ်နဲ့ ဂျာနယ်တိုက်မှ တစ်ပတ်ကြိုတင်ဖိတ်ပေမယ့် ဖိတ်စာရှင်တွေလက်ထဲကို ပွဲကျင်းပပြီးနောက်ရက်တွေမှ စာပို့လုလင်တွေ လာပို့တာကို ခံကြရတယ်။ ဂျာနယ်တိုက်နဲ့ ၄၈ မိုင်ဝေးတဲ့ ဒေးဒရဲမြို့ကို ၈ ရက်ကြာသတဲ့။ ဂျာနယ်တိုက်နဲ့ ၁၂ မိုင်တောင် မဝေးတဲ့ ကမ္ဘာအေးဘုရားဝင်းမှာ သီတင်းသုံးတဲ့ စာရေးဆရာဘုန်းဘုန်းထံကိုတော့ ၁၂ရက်ကြာသတဲ့။ မုံရွာမှာနေတဲ့ စာရေးသူထံကိုတော့မတ် ၁ ရက်က ထည့်လိုက်တဲ့စာဟာ မတ် ၂၂ ရက်မှ ရောက်လာပါတော့တယ်။ ခမ်းခမ်းနားနားကျင်းပတဲ့ (၁၀) နှစ်ပြည့်နှစ်ပတ်လည်ပွဲကိုမတက်လိုက်ရတဲ့အတွက် စာရေးသူမှာ နောက်ထပ် အခွင့်အရေးတစ်ခုကိုလည်း ဆုံးရှုံးခဲ့ရပါတယ်။ ဆဲဗင်းဒေးဂျာနယ်ရဲ့ ပြီးခဲ့တဲ့ တစ်နှစ်တာအတွင်း ဆောင်းပါးပုဒ်ရေအများဆုံး ဖော်ပြခံရတဲ့ စာမူရှင်တွေကိုအခမ်းအနားကျင်းပတဲ့နေ့ရောက်မှ ကြေညာပြီး ဆုချီးမြှင့်ရာမှာ ဒုတိယဆုရသော်လည်း စာရေးသူကိုယ်တိုင် တက်ပြီးမယူလိုက်ရပါဘူး။ မုံရွာမြို့ခံ ဆဲဗင်းဒေးသတင်းထောက်မှတစ်ဆင့် ဆုကို လက်ခံရရှိခဲ့သော်လည်း စာရေးသူရဲ့ စိတ်ထဲမှာတော့ “အမြန်မချောတဲ့ ချစ်နှမမိချောရယ်”ဟုသာ ရေရွတ်နေမိပါတော့တယ်။

လက်ရှိအနေအထားအရ ပြည်သူအများစုရဲ့ ဝင်ငွေအခြေအနေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် လူတိုင်း၊ မိသားစုတိုင်း နိစ္စဓူဝ အသုံးပြုနေရတဲ့ ဖော်ပြပါဝန်ဆောင်မှုများအတွက် ကုန်ကျစရိတ်များဟာမြင့်မားနေပါတယ်။ ဒါကြောင့် မီတာခ၊ စာပို့ခတွေ တိုးမြှင့်ကောက်ခံလိုက်တာဟာ နိုင်ငံတကာနဲ့ နှိုင်းယှဉ်ရင် ကောင်းတယ်လို့ ဆိုနိုင်သော်လည်း ပြည်သူအများစုရဲ့ အလုပ်အကိုင် အခြေအနေနဲ့ဝင်ငွေ အဆင့်မြင့်မားမှုမရှိသရွေ့၊ ဝန်ဆောင်မှုတွေ မှန်ကန်မြန်ဆန်ခြင်း မရှိသရွေ့ ကိုက်ညီသင့်တော်မှု မရှိဘူးလို့ပဲ ဆိုချင်ပါတယ်ခင်ဗျာ။ ။

## JOKE

### အကြောင်းရင်း

အမေရိကန်နိုင်ငံ မြို့ငယ်လေးတစ်မြို့ရှိ စက်ရုံတစ်ရုံတွင် အိမ်ထောင်ရှိယောက်ျားများကိုသာ အလုပ်ခန့်ထားသည်။ ထိုအကြောင်းကို အမျိုးသမီးအခွင့်အရေး တက်ကြွလှုပ်ရှားသူတစ်ဦးက ကြားသိသွားရာ စက်ရုံ၏မန်နေဂျာဆီသို့ ဖုန်းဆက်ပြီး “ဘာဖြစ်လို့လဲ။ မိန်းမတွေက အားနွဲ့လို့လား၊ အလုပ်မလုပ်တတ်လို့လား၊ ခပ်တုံးတုံးတွေမို့လို့လား” ဟုမေးမြန်းရာ စက်ရုံမန်နေဂျာက “မဟုတ်ရပါဘူးဗျာ။ ဒါပေမဲ့ ကျွန်တော်တို့ လုပ်သားတွေက အမိန့်နာခံတာ အကျင့်ဖြစ်နေပြီး၊နားပူနားဆာဒဏ်တွေကိုလည်း ခံနိုင်တယ်။ ဟိုဟာလုပ် ဒီဟာလုပ်ဆိုလည်း ဘာမှပြန်မပြောဘူး။ သူတို့ကို အော်လိုက်ရင်လည်း ဆောင့်ကြီးအောင့်ကြီးဖြစ်မသွားဘူး။ အဲဒါကြောင့်ပါခင်ဗျာ” ဟု ပြန်ရှင်းပြပါသည်။

### ပုံပြင်

“ဖေဖေ၊ ပုံပြင်တွေ အကုန်လုံးက ‘ဟိုရှေးရှေးတုန်းကပေါ့ကွယ်’ ဆိုပြီးစတာလားဟင်” ဟု အိပ်ရာဝင်ရန်ပြင်ဆင်နေသောသမီးငယ်လေးက ဖခင်ဖြစ်သူအား မေးသည်။

“မဟုတ်ပါဘူး သမီးရယ်။ ‘ကျွန်တော်သာ ရွေးကောက်ပွဲမှာ အနိုင်ရခဲ့ရင်’ ဆိုတာမျိုးနဲ့လည်းပုံစပြောလို့ရတယ်ကွဲ့’ ဟုဖခင်က ပြန်ရှင်းပြသည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းငွေ၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်၊ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွှန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၀၉ ၇၃၂၂၄၅၄၁ ၊ ၃၈၆ ၄၅၉ ၊ ၃၇၆ ၅၂၅ ၊ ၃၇၃ ၆၂၉
Fax : 393 458, Website : www.7daynewsjournal.com , E-mail : editor@7daynewsjournal.com

7DAY NEWS Hotline : 73032006

7 DAY NEWS JOURNAL

# Business

Vol.11, No.5 • APRIL 5 , 2012

# ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် ရက်ပိုင်းအလို ပဲ၊ နှမ်းအရောင်းအဝယ်အေး

**ညီညီဇော်**

**မန္တလေး၊ မတ် - ၂၉**

ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန် ရက်ပိုင်းလို ယခုတစ်ပတ်မန်းကုန်စည်ဒိုင်တွင် ပဲနှမ်းများ အရောင်းအဝယ်အေးနေကြောင်း သတင်းရရှိသည်။

ရန်ကုန်ရှိ ကုန်သည်ကြီးအချို့ ကြားဖြတ်ရွေးကောက်ပွဲအခြေအနေကို စောင့်ကြည့်နေခြင်းနှင့် ပြည်ပမှ ဝယ်လိုအားကျဆင်းခြင်းကြောင့် အရောင်းအဝယ်အေးနေရခြင်းဖြစ်ကြောင်း မန္တလေးကုန်စည်ဒိုင်ရှိ ကုန်သည်အချို့ကသုံးသပ်သည်။ ပဲစင်းငုံအနီနှင့်အဖြူမှာ အိန္ဒိယဘက်မှ ဈေးချနေသောကြောင့် ရန်ကုန်ဘက်မှလည်း ဈေးချဝယ်နေသည်။

ပဲစင်းငုံနီသုံးတင်းတစ်အိတ်လျှင် ၃၉,၅၀၀ ကျပ် ဖြူတစ်အိတ်လျှင် ၃၅,၀၀၀ မှ ၃၅,၅၀၀ ကျပ်ပေါက်နေကာ အရောင်းအဝယ်မှာ အေးနေသည်။ ပဲတီစိမ်းခရမ်းရွှေဝါမှာ ၆၃,၀၀၀ ကျပ် ပဲတီစိမ်းရိုးရိုး ၄၈,၀၀၀ ကျပ်နှုန်းပေါက်နေကာ အရောင်းအဝယ်အေးနေသည်။ မြေတောက်ပဲ ဈေးကွက်ပုံမှန်ဖြစ်နေပြီး တစ်အိတ်လျှင် ၅၅,၀၀၀ ကျပ်နှုန်းဖြင့် ရန်ကုန်ဘက်မှ အဝယ်ဆင်းနေသည်။

တရုတ်လိုင်း အဝယ်ရှိနေသည့် နှမ်းဖြူထိပ်စမှာ သုံးတင်းတစ်အိတ် ၇၄,၀၀၀ ကျပ်နှုန်းဖြင့် အရောင်းအဝယ်ဖြစ်နေပြီး နှမ်းဖြူအောက်စမှာ တရုတ်လိုင်းသမားများက ပြည်တွင်းစက်သမားများကို ပြန်ရောင်းချနေပြီး သုံးတင်းတစ်အိတ်လျှင် ၇၀,၀၀၀ ကျပ်နှုန်းပေါက်နေသည်ဟု ကုန်သည်တစ်ဦးကဆိုသည်။ အရောင်းအဝယ်အနေဖြင့် အကျဘက်ကို ဦးတည်နေကြောင်း ပဲနှမ်းကုန်သည်အချို့ကပြောသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၁၈ | ၈၂၁ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၁၈ | ၈၂၁ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၃၅ | ၆၄၀ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၃၇ | ၁၀၅၃ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇ | ၃၀ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၇ | ၁၂၉ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၄၀ | ၈၄၄ | ကျပ် |

၂၀၁၂ မတ် ၃၁ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၄၄ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၄၉၃ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၂. ၈၃ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၂၉၇၅ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၀. ၈၇ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၅၇၂ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၃၁. ၄၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၆၀၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၈၃ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၁၃၉. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၂၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၂. ၈၈ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၆၅၆ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၆၆၂ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၂၁၃ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၉၇၈ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၂၉. ၃၁၆ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၆၇၁. ၉၀၀ |
| ရေနံစိမ်း | စည် | ၁၂၂. ၈၈၀ |
| ငွေ | ၁ အောင်စ | ၃၂. ၄၈၄ |
| ကြေးနီ | ပေါင် | ၃၈၂. ၅၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၁၂၆ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၂ မတ် ၃၁ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# ဆန်စပါးလုပ်ငန်းဆိုင်ရာ အများပိုင်ကုမ္ပဏီက ဗီယက်နမ်မှ ကုမ္ပဏီတစ်ခုနှင့် ရင်းနှီးမြှုပ်နှံမှု နားလည်မှု စာချွန်လွှာချုပ်ဆို

**ကိုကိုကြီး**

**ရန်ကုန်၊ မတ်- ၂၈**

မြန်မာနိုင်ငံဆန်စပါး လုပ်ငန်းအသင်းက ဦးဆောင်ဖွဲ့စည်းသည့် ဆန်စပါးလုပ်ငန်းဆိုင်ရာ အများပိုင်ကုမ္ပဏီ Myanmar Agri-business Public Corporation(MAPCO)Ltd သည် လယ်ယာကဏ္ဍ အဆင့်မြှင့်တင်နိုင်ရေးအတွက် ဗီယက်နမ်နိုင်ငံမှ ထိပ်တန်းကုမ္ပဏီတစ်ခု (VinaCapital)နှင့် အမေရိကန်ဒေါ်လာသန်း ၁၀၀ ပမာဏရှိသည့် နားလည်မှုစာချွန်လွှာတစ်ခုကိုရေးထိုးပြီးဖြစ်ကြောင်း ၎င်းကုမ္ပဏီမှ ဦးရဲမင်းအောင်က ပြောသည်။



ဆန်ဂိုဒေါင်တစ်ခုမှ လုပ်သားများ လုပ်ငန်းခွင်ဝင်နေစဉ်

ဓာတ်ပုံ - ဈေးအောင်ဖေ(အရေးပါ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ခေါင်းဆောင်ပြီး ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုသုံးနိုင်ငံသို့အလည်အပတ်သွားရောက်သည့်ခရီးစဉ်အတွင်း ၎င်းစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"တန်ဖိုးမြင့်တဲ့ဆန်စက်တွေ၊ မျိုးစပါးသန့်စင်တာ မျိုးစပါးထုတ်လုပ်တာနဲ့ သိုလှောင်ရုံတွေပါတယ်။ ဒါကတော့ ပထမအဆင့်ပေါ့။ နားလည်မှု စာချွန်လွှာထိုးပြီးမှ ဘယ်လိုလုပ်မှာလဲဆိုတာကို တကယ့် စီးပွားရေးပုံစံတစ်ခုချပြီး လုပ်ရမှာ"ဟု ၎င်းကပြောသည်။

"ပြည်တွင်းမှာလည်း ခေတ်မီ ဆန်စက်တွေက နည်းတယ်လေ။ သူတို့ဝင်လာရင်တော့ သေချာပြန်ညှိရမှာပေါ့"ဟု ၎င်းက ဆက်လက်ပြောသည်။

၎င်းကုမ္ပဏီ မှတ်ပုံတင် လျှောက်ထားခြင်းကို ပြီးခဲ့သည့် အပတ်အတွင်း သက်ဆိုင်ရာက ခွင့်ပြုပြီးဖြစ်သည်။

၎င်းကုမ္ပဏီသည်ပြည်တွင်း စားနပ်ရိက္ခာဖူလုံရေး၊ လယ်ယာကဏ္ဍဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ရေရှည်ဈေးကွက် တည်ဆောက်နိုင်ရေးတို့ကို ဆောင်ရွက်ရန်ရည်ရွယ်ထားကြောင်း သိရသည်။

"ကုမ္ပဏီမှတ်ပုံတင်ကျပြီဆိုတော့ လုပ်ငန်းတွေ စဖို့ပြင်ဆင်နေတယ်။ အများပိုင်ကုမ္ပဏီရဲ့ စည်းမျဉ်း၊စည်းကမ်းအတိုင်း ရှယ်ယာခေါ်တာလုပ်ရမယ် ခေါ်ဖို့ပြင်ဆင်နေတယ်။ ပထမဦးဆုံးတော့ ကနဦး ရှယ်ယာရှင်တွေကို အစည်းအဝေးတွေ ခေါ်ရမယ်။ အချိန်တော့ နည်းနည်းယူရဦးမယ်"ဟု ၎င်းကပြောသည်။

ကုမ္ပဏီအနေဖြင့် အစုရှယ်ယာတစ်စုလျှင် ကျပ်တစ်သောင်း သတ်မှတ်ထားကြောင်း သိရသည်။



7DAY NEWS JOURNAL
Vol.11, No.5 • APRIL 5 , 2012

# လူနေရပ်ကွက်များတွင် စီးပွားဖြစ်ကြက်မွေးမြူ၍ ဒေသခံများ ကျန်းမာရေးအတွက် ပူပန်နေရ

**သန်းဌေး**

**ရန်ကုန်၊ မတ်-၃၀**

လူနေရပ်ကွက်အတွင်း စီးပွားဖြစ်ကြက်မွေးခြံများ ရှိနေခြင်းကို သက်ဆိုင်ရာများထံ အကြိမ်ကြိမ်တိုင်ကြားထားသော်လည်း ထူးခြားမှု မရှိသေးကြောင်း ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၁)စိုက်ပျိုးရေးနှင့် မွေးမြူရေးရပ်ကွက်နေ ဒေသခံများက ပြောသည်။

"ပြီးခဲ့တဲ့နှစ် အောက်တိုဘာလကုန်ကတည်းက စာတွေပို့၊ လူကိုယ်တိုင်ပြောနဲ့လုပ်နေတာ ဒီနေ့အထိ လက်တွေ့ကျကျ ဖြေရှင်းပေးတာ မရှိသေးဘူး။ ဆက်မွေးနေကြတုန်းပဲ"ဟု ရပ်ကွက်ကြီး ၃၊ ရပ်ကွက်ငယ် ၂၊ ဦးစလမ်း၊ အိမ်အမှတ်- ၂၀ နေ ဦးခင်ဌေးက ပြောသည်။

အဆိုပါ ရပ်ကွက်တွင် ရပ်ကွက်ကြီး ၆ ခုရှိပြီး အိမ်ခြေ ၇၀၀ ခန့်ရှိသည်။ ရပ်ကွက်အတွင်း ကြက်မွေးမြူရေးခြံ ၂၀ ကျော်ရှိရာ ရပ်ကွက်ကြီး ၃ ၌ အိမ်ခြေ ၂၀ ခန့်တွင်ပင် အသားတိုးကြက်ကောင်ရေထောင်ဂဏန်းခန့် မွေးမြူထားသော ကြက်ခြံသုံးခြံရှိကြောင်း ၎င်းကပြောသည်။

"ကျွန်တော်တို့ရပ်ကွက်တွေထဲမှာ ကြက်တွေမွေးတော့ ကြက်ချေးစော်နံတယ်။ ငါးခြောက်တန်းက အပုပ်နံ့ပါလေသင့်ရင်နံတယ်။ အစာစက်ရုံက အပုပ်နံ့တွေလည်း နံတယ်" ဟု ယင်းရပ်ကွက်နေ ဦးမောင်ထူးက ပြောသည်။

စီးပွားဖြစ် အသားတိုးကြက်ခြံအများစုမှာ ပြင်ပမှလုပ်ငန်းရှင်များက အိမ်ဝယ်ခြင်း၊ အိမ်ငှားခြင်းများဖြင့် လာရောက်မွေးမြူနေကြခြင်းဖြစ်ပြီး လူနေအိမ်များနှင့်၁၀ပေခန့်သာကွာဝေးကြောင်း ဆင်ဖြူရှင်လမ်းသွယ်နေ အသက်(၅၅)နှစ်ရှိ သားအိမ်ကင်ဆာရောဂါဝေဒနာရှင် အမျိုးသမီးကြီးတစ်ဦးကပြောသည်။



"ချောင်းဆိုးတယ်။ ခေါင်းကိုက်တယ်။ ရင်ကျပ်တယ်။ ညကျရင် သွေးတိုးတယ်။ လူတိုင်းလိုလို ကြက်မမွေးစေချင်ကြဘူး။ ကျန်းမာရေးထိခိုက်ကြလို့ပါ' ဟု၎င်းက ပြောသည်။

အဆိုပါ ရပ်ကွက်သည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်တွင် တစ်အိမ်ထောင်ကြက်အကောင် ၄၀၀ နှုန်းဖြင့် နှစ်လလျှင် တစ်သုတ် စနစ်တကျမွေးမြူကာ နိုင်ငံတော်က လာရောက်ဝယ်ယူလေ့ရှိသော စစ်မှုထမ်းဟောင်းစံပြကျေးရွာဖြစ်ခဲ့သည်။ စီမံကိန်းပျက်သွားသော်လည်း ရပ်ကွက်တွင် ကြက်များဆက်လက်မွေးမြူနေသောကြောင့် ရပ်ကွက်နေ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးအား ထိခိုက်နေ၍ ယခုကဲ့သို့တိုင်ကြားရကြောင်း၎င်းဒေသခံများကပြောသည်။

တိုင်ကြားမှုတွင် မြို့နယ်အဆင့် အုပ်ချုပ်ရေး၊ ကျန်းမာရေးနှင့် စည်ပင်သာယာရေးရုံးများအပြင် ရန်ကုန်မြို့တော်ဝန်ထံသို့လည်းတိုင်ကြားရန် ပြင်ဆင်လျက်ရှိကြောင်း သတင်းရရှိသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ ကြက်မွေးမြူရေးသမားများအတွက် ၂၀၀၂ ခုနှစ်ကတည်းက တည်ထောင်ပေးထားသော ရန်ကုန်တိုင်းဒေသကြီး ညောင်နှစ်ပင်ရှိ ကြက်မွေးမြူရေးဇုန်၌သာ မွေးမြူကြရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း အသားတိုးကြက်မွေးမြူထုတ်လုပ်ရောင်းဝယ်သူများအသင်းဥက္ကဋ္ဌ ဒေါက်တာလှလှသိန်းက ပြောသည်။

"ရပ်ကွက်ထဲတွေနဲ့ လူနဲ့နီးတဲ့ဆီမှာ မမွေးဖို့ ပြောတာကြာလှပြီ။ အမှန်က မွေးမြူရေးဇုန်တွေမှာပဲ သွားမွေးသင့်တယ်။ သူ့ခြံက သန့်သန့်ရှင်းရှင်း ရှိမယ်။ လိုင်စင်ရှိမယ်။ ရပ်ကွက်ကလည်း ထောက်ခံမယ်ဆိုရင်တော့ ရနိုင်တယ်" ဟု ၎င်းက ပြောသည်။

အဆိုပါစိုက်ပျိုးရေးနှင့် မွေးမြူရေးရပ်ကွက်သည် နာမည်နှင့်အညီ ရပ်ကွက်အတွင်း စီးပွားဖြစ်ကြက်မွေးမြူရေးလုပ်ကိုင်နေမှုကို ရပ်ကွက်အတွင်းရှိ ပြည်သူများက သက်ဆိုင်ရာထံ တိုင်ကြားချင်ကြသော်လည်း ပြန်လည်အရေးယူခံရမည်ကို စိုးရိမ်ကြောက်ရွံ့လျက်ရှိနေကြကြောင်း ဦးခင်ဌေးက 7Day News သို့ပြောသည်။

SCG

## ဒေသတွင်းစီးပွားရေးဦးဆောင်မှု ရေရှည်တည်တံ့စေဖို့ အဓိကသော့ချက်ကို အခုပဲဖန်တီးဆောင်ရွက်ကြပါစို့

လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း အရှေ့တောင်အာရှနိုင်ငံများသည် စီးပွားရေးအလားအလာများစွာ ရှိကြောင်း ပြသခဲ့ပြီးဖြစ်သည်။ ပြည်ပထုတ်လုပ်မှုများအတွက် အာရုံစိုက်စရာ နေရာတစ်ခုဖြစ်လာရုံသာမက အာဆီယံဒေသတွင်းပုဂ္ဂလိကပိုင် ကဏ္ဍများ၌ ထုတ်လုပ်မှုပမာဏတိုးတက်လာခြင်းသည် ၁၉၉၀ပြည့်နှစ်နောက်ပိုင်း ရင်ဆိုင်နေရသည့် စီးပွားရေးအကျပ်အတည်း များကို ကျော်လွှားလိုသည့်မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။



အာဆီယံဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ASEAN Business Forum 2012 ကိုဖေဖော်ဝါရီလ ၂၇ရက်မှ ၂၉ရက်နေ့အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် Thailand Management Organization မှ ဦးဆောင်ကျင်းပခဲ့ပါသည်။ SCG သည် ABF တွင်ပါဝင်ဆွေးနွေးခဲ့ရုံသာမက Sponsor အဖြစ်လည်း ပံ့ပိုးကူညီပေးခဲ့ပါသည်။"အာဆီယံခေါင်းဆောင်များနှင့် SCG တို့ ၂၀၁၅ ခုနှစ်ဆီသို့ အတူလက်တွဲချီတက်ကြပါစို့" မှာအစည်းအဝေး၏ အဓိကရည်ရွယ်ချက်ဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများမှ ထိပ်တန်းအမှုဆောင်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် အာဆီယံ အကြီးအကဲများ အပါအဝင် စုစုပေါင်း (၅၀၀)ဦး ပါဝင်တက်ရောက်ခဲ့ပါသည်။ အာဆီယံနိုင်ငံများအကြားမူဝါဒလမ်းစဉ်တစ်ရပ် တည်ထောင်ပေးခဲ့ပြီး ASEAN Economic Community (AEC) ၂၀၁၅ အတွက် စွမ်းဆောင်နိုင်မှုနှင့်ကြိုတင် ပြင်ဆင်မှုတို့အတွက် အမြင်ချင်းဖလှယ်ပေးနိုင်ခဲ့ကာ ရေရှည်ရပ်တည်ယှဉ်ပြိုင်နိုင်သောအာဆီယံစီးပွားရေးအဖွဲ့အစည်းပေါ်ထွန်းစေရန် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။




ASEAN Business Forum ကို The Board of Trade of Thailand, Thailand Management Organization နှင့် Thai Institute of Directors Association တို့ ပူးပေါင်းကာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ၂၀၀၉ ခုနှစ်မှစတင်၍ ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ်ကျင်းပခဲ့ပါသည်။ ယင်းအစည်းအဝေးကိုနှစ်စဉ်ကျင်းပနိုင်ရန်ရည်ရွယ်ခဲ့ပြီးအာဆီယံစီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း အမြင်ချင်း ဖလှယ်နိုင်ရန် ရည်ရွယ်ခဲ့ပါသည်။

SCG ကို ၁၉၁၃ခုနှစ် တွင်စတင်တည်ထောင်ခဲ့ပြီး ထိုင်းနိုင်ငံ၏ ထင်ရှားသော စက်မှုဇုန်များ တွင်တစ်ခု အပါအဝင် ဖြစ်ပြီး အနာဂတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက်အခြေခံအုတ်မြစ်တည်ဆောက်ရာတွင်ကူညီခဲ့ပါသည်။ယနေ့ SCG အဓိကစီးပွားရေးလုပ်ငန်းများမှာ-ရေနံထွက်ဓါတုပစ္စည်းများ၊စက္ကူ၊ဘိလပ်မြေ၊ဆောက်လုပ်ရေးသုံးပစ္စည်း၊ ဖြန့်ဖြူးရေးတို့ပါဝင်ပါသည်။




SCGသည် အဆိုပါ ထုတ်ကုန်များကို မြန်မာ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုစသည့် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများသို့ဖြန့်ချိလျက်ရှိပြီး၊အရည်အသွေးမြင့် နည်းပညာထုတ်ကုန်များ (HVA)ဖန်တီးထုတ်လုပ်နိုင်ရန်ဈေးကွက်သုတေသနဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၀၄ခုနှစ်တွင် US ဒေါ်လာ(၁)သန်းသုံးစွဲခဲ့ပြီး၊၂၀၁၁ခုနှစ်တွင် US ဒေါ်လာ(၃၆)သန်းအထိသုံးစွဲခဲ့ပါသည်။ SCGအုပ်စုတွင်ကုမ္ပဏီပေါင်း(၁၆၀)ကျော်ပါဝင်ပြီး ဝန်ထမ်းပေါင်း (၃၆၀၀၀)ခန့် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။ အဆိုပါ SCG အုပ်စုအတွင်းရှိကုမ္ပဏီအများစုမှာ ISO 9002၊ ISO14000 ၊TIS 18000 စသည့်ကမ္ဘာ့အရည်အသွေးဆိုင်ရာအသိအမှတ်ပြုလက်မှတ်များ ချီးမြှင့်ခံခဲ့ရပါသည်။

Mr.Kan Trakulhoon သည် SCG(Siam Cement Group) ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဖြစ်ပြီး ကျွန်တော်တို့ရဲ့ကုန်ပစ္စည်းအရည်အသွေးမြှင့်တင်မှုက ထိုင်းနိုင်ငံမှာကျွန်တော်တို့ရဲ့ရပ်တည်မှုကိုပိုပြီး အင်အားကြီးမားစေခဲ့ပြီးယှဉ်ပြိုင်မှုတွေကို ဖိတ်ခေါ်ကြိုဆိုတဲ့ဗျူဟာတစ်ခုပါဟု ပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံတွင် SCG ကုန်ပစ္စည်းအနေဖြင့် ကမ္ဘာ့နိုင်ငံပေါင်း(၄၀)ကျော်အသိအမှတ်ပြု ဆင်တံဆိပ် Portland မီးခိုးရောင်ဘိလပ်မြေ၊ ဆင်ဖြူတံဆိပ်အဖြူရောင်ဘိလပ်မြေ။ Mortar (သရွတ်)နှင့် CPAC တံဆိပ်ဖြင့်တင်သွင်းသောအသင့်စပ်ဘိလပ်မြေများရရှိနိုင်ပါသည်။ SC မှအရည်အသွေးမြင့်မားသောထုတ်ကုန်များနှင့်ဝန်ဆောင်မှုများကို ကမ္ဘာ့ဒေသအသီးသီးသို့ ဖြန့်ချိပေးလျက်ရှိပါသည်။

## ဆန်စပါးလုပ်ငန်းဆိုင်ရာ အများပိုင်ကုမ္ပဏီ အစုရှယ်ယာများ ဧပြီလဆန်းတွင် စတင်ရောင်းချမည်

**အောင်သူရ**

**ရန်ကုန်၊ မတ်လ-၂၉**

လယ်ယာလုပ်ငန်းကို အခြေပြုဖွဲ့စည်းထားသော Myanmar Agri Business Public Coporation ( MABCO) အများပိုင်ကုမ္ပဏီ ရှယ်ယာများအား ဧပြီလ ပထမပတ်အတွင်း စတင်ရောင်းချပေးတော့မည်ဟု အဆိုပါ အများပိုင်ကုမ္ပဏီ တည်ထောင်သူတစ်ဦးဖြစ်သူ ဦးချစ်ခိုင်က ပြောသည်။

"ရှယ်ယာတွေကို ရန်ကုန်နဲ့ မန္တလေးနှစ်မြို့ မှာ ရောင်းပေးမှာပါ။ ရှယ်ယာတစ်စုကို ကျပ်တစ်သောင်းသတ်မှတ်ထားပါတယ်" ဟု ဦးချစ်ခိုင်က ဆိုသည်။


အဆိုပါ အများပိုင်ကုမ္ပဏီကို တည်ထောင်သူ ၅၀ ဦးက ကျပ်သန်းပေါင်း ဘီလီယံ ၃၀ စတင်ထည့်ဝင်ထားပြီး ကျပ်သန်းပေါင်း ၅၀၀ ဘီလီယံထိ ရင်းနှီးမြှုပ်နှံမည်ကာ မှတ်ပုံတင်တစ်ခုလျှင် ကျပ်သိန်းပေါင်း ၅,၀၀၀ သာ ဝယ်ယူနိုင်မည်ဖြစ်သည်။

အဆိုပါ ကုမ္ပဏီက လယ်ယာထွက်ကုန်သီးနှံများ တင်ပို့ရောင်းချခြင်းအပါအဝင်လယ်ယာလုပ်ငန်းနှင့် ဆက်စပ်သော လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်မည်ဟုလည်းတည်ထောင်သူများတွင်ပါဝင်သော မြန်မာနိုင်ငံဆန်စပါးအသင်းမှ ဗဟိုအလုပ်မှုဆောင်တစ်ဦးက ဆိုသည်။

အဆိုပါ အများပိုင်ကုမ္ပဏီတွင် ဦးချစ်ခိုင်၊ ဦးဇော်ဇော်၊ ဦးခင်မောင်အေး၊ ဒေါက်တာစိုးထွန်းနှင့် ရောဟသ်ာ ကုမ္ပဏီ အပါအဝင် မြန်မာနိုင်ငံဆန်စပါးအသင်း၌ ပါဝင်သောလုပ်ငန်းရှင်များသည် တည်ထောင်သူများအဖြစ်ပါဝင်နေကြသည်။

# 7DAY BOOK REVIEW

## ဘဝနေဝင်ချိန် (မြလှိုင်)




ရှုမဝရုပ်စုံမဂ္ဂဇင်းတွင် ၂နှစ်ကျော်ကြာရေးဖွဲ့ခဲ့သော အခန်းဆက် ဝတ္ထုရှည်ကြီးကို တစ်ပေါင်းတစ်စည်း တည်းစုစည်း၍ လုံးချင်းအဖြစ် ပထမအကြိမ် ရိုက်နှိပ်ထုတ်ဝေလိုက်သည့် စာအုပ်ဖြစ်သည်။ (ဦး) သိန်းဖေမြင့်၏ စစ်အတွင်း ခရီးသည်လို၊ ဗိုလ်မှူးကြီးဟောင်း တင်မောင်(မြတ်ထန်)၏ တိုင်းပြည်ကနုနုမုန်တိုင်းကထန်ထန်လို၊ လေထီးဦးအုန်းမောင်၏နှစ်ပေါင်းငါးဆယ်ကြာသောအခါလို ကိုယ်တွေ့နိုင်ငံရေးမှတ်တမ်းအား ဝတ္ထုအသွင်ရေးဖွဲ့ထားသည့် စာအုပ်ဖြစ်သည်။

စာရေးသူမြလှိုင်သည် ဖျာပုံမြို့ ဇာတိဖွားဖြစ်ပြီး ရဲဘော်သုံးကျိပ်ဝင်ဗိုလ်လကျ်ာ(သခင်လှဖေ)နှင့် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် ပါဝင်ခဲ့သော ဒေါက်တာလှရွှေ(အာဏာရှင်လှရွှေ)တို့၏ ညီဖြစ်သလို ဖျာပုံမြို့နယ် ကျောင်းသား သမဂ္ဂဥက္ကဋ္ဌ၊ တို့ဗမာအစည်းအရုံးအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းရွက်ခဲ့ပြီး လွတ်လပ်ရေးကြိုးပမ်းမှု၌ဘီအိုင်အေတပ်သား အဖြစ်လည်းကောင်း၊ ဘီဒီအေအရာခံဗိုလ်၊ ဒုဗိုလ်အဖြစ်လည်းကောင်းတာဝန်ထမ်းရွက်ခဲ့ကာဖက်ဆစ်တော်လှန်ရေးတွင် မြစ်ဝကျွန်းပေါ်ဒေသ၌ ရန်ကုန်ဘဆွေနှင့်အတူ ပြောက်ကျားစစ်ဆင်နွှဲခဲ့ပြီး ဖက်ဆစ်ဂျပန်တို့အား မောင်းထုတ်ခဲ့သူဖြစ်သည်။ ယခုစာအုပ်တွင်၎င်းငယ်စဉ်ကလေးဘဝဖြတ်သန်းမှုမှကျောင်းသားလှုပ်ရှားမှု၊ ဗြိတိသျှတို့အား ဆန့်ကျင်မှု၊ ဖက်ဆစ်တို့အား တော်လှန်မှုသမိုင်းတို့ကို ဖြတ်သန်းခဲ့သော ဘဝအတွေ့အကြုံနှင့် ခေတ်ပြိုင်ပုဂ္ဂိုလ်တို့၏ အကြောင်းများအပါအဝင် ဖြစ်ရပ်မှန်နိုင်ငံရေး နောက်ခံကားချပ်အား ဝတ္ထုသဖွယ်ခြယ်မှုန်းထားသည်။

စာမျက်နှာ ၈၀၀ နီးပါး ခံ့ခံ့ထည်ထည်ဖြင့် ရိုက်နှိပ်ထားပြီး တကောင်းစာအုပ်တိုက်က တန်ဖိုး ၇,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## ချစ်ရမှာစာမလိပ် (ဒေါက်တာစိုးလွင်)




မီးယပ်နှင့် သားဖွားဆရာဝန်ကြီးဒေါက်တာစိုးလွင်၏ အသစ်ထွက်ရှိလာသော စာအုပ်ဖြစ်သည်။ နာမည်ပေးပုံဆန်းသလိုဝတ္ထုလော၊ဆောင်းပါးလော၊ သို့လောသို့လော အတွေးပွားစေမည့် စာအုပ်ဖြစ်သည်။ အမှန်တကယ်တွင်မူ လူ့လောက၌ အိမ်ထောင်သည်ဘဝ၌ကြုံတွေ့ရတတ်သော ဇနီးမောင်နှံတို့ကြား ပွင့်လင်းမြင်သာမှုမရှိသော ဆက်ဆံမှုမှအိမ်ထောင်ရေးထိခိုက်သည်အထိ ဆိုးဆိုးရွားရွား မပျက်စီးစေရအောင် လမ်းညွှန်ရေးသားထားသည်။သို့ရာတွင်စာရေးသူက ယခုစာအုပ်ရေးသားရာ၌ အခက်အခဲကြုံရပုံကို "ဆေးပညာရှင်တစ်ယောက်အနေနှင့် ပြည်သူတို့သိသင့်သိထိုက်သည်ဟု ယူဆပြီး ပွင့်ပွင့်လင်းလင်းရှင်းပြရေးသားမှုတွေ ကသာမန်ရိုးရိုးပြည်သူတွေ ဖတ်မိလျှင်ညစ်ညမ်းနေမည်လား၊ ရိုင်းပျနေမည်လား၊ အပြာဆန်သွားမလား၊ ပန်းနုရောင်သမ်းသော ဇာခန်းဆီးနောက်ကွယ်မှ အချစ်၏ နောက်ဆက်တွဲစာမျက်နှာများကိုဖွင့်လှစ်ပြသရသည်မှာ ခက်ခဲလွန်းလှပါသည်။အပေါ်ယံလောက်ပဲရေးရမည်လား၊ အသေးစိတ်ခံစားချက်တွေရေးရမည်လား၊ ပေါ့ရွှတ်ရွှတ်ဖြစ်မှာလည်းကြောက်၊ လေးလွန်းသွားမှာလည်းကြောက်၊ ကလောင်ကိုကိုင်ရင်း ချီတုံချတုံဖြစ်ရသည့်အကြိမ်တွေမည်မျှများခဲ့ပြီးနည်း" ဟုစာအုပ်တစ်နေရာ၌ ရေးသားထားပါသည်။ ပွင့်လင်းမှုမရှိသော အိမ်ထောင်သည်များ၊ အလုပ်များလွန်းသော အိမ်ထောင်ရှင်များ၊ အလုပ်ဖိစီးမှုနှင့်ကြုံနေရသောအိမ်ထောင်သည်များနှင့် အသက်အရွယ်ရလာ၍ အိမ်ထောင်ရေး၌ မပျော်မွေ့ကြသူများ ဖတ်ရှုသင့်သောစာအုပ်ဖြစ်သည်။

စုစုပေါင်း ဆောင်းပါး ၃၃ ပုဒ်ပါဝင်ပြီး စိုးဇင်စာပေက တန်ဖိုး ၃၅၀၀ ကျပ်ဖြင့်ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## ဝက်ပါလမ်းတွေအကြောင်း သိသလား

ရှေးဟောင်းဂရိဒဏ္ဍာရီများကတည်းကရှိခဲ့သောဝက်ပါ(Labyrinths) များသည် ဖက်ရှင်တစ်ခုအဖြစ်အသစ်တစ်ဖန်ပေါ်ပေါက်လာပြန်ပြီဖြစ်သည်။ ဝက်ပါဟုပင်အဓိပ္ပာယ်သက်ရောက်သည့် Labyrinths နှင့် Mazes တို့ကို တူညီသည်ဟုယူဆကြလေ့ရှိသော်လည်း Maze များတွင် ရွေးချယ် စရာများစွာရှိပြီး ပဟေဠိတစ်ခုအဖြစ်ဒီဇိုင်းထုတ်လုပ်ထားကာ Labyrinths မှာမူသူ၏လမ်းကြောင်းအတိုင်း လိုက်ပါဝင်ရောက်သွားရင်း အပြင်သို့ထွက်ရမည့်ပုံစံဖြစ်သည်။

Labyrinth များသည် စက်ဝန်းသဏ္ဌာန်ပတ်လမ်းများအတိုင်း သွား ရောက်ရမည်ဖြစ်ကာ မြင့်မားသောနံရံများကာဆီးထားခြင်းလည်းမရှိပေ။ ဝက်ပါလမ်းလျှောက်ရခြင်းကိုနှစ်သက်သူများက ယင်းသို့လျှောက်ခြင်းဖြင့် စိတ်တည်ငြိမ်အေးချမ်းပြီး စိတ်ရှင်းစေနိုင်သည်ဟုဆိုကြသည်။ အချို့သောသူများသည် ကိုယ်ပိုင်ဝက်ပါများတည်ဆောက်ထိန်းသိမ်းလေ့ရှိကြပြီး ဝက်ပါလျှောက်လမ်းများကိုစိတ်ပါဝင်စားပါက labyrinthsociety.org ဝက်ဘ်ဆိုက်တွင် ကြည့်ရှုလေ့လာနိုင်သည်။

—Source: Reader's Digest

# တစ်ပတ်တာကံကြမ္မာ

ဧပြီ ၄ ရက် မှ ၁၀ ရက် အထိ

စံဇာဏီဘို

### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

သစ္စာစကား မတည်သောသူများနှင့် တွေ့တတ်သည်။ ရန်အနှောင့်အယှက်နှင့် ယှဉ်ပြီးလုပ်ငန်းများ ဆောင်ရွက်ရမည်။ သူတစ်ပါးအပေါ် အားကိုးခြင်းထက် ကိုယ်တိုင်လုပ်ပါ။ လျင်မြန်စွာအောင်မြင်မှုများရရှိလာပါလိမ့်မည်။ မတော်တဆထိခိုက်မှုအန္တရာယ်သတိထားရမည်။ မိဘအကြီးအကဲ ဆွေမျိုးရင်းချာများ၏ ကျန်းမာရေးအညံ့ရှိသော ကာလဖြစ်သည်။ စိတ်အနှောင့်အယှက်များ ဖုံးလွှမ်းနေသည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ထူးခြားသော အပြောင်းအလဲနှင့် တိုးတက်မှုအပေါင်းဖြစ်ပေါ်မည်။ ဦးတည်ချက်လမ်းကြောင်းသစ်မှ ခိုင်မာသောအောင်မြင်မှုလမ်းကြောင်းပေါ်သို့ရောက်ရှိခြင်းကြုံမည်။ ဖြစ်လိုလျက်မဖြစ်ရသေးသည်များဖြစ်လာမည့်ကာလဖြစ်သည်။ သံယောဇဉ်ရှိသူနှင့် မိမိအကြား သံသယတောင်တန်းကြီးခြားနားနေခြင်း ကြုံမည်။ ပျော်ရွှင်စရာသတင်းစကားကြားရမည်။ အထစ်အငေါ့များကြားမှ တိုးတက်မည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

စိတ်ကူးရည်မှန်းထားသည်များကို လက်တွေ့ဆောင်ရွက်အောင်မြင်မည်။ ငွေကြေးနှင့်ပတ်သက်သောကံကောင်းမည်။ စိတ်ရှုပ်စရာများကြားမှ တိုးတက်မည်။ ဆောင်ရွက်လိုက်သော ကိစ္စများမှ အောင်မြင်မှုရမည်။ သူတစ်ပါးအပေါ် အလွယ်တကူမယုံပါနှင့်။ လွန်လွန်ကဲကဲ အားနာခြင်းမပြုသင့်ပါ။ စိတ်ရှုပ်ရမည်။ လုပ်ငန်းခွင်မှသူများ တိုးတက်မည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အပြောင်းအလဲနှင့် အသစ်အဆန်းများ ဆောင်ရွက်၍ ထူးခြားသော တိုးတက်မှုများရရှိမည်။ မူလကတစ်ကြိမ်မှ လုပ်ကိုင်ဖူးခြင်းမရှိသော လုပ်ငန်းများဆောင်ရွက်၍ တိုးတက်မှု အဆင့်ဆင့်ရရှိမည်။ စိတ်အနှောင့်အယှက်အနည်းငယ်ရှိမည်။ ရုတ်တရက်ဖြစ်ပေါ်သော အခြေအနေကို တိုးတက်အောင်အသုံးချပါ။ ရန်အတိုက်အခံများကြားမှ တိုးတက်အောင် ဆောင်ရွက်ရမည်။ အများကိစ္စဆောင်ရွက်ရမည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

စိတ်ရှုပ်စရာများ တစ်ခုပြီးတစ်ခု ကြုံမည်။ လူယုံဒုက္ခပေးတတ်သည်။ သူတစ်ပါးကြောင့် မိမိအကြံအစည်ပျက်ယွင်းတတ်သည်။ အကြံဉာဏ်သစ်များ သုံးစွဲပါ။ ကျန်းမာရေးညံ့မည်။ မတော်တဆ ထိခိုက်မှုများဖြစ်တတ်သည်။ ရန်အနှောင့်အယှက်များကြားမှပင် တိုးတက်မှုရရှိမည်။ အရာရာသတိနှင့် ဆောင်ရွက်ပါ။ စိတ်ပင်ပန်းခံပြီး လုပ်လေ တိုးတက်လေဖြစ်သည်။ အကြံအားလုံးအောင်မြင်မည်။ ငွေဝင်ကောင်းမည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

မိမိလိုလားသည်များ လက်တွေ့ဆောင်ရွက်အောင်မြင်သော ကာလဖြစ်သည်။ အမျိုးသားများအဖို့ အမျိုးသမီးအနှောင့်အယှက် ကြီးမားစွာကြုံမည်။ လုပ်ငန်းပိုင်းတွင် အထူးကောင်းမွန်သော ကာလဖြစ်သည်။ ယခုလုပ်နေသော ကိစ္စကို အတိတ်မှဖော်ဆောင်ခဲ့ဖူးသော ပုံစံဖြင့် ပူးတွဲဆောင်ရွက်က တိုးတက်မည်။ မိတ်ဆွေ၊ အကြီးအကဲများထံမှ အထောက်အကူကောင်းစွာရမည်။ လုပ်ငန်းရှိသူ တိုးတက်မည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အပြောင်းအလဲ ရှိမည်။ တိုးတက်မည်။ သူတစ်ပါးနှင့် ဆန့်ကျင်ဘက်ရှုထောင့်မှ တွေးခေါ်တတ်သည်။ တစ်ဇွတ်ထိုးလုပ်လို စိတ်ပြင်းထန်နေ၍ စိတ်ပင်ပန်းပြီးမှ အဆင်ပြေမည်။ မထင်မှတ်ဘဲ ခရီးသွားရမည်။ ၎င်းခရီးမှ အကျိုးကောင်းရရှိမည်။ ရည်ရွယ်ချက်များအောင်မြင်မည်။ အနှောင့်အယှက်များ ဖြေရှင်းအဆင်ပြေမည်။ လက်လွှတ်ထားသောငွေများ ပြန်လည်တောင်းခံရရှိမည်။ လိုရာပြည့်စုံမည်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

လမ်းသစ်ထွင်၍ လုပ်ရင်း တိုးတက်မှုရရှိမည်။ အပြိုင်အဆိုင်များကြားမှ တိုးတက်မှု အဆင့်ဆင့်ရရှိမည်။ အနိုင်ယူလိုသူ၊ မနာလိုသူများ၏ အနှောင့်အယှက်များကို ကျော်ဖြတ်၍ တိုးတက်မှုများ အခိုင်အမာရရှိမည်။ လေ့လာစူးစမ်းမှုကောင်းခြင်းကြောင့် တိုးတက်မှုများ ရရှိမည်။ အပေါင်းအသင်း မိတ်ဆွေကြောင့် နာမည်ထိခိုက်တတ်သည် လမ်းရိုး လမ်းဟောင်းမှ ခွဲထွက်ပြီး လိုရာဆောင်ရွက်ပါ။ အထူးကောင်းမည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ဆန့်ကျင်ဘက်များ၊ အတိုက်အခံများ တစ်ခုပြီးတစ်ခု တွေ့တတ်သည်။ အလွန်စိတ်ရှုပ်ရပေမည်။ ကျန်းမာရေးသတိရှိရမည်။ စိတ်ထဲပေါ်လာသည့်အတိုင်း စနစ်တကျ ရှေ့တိုးလုပ်ရန် သင့်သည်။ မြှုပ်နှံထားသောငွေ၊ ပစ္စည်းများ လက်ဝယ်ပြန်လည်ရရှိမည်။ မတော်တဆ ထိခိုက်မှုသတိရှိရမည်။ အခြေအနေကို အသုံးပြုပြီး ဆုတ်သာတက်သာအောင်လုပ်ပါ။ ခက်ခဲသော ပြဿနာများ ကိုင်တွယ်ဖြေရှင်းရမည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အခက်အခဲများမည် ငွေကြေးစာရင်းဇယား၊ လက်ပြောင်းလက်လွှဲ သတိရှိပါ။ လူယုံမထားရ၊ ကိုယ်တိုင်ကိုယ်ကျလုပ်ကိုင်ပါ။ အတိုက်အခံများကို ထိပ်တိုက်ရင်ဆိုင်ခြင်းမပြုရ။ ပေါ်လာသော ပြဿနာများကို နှေ့ချင်းပြီး ဖြေရှင်းပါ။ ကတိပေးမလွယ်နှင့်။ အလုပ်သစ်များကို အကောင်အထည်ဖော်ပါ။ အကြံသစ်များ လက်တွေ့ဆောင်ရွက်ပါ။ ခရီးကိစ္စအောင်မြင်မည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

လမ်းသစ်ပွင့်မည်။ အလုပ်သစ်တိုးချဲ့ရမည်။ ကိုယ့်ကိစ္စသာမက သူတစ်ပါးကိစ္စပါ ပါဝင်ပတ်သက်နေရမည်။ ငွေကုန်ရသော်လည်း ကုန်ရကျိုးနပ်မည်။ အပင်ပန်းခံပြီး လုပ်ထားသည်များမှ ကောင်းသောအကျိုးရမည်။ သတိနှင့်ယှဉ်၍ ဆောင်ရွက်က အရာရာအဆင်ပြေမည်။ ဆုံးဖြတ်ထားသည်များအား မပြင်ဘဲ ရှေ့ဆက်တိုးရန်ကောင်းသည်။ လူပင်ပန်းသော်လည်း အောင်မြင်မည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အရာရာ လွဲချော်ပြီးမှ အဆင်ပြေကိန်းကြုံမည်။ အဆင်မပြေ၊ အကျိုးဖြစ်ထွန်းမည်မဟုတ်ဟု တွက်ဆထားသည်များမှ အကျိုးဖြစ်မည်။ လုံးဝမျှော်လင့်မထားသော သတင်းများကြားသိရမည်။ အခြေအနေအရပ်ရပ်သည် ဆိုးမယောင်နှင့် တစ်စစကောင်းကျိုးပေးခြင်းကို ဖြစ်ထွန်းစေမည်။ အရာရာသတိနှင့်ယှဉ်၍ဆောင်ရွက်ပါ။ ပြဿနာများကြားမှ တိုးတက်ခြင်းဖြစ်ပေါ်မည်။

7 DAY NEWS JOURNAL
Vol.11, No.5 • APRIL 5 , 2012

# ရုရှား-အမေရိကန် ဆက်ဆံရေး အကောင်းဆုံး သုံးနှစ်တာ



ကြည်နေဝင်းမင်း

မကြာသေးခင်က ဆိုးလ်မြို့မှာ အမေရိကန်သမ္မတ ဘားရက်အိုဘားမားနဲ့ တွေ့ဆုံချိန်မှာ ရုရှားသမ္မတ မက်ဗီဒက်က အမှတ်ရစရာအခိုက်အတန့်တစ်ရပ်ဖန်တီးခဲ့ပါတယ်။ အဲဒါကတော့ လွန်ခဲ့တဲ့ဆယ်စုနှစ်အတွင်း ရုရှား-အမေရိကန်ဆက်ဆံရေးမှာ နောက်ဆုံး သုံးနှစ်တာကာလဟာ အကောင်းဆုံးနှစ်တွေပဲလို့ ပြောဆိုခဲ့တာ ဖြစ်ပါတယ်။ ဒီသုံးနှစ်ဟာ ဘာတွေများထူးခြားနေလို့လဲ။ ဖြစ်နိုင်တာကတော့ နှစ်ပေါင်းများစွာအတွင်းမှာ အဲဒီသုံးနှစ်မှာ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ရုရှားနဲ့ အမေရိကန်သံတမန်တွေ အစစ်အမှန်ကြိုးစားအားထုတ်ခဲ့လို့ပဲ ဖြစ်ပါလိမ့်မယ်။

ပထမတော့ မစ္စတာမက်ဗီဒက်က ဆယ်စုနှစ်တွေလို့ ပြောလိုက်တယ်လို့ ထင်ကြပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့ ဝက်ဘ်ဆိုက်မှာတင်ထားတဲ့ စာသားကို ပြန်ကြည့်တော့ အဲဒီလောက်ကြီး ပြောထားတာ မဟုတ်ဘူးဆိုတာ ရှင်းလင်းသွားပါတယ်။ မက်ဗီဒက်က ၂၀၀၂-၂၀၁၂ကာလကိုရည်ညွှန်းတာပါ။ ယေဘုယျအားဖြင့်တော့ ဂျော့ဒဗလျူဘုရှ်နဲ့ ဗလာဒီမာပူတင်တို့ သမ္မတလက်ထက်နဲ့ အိုဘားမား၊ မက်ဗီဒက်တို့ရဲ့ သမ္မတလက်ထက်တွေကို ဆိုလိုတာပဲဖြစ်ပါတယ်။

ဟုတ်ပါတယ်။ အဲဒီသုံးနှစ်တည်းကို သီးခြားထားပြီး နှစ်ဖက်ဆက်ဆံရေးကို အကဲဖြတ်လို့မရပါဘူး။ ပြန်လည်ပြင်ဆင်မှု(Reset)ကနေ စတင်ခဲ့တဲ့ ဆက်ဆံရေးဟာ နောက်ဆုံးမှာ ဘယ်လောက်ရှုပ်ထွေးတယ်ဆိုတာ ပေါ်လာပါတယ်။

၂၀၀၉ ခုနှစ် ဧပြီလ ၁ ရက် ပထမဦးဆုံး တွေ့ဆုံမှုကနေ မက်ဗီဒက်နဲ့ အိုဘားမား(၁၁)ကြိမ်တွေ့ဆုံခဲ့ပါတယ်။ ဆိုးလ်မြို့က နျူကလီးယားလုံခြုံရေးထိပ်သီးအစည်းအဝေးပွဲမှာ သူတို့ရဲ့ ကြိုးပမ်းအားထုတ်မှုတွေကို ပြန်လည်ဆင်ခြင်သုံးသပ်ခဲ့ကြပါတယ်။

ရုရှားနိုင်ငံအနေနဲ့ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးထဲ ဝင်ရောက်နိုင်အောင် လုပ်ပေးရင်းနဲ့ အမေရိကန်က သူ့အတွက် နာမည်ကောင်းယူခဲ့တယ်။ (တကယ်တော့ ကုန်သွယ်ရေးမှာ တစ်ပြေးညီစည်းကမ်းတွေကို လိုက်နာတာဟာ လူတိုင်းအတွက် အကောင်းဆုံးပါပဲ) ဥရောပဒုံးကျည်ကာကွယ်ရေး ကိစ္စနဲ့ အရှေ့အလယ်ပိုင်းကိစ္စတွေကို နှစ်ဖက်မဖြေရှင်းနိုင်သေးဘူး။ ဒါပေမဲ့ မဟာဗျူဟာမြောက်လက်နက်များ လျှော့ချရေးသဘောတူညီချက်ကို အတည်ပြုနိုင်ခဲ့ပါတယ်။ တာလတ်ပစ်လက်နက်တွေ ချထားတဲ့ကိစ္စနဲ့ လက်နက်သိုလှောင်မှု ကိစ္စတွေနဲ့ပတ်သက်လို့ သဘောတူညီမှုတွေကို ဆိုးလ်မြို့မှာပဲ အစပြုခဲ့တယ်ဆိုတာကို မှတ်မှတ်ရရ ရှိသင့်ပါတယ်။

ဒါတွေဟာ အဓိကအောင်မြင်မှုတွေလို့ ထင်စရာရှိပါတယ်။ ဒါပေမဲ့လည်း တိတိကျကျ အကဲဖြတ်နိုင်ဖို့ ဒီသုံးနှစ်အတွင်းမှာ အောင်မြင်အောင် ကြိုးစားခဲ့တဲ့ အကြောင်းအရာတွေကို ကျွန်တော်တို့ နားလည်ရပါမယ်။ အကယ်၍ ရည်မှန်းထားတာက ရုရှား-အမေရိကန်ကြားမှာ မက်မက်စက်စက် အချစ်ဇာတ်လမ်းတစ်ပုဒ်ဖန်တီးဖို့ဆိုရင်တော့ WTO နဲ့ မဟာဗျူဟာ လက်နက်လျှော့ချရေး (START) ကိစ္စတွေဟာ သာမန်ရလဒ်ပဲဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီလောက် မှန်းထားတာ မဟုတ်ဘူးဆိုရင်တော့ အားလုံးဟာ အိုကေစိုပြည်ပါပဲ။

၂၀၀၀ ပြည့်နှစ် လန်ဒန်မှာ ကျင်းပခဲ့တဲ့ ကွန်ဖရင့်တစ်ရပ်ကို ကျွန်တော်တက်ရောက်ခဲ့ပါတယ်။ အဲဒီမှာ သောမတ်စ်ဂရေဟမ်လို့ခေါ်တဲ့ ရီပက်ဘလေကန်အစိုးရရဲ့ထင်ရှားတဲ့ အတွေးအခေါ်သမားတစ်ဦးက ရုရှားနိုင်ငံနဲ့ပတ်သက်ပြီး သူ့အစိုးရရဲ့ ရပ်တည်ချက်တွေကို အခိုင်အမာ ချပြခဲ့ပါတယ်။ သူ့မိန့်ခွန်းရဲ့ အတိုချုပ်ကတော့ ရုရှားနိုင်ငံဟာ တစ်ချိန်ကကမ္ဘာ့အရေးတွေမှာ ပါဝင်ခဲ့သလိုအခန်းကဏ္ဍမျိုးကနေ မပါဝင်နိုင်တော့ဘူး။ အခုအချိန်ကနေစပြီး ဝါရှင်တန်က ရုရှားနိုင်ငံကို ဒုတိယဌာနကြီးမှုအဆင့်နဲ့ ဆက်ဆံသွားမယ်။ ဒါတောင် အချိန်ပေးနိုင်မှ ဆိုသလိုမျိုးပါ။

ဒီသတင်းစကားက အစည်းအဝေးကို လက်ခံကျင်းပခဲ့တဲ့ ဗြိတိသျှတွေကို အများဆုံးတုန်လှုပ်စေခဲ့ပါတယ်။ ဒါဟာ သမ္မတဘီလ်ကလင်တန်လက်ထက်တစ်လျှောက်လုံး လုပ်ဆောင်ခဲ့တဲ့ ရုရှားနိုင်ငံကို ဒီမိုကရေစီ ပြောင်းလဲရေးဆိုတဲ့ လူတိုင်းလက်ခံထားတဲ့ပေါ်လစီရဲ့ အဆုံးသတ်လား။ ဂရေဟမ်အတွက် ကျွန်တော့်ရဲ့ တုံ့ပြန်မှုကတော့သူများနဲ့မတူပါဘူး။ သူတို့တစ်တွေ ရုရှားနိုင်ငံနဲ့ မပတ်သက်တော့ဘူးဆိုရင် ကောင်းတာပေါ့လို့ ကျွန်တော်စဉ်းစားခဲ့ပါတယ်။ ဘယ်ရုရှားအစိုးရမဆို ဖိအားတွေကို တွန်းလှန်မှာပဲဆိုတာကြောင့်လည်း အဲဒီလိုက ပိုကောင်းတာပေါ့လို့ ထင်မှတ်ခဲ့ပါတယ်။

ဂျော့ချ်ဒဗလျူဘုရှ်အစိုးရကမစ္စတာဂရေဟမ်ရဲ့ အညွှန်းအတိုင်းလိုက်နာကျင့်သုံးခဲ့ပါတယ်။ ဥရောပမဟာမိတ်တွေရဲ့ အကြံဉာဏ်တွေကို လျစ်လျူရှုနိုင်လောက်အောင်ကို အင်အားကြီးမားနေပြီလို့တောင် အမေရိကန်ကသူ့ကိုယ်သူ ထင်မှတ်ခဲ့ပါတယ်။ မိစ္ဆာဝင်ရိုးတန်းနိုင်ငံ အစိုးရအပြောင်းအလဲတွေဖြစ်အောင် ကြံဆောင်ခဲ့ပြီး ရုရှားနိုင်ငံရဲ့ အဝန်းအဝိုင်းမှာ အမေရိကန်ဘက်ယိုင်နေတဲ့ အစိုးရတွေ (ဂျော်ဂျီယာနဲ့ ယူကရိန်း) ကိုနောက်ပိုင်းမှာ နေတိုးအဖွဲ့ထဲ လက်ခံမယ်ဆိုတဲ့ ကတိတွေနဲ့မကြံကောင်းမစည်ရာ လုပ်ခဲ့ပါတယ်။ ဒီခြိမ်းခြောက်မှုကတော့ လေးနက်လာပါပြီ။

ဗလာဒီမာပူတင်ရဲ့ တုံ့ပြန်မှုကလည်းစစ်စစ်ပေါက်ပေါက်ဆိုရင် အခုလို အနည်ထိုင်သွားပါတယ်။ ငါတို့ဟာ အင်အားတောင့်တင်းပြီးသား။ အမေရိကန်နဲ့ ပတ်သက်ရင်ငါတို့ပြောချင်ရာပြောနိုင်လောက်အောင်လည်း အမှီအခိုကင်းတယ်။ တစ်ခါတလေမှာငါတို့ လုပ်ချင်တာလည်း လုပ်မယ်ဆိုတာမျိုးပါပဲ။

ဒီအခြေအနေဟာ ကမ္ဘာ့သံတမန်ရေးသမိုင်းမှာ ရင်မောစရာနဲ့ ရင်သပ်ရှုမောစရာ စာမျက်နှာတွေပဲဖြစ်ပါတယ်။ မော်စကိုရဲ့ တွက်ချက်မှုဟာ အံ့သြစရာကောင်းလောက်အောင် တိကျခဲ့တယ်လို့ဆိုနိုင်ပါတယ်။ အမေရိကန်နိုင်ငံဟာ သူရဲ့တစ်ကိုယ်တည်းကြဲတဲ့ ဝါဒကို ပိုတွက်ခဲ့ပြီးချောက်ကမ်းပါးစွန်းကိုဦးတည်နေပြီဆိုတာကို ၂၀၀၅ ခုနှစ်လောက်မှာ လူတိုင်းသဘောပေါက်လာခဲ့ပါတယ်။ အဲဒါနဲ့ ဆန့်ကျင်ဘက်မှာတော့ ရုရှားနိုင်ငံဟာ အရင်သမ္မတလက်ထက်မှာ ပျောက်ဆုံးခဲ့တဲ့ လွတ်လပ်တဲ့ ကမ္ဘာ့အင်အားကြီးနိုင်ငံဆိုတဲ့အနေအထားကိုပြန်ရလာခဲ့ပါတယ်။

မစ္စတာပူတင်နဲ့ ဂျော့ချ်ဒဗလျူဘုရှ်တို့ရဲ့ သမ္မတသက်တမ်းတွေအဆုံးသတ်ချိန်မှာတော့ နှစ်ဖက်ဆက်ဆံရေးဟာ ရှေ့မတိုးသာ နောက်မဆုတ်သာ ရှိနေခဲ့ပါတယ်။ ဒါပေမဲ့ လက်တွေ့မှာတော့ နှစ်နိုင်ငံကြားမှာ တစ်ဖက်နဲ့တစ်ဖက် အဆက်ပြတ်သွားခဲ့တာပါပဲ။ တစ်ဖက်နဲ့တစ်ဖက်၊ တစ်ယောက်နဲ့တစ်ယောက် မမြင်ချင်၊ မကြားချင်ကြပါဘူး။

ဒါပေမဲ့ ၂၀၀၈ ခုနှစ်မှာ အဲဒီအချိန်တုန်းကအထိ သူပိုင်ဆိုင်သေးတဲ့နယ်မြေတောင်အိုစက်တီးယားကို ဂျော်ဂျီယာက ဝင်တိုက်တဲ့အချိန်မှာတော့ တင်းမာမှုတွေအထွတ်အထိပ် ရောက်သွားခဲ့ပါတယ်။ ဂျော်ဂျီယာတပ်တွေက အိုစက်တီးယားအရပ်သားတွေကို စပြီး သတ်တာဖြတ်တာလုပ်လာတော့ ရုရှားငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့တွေကို အိုစက်တီးယားမှာ ချထားခဲ့ပါတယ်။ ဂျော်ဂျီယာကို အပြစ်ပေးဆုံးမဖို့ ဆုံးဖြတ်ချက်ကို အဲဒီအချိန်က သမ္မတသစ် မက်ဗီဒက်က ချမှတ်ခဲ့တာဖြစ်ပြီး ပူတင်ကသူ့မိတ်ဆွေဟောင်းဂျော့ချ်ဒဗလျူဘုရှ်ကို အသိပေးရုံပဲပေးခဲ့တာဖြစ်ပါတယ်။ ဘုရှ်က မသက်မသာနဲ့ ခေါင်းညိတ်ခဲ့တယ်။ ဒါကိုသူဘာမှ မတတ်နိုင်ပါဘူး။

အမေရိကန်ရဲ့ အကြံပေးချက်ကို ဆန့်ကျင်ပြီး ဂျော်ဂျီယာကစတိုက်ခဲ့တယ်ဆိုပြီးနောက်ပိုင်းမှပေါ်ထွက်လာတာက အရေးမကြီးတော့ပါဘူး။ အဲဒီအခိုက်အတန့်ကပဲ တစ်ဦးတည်းသော စူပါပါဝါဆိုတဲ့ အမေရိကန်ရဲ့မခိုင်မာတော့တဲ့ အနေအထား ပြိုလဲသွားခဲ့ပြီဆိုတာကို ပုံကြီးချဲ့ပြခဲ့ပါတယ်။ အဲဒီအချိန်ဟာ စီးပွားရေးအကျပ်အတည်းမဖြစ်ခင် တစ်လလောက်လိုပါသေးတယ်။

အဲဒီနောက်မှာတော့ သမ္မတအိုဘားမားက အကျပ်အတည်းကာလမန်နေဂျာတစ်ယောက်လိုလုပ်ကိုင်နေခဲ့ရပြီး အဲဒီအချိန်မှာ မစ္စတာမက်ဗီဒက်ကတော့ သူ့ရဲ့အခမ်းအနားဆုံး စိတ်ကူးထဲက ထက်တောင်ကျော်လွန်ပြီး တောင့်တင်းခိုင်မာအောင်လုပ်နိုင်ခဲ့တဲ့ နိုင်ငံတစ်နိုင်ငံရဲ့ ခေါင်းဆောင်အဖြစ်နေရာယူနိုင်ခဲ့ပါတယ်။ ဒီအခြေအနေက သူတို့နှစ်ယောက်ကိုတန်းတူဖြစ်စေခဲ့ပါတယ်။ တန်းတူရည်တူစကားစပြောရုံတင်မကပါဘူး။ အကောင်းဆုံးသုံးနှစ်ဆိုတာအဲဒီထက်ပိုပါတယ်။ မက်ဗီဒက်နဲ့ အိုဘားမားတို့ဟာ တကယ်ပဲရိုးသားဖြူစင်စွာနဲ့ နှစ်နိုင်ငံကြားမှာ ချစ်ကြည်ရင်းနှီးမှုရအောင်ကြံဆောင်ခဲ့ပါတယ်။ သူတို့မလုပ်ချင်တာထက် ပွင့်ပွင့်လင်းလင်းနှစ်ဖက်ပူးပေါင်းလုပ်ဆောင်နိုင်မယ့်ကိစ္စရပ်တွေကို ရှာဖွေခဲ့ပါတယ်။

ဒါပေမဲ့ တကယ့်ပြဿနာက အဲဒီနေရာမှာ ရှိနေပါတယ်။ နှစ်နိုင်ငံစလုံးမှာ နိုင်ငံခြားရေးပေါ်လစီဆိုတာ လူ့အဖွဲ့အစည်းရဲ့ ထောက်ခံမှုပေါ်မှာတည်မှီနေပါတယ်။ ဆိုတော့ ဒါကို လုံးလုံးကြီးပြောင်းပစ်လို့မရဘူးဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ ဒီလိုဆို ဘယ်ရောက်သွားမလဲ။

အာဖဂန်နစ္စတန်မှာပူးပေါင်းလုပ်ဆောင်ဖို့သဘောတူခဲ့တယ်။ အမေရိကန်တပ်တွေ ရုပ်သိမ်းသွားရင် ဆက်ပြီးပူးပေါင်းဦးမလား ဆိုတာကိုတော့ မသိသေးပါဘူး။ အီရန်ကိစ္စမှာ အတတ်နိုင်ဆုံးပူးပေါင်းဆောင်ရွက်ခဲ့တယ်။ ဆိုးလ်မှာထပ်ပြီး အတည်ပြုခဲ့သလို အိုဘားမားက အီရန်ကိစ္စမှာ ဆွေးနွေးတိုင်ပင်ညှိနှိုင်းမှုတွေကို လိုလားတယ်ဆိုရင်တော့ အားလုံးအဆင်ပြေပါတယ်။ သူစိတ်ပြောင်းရင်တော့ ပြဿနာရှိလာပါလိမ့်မယ်။

ဆီးရီးယားကိစ္စမှာတော့ပြန်လည်ရင်ကြားစေ့ရေး လုပ်ရမှာဖြစ်ပြီး အစိုးရပြောင်းဖို့ မလိုအပ်ဘူးလို့ ကျွန်တော်တို့ နားလည်ဝန်ခံကြတယ်။ ဒါပေမဲ့ ရှေ့တင်မှာတော့အမေရိကန်က တစ်မျိုးပြောနေပါတယ်။

ကုန်သွယ်ရေးကိစ္စမှာတော့ ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် လျစ်လျူရှုထားခဲ့တာ တော်တော်ကြာပြီ။ တစ်ယောက်နဲ့တစ်ယောက် စီးပွားရေးအရ တုပ်နှောင် မထားဘူးဆိုတော့ ဒီနေရာမှာ ကျွန်တော်တို့ သတိထားနေဖို့ မလိုဘူး။

ယေဘုယျအားဖြင့် ခြုံကြည့်မယ်ဆိုရင်တော့ အထူးသဖြင့် ဆယ်စုနှစ်ရဲ့ ကနဦးနှစ်ပိုင်းတွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် လတ်တလောမှာ ရုရှား-အမေရိကန်နှစ်နိုင်ငံ ဆက်ဆံရေး တော်တော်လေးကောင်းနေပုံပေါ်တယ်။ ဒါကို ကျွန်တော်တို့ လီဗာနင်းပြီး ဆက်ထိန်းထားဖို့ပဲ လိုပါတယ်။

*—Ref: Russia, America and the best three years; RIA Novosti*


ECCO
The Best Ceramic Artificer
EC 2013 M/L
Available At : CHERRY OO
Inquiry Ph : 01-373997, 01-381751, 02-72992


SOLO®
COLLECTION
" မြန်မာနှစ်သစ်ကူးအတာသင်္ကြန်တွင် SOLO နဲ့အတူ ပျော်ရွှင်ချမ်းမြေ့ကြပါစေ"
WHEREVER YOU GO SOLO WILL FOLLOW

# Commodity Watch

7 DAY NEWS JOURNAL
Vol.11, No.5 · APRIL 5 , 2012

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.0 (E 5700) (775) Processor | 52,000 |
| Intel P4 Dual Core 3.2 (E 5800) (775)Processor | 57,652 |
| Intel P4 Dual Core 3.3 GHz (1155,2120) Processor | 96,628 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 154,280 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 237,916 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 49,532 |
| MSI H67MA-E35 (1155) | 82,012 |
| ASUS P5G41T-MLX (775) | 50,344 |
| ASUS P8H61-MLX Plus (1155) | 62,524 |
| ASUS P8H67MLE (1155) | 92,568 |
| Gigabyte G41MT-S2(775) | 50,344 |
| Gigabyte H61M-S2 (B3) (1155) | 73,080 |
| Gigabyte H67M-D2 (B3) (1155) | 97,440 |
| **PC Memory** | |
| 1 GB DDR2 (800) Kingston | 16,240 |
| 2 GB DDR2 (800) Kingston | 24,360 |
| 2 GB DDR3 (1333) Kingston | 12,180 |
| 4 GB DDR3 (1333) Kingston | 20,300 |
| **Harddisk** | |
| 500 GB Seagate SATA | 73,892 |
| 1 TB Seagate SATA | 97,440 |
| 1.5 TB Seagate SATA | 107,250 |
| 2 TB Seagate SATA | 119,364 |
| **PCI Express Card** | |
| MSI N430GT 1GB PCI Express Card | 67,396 |
| MSI N430GT 2GB PCI Express Card | 69,020 |
| ASUS ENGTX520 1GB PCI Express Card | 48,720 |
| ASUS EAH 6850 1GB DDR5 PCI Express Card | 153,468 |
| ASUS EHA 5450 1GB DDR3 PCI Express Card | 38,164 |
| Gigabyte ATI Radeon HDR545SC 1GB PCI Express Card | 56,840 |
| Gigabyte ATI Redeon HD6450 1GB D3 PCI Express Card | 69,020 |
| **Memory Stick** | |
| Kingston 4 GB (101) | 5,500 |
| Silicon Power 4 GB(322) | 5,705 |
| Apacer 4 GB (AH-129) | 7,500 |
| SONY 4 GB | 8,000 |
| **UPS** | |
| Numeric (600 VA) UPS | 33,000 |
| Numeric (1000 VA) UPS | 66,000 |
| Power Pro (650 VA) UPS | 34,500 |
| Power Pro (1200 VA) UPS | 63,000 |
| Star (650 VA) UPS LED | 29,230 |
| Star (650 VA) UPS LCD Display | 30,810 |
| SVC (1200VA) UPS | 60,500 |
| East (650 VA) UPS LED | 39,600 |
| East (1.2KVA) UPS | 60,225 |
| **DVD Writer** | |
| ASUS DVD Writer (SATA) | 22,275 |
| Liteon 8X Blu-ray Disc Combo | 115,500 |
| Liteon DVD Writer (SATA) | 22,275 |
| **အိတ်ဆောင်တိပိဋကအဘိဓာန်** | ၁၆၀,၀၀၀ |

Technoland ဆိုင်မှ မတ်လ(၃၀) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.0Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 640,000 |
| Intel Core i5 2.30Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 528,000 |
| Intel Core i3 2.10Ghz 2GB DDR3,500 HDD,14.0" | 399,000 |
| Intel DualCore 1.6Ghz 2GB DDR3,640 HDD,256VGA,14.0" | 338,400 |
| Intel Atom 1.66Ghz 2GB DDR3, 320GB HDD,10.1" | 256,000 |
| **Dell** | |
| Intel Core i7 2.0Ghz 6GB DDR3, 640 HDD,1GB VGA,15.6" | 880,000 |
| Intel Core i5 2.30Ghz 6GB DDR3, 640 HDD, 15.6" | 552,000 |
| Intel Core i3 2.10Ghz 4GB DDR3, 500 HDD, 14.0" | 488,000 |
| Intel Atom 1.66Ghz 1GB DDR3, 250 HDD, 10.1" | 304,000 |
| **Lenovo** | |
| Intel Core i7 2.10Ghz 8GB DDR3,750 HDD,2GB VGA,15.6" | 847,200 |
| Intel Core i5 2.3Ghz 2GB DDR3,750 HDD,1GB VGA,14" | 535,200 |
| Intel Core i3 2.2Ghz 2GB DDR3,500 HDD, 14" | 407,200 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| Toshiba (LCD) | 32BX10T | 210,000 |
| Panasonic(LCD) | 32SC4S | 240,000 |
| Sony (LCD) | 32BX | 280,000 |
| Toshiba (TV) | LZE 21-28 | 110,000 |
| Daewoo | DTU2131NZF | 115,000 |
| | DTU2132NZF | 125,000 |
| **DVD** | | |
| EVD (coeco) | 8082 | 20,000 |
| EVD(Sony) | DVK75 | 22,000 |
| LG | DV276 | 22,000 |
| Toshiba | DV380 | 22,000 |
| Daewoo | 1400S | 40,000 |
| HQ | HDMI999 | 50,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Sanyo | SR811 | 479,000 |
| Hitachi | 19AGV7 | 230,000 |
| Panasonic | NR.BT223 | 225,000 |
| **Washing** | | |
| Panasonic | XPB-90-99885 | 165,000 |
| | MAS 70 V2 | 195,000 |
| Toshiba | 120 R | 145,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ မတ်လ (၃၀) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့်OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၉၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၆၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၅ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၁၁၀-၁၃၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၂,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၅၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၁၃၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၃၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ မတ်လ(၃၀) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၄,၀၀၀-၄,၅၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၅၀၀-၆၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၁,၈၀၀-၂,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၇၀၀-၈၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၁,၀၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၂,၅၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၀၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ မတ်လ (၃၁)ရက်က ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၉၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၉၅၀-၂,၁၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၅၀၀-၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀-၇၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၅၀-၆၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀ ဝန်းကျင် |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၅၀၀-၅,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀- ၂,၀၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၃,၀၀၀-၆,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၀၀၀- ၂၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၅၀၀-၃,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၇၀၀-၃,၂၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၆၀၀- ၂,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၅,၀၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၇,၀၀၀-၉,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၀၀၀-၉,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၃,၀၀၀-၂၆,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀- ၁,၆၀၀ |

မတ်လ (၃၀)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| တိုယိုတာ ဝက်ဂွန် | **၃. ဝအင်ဂျင်ပါဝါ** | ၇ဂ၊ ၉ဂ၊ ၁ဃ | ၃၄၀-၃၅၀ |
| စူဇူကီး ဝက်ဂွန် R+ | ၂၀၀၀- ၂၀၀၁ | ၁ဂ၊ ၂ဂ/၃ဂ | ၁၈၅ |
| ပါဂျဲရို | ၉၅၊ ၉၆ | ၇ဂ/၉ဂ | ၃၃၀ |
| ပါဂျဲရို | ၉၇၊ ၉၈၊ ၉၉ | ၇ဂ/၉ဂ | ၄၅၀ အောက် |
| ဟိုင်းလပ်ဆပ် (ဝက်ဂွန်) | ၉၆ | ၇ဂ/၉ဂ/၁ဃ | ၃၅၀ အောက် |
| ဟိုင်းလပ်ဆပ် (Gradeအစုံ) | ၉၇၊၉၈၊၉၉ | ၇ဂ/၉ဂ/၁ဃ | ၄၀၀ ဝန်းကျင် |
| တိုယိုတာဖင်ကောက် (ဒီဇယ်) | ၂၀၀၀-၀၁ | ၇ဂ/၉ဂ | ၃၀၀ အောက် |
| တိုယိုတာ (လီမီတက်) | ၉၆-၉၈ | ၂ဃ/၈ဃ | ၃၀၀ အောက် |
| မတ်တူး (2 .0 Grade) | ၂၀၀၂ | ၉ဂ | ၂၆၅ |
| မတ်တူး (2.5 Grade) | ၂၀၀၂ | ၉ဂ | ၃၀၀ ဝန်းကျင် |

မတ်လ (၃၁)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှဈေးနှုန်းများ

| | March (25) | March (26) | March (27) | March (28) | March (29) | March (30) | March (31) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၅၀ | ၃,၅၅၀ |
| ဒီဇယ် | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ |
| Octane ဒီဇယ် | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ |
| Premier ဒီဇယ် | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ |

## အချုပ်ပို(A)၊ နေပြည်တော်မှ နိုင်ငံ့ဝန်ထမ်းတို့၏မဲ မှ

ယင်းကဲ့သို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက မဲဆန္ဒနယ်လေးခုလုံးတွင် အနိုင်ရရှိသွားခြင်းသည် တပ်မတော်သားများအပါအဝင် အစိုးရဝန်ထမ်းအားလုံး၏ ရင်ထဲမှအမှန်တကယ်ဆန္ဒများကို ထုတ်ဖော်ပြလိုက်ခြင်းနှင့် အပြောင်းအလဲကိုလိုလားကြောင်း ပြောဆိုလိုက်ခြင်းပင်ဖြစ်သည်ဟု လက်ရှိညွှန်ကြားရေးမှူးတာဝန် ထမ်းဆောင်နေသော ဌာနဆိုင်ရာအရာရှိတစ်ဦးက မှတ်ချက်ပြုပြောကြားသည်။

နေပြည်တော်ရလဒ်နှင့်ပတ်သက်၍ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ၏ ဥက္ကဋ္ဌဖြစ်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဒေါက်တာအေးမောင်က "မိမိပါတီကို ပါတီရဲ့မူဝါဒကိုလူထုကမကြိုက်တော့ဘူးဆိုရင် ပြောင်းပေးရပါတယ်။ လူထုထောက်ခံမှုရှိဖို့ ဘာလုပ်သင့်လဲဆိုတာ ပြန်စဉ်းစားရပါမယ်။ စစ်မှန်တဲ့ လူထုကိုယ်စားလှယ်ဖြစ်ဖို့ပြည်သူရဲ့ ယုံကြည်မှုလိုပါတယ်" ဟုသုံးသပ်ပြောဆိုသည်။

"ဒီချုပ်နိုင်လို့ အပြောင်းအလဲတွေပေါ်မှာ ဝန်ထမ်းတွေအနေနဲ့ စိုးရိမ်မှုမရှိဘူး။ ရှိလည်း မရှိနိုင်လောက်ဘူး။ ဒေါ်စုနိုင်ရင် ပိုတောင်ကောင်းသေးတယ်။ အဲဒီ့အခါကျမှ ပြည်ပကလည်း အကူအညီတွေ လှိမ့်ဝင်လာမှာ။ အခုလိုဖြစ်သင့်တာ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်ကတည်းက" ဟု နေပြည်တော်တိုင်းအတွင်းရှိ ရဲစခန်းတစ်ခုတွင် လက်ရှိတာဝန်ထမ်းဆောင်နေသော ဒုရဲအုပ်တစ်ဦးက ပြောကြားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အနိုင်ရခဲ့ခြင်းနှင့် ပတ်သက်၍ ကချင်ပြည်နယ် ကေအိုင်အိုဥက္ကဋ္ဌဟောင်းတစ်ဦးဖြစ်ခဲ့သော ဒေါက်တာတူးဂျာက ယခုကဲ့သို့သုံးသပ်ပြောကြားသည်။ "တပ်မတော်သားတွေနဲ့ အစိုးရဝန် ထမ်းတွေကပါ ပါတီစွဲမရှိဘဲ ပါတီစုံစနစ် အနှစ်သာရကို ပိုပြီးပေါ်လွင်လာအောင်အားပေးတဲ့သဘောဖြစ်မယ်"

ဒေါက်တာအေးမောင်ကမူ "အင်အားကောင်းပြီး ပြည်သူလူထုကအားပေးထောက်ခံတဲ့ ဒီချုပ်က ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်ထဲ ရောက်လာရင် လွှတ်တော်အင်အား တောင့်တင်းသွားတာပေါ့" ဟု ပြောကြားသည်။

လေးနေရာစလုံးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက အနိုင်ရခဲ့သော်လည်း တပ်မတော်သားများနှင့် မိသားစုများသာရှိသော ပုဗ္ဗသီရိမြို့နယ်ရှိနေပြည်တော်တိုင်းစစ်ဌာနချုပ်အတွင်းရှိမဲရုံအမှတ်(၁)တွင်မူ ဆန္ဒမဲလာပေးသူ ၁,၈၀၀ အနက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၁၅၄ မဲသာ ထောက်ခံမဲရရှိခဲ့သည်။ သို့သော်လည်း မဲဆန္ဒနယ်တစ်နယ်လုံး ခြုံကြည့်ပါက ကျန်ကျေးရွာများမှ ပြည်သူများ၏ ထောက်ခံမှုဖြင့် မဲစုစုပေါင်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်နေရာ ၄၅နေရာ အနက် မဲဆန္ဒနယ် အားလုံးနီးပါးကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက အနိုင်ရရှိခြင်းနှင့်ပတ်သက်၍ အသက် ၅၄ နှစ်အရွယ် အရာထမ်းတစ်ဦးကမူ ယခုသက်တမ်းအတွင်း ကိုယ်စားလှယ် လောင်း ၄၀ ကျော်နှင့် တစ်စုံတစ်ရာပြောင်းလဲရေး လွှတ်တော်အတွင်းပြုလုပ်နိုင်မည်ဟု မထင်ကြောင်း ပြောကြားသည်။

လက်ရှိ လွှတ်တော်တွင်းက အခြေအနေနှင့်ပတ်သက်၍ အပြောင်းအလဲများနှင့်ပတ်သက်ပြီးပြောရာတွင် "အပြောင်းအလဲတွေကိုကြိုက်ပြီလို့ အကုန်လုံးတော့ပြောလို့မရသေးဘူး။ စောင့်ကြည့်ရဦးမယ်။ လေးပုံတစ်ပုံက ကိုယ်မသိတဲ့ အမတ်တွေ ဝင်လုပ်နေတာလေ" ဟု ဒုရဲအုပ်တစ်ဦးက သူ့အမြင်ကိုပြောပြသည်။ နေပြည်တော်ကောင်စီနယ်မြေရှိ မဲဆန္ဒနယ်အားလုံးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အနိုင်ရရှိခဲ့ခြင်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ကိုယ်စားလှယ်လောင်းများက အိမ်တိုင်းစေ့သွားရောက်စည်းရုံးမှုများပြုလုပ်ခဲ့ခြင်းကြောင့်ဖြစ်သည်ဟု သိရသည်။

ယခု ကြားဖြတ်ရွေးကောက်ပွဲသည် ၂၀၁၀ ရွေးကောက်ပွဲနှင့်ယှဉ်ပါက တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှုပိုရှိသည်ဟု ထင်မြင်ကြောင်း ရွေးကောက်ပွဲမကျင်းပနိုင်သေးဘဲ ရွှေ့ဆိုင်းခြင်း ခံထားရသည့် ကချင်ပြည်နယ် မိုးကောင်းမဲဆန္ဒနယ်မှ ဒေါက်တာတူးဂျာက ပြောကြားသည်။




## စာ-၂၈၊ အသံတွေ ဆူညံခဲ့သော်လည်း အောင်မြင်ခဲ့သည့် ရွေးကောက်ပွဲ မှ

နိုင်ငံတွင်း မဲဆန္ဒနယ် ၄၅ နေရာတွင် ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိပြီး မဲစာရင်းတွင် မပါဝင်သည့်ကိစ္စများမှာ နေရာအတော်များများတွင် အနည်းနှင့်အများဖြစ်ပွားပြီး ထိုအထဲတွင်မှလူနေထူထပ်သည့်မဲဆန္ဒနယ်တစ်ခုဖြစ်သော ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော်တွင်လည်း လူငါးရာနီးပါးမှာ မဲစာရင်းတွင် မပါဝင်ခဲ့ပေ။

ထိုနည်းတူ မြန်မာနိုင်ငံ အလယ်ပိုင်း ကျောက်ပန်းတောင်းမြို့တွင်လည်း လူဦးရေသောင်းချီကာ မဲစာရင်းတွင် မပါဝင်မှုဖြစ်ခဲ့ပြီး ထိုသူများက မဲမပေးခဲ့ရသော်လည်း နောက်သုံးနှစ်အကြာတွင် ကျင်းပမည့် ၂၀၁၅ တွင် ထိုသို့မဖြစ်စေရန် မြို့နယ်ရွေးကောက်ပွဲကော်မရှင်သို့ ပေးစာများပေးပို့ကာ အကြောင်းကြားထားကြောင်း ဒေသခံများကပြောဆိုကြသည်။

ကျောက်ပန်းတောင်း၊ ဒဂုံဆိပ်ကမ်းတို့အပြင် အခြားမဲဆန္ဒနယ်များဖြစ်သော တောင်ငူ၊ မကွေး၊ မန္တလေး မဟာအောင်မြေ၊ နေပြည်တော်၊ ပခုက္ကူ၊ ပြင်ဦးလွင်၊ ပုသိမ်စသည့်နေရာများတွင်လည်း မဲပေးခွင့်ရှိပြီး မဲစာရင်းတွင် မပါဝင်သဖြင့် မကျေမနပ်နှင့် သွားရောက်ပြောဆိုသူများနှင့် မဲရုံမှ တာဝန်ရှိများနှင့် စကားအပြန်အလှန်ပြောဆိုမှုများလည်း နေရာတော်တော်များများတွင် ဖြစ်ပွားခဲ့သည်။

မန္တလေးမြို့ ရဲမွန်တောင်ရပ်ကွက် မဲရုံအမှတ်(၂)ရှေ့တွင် မဲစာရင်းလာကြည့်သော အမျိုးသမီးတစ်ဦးက "ရန်ကုန်ကနေ မဲပေးဖို့အတွက် ကျွန်မယောက်ျားက လေယာဉ်နဲ့လာနေပြီ။ ဒါပေမဲ့ စာရင်းမှာ သူ့နာမည်မပါဘူး။ ဘယ်လိုရှင်းပြရမလဲ မသိတော့ပါဘူး" ဟု ပြောကြားခဲ့ သည်။ ထိုမဲရုံတွင် နာမည်စာရင်းမပါဝင်သော အလုပ်သမားများလည်း ရှိသော်လည်း ယင်းတို့မှာ လုပ်ငန်းခွင်အချိန်မီဝင်ရမည်ဖြစ်သဖြင့် အလုပ်ခွင်အ သီးသီးသို့ မဲမပေးရဘဲ သွားရောက်ခဲ့ကြရသည်။

မဲစာရင်းတွင် မပါဝင်ခဲ့သူများတွင် အချို့က မိသားစုလိုက် မပါဝင်ခြင်းဖြစ်ပြီး အချို့မှာ မဲပေးခွင့်ရှိသော်လည်း မိသားစုဝင်ထဲမှ မိသားစုဝင်အချို့သာ မဲပေးခွင့်ရခဲ့ကြသည့် တူညီသောပြဿနာများမှာ ရွေးကောက်ပွဲနေ့တွင် အများဆုံးကြားခဲ့ရသော ပြဿနာများဖြစ်သည်။

"ကျွန်တော်တို့အိမ်မှာ မဲပေးခွင့်ရှိသူငါးယောက်ရှိတယ်။ စာရင်းထွက်လာတော့ ကျွန်တော်တစ်ယောက်ပဲပါလာတယ်" ဟု ယုဇနဥယျာဉ်မြို့တော်ဟု စာလုံးအမည်း ကန့်လန့်ဖြတ်ရေးထားသော သန်းခေါင်စာရင်းကိုထောင်ပြကာ မကျေမနပ်နှင့် ကိုမင်းမင်းကပြောကြားသည်။

ကိုမင်းမင်းလိုပင် မဲစာရင်းတွင် မပါဝင်ကာ မဲမပေးရသူများက မဲပေးခွင့် ရလိုရငြား စောင့်ဆိုင်းနေကြသည်မှာ နံနက် ၁၀ နာရီဝန်းကျင်တွင် ရာနှင့်ချီ စုဝေးခဲ့ကြသည်။ ယုဇနဥယျာဉ်မြို့တော် ၉၄ ရပ်ကွက်အတွင်းတွင် အိမ်ရာများတွင် အချို့နေရာများ၌ တိုက်တစ်တိုက်လုံး မဲစာရင်း ကျန်ခဲ့မှုများပင်ရှိကြောင်း မဲစာရင်းတွင် မပါသူများကပြောကြားသည်။

ကြားဖြတ်ရွေးကောက်ပွဲနေ့တွင် မဲပေးခွင့်မရခဲ့သူများမှာ အချို့မဲဆန္ဒနယ်များတွင် ထောင်နှင့်ချီရှိပြီး၊ အချို့လူဦးရေနည်းသောနေရာများတွင် ရာနှင့်ချီရှိခဲ့သည်။ ညနေ ၄ နာရီ မဲရုံပိတ်ချိန်အထိ စောင့်ဆိုင်းရင်း မဲပေးခွင့်ရရှိရန် စောင့်ဆိုင်းနေခဲ့ကြသူများ ရှိသော်လည်း အများစုမှာ မဲပေးခွင့်မရရှိခဲ့ကြပေ။

မဲစာရင်းတွင် မပါဝင်ခဲ့သဖြင့်မဲမပေးခဲ့ရသူများသည်နောက်သုံးနှစ်အကြာတွင် ကျင်းပမည့် ၂၀၁၅ ရွေးကောက်ပွဲတွင် အလားတူအဖြစ်မျိုး ကြုံတွေ့မည်ကို စိုးရိမ်ကြောင်းပြောကြသည်။

မဲပေးခွင့်မရခြင်းနှင့်အတူ အများဆုံး ကြားသိခဲ့ရသည်မှာ မဲလက်မှတ်တွင် ဖယောင်းသုတ်ထားသည်ဆိုသည့် ပြောစကားများပင်ဖြစ်သည်။

မဲပေးခဲ့သူအချို့က မဲလက်မှတ်တွင် ယင်းတို့ဆန္ဒပြုလိုသော ပါတီအမှတ်တံဆိပ်နံဘေးတွင် ပြောင်ချောချောဖြစ်နေကာ မင်ရာမထင်ခြင်းကို ကြုံတွေ့ခဲ့ရကြောင်း မဲဆန္ဒနယ်နေရာအချို့မှ မဲပေးရာတွင် ကိုယ်တိုင်ကြုံခဲ့သူများကဆိုကြသည်။ ဖယောင်းသုတ်ထားသည်ဟုထင်မြင်သူများက မဲလက်မှတ်တွင် ခြစ်ကြည့်၊ ပွတ်ကြည့်ရာမှ မဲလက်မှတ်ပျက်စီးကာ အသစ်တောင်းရာတွင် ထပ်မံမပေးသည့်အတွက် ကော်မရှင်တာဝန်ရှိသူများနှင့် မပြေလည်မှုများလည်းဖြစ်ပွားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည် ဝင်ရောက်အရွေးခံသော ကော့မှူးမြို့နယ် ပြည်တော်သာ(၁) လမ်း နေ အသက် ၆၃ နှစ်အရွယ်ရှိဒေါ်ကြည်အေးက "အနှစ်နှစ်အလလက အားခဲထားခဲ့တာအလကား ဖြစ်သွားတာပေါ့ အောက်ဆုံးအကွက် NLD ကို မဲပေးတာ ဘောပင်က စာရွက်ပေါ်မှာ မင်မထင်ဘူး။ ဒါနဲ့ တစ်ရှူးနဲ့ အဲဒီနေရာကိုသုတ်ပြီး ခြစ်ကြည့်တော့လည်း ခြစ်ရာ အများကြီးဖြစ်သွားတယ်။ ဒါနဲ့ ပယ်မဲဖြစ်ပြီဆိုပြီး နောက်ထပ် မဲလက်မှတ်တစ်စောင်တောင်းတာမပေးဘူး။ မဲပေးချင်လို့ မနက် ၄ နာရီကတည်းက ထပြီးတော့ ၇နာရီမှာ မဲသွားပေးတာ။ အခုလို အဆင်မပြေတော့ စိတ်ဆိုးတယ်" ဟု သူမကြုံတွေ့ခဲ့ရသည်များကိုပြောပြသည်။ မဲလက်မှတ်များတွင် ဖယောင်းသုတ်ထားသည်ဟု လူအများစု ထင်မြင်ယူဆနေသော တစ်နိုင်ငံလုံးအတွက် မဲလက်မှတ်များကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းကတာဝန်ယူပုံနှိပ်ပေးကြောင်း သိရသည်။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းကသူ၏ ဖေ့စ်ဘွတ်ခ်အကောင့်တွင် "မဲလက်မှတ် ဖယောင်းမသုတ်ပါ" ဟူသော ရှင်းလင်းချက်ကို ပြီးခဲ့သော ရက်နေ့ နေ့လယ်ပိုင်းက ရေးသားထားသည်ကို တွေ့ရသည်။

"ပါတီတစ်ခုတည်းကို ကွက်ပြီးလုပ်ဖို့ဆိုတာ ပိုပြီးမဖြစ်နိုင်ပါဘူး။ ဘာလို့လဲဆိုတော့ မဲလက်မှတ်မှာပါတီတွေအထက်အောက်ထားရှိမှုဟာ မဲဆန္ဒနယ် အလိုက် ဝင်ပြိုင်တဲ့ပါတီ အနည်းအများပေါ်မှာမူတည်ပြီး ကွဲပြားနေလို့ဖြစ်ပါတယ်။ လက်နဲ့ သုတ်ဖို့ဆိုရင်လည်း သိန်း၊ သန်းချီတဲ့ လက်မှတ်တွေကိုဘယ်လိုမှသုတ်လို့မရပါဘူး။ ဖယောင်းသုတ်ထားတယ်ဆိုတာ လုံးဝမမှန်ပါဘူးလို့ အခိုင်အမာပြောလိုပါတယ်" ဟုဦးရဲထွန်းက ဖြေရှင်းပြောကြားထားသည်။

မဲလက်မှတ်များအတွက် အသုံးပြုသော စာရွက်အမျိုးအစားက အကိုင်အတွယ်ခံမည့်စက္ကူအမျိုးအစားကို ရွေးချယ်ထားသည့်အတွက် ချောကာ အနည်းငယ်ထူကြောင်းနှင့် မဲခြစ်သည့်နေရာတွင် အခက်အခဲရှိ၊ မရှိ လက်တွေ့စမ်းသပ်ခဲ့ပြီးဖြစ်ကြောင်းလည်း ရှင်းလင်းထားသည်။

ကြားဖြတ်ရွေးကောက်ပွဲကို နံနက် ၆ နာရီမှစတင်ကာ ၁၀ နာရီကြာ မဲပေးပြီးသွားချိန်တွင်တော့ တစ်နိုင်ငံလုံးတွင် မကျေနပ်သံများ၊ စိတ်ကြိုက် မဲပေးခွင့်ရသဖြင့် ကျေနပ်သံများ၊ လက်ခုပ်သံများဖြင့် ပြီးဆုံးသွားခဲ့ပြီးနောက် အာဆီယံနှင့်အနောက်နိုင်ငံများမှ လာရောက် လေ့လာစောင့်ကြည့်ကြသော ရွေးကောက်ပွဲလေ့လာသူများက လုံးဝ တရားမျှတပြီး လွတ်လပ်သည်ဟု မဆိုသာသော်လည်း လေ့လာရသလောက် အောင်မြင်သော ရွေးကောက်ပွဲတစ်ခုဖြစ်ခဲ့ကြောင်း မှတ်ချက်များပေးခဲ့ကြသည်။

မဲပေးသည့်စာရင်းတွင် မပါဝင်သဖြင့် တိုင်ကြားမှုများ၊ မင်ခြစ်လွန်သဖြင့် မဲအသစ် ထပ်တောင်းမရသည်များ၊ စာရွက်မှာ ချောနေသဖြင့် မင်မထင်သည်များ စသည်ဖြင့် ပြောဆိုသံများ ဆူညံစွာထွက်ပေါ်ခဲ့သော်လည်း ရွေးကောက်ပွဲပြီးစီးချိန်တွင် မဲရလဒ်များ အကြမ်းဖျင်း ထွက်ပေါ်လာချိန်တွင်တော့ ထိုအသံများ အနည်းငယ်စဲသွားကာ အဆင်ပြေချောမွေ့စွာ ပြီးဆုံးခဲ့သည်။



Environment
7 Day News Journal
Vol.11, No.5 • APRIL 5 , 2012

# ဟတ်ကြီးစီမံကိန်းကုမ္ပဏီများ ပတ်ဝန်းကျင်သို့ သက်ရောက်

အိဖြူလွင်

ရန်ကုန်၊ မတ် - ၂၆

**သံလွင်မြစ်ပေါ်ရှိဟတ်ကြီးရေအားလျှပ်စစ်ထုတ်ယူသည့် ဆည်တည်ဆောက်နေသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ လိုက်နာ ရသော CSR (Corporate Social Responsibilities) လူမှုရေးအရလုပ်ဆောင်ပေးရသည့် တာဝန်များ၏ စည်းကမ်းချက်များကို လိုက်နာမှုမရှိသည်ကိုတွေ့ရှိရကြောင်း ယင်းရေအားလျှပ်စစ်ဆည်ကို လေးနှစ်ကြာလေ့လာခဲ့သူ ဒေါ်ရှိန်းနင်းက ပြောသည်။**

လူမှုရေးအရ လုပ်ဆောင်ပေးရသည့် တာဝန်များမှာ နိုင်ငံအတွင်းမည်သည့်ဥပဒေမျှပြဋ္ဌာန်းထားခြင်းမရှိသော်လည်း နိုင်ငံတကာ ကုမ္ပဏီများ ကျင့်ဝတ်အရ လိုက်နာရမည့် CSR သည် ကုမ္ပဏီအမျိုးအမည်ကွဲပြားမှုကို လိုက်၍ စည်းကမ်းချက်များ ကွဲပြားသော်လည်း အခြေခံအားဖြင့် ရင်းနှီးမြှုပ်နှံမည့်ဒေသတွင် စီမံကိန်းနှင့်ပတ်သက်သော သတင်းအချက်အလက်အမှန်ထုတ်ပြန်ခြင်း၊ ဒေသအတွင်း လူမှုရေးထိခိုက်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများကိုလေ့လာပြီး ထုတ်ပြန်ပေးခြင်း၊ ဒေသတွင်းရှိ လုပ်သားများ၏အရေးကို ကာကွယ်လုပ်ဆောင်ပေးခြင်းတို့ဖြစ်သည်။

"ကျွန်မလေ့လာခဲ့သလောက်ကတော့ ဒေသခံတွေကို ဘာမှ အသိမပေးဘူးလို့ပြောတယ်။ EIA နဲ့ SIA ကို ၂၀၀၈ ကတည်းက လုပ်ပြီးသွားပြီ။ ဒေသဖွံ့ဖြိုးရေးအတွက် မဖြစ်မနေလုပ်ရတဲ့ လုပ်ငန်းတွေရှိတယ်။ အဲဒီ့ထဲက တစ်ရွာကို ငါးဖမ်းကွန် ၁၀ အိမ်လောက်ပေးတယ်။ တစ်နှစ်ကို ဒေသခံတွေအတွက် တစ်ကြိမ် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ပေးတယ်။ တစ်နှစ်ကို အော်ဂဲနစ် ဓာတ်မြေသြဇာအကြောင်းလာပြောတယ်။ လုံလောက်မှုမရှိဘူး" ဟု အဆိုပါ ပုဂ္ဂိုလ်က ပြောသည်။

ကရင်ပြည်နယ်တောင်ပိုင်း ထိုင်းနိုင်ငံနယ်စပ် သံလွင်မြစ်ပေါ်တွင် ၂၀၀၅ ခုနှစ်ကစတင်ပြီး ဟတ်ကြီးရေအား လျှပ်စစ်စီမံကိန်းကို ကုမ္ပဏီသုံးခုနှင့် မြန်မာအစိုးရတို့ ပူးပေါင်းတည်ဆောက်ခဲ့သည်။ မြန်မာက ထိုင်းနိုင်ငံကို နှစ် ၃၀ (၂၀၁၂-၂၀၃၀) လုပ်ပိုင်ခွင့်ပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု မပါရှိဘဲ ၁၀ ရာခိုင်နှုန်းရရှိမည်ဖြစ်သည်။

ထိုင်းနိုင်ငံ EGATI ကုမ္ပဏီက ၃၆ ရာခိုင်နှုန်း၊ IGOEC (International Group of Enterpreneus Company) က ၄ ရာခိုင်နှုန်း၊ တရုတ်ကုမ္ပဏီက ၅၀ ရာခိုင်နှုန်းရရှိမည်ဖြစ်သည်။

ယင်းရေအားလျှပ်စစ် စီမံကိန်းမှ မဂ္ဂါဝပ် ၁၃၆၀ ကိုထုတ်ယူမည်ဖြစ်ပြီး ရရှိသော လျှပ်စစ်ကို ထိုင်းနိုင်ငံအလယ်ပိုင်း ဖိစနုလုပ်ပြည်နယ်မှတစ်ဆင့် ဘန်ကောက်သို့သွယ်တန်းယူမည်ဖြစ်သည်။

# မြို့လေးမြို့၌ ရွာသောမိုး အက်ဆစ်အနည်းငယ်ပါ

အိဖြူမွန်

ရန်ကုန်၊ မတ် - ၂၄

မြန်မာနိုင်ငံအတွင်း ရွာသွန်းသောမိုးများတွင် အက်ဆစ်ဖြစ်ထွန်းမှုကို သုံးနှစ်(၂၀၀၈ မှ ၂၀၁၀ အထိ)လေ့လာချက်အရမိုးရေတွင်အက်ဆစ်အနည်းငယ်ပါဝင်သော မြို့လေးမြို့တွေ့ရှိရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ စိန်ရတုအခမ်းအနားတွင် ဖတ်ကြားသည့် သုတေသနစာတမ်း၌ ဖော်ပြထားသည်။

မန္တလေး၊ ကလေး၀၊ မကွေးနှင့်တောင်ကြီးမြို့တို့ဖြစ်ကြပြီး အက်ဆစ်အနည်းငယ်ဖြစ်ထွန်းမှုမှာ မိုးဦးနှင့် မိုးနှောင်းကာလများတွင် ရွာသွန်းသောမိုးရေဖြစ်သည်။ နှစ်စဉ်ပျမ်းမျှ ရေအရည်အသွေးတန်ဖိုးအရဆိုပါက မကွေးစခန်းတစ်ခုတွင်သာ PH ၅ ဒသမ ၆ ထက်လျော့နည်းကြောင်း ယင်းသုတေသနစာတမ်းတွင် ဖော်ပြထားသည်။

တိုင်းတာချက်များအရမိုးလေဝသစခန်းများတွင် တိုင်းတာထားသောကြောင့် ပျမ်းမျှခန့်သာ အက်ဆစ်ပါဝင်မှုကို ခန့်မှန်းနိုင်ခြင်းဖြစ်ကြောင်း၊ အက်ဆစ်အနည်းငယ်သာ ပါဝင်သောကြောင့် မိုးရေကို သောက်သုံး၍ရကြောင်း ယင်းသုတေသနစာတမ်း၌ ဖော်ပြထားသည်။

# မြစ်ကြီးများအတွက် ရေဝေရေလဲထားရန် စီမံချက်ရေးဆွဲ

အိဖြူမွန်

ရန်ကုန်၊ မတ်- ၂၈

အနှစ် ၃၀ အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်းတွင်နိုင်ငံအရတန်ဖိုးထားရသောမြစ်ကြီးများ၏ ရေဝေရေလဲဒေသများထားရှိရန် စီမံချက်ရေးဆွဲနေပြီဖြစ်ကြောင်း သစ်တောရေးရာဦးစီး ဌာနမှ ဒုတိယညွှန်ကြားရေးမှူးဒေါက်တာညီညီကျော်က ပြောသည်။

အနှစ် ၃၀ ပင်မစီမံကိန်း၏ ဆယ်နှစ်တာကာလအတွင်း သုံးသပ်ချက်တွင်တက်ရောက်လာသည့်သစ်တောပညာရှင်များက ထည့်သွင်းဆွေးနွေးရာ၌ အထက်ပါပုဂ္ဂိုလ်က မြစ်ချောင်းအလိုက် ရေဝေရေလဲ ဧရိယာသတ်မှတ်ရန် ညှိနှိုင်းနေကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ ယခုလက်ရှိတွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် အခြားမြစ်ကြီးများသို့ စီးဝင်သော ချောင်းလက်တက်များတွင် သစ်အလွန်အကျွံခုတ်ယူသုံးစွဲမှုနှင့် တွင်းထွက်ပစ္စည်းများ စည်းကမ်းမဲ့ထုတ်ယူခြင်းတို့ကြောင့် နှစ်စဉ်နွေရာသီတွင် မြစ်ကြမ်းပြင်မြင့်တက်လာသည်။

သတ်မှတ်ပြီးသား ရေဝေရေလဲဒေသများကိုလည်း ပယ်ဖျက်သည့် မြေဧရိယာလည်း ရှိခဲ့သည်။ ယခုလက်ရှိအချိန်တွင် အင်းလေးကန်ရေဝေရေလဲဒေသများကို နိုင်ငံတကာထောက်ပံ့မှုဖြင့် ဆောင်ရွက်နေသော်လည်း ကျန်ဒေသများမှာ လုပ်ဆောင်မှုနည်းပါးနေသေးကြောင်း လာရောက်သူများက ဆွေးနွေးခဲ့ကြသည်။



# ၂၀၁၂-၁၃ ဘဏ္ဍာနှစ်တွင် သစ်တောကဏ္ဍမှ ဝင်ငွေတိုးရှာမည်ဖြစ်သော်လည်း လျှော့ထုတ်မည့် အစီအစဉ်ကို မထိခိုက်ဟုဆို

အိဖြူမွန်

ရန်ကုန်၊ မတ်- ၂၈

အမျိုးသားစီမံကိန်း ဥပဒေကြမ်းပြဋ္ဌာန်းချက်အရ ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်တွင် သစ်တောကဏ္ဍမှ ၀ ဒသမ ၄ ရာခိုင်နှုန်း တိုးထုတ်လုပ်ရန် ရည်မှန်းချက်လျာထားမှုသည် ယခုနှစ်မှစ၍ သစ်လျှော့ထုတ်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ မူလရည်မှန်းချက်ကို ထိခိုက်မှုမရှိကြောင်း ယင်းဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက 7Day News သို့ပြောသည်။

"လျှော့ထုတ်မယ့် ပမာဏနဲ့ ကိုက်ညီမှု ရှိပါတယ်။ ဌာနက တင်ပြထားတဲ့ စာရင်းကို အမျိုးသားစီမံကိန်းကို ပေးထားတာပါ။ အဲဒီစာရင်းတွေကို လွှတ်တော်မှာ တင်ပြဆွေးနွေးခြင်း ဖြစ်တယ်" ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပြောသည်။

၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်တွင် သစ်တောကဏ္ဍမှ ကျပ်သန်းပေါင်း ၁၅၈,၃၃၅ ရရှိရန် လျာခဲ့သော်လည်း ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်းပေါင်း ၁၅၈,၉၆၂ တန်ဖိုးရရှိရန် လျာထားခြင်းဖြစ်သည်။


ယခု ဘဏ္ဍာရေးနှစ်တွင် သစ်တောထုတ်လုပ်ခြင်းကို ရေရှည်တည်တံ့ရန်အတွက် စီမံခန့်ခွဲခဲ့သည့် (Annunal Allowable of Cut) နှစ်စဉ် သစ်ထုတ်လုပ်ခွင့်နှင့်အညီ နှစ်အလိုက် လျှော့ထုတ်လုပ်ရန် ဝန်ကြီးဌာနက လျာထားခဲ့သည်။

ယင်းစီမံချက်သည် ယခင်က လျာထားခဲ့သော စီမံချက်ဖြစ်သော်လည်း တိုင်းပြည်၏ ဝင်ငွေရရှိရန်အတွက် တိုးထုတ်လုပ်ခဲ့သည်များ ရှိခဲ့သည်။

"အခု အနေအထားအရ AAC ထက်ပိုနေသေးတယ်။ ပိုနေသေးတယ်ဆိုပေမယ့် သစ်ထုတ်လုပ်မှုကို ချက်ချင်းကြီး ဖြုန်းခနဲရပ်လို့ မရသေးပါဘူး။ ရပ်လို့မရတဲ့ လုပ်ငန်းတွေ ဖြစ်စဉ်တွေရှိနေသေးတယ်။ ဒါပေမဲ့လည်း နှစ်အလိုက် လျှော့ထုတ်သွားဖို့ စီမံချက်တွေ ရှိပါတယ်။ အဲဒါကိုလည်း သစ်တောဦးစီးဌာနမှာရှိတဲ့ ပညာရှင်တွေနဲ့ မြန်မာ့သစ်လုပ်ငန်းနဲ့ ၂၀၁၅ အထိ လျှော့ထုတ်သွားမယ့် စီမံချက်ကို လုပ်ဖို့ ဖို့ရှိတယ်။ တစ်ချိန်တုန်းက သစ်တောထွက် ပစ္စည်းအပေါ် တိုင်းပြည်ရဲ့ ဝင်ငွေက တစ်စုံတစ်ခုသော အတိုင်းအတာအထိ မှီခိုခဲ့ရတယ်။ ယနေ့အချိန်မှာတော့ တိုင်းပြည်ကဏ္ဍ အသီးသီးမှာလည်း သူ့အိုးနဲ့ သူ့ဆန်တန်ရုံရှိလာတော့ မှီခိုစရာ အကြောင်းမရှိတော့ဘူး။ သယံဇာတကို မှီခိုခဲ့ရတဲ့ ဝင်ငွေကို ဦးစားမပေးတော့ဘူး။ သယံဇာတကိုထိန်းထိန်းသိမ်းသိမ်းလုပ်သွားမယ်။ ဒါကိုလည်း နိုင်ငံတော်သမ္မတထံ ပြည်ထောင်စုဝန်ကြီးတစ်ယောက်အနေနဲ့ ရှင်းလင်းတင်ပြထားပြီး ဖြစ်ပါတယ်။ တင်ပြချက်ကို သမ္မတက လက်ခံပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ထပ်မံပြောကြားသည်။

Environment Cartoon



# Tourism

7 DAY NEWS JOURNAL

Vol.11, No.5 • APRIL 5 , 2012


## နှစ်ပေါင်း ၁၂၀၀ ကျော် သက်တမ်းရှိသရပါဂိတ်မှ ကားကြီးများဖြတ်သန်းခြင်းနှင့် အမြန်နှုန်းကန့်သတ်မှုစတင်

အောင်သူရ

**ရန်ကုန်၊ မတ်လ-၂၉**

အေဒီ ၉၀၀ စုခန့်က တည်ဆောက်ခဲ့သော ပုဂံမြို့ဟောင်းအဝင် သရပါဂိတ်မှ တစ်တန်အထက်ကားများ ဖြတ်သန်းခြင်းနှင့် ငါးမိုင်နှုန်းထက်ပိုမမောင်းရန် ယခုရက်ပိုင်းမှစ၍ တားမြစ်လိုက်ပြီဖြစ်ကြောင်း ရှေးဟောင်းယဉ်ကျေးမှုဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"သရပါတံခါးရဲ့သက်တမ်းကနှစ်ပေါင်း ၁၂၀၀ ကျော်ရှိနေပြီ။ ကားကြီးတွေဖြတ်နေရင် အက်ကွဲပြီးပြိုကျနိုင်တဲ့အန္တရယ်ရှိလို့တားမြစ်ရတာပါ"ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။ ထိုကဲ့သို့တားမြစ်လိုက်သော်လည်း လမ်းလွှဲအဖြစ် အာနန္ဒာရှေ့မှ သဗ္ဗညုသို့သွားသောလမ်းနှင့် နှစ်လမ်းသွား လမ်းမကြီးနှင့် နန်းတော်ထဲမှ သဗ္ဗညုသို့သွားသော လမ်းများမှသွားနိုင်ရန်စီစဉ်ထားကြောင်း သတင်းရရှိသည်။

"နှစ်လမ်းသွားလမ်းပေါ်က ဆာကူရာဟိုတယ်ထိပ်ကနေ ကွေ့ပြီးသွားတာ အဆင်ပြေပါတယ်" ဟု ပုဂံမြို့သစ်တွင် ယာဉ်အငှားဝန်ဆောင်မှုပေးနေသူတစ်ဦးကဆိုသည်။ အဆိုပါ သရပါဂိတ်မှာ ပျဉ်ပြားမင်းလက်ထက်က တည်ဆောက်ခဲ့သော မြို့ရိုးတံခါးတစ်ခုဖြစ်ပြီး သက်တမ်းနှစ် ၁၂၀၀ ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။



**သရပါတံခါးမှ ဖြတ်သန်းသွားသော ရှင်ပြုအလှူ** ဓာတ်ပုံ-sstm






## ကွမ်းတောင်-ကျောက်တော် တိုက်ရိုက်ရထား ဧပြီတွင် ပြန်လည်ပြေးဆွဲမည်

မာန်ယုကျော်

**ကျောက်တော်၊ မတ်-၂၉**

ကွမ်းတောင်မှ ကျောက်တော်သို့ ရထားပုံမှန်ပြေးဆွဲပေးနိုင်ရန် ပုဏ္ဏားကျွန်းမြို့အဝင်ရှိ ကင်းချောင်းဖြတ်ကျော်ရထားလမ်းစီမံကိန်းအား အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယခုနှစ် ဧပြီလအတွင်း ကွမ်းတောင်မှကျောက်တော်သို့ တိုက်ရိုက်ရထား ပြန်လည်ပြေးဆွဲလာနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"မြို့သူ၊ မြို့သားတွေရဲ့ လိုအပ်ချက်အရ အဲဒီဆည်ဖို့တာ ပိတ်ထားတာကို ဖျက်သိမ်းလိုက်ရတာပါ။ လတ်တလောမှာတော့ ကွမ်းတောင်နဲ့ ကျောက်တော်ကို ရထားတိုက်ရိုက်ပြေးဆွဲနိုင်ခြင်းမရှိသေးပါဘူး။ ဒါပေမဲ့ ကင်းချောင်းဖြတ်ကျော်ရထားလမ်းစီမံကိန်းကတော့ ပြီးခါနီးနေပါပြီ။ ဧပြီလအတွင်းမှာ ကွမ်းတောင်ကနေ ကျောက်တော်ကို ရထားတိုက်ရိုက်ပြန်လည်ပြေးဆွဲနိုင်အောင် လျာထားဆောင်ရွက်နေပါတယ်" ဟု ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် နီးစပ်သူတစ်ဦးကပြောသည်။

လက်ရှိတွင် ကွမ်းတောင်နှင့် ကျောက်တော်အထိ ရထားတိုက်ရိုက်ပြေးဆွဲနိုင်ခြင်းမရှိဘဲ ပုဏ္ဏားကျွန်းနှင့်ကျောက်တော်အထိသာ ပုံမှန်ပြေးဆွဲလျက်ရှိသည်။


ကွမ်းတောင်-ကျောက်တော် ရထားလမ်းပိုင်းကို ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည့်နေ့မှစ၍ အစုန်အဆန် ရထားနှစ်စီးဖြင့် တစ်နေ့လျှင် နှစ်ချိန်စီ ပုံမှန်ပြေးဆွဲပေးခဲ့သည်။ ထိုသို့ ပြေးဆွဲနိုင်ရန်အတွက် ပုဏ္ဏားကျွန်းမြို့အဝင်ရှိ ကင်းချောင်းအား ရထားသွားလာနိုင်ရန် ပိတ်ဆို့ဆည်ဖို့ကာ တာပေါင်ပြုလုပ်၍ ရထားလမ်းဖောက်လုပ်ခဲ့ကြသည်။

ကင်းချောင်းဆည် ပိတ်ထားခြင်းကြောင့် ပုဏ္ဏားကျွန်းအနောက်ခြမ်းရှိ ရသေ့တောင်၊ ဘူးသီးတောင်မြို့နယ်များသို့ ကုန်စည်များကူးသန်းရောင်းချရန် အခက်အခဲများနှင့် ကြုံလာရသည့်အပြင် မိုးရာသီကာလတွင် ဆည်ပိတ်ထားသည့်အတွက် မြစ်ရေလျှံကာ အနီးပတ်ဝန်းကျင်ရှိကျေးရွာဒေသများ၊ လယ်ကွေများ ရေလွှမ်းမိုးခြင်း ကြုံရခြင်းကြောင့် ကင်းချောင်းဆည်ပိတ် ရထားလမ်းကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလဆန်းပိုင်းတွင် ဖျက်သိမ်းလိုက်ကြောင်းသိရသည်။

7DAY NEWS JOURNAL
Vol.11, No.5 • APRIL 5 , 2012

# Cartoon

## The Cartoon Logo





























7DAY NEWS JOURNAL
Vol.11, No.5 • APRIL 5 , 2012

# ဓာတ်ဆီဈေးမြှင့်တင်မည့်အရေး အင်ဒိုနီးရှားနိုင်ငံသားများ ကန့်ကွက်

**ဂျကာတာ၊ မတ် - ၂၇**
ကမ္ဘာ့ရေနံဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဓာတ်ဆီဈေးနှုန်းများ မြှင့်တင်ရေး အင်ဒိုနီးရှား အစိုးရ၏ အစီအစဉ်ကို ပယ်ချရန် လုံခြုံရေး တင်းကျပ်မှုများကြားမှ ပင်အင်ဒိုနီးရှားနိုင်ငံသား ထောင်ပေါင်းများစွာသည် နိုင်ငံတစ်ဝန်း၌ ဆန္ဒပြခဲ့ကြကြောင်း သိရသည်။

မြို့တော်ဂျကာတာ ပါလီမန်ပြင်ပတွင် လူပေါင်း ၃၀၀ ခန့် စုဝေးခဲ့ပြီး "ဆီဈေးတက်တာ လူတွေကို ဒုက္ခရောက်အောင်လုပ်တာပဲ" ဟူသော ကန့်ကွက်စာတန်းများ ကိုင်ဆောင်ဆန္ဒပြခဲ့ကြောင်းသိသည်။ အချို့ကလည်း အစိုးရဆင်းပေးရန် တောင်းဆိုခဲ့ကြသည်။

အခြားမြို့ကြီးများတွင်လည်း ဆန္ဒပြသူများ စုဝေးခဲ့ပြီး ဆူမတြားကျွန်း မေဒန်မြို့တွင်လူ ၆,၀၀၀ ခန့်၊ ဂျာဗားကျွန်း အရှေ့ဘက် ဆူရားဘယားမြို့တွင် လူ ၃,၀၀၀ ခန့်ကန့်ကွက်ခဲ့ကြကြောင်း အေအက်ဖ်ပီသတင်းထောက်များက ပြောသည်။

ဆူလာဝေစီပြည်နယ်တောင်ပိုင်း မာကာဆာမြို့တွင် လူ ၁,၀၀၀ ခန့်ဆန္ဒပြခဲ့ကြပြီး ခဲများဖြင့်ပစ်ပေါက်ခြင်းအပြင် ပြည်နယ်အုပ်ချုပ်ရေးမှူးရုံး ပြင်ပ၌ အဓိကရုဏ်းရဲများနှင့် ငြိစွန်းတိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့များက မျက်ရည်ယိုဗုံးများ အသုံးပြုခဲ့ရသည်။

ထိုအတောအတွင်း အင်ဒိုနီးရှားပါလီမန်အမတ်များကလည်း ဓာတ်ဆီဈေးမြှင့်မည်ဆိုသော အစိုးရ၏ ပေါ်လစီအစီအစဉ်ကို


Photo - Reuters

ဆက်လက် ငြင်းခုံဆွေးနွေးနေပြီး ယခုတစ်ပတ်အတွင်း ဓာတ်ဆီတစ်လီတာအား ရူပီးယား ၄,၅၀၀ မှ ၆,၀၀၀ အထိ တိုးမြှင့်မည့် အစီအစဉ်ကို မဲခွဲဆုံးဖြတ်မည်ဖြစ်သည်။ အစိုးရကမူ ကမ္ဘာ့ရေနံဈေးနှုန်းများ မြင့်လာ၍ ဈေးနှုန်းမြှင့်ရခြင်းဖြစ်ကြောင်း နှင့် ယင်းကိုအစိုးရက စိုက်ထုတ်ပေးရပါက ဥပဒေအရ ပြဋ္ဌာန်းထားသည့် နိုင်ငံဘတ်ဂျက်လိုငွေ ၃ ရာခိုင်နှုန်း သတ်မှတ်ချက်ကို ကျော်လွန်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

—*Ref: AFP*




# ထိုင်းမြို့ကြီးအချို့ကို Google Street View တွင် ကြည့်နိုင်ပြီ



**ဘန်ကောက်၊ မတ် - ၂၇**
ထိုင်းနိုင်ငံသည် ဂူးဂဲလ်၏ တည်နေရာကြည့်ရှုနိုင်သောဝန်ဆောင်မှုတစ်ခုဖြစ်သည့် Street View တွင် ဘန်ကောက်၊ ချင်းမိုင်နှင့် ဖူးခက်မြို့များကို ထည့်သွင်းနိုင်ခဲ့၍ Google Street View ဖြင့် ကြည့်ရှုနိုင်သည့် ၃၅ နိုင်ငံမြောက် ဖြစ်လာသည်။

ပြီးခဲ့သည့်နှစ်က ရေလွှမ်းမိုးမှုများကြောင့် ပျက်စီးမှုများကြုံတွေ့ခဲ့ပြီးနောက် ထိုင်းခရီးသွားလုပ်ငန်းအာဏာပိုင်များသည် ဂူးဂဲလ်၏ Street View နည်းပညာတွင် ပူးပေါင်းပါဝင်ကာ ယခုကဲ့သို့ နိုင်ငံ၏ မြို့တော်များကို အွန်လိုင်းမှ အလွယ်တကူရှာဖွေကြည့်ရှုနိုင်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ Google Street View ဝန်ဆောင်မှုသည် ကမ္ဘာ့တည်နေရာပြမြေပုံများကို ကြည့်နိုင်သော Google Maps ဖြင့် တွဲဖက်ထားပြီး ယင်းနည်းပညာဖြင့် ပါဝင်သော မြို့တော်များ၏ ၃၆၀ ဒီဂရီမြင်ကွင်းကို စိတ်ကြိုက်ကြည့်ရှုနိုင်သည်။

ယင်းကို အင်တာနက်ပေါ်တွင် ကွန်ပျူတာဖြင့်သာမက မိုဘိုင်းဖုန်းများဖြင့်လည်း ကြည့်ရှုနိုင်သည်။ အဆိုပါ ၃၆၀ ဒီဂရီမြင်ကွင်းကို ကြည့်ရှုနိုင်ခြင်းဖြင့် ခရီးသည်များသည် မိမိခရီးထွက်မည့် ဧရိယာအကြောင်းကို မရောက်ခင်ကြိုတင်လေ့လာထားနိုင်သည်။

ဂူးဂဲလ်၏ ထိုင်းနိုင်ငံ ဈေးကွက်မြှင့်တင်ရေးမန်နေဂျာ ပွန်သစ်ကောင်ချွန်က ပြီးခဲ့သည့်နှစ် ရေကြီးချိန်တွင် ထိုင်းနိုင်ငံမှ အင်တာနက်အသုံးပြုသူများသည် Google Maps ကို အသုံးပြုကာ ရေကြီးသည့်နေရာများကို ရှောင်ကွင်းနိုင်ခဲ့ကြောင်း၊ နည်းပညာကြောင့် အကျပ်အတည်းကိုကျော်လွှားနိုင်ခဲ့ကြောင်းပြောသည်။

—*Ref: CNA*

7 ရ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
Vol.11, No.5 • APRIL 5 , 2012

## ဆီးရီးယား ဗိုလ်မှူးချုပ်တစ်ဦး သတ်ဖြတ်ခံရ

**ဒမတ်စကပ်စ်၊ မတ် - ၂၉**

ဆီးရီးယားနိုင်ငံ မြောက်ပိုင်း အပက်လိုမြို့အနီးတွင် စစ်သွေးကြွများက ဆီးရီးယားစစ်ဘက်ဗိုလ်မှူးချုပ်တစ်ဦးကို သတ်ဖြတ်လိုက်ကြောင်း ဆီးရီးယားအာရပ်သတင်းဌာနက ပြောကြားသည်။

ကားတစ်စီးတွင် လိုက်ပါလာသော စစ်သွေးကြွလေးဦးက လေတပ်ဗိုလ်ချုပ် ခါလစ်အယ်လ်အဗ္ဗဒူလာအား ပစ်မှတ်ထား၍ အယ်လ်ဟာမာနာဒီယက်ရပ်ကွက် ဝတ်ပြုကျောင်းတစ်ခုအနီး၌ သေနတ်ဖြင့် အသေပစ်သတ်သွားခဲ့ကြောင်း သိရသည်။ ဗိုလ်မှူးချုပ်အဆင့်ရှိသူ လေတပ်ဗိုလ်ချုပ်တွင် သားနှစ်ဦးနှင့် သမီးတစ်ဦး ရှိသည်။

ဆီးရီးယားနိုင်ငံတွင် သမ္မတဘာရှားအယ်လ်အာဆတ်နှင့် အတိုက်အခံတို့ကြား ဖြစ်ပေါ်ခဲ့သော ပဋိပက္ခကြောင့် လူပေါင်း ၉၀၀၀ ကျော် သေဆုံးခဲ့ပြီဖြစ်ကြောင်းကုလသမဂ္ဂက ခန့်မှန်းထားသည်။ အနောက်အင်အားကြီးနိုင်ငံများက သမ္မတအာဆတ်ရာထူးမှ ဆင်းပေးရန်တောင်းဆိုထားသော်လည်း ကုလသမဂ္ဂငြိမ်းချမ်းရေး အထူးကိုယ်စားလှယ် ကိုဖီအာနန်၏ ဆွေးနွေးညှိနှိုင်းရေးအစီအစဉ်တွင်မူယင်းတောင်းဆိုချက်မပါဝင်ပေ။

ကိုဖီအာနန်၏ အစီအစဉ်ကို အာဆတ်အစိုးရနှင့် ဆီးရီးယားအားအဓိက နိုင်ငံတကာကျောထောက်နောက်ခံပေးသူ ရုရှားက သဘောတူညီထားသည်။ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနကလည်း မစ္စတာအာနန်၏ အစီအစဉ်ကို လက်ခံရန်ဆီးရီးယားအတိုက်အခံအဖွဲ့များအား တိုက်တွန်းထားသည်။ —*Ref: RIA Novosti*

## အမေရိကန်အထက်လွှတ်တော်၏ တိဗက်ဥပဒေကြမ်း တရုတ်အစိုးရဝေဖန်

**ဘေဂျင်း၊ မတ် - ၂၈**

တရုတ်အစိုးရသည် အမေရိကန်အထက်လွှတ်တော်နိုင်ငံခြားရေးကော်မတီမှ အတည်ပြုခဲ့သော တိဗက်အရေးဆိုင်ရာ ဥပဒေကြမ်းကို ဝေဖန်ခဲ့ကြောင်း သိရသည်။ အဆိုပါဥပဒေကြမ်းတွင် အမေရိကန်အနေဖြင့် ဘေဂျင်းအား ထိန်းချုပ်ကန့်သတ်မှုများ လျှော့ချရန် တိုက်တွန်းထားသည်။ အမေရိကန်အထက်လွှတ်တော်နိုင်ငံခြားရေးရာ ကော်မတီသည်မတ်လ ၂၇ ရက်တွင် အီရတ်၊ ဆူဒန်နှင့် ဆီးရီးယားအရေးများနှင့် ပတ်သက်သော ဥပဒေကြမ်းများကို အတည်ပြုပေးခဲ့သည်။

သို့သော် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောခွင့်ရ ပုဂ္ဂိုလ်ဟောင်လိုင်က "တရုတ်အစိုးရဟာ တိုင်းရင်းသား မျိုးနွယ်စုအားလုံးရဲ့အကျိုးစီးပွားနဲ့တရားဝင်အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်နေပါတယ်။ အချို့သော အမေရိကန်ဥပဒေပြုအမတ်တွေကတော့အဖြူနဲ့အမည်းကိုပြောင်းပြန်လှန်ပြီး အမှန်နဲ့အမှားရောထွေးနေကြပါတယ်။ တိဗက်နဲ့ဆက်နွယ်တဲ့ကိစ္စတွေကို သုံးပြီး တရုတ်ပြည်ရဲ့ ပြည်တွင်းရေးကို နှောင့်ယှက်ဖို့ ကြိုးပမ်းနေကြပါတယ်" ဟုပြောသည်။

—*Ref: AFP*

## ဥရောပတွင် ပလတ်စတစ်အိတ်များသုံးစွဲမှု ပိတ်ပင်ရန် အီးယူစဉ်းစားနေ

**လန်ဒန်၊ မတ် - ၂၇**

ဥရောပသမဂ (အီးယူ) သည် ဥရောပတိုက်တစ်ခုလုံးတွင်ပလတ်စတစ်အိတ်များ အခမဲ့သုံးစွဲမှုကို ပိတ်ပင်တားမြစ်ရန် စဉ်းစားနေကြောင်းသိရသည်။ လာမည့် ဧပြီလတွင်တင်သွင်းမည့်ဥပဒေကြမ်းများတွင် ဈေးရောင်းသူများအနေဖြင့် တစ်ခါသုံး ပလတ်စတစ်အိတ်များအတွက် အခွန်ပေးဆောင်ရန်သတ်မှတ်ထားပြီး ယင်းဥပဒေကြမ်းများကို ၂နှစ်အတွင်း ဥပဒေအဖြစ် အသက်ဝင်စေရန် ပြုလုပ်သွားမည်ဟုသိရသည်။

ယခု ဥပဒေကြမ်းမှာ အိုင်ယာလန်နှင့် အီတလီအပါအဝင် နိုင်ငံအချို့တွင် ပလတ်စတစ်အိတ်များအပေါ် အခွန်ကောက်ခံမှုများ ပြုလုပ်လာနေခြင်းကြောင့် ဖြစ်သည်။ ဗြိတိန်နိုင်ငံတွင်မူ စူပါမားကက်ကြီးများနှင့် ပလတ်စတစ်အိတ်အသုံးပြုမှု တိုးပွားလာနေပြီး ပြီးခဲ့သည့်နှစ်က လက်ကားအရောင်းဆိုင်ကြီးများသည် ပလတ်စတစ်အိတ်ပေါင်း ၆ ဒသမ ၄ ဘီလီယံဖြန့်ဝေခဲ့ပြီး ၂၀၁၀ ကထက် အိတ်ပေါင်း ၃၃၃ သန်း ပိုထုတ်ခဲ့သည်။

အချို့သောခန့်မှန်းချက်များအရ ဗြိတိန်နိုင်ငံတွင် ပလတ်စတစ်အိတ်သုံးစွဲမှုပမာဏ ၁၀ ဘီလီယံအထိ ရှိနိုင်ပြီး တစ်အိမ်ထောင်ကိုတစ်နှစ်လျှင်အိတ် ၃၀၀ ခန့် သုံးစွဲနေသည်ဟု ခန့်မှန်းထားသည်။

—*Ref: Dailymail*

## Leader's Profile

### Hwawei ကုမ္ပဏီတည်ထောင်သူနှင့် ဥက္ကဋ္ဌ

# ရင်ဇန်ဖေး

ရဲမင်း



မစ္စတာရင်ဇန်ဖေးသည် တရုတ်နိုင်ငံ၊ ရှန်ဇန်းဒေသတွင် ရုံးချုပ်ဖွင့်လှစ်ထားသော Huawei နည်းပညာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌဖြစ်သည်။ မစ္စတာရင်ဇန်ဖေးသည် ကန်ဒေါ်လာ ၁၂၄ သန်း ပုဂ္ဂလိကပိုင်ဆိုင်မှုများရှိပြီး တရုတ်နိုင်ငံတွင် ၁၉၀ မြောက်အချမ်းသာဆုံးပုဂ္ဂိုလ်အဖြစ် ဖော့ဘ်စ်မဂ္ဂဇင်းကဖော်ပြထားသည်။

ရင်၏အဘိုးမှာ ကျန်းစုပြည်နယ်မှ ဖြစ်ပြီး ဝါရင့်စားဖိုမှူးကြီးဖြစ်သည်။ ဖခင်မှာလည်း တက္ကသိုလ်နောက်ဆုံးနှစ်တွင် ဖခင်ဖြစ်သူဆုံးသွားခဲ့၍ ဘွဲ့မရရှိခဲ့ပေ။ တရုတ်နိုင်ငံအား ဂျပန်သိမ်းပိုက်ထားချိန်တွင် ရင်၏ဖခင်ကဝ္မ်ဇောင်းပြည်နယ်သို့ပြောင်းရွှေ့ခဲ့ပြီး တရုတ်အမျိုးသားကူမင်တန်ပါတီ၏လက်နက်စက်ရုံတွင် စာရင်းကိုင်စာရေးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ရင်၏မိခင်မှာ အလယ်တန်းပြဆရာမဖြစ်သည်။

ရင်ဇန်ဖေးသည် အထက်တန်းကျောင်းပြီးဆုံးချိန်တွင် ချောင်ကင်းမြို့ပြအင်ဂျင်နီယာနှင့်ဗိသုကာတက္ကသိုလ်တွင် ဆက်လက်တက်ရောက်ခဲ့သည်။ ဘွဲ့ရရှိပြီးချိန်တွင် တရုတ်တပ်မတော်သုတေသန အင်စတီကျူဒ်တွင် စစ်ဘက်ပညာရှင်အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ မစ္စတာရင်သည် မိဘများ၏ လူမှုရေးနောက်ခံနှင့် ကူမင်တန်ပါတီနှင့်ဆက်စပ်မှုတို့ကြောင့် ၎င်း၏ စစ်မှုထမ်းသက်နှစ်အများအပြားတွင် တရုတ်ကွန်မြူနစ်ပါတီသို့ မဝင်ရောက်နိုင်ခဲ့ပေ။ သို့သော် ထိုအတောအတွင်း နည်းပညာနယ်ပယ်အဆင့်အမျိုးမျိုးတွင် အောင်မြင်မှုများရရှိခဲ့ပြီး ၁၉၇၈ ခုနှစ် အမျိုးသားသိပ္ပံကွန်ဖရင့်သို့တက်ရောက်ရန် စစ်တပ်မှ ရွေးချယ်ခံရသည်။ ၁၉၈၂ ခုနှစ် တရုတ်စစ်တပ်လူလျှော့စာရင်းတွင် ပါဝင်ခဲ့ပြီးနောက်မစ္စတာရင်ဇန်ဖေးသည် စစ်တပ်မှ အနားယူခဲ့ရပြီး အီလက်ထရွန်နစ်စီးပွားရေးလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

၁၉၈၈ ခုနှစ်တွင် မစ္စတာရင်ဇန်ဖေးက Huawei နည်းပညာကုမ္ပဏီလီမိတက်ကို တည်ထောင်ခဲ့ပြီး တယ်လီဖုန်းဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ တီထွင်ခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများကိုအဓိကထားလုပ်ကိုင်ခဲ့သည်။ ၂၀၀၈ ခုနှစ်စာ ရင်းဇယားများအရ Huawei ကုမ္ပဏီသည် လူပေါင်း ၉၆,၀၀၀ ကို အလုပ်ခန့်ထားပြီး ကုမ္ပဏီ၏ နှစ်စဉ်လည်ပတ်ငွေမှာ ကန်ဒေါ်လာ ၂၄ ဘီလီယံရှိသည်။

၁၉၇၈ ခုနှစ်တွင် ကွန်မြူနစ်ပါတီဝင်ဖြစ်လာပြီးနောက် ၁၉၈၂ ခုနှစ်တွင် စစ်တပ်မှ ဗိုလ်မှူးဘဝဖြင့်အငြိမ်းစားယူခဲ့သော မစ္စတာရင်ဇန်ဖေးသည် ၁၉၈၂ ခုနှစ်တွင် ကျင်းပသည့် တရုတ်ကွန်မြူနစ်ပါတီ၏(၁၂)ကြိမ်မြောက် အမျိုးသားကွန်ဂရက်သို့တက်ရောက်ခဲ့သည်။ ထို့အပြင် မစ္စတာရင်ဇန်ဖေးသည်တရုတ်နိုင်ငံအတွင်းပိုင်းဒေသများတွင်လည်း သမဝါယမစီးပွားရေးလုပ်ငန်းအများအပြားကိုအောင်မြင်စွာထူထောင်ပေးနိုင်ခဲ့သည်။

မစ္စတာရင်ဇန်ဖေး၏ ဦးဆောင်မှုဖြင့် Huawei ကုမ္ပဏီသည် ၂၀၁၀ပြည့်နှစ်တွင်လူပေါင်း ၁၁၀,၀၀၀ အထိခန့်အပ်ထားပြီး အမေရိကန်၊ ရုရှား၊ ဂျာမနီ၊ တရုတ်၊ အိန္ဒိယ၊ ဆွီဒင်စသော နိုင်ငံပေါင်း ၂၀ ကျော်တွင် သုတေသနစင်တာများ ထားရှိကာ ၎င်း၏ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးစက်ပစ္စည်းကိရိယာများကို နိုင်ငံပေါင်း ၁၄၀ ကျော်သို့ ရောင်းချနေသည်။

—*Ref: Wikipedia*



### နောက်ကျောဖုံး - မြောက်ကိုရီးယားဒုံးပျံ လွှတ်တင်မှုအရေး အာဆီယံဆွေးနွေးမည် မှ

အားလုံးက စိုးရိမ်နေကြမည်ထင်ကြောင်း၊ ဒေသတွင်းနျူကလီးယားပြန့်ပွားမည်ကိုလည်း စိုးရိမ်နေကြမည်ဖြစ်ရာ ဒေသတစ်ခုလုံးအတွက်လည်းမကောင်းကြောင်း အာဆီယံအကြီးအကဲကဆိုသည်။ ဤသို့ဖြစ်ပေါ်လာပါက အာဆီယံအဖွဲ့အပါအဝင်ဒေသတွင်းရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးကိုထိခိုက်စေလိမ့်မည်ဖြစ်ကြောင်းအာဆီယံအတွင်းရေးမှူးချုပ်က ပြောကြားသည်။

ဧပြီ ၁၂ရက်မှ၁၆ရက်အတွင်း ကမ္ဘာပတ်လမ်းထဲ ဂြိုဟ်တုလွှတ်တင်နိုင်ရန် ဒုံးပျံတစ်စင်းပစ်လွှတ်သွားမည်ဖြစ်ကြောင်း ပြီးခဲ့သည့်လအတွင်း ပြုံယမ်းက ကြေညာခဲ့သည်။ ယင်းဒုံးပျံပစ်လွှတ်မည့်အစီအစဉ်မှာ တာဝေးပစ်ဒုံးကျည်စမ်းသပ်မှုအတွက် အယောင်ပြပစ်လွှတ်ခြင်းဖြစ်ကြောင်း အမေရိကန်နှင့် အခြားနိုင်ငံများကပြောကြားသည်။

—*Ref: AFP*

### နောက်ကျောဖုံး - ဒုံးပျံမလွှတ်တင်မီ မြောက်ကိုရီးယားတွင် အရေးပါသော အစည်းအဝေး တစ်ရပ် ကျင်းပမည် မှ

ပြည့်အထိမ်းအမှတ်အဖြစ် ငြိမ်းချမ်းရေး ရည်ရွယ်ချက်များဖြင့် လွှတ်တင်ခြင်းဖြစ်သည်ဟုပြုံယမ်းကပြောကြားသည်။

သို့သော် ယင်းအစီအစဉ်ကြောင့် နိုင်ငံတကာ၏ ဝေဖန်မှုများပေါ်ထွက်လာခဲ့ပြီး ထိုလုပ်ရပ်သည် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များကိုချိုးဖောက်သည့် အယောင်အဆောင်ဒုံးကျည်စမ်းသပ်မှုဖြစ်ကြောင်း အမေရိကန်နှင့် မြောက်ကိုရီးယား၏အိမ်နီးချင်းနိုင်ငံများကပြောကြားကြသည်။—*Ref: BBC*

### နောက်ကျောဖုံး - ရုရှားခရီးသည်တင် လေယာဉ်ပျက်ကျမှု လူ ၃၂ ဦးသေဆုံး မှ

ရုရှားနိုင်ငံသည် မကြာသေးမီနှစ်များအတွင်း လေယာဉ်ပျက်ကျမှုအများအပြား ကြုံတွေ့ခဲ့ရပြီး အချို့မှာ ဆိုဗီယက်ခေတ်လေယာဉ်များ အသုံးပြုခြင်းကြောင့်ဟုဆိုသော်လည်းလေယာဉ်အမှုထမ်းများ လေ့ကျင့်မှုနည်းပါးခြင်း၊ လေဆိပ်များယိုယွင်းလာခြင်းနှင့် အစိုးရထိန်းချုပ်မှု လျော့ရဲခြင်းကိုလည်း အပြစ်တင်ထောက်ပြကြသည်။ —*Ref: AFP*

7 DAY NEWS JOURNAL
Vol.11, No.5 • APRIL 5 , 2012



# “ဆုံးဖြတ်ချက်ကို ပြန်ပြင်မှာ မဟုတ်ပါဘူး”

## ဂျော်ဂျီယာအတိုက်အခံခေါင်းဆောင် ဘီလျံနာသူဌေးကြီး ဘစ်ဇီနာအီဗန်နစ်ရှ်ဗီလီနှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

ဂျော်ဂျီယာ ဘီလျံနာသူဌေး ဘစ်ဇီနာအီဗန်နစ်ရှ်ဗီလီဟာ အမေရိကန် Forbes မဂ္ဂဇင်းကြီးရဲ့ ဖော်ပြချက်အရ ခန့်မှန်းခြေဒေါ် လာငါးဘီလီယံခန့် ကြွယ်ဝသူ တစ်ဦးဖြစ်ပါတယ်။ ၅၆ နှစ်အရွယ်ရှိအဆိုပါစီးပွားရေးလုပ်ငန်းရှင်ဟာ ယခုအခါ ဂျော်ဂျီယာနိုင်ငံရေးမှာ သမ္မတမစ်ခေးလ်ဆာကတ်ရှ်ဗီလီကို ယှဉ်ပြိုင်မယ့် အတိုက်အခံပါတီ “ဂျော်ဂျီယန်အိပ်မက်” ကို ၂၀၁၁ ဒီဇင်ဘာက စတင်တည်ထောင်ခဲ့တာပါ။ ၎င်းဟာ ၂၀၀၃ မှာ ဂျော်ဂျီယာကို ဒီမိုကရေစီဖော်ဆောင်ရေးလမ်းကြောင်းပေါ် ရောက်ရှိစေခဲ့တဲ့ “နှင်းဆီတော်လှန်ရေး” မှာ ဆာကတ်ရှ်ဗီလီကို ဘဏ္ဍာရေးထောက်ပံ့ပေးခဲ့ဖူးပေမယ့် ယခုအခါမှာတော့ ဆာကတ်ရှ်ဟာ ဂျော်ဂျီယာကိုအာဏာရှင်စနစ်လမ်းကြောင်းပေါ် ပြန်ဆွဲခေါ်နေတယ်လို့ ဝေဖန်နေပါတယ်။

၎င်းဟာ ဒီနှစ်ဆောင်းရာသီမှာပြုလုပ်မယ့် ပါလီမန်ရွေးကောက်ပွဲတွေမှာ ဂျော်ဂျီယာအိပ်မက်ပါတီနဲ့ ဝင်ပြိုင်မှာဖြစ်တာမို့ သူ့ရဲ့နိုင်ငံရေးသဘောထားအမြင်၊ ဆာကတ်ရှ်ဗီလီအုပ်ချုပ်မှုအောက် ဂျော်ဂျီယာရဲ့ အနေအထားအကြောင်းတွေကိုသိရအောင် ဂျာမန်စပိုင်းဂဲလ်မီဒီယာရဲ့ မေးမြန်းမှုကို ပြန်လည်တင်ဆက်ပေးလိုက်ပါတယ်။ မေးမြန်းသူကတော့ စပိုင်းဂဲလ်မှ ဘင်ဂျမင်ဘစ်ဒါ ဖြစ်ပါတယ်။

**မစ္စတာ အီဗန်နစ်ရှ်ဗီလီခင်ဗျာ၊ လူကြီးမင်းဟာ မကြာမီအချိန်အထိ အင်တာဗျူးတွေ လက်မခံခဲ့ဘူး။ ဂျာနယ်လစ်တွေ ရှေ့မှာမရပ်ချင်ဘူး။ မီးရောင်တွေကိုမုန်းတယ်လို့ ပြောခဲ့ပါတယ်။ ဒီတော့လူကြီးမင်းရဲ့ နိုင်ငံရေးရည်မှန်းချက်တွေဟာ ရုတ်တရက်ကြီး ဘယ်ကပေါ်လာခဲ့တာပါလဲခင်ဗျ။**

ဒါက ကျွန်တော့်ဒဿနပါပဲ။ အများပြည်သူမျက်စိရှေ့မှောက်ကနေ ခပ်လှမ်းလှမ်းမှာနေရာတာ ကျွန်တော်ပိုကြိုက်တယ်။ လွတ်လပ်မှုကို ကျွန်တော်မြတ်နိုးတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့နှစ်တွေအတွင်း ကျွန်တော်ဟာဖိအားတွေအောက် ပိုပြီးရောက်လာခဲ့တယ်။ ဒါ့ကြောင့် ကျွန်တော်ရွေးရတော့မယ်။ ကိုယ့်အတွက် အန္တရာယ်ဖြစ်နေတဲ့ ဒီတိုင်းပြည်က ထွက်သွားမလား။ ဒါမှမဟုတ် ဆက်ပြီးတိုက်ပွဲဝင်မလားဆိုတာကိုပေါ့။

**လူထုရှေ့မှောက်နေရတာမကြိုက်ဘူးဆိုရင် လူကြီးမင်းဟာ ဘာ့ကြောင့်(ကိုယ်တိုင်နိုင်ငံရေးမလုပ်ဘဲ) လက်ရှိရှိနေတဲ့ အတိုက်အခံပါတီတစ်ရပ်ရပ်ကို ထောက်ခံမှုမပေးနိုင်ရတာလဲ။**

ဆာကတ်ရှ်ဗီလီက ပါတီတွေတစ်ခုပြီး တစ်ခုဝယ်ထားခဲ့တာပါ။ ဒီပါတီတွေက အတုအယောင်အတိုက်အခံပါတီတွေပဲ။ ဒါပေမဲ့ ရိုးသားတဲ့ အတိုက်အခံနိုင်ငံရေးသမားအနည်းစုဟာ လူထုရဲ့ ယုံကြည်မှုကို ဆုံးရှုံးနေရတာပါ။ ကျွန်တော့်ကတော့ ဒီတိုင်းပြည်မှာ နောက်ဆုံးကျန်ခဲ့တဲ့ လွတ်လပ်တဲ့ လူတစ်ဦးပါ။ ကျွန်တော့်မှာ ငွေတွေရှိပြီးသား ဒါပေမဲ့ ကျွန်တော်ရဲ့ အရေးကြီးဆုံး အရင်းအနှီးကတော့ ပြည်သူတွေရဲ့ ယုံကြည်စိတ်ချရမှုပါပဲ။

**ဒီစကားလုံးတွေဟာ ခမ်းနားတဲ့ စကားလုံးတွေပါပဲ။ ရွေးကောက်ပွဲမှာ လူကြီးမင်းအနိုင်ရခဲ့ရင် ဘာတွေလုပ်မယ် စီမံထားပါသလဲ။**

ဥရောပဟာ ကျွန်တော်တို့ရဲ့ စံပြပါပဲ။ ပန်းတိုင်၊ ရည်မှန်းချက်ပါပဲ။ ဥရောပရဲ့ အစိတ်အပိုင်းတစ်ခုကျွန်တော်တို့ဖြစ်ချင်တယ်။ ကျွန်တော်တို့ ကိုယ့်ရဲ့ အဖွဲ့အစည်းတွေကို ဥရောပပုံစံအတိုင်း လျင်လျင်မြန်မြန် လုပ်ဆောင်ပုံဖော်သွားပါမယ်။ တရားစီရင်ရေးစနစ်ကို လွတ်လပ်စေပြီး လွတ်လပ်တဲ့ မီဒီယာကဏ္ဍကို ဖန်တီးပါမယ်။ ဒီနောက် တစ်နှစ်ခွဲ၊ နှစ်နှစ်လောက်ဆို နိုင်ငံရေးလောကကနေကျွန်တော် ထွက်သွားမှာပါ။

**ဒါဆို အရာအားလုံးကို နောက်တစ်ကြိမ် လူကြီးမင်းထပ်စွန့်လွှတ်ဦးမယ်ပေါ့။**

ဟင့်အင်း ကျွန်တော်အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ အလုပ်တွဲလုပ်သွားမှာပါ။ ကျွန်တော်အရင်နေခဲ့သလိုမျိုးတော့ နေမှာမဟုတ်တော့ဘူးပေါ့။ ကျွန်တော်နုတ်ထွက်ခဲ့တဲ့ အစိုးရကို ထိန်းသိမ်းနိုင်ဖို့ လူ့အဖွဲ့အစည်းကို ကူညီသွားမှာပါ။

**လူကြီးမင်းဟာ ဘာ့ကြောင့် ဝါရှင်တန်ပို့စ်လို အမေရိကန်သတင်းစာတွေမှာ စာမျက်နှာအပြည့်ကြော်ငြာနေရာတွေဝယ်ပြီး ဆာကတ်ရှ်ဗီလီကို ဆက်မထောက်ခံဖို့ အနောက်တိုင်းကို တိုက်တွန်းခဲ့ရတာပါလဲ။**

အမေရိကဟာ ဂျော်ဂျီယာကိုဂျူနီယာမိတ်ဖက်တစ်ဦးအဖြစ် ရွေးချယ်ထားပါတယ်။ အမေရိကန် ယုံတာကဆာကတ်ရှ်ဗီလီဟာဒီမိုကရက်တစ် ဂျော်ဂျီယာနိုင်ငံကို ဖန်တီးနေတယ်ပေါ့။ ဒါပေမဲ့ အဲဒါတွေဟာ အမြင်မှားတွေသက်သက်ပါ။ ကျွန်တော် အမေရိကန်တွေကို သူ့ရဲ့ သရုပ်မှန်မျက်နှာအစစ်ကိုပြချင်နေပါတယ်။ ဆာကတ်ရှ်ဗီလီဟာ သူတို့မျက်လုံးတွေပေါ် မျက်နှာဖုံးစွပ်နေတာပါ။

**ဘာကိုဆိုလိုတာပါလဲခင်ဗျ။**

၂၀၀၄ မှာ သူသမ္မတ ရာထူးရယူပြီး နှစ်နှစ်လောက်တော့ သူတကယ်ပဲ ဒီမိုကရေစီ စနစ်ကို တည်ဆောက်ခဲ့ပါတယ်။ ဒါပေမဲ့ သူဒီလမ်းကြောင်းက ဖယ်ထွက်သွားပါပြီ။ သူဟာအခုအာဏာပိုင်နိုင်ငံကို ဖန်တီးနေပါတယ်။

**အနောက်တိုင်းကနေ လူကြီးမင်း ဘာတွေတောင်းဆိုချင်တာပါလဲ။**

ကျွန်တော့်မှာ ဘာမှတောင်းဆိုပိုင်ခွင့် မရှိပါဘူး။ ဒါပေမဲ့ အနောက်တိုင်းကို ကျွန်တော်တို့တိုင်းပြည်ရဲ့ တကယ့်အခြေအနေကိုတစ်ချက်လောက်ကြည့်စေချင်တယ်လို့ ပြောချင်တယ်။ ဒီတိုင်းပြည်က ဆာကတ်ရှ်ဗီလီက အရှုံးလုပ်ထားလို့ တန့်ရပ်နေရတယ်။ ဥရောပနဲ့ အမေရိကဟာ ဂျော်ဂျီယာ ခေါင်းဆောင်ပိုင်းအပေါ် သူတို့ရဲ့ လုပ်ဆောင်ချက်အခြေခံတွေအပေါ်မှာပဲ ဆုံးဖြတ်သင့်ပါတယ်။ သူတို့စကားတွေ၊ ကတိတွေကို အခြေခံ မဆုံးဖြတ်ပါနဲ့။ ဒီလိုမှ မဟုတ်ရင် ဆာကတ်ရှ်ဗီလီဟာဂျော်ဂျီယာကို အာဏာရှင်နိုင်ငံအဖြစ် ပြောင်းလဲပစ်ပါလိမ့်မယ်။

**ဒါဆို လူကြီးမင်းဘာများ အဆိုပြုချင်ပါသလဲ။**

ကျွန်တော်ဥရောပ သံအမတ်တွေတော်တော်များများနဲ့ စကားပြောခဲ့ပါတယ်။ ဥရောပဟာဒီမိုကရေစီ ရွေးကောက်ပွဲတွေကိုမှန်ကန်လွတ်လပ်စွာ လုပ်ဆောင်နိုင်ဖို့ ကျွန်တော်တို့ကို ကူညီမယ်လို့မျှော်လင့်ပါတယ်။ ဂျော်ဂျီယာဟာ အာဏာလွှဲပြောင်းမှုလုပ်ရာမှာ တော်လှန်ရေးတစ်ရပ်ဆီကထက် ရွေးကောက်ပွဲတွေကတစ်ဆင့်သာ လုပ်နိုင်ဖို့စံနမူနာပြလုပ်ရပ်တစ်ခု အခြေကျမိစေဖို့ လိုအပ်နေပါတယ်။ ဥပမာအားဖြင့်လည်း ကျွန်တော်ဟာ ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ OSCE လိုအဖွဲ့တွေကနေ ခြောက်လလောက်ကြာအောင်ရွေးကောက်ပွဲ မဲဆွယ်မှုတွေကို နိုင်ငံတကာ လေ့လာသူတွေ စောင့်ကြည့်နိုင်ဖို့ ပြောဆိုထားပါတယ်။

**လူကြီးမင်းဟာ ဆာကတ်ရှ်ဗီလီကို ပုဂ္ဂိုလ်ရေး ကြွယ်ဝမှုရရှိအောင် လုပ်တယ်လို့ စွပ်စွဲနေတာလား။**

အဟုတ်ပဲပေါ့။ သူကဒီစနစ်ကိုဖန်တီးတာလေ။လူ၁၅ယောက်၊ အယောက် ၂၀ လောက်ကပဲ စီးပွားရေးကို လွှမ်းမိုးထားတယ်။ ရှေ့နေချုပ်က ဂျော်ဂျီယာရဲ့ စီးပွားရေးကဏ္ဍတော်တော်များများကို ထိန်းချုပ်ထားတယ်။ အရင်ကာကွယ်ရေးဝန်ကြီးဟောင်း ဒေးဗစ်ကီဇာရာ့ရှ်ဗီလီကတော့ ခါတ်ငွေ့နဲ့ ရေနံလုပ်ငန်းတွေကို ထိန်းချုပ်ထားပါတယ်။

**ဂျော်ဂျီယာအစိုးရဟာ လူကြီးမင်းကို မော်စကိုရဲ့ ကိုယ်စားလှယ်လို့စွပ်စွဲထားပါတယ်။ လူကြီးမင်းကလည်း ရုရှားမှာ စီးပွားဖြစ်လာခဲ့တာပါ။ ဒီတော့ ရုရှားကို လူကြီးမင်းဘယ်လောက် နာခံလိုက်နာနေရပါသလဲ။**

မဟုတ်ပါဘူး။ ကျွန်တော်က ကိုယ့်တိုင်းပြည်အမိန့်ကိုပဲ နာခံခဲ့တာပါ။ ကျွန်တော့်ထွက်ငွေ သုံးစွဲမှု ၉၉ ရာခိုင်နှုန်းကို ဂျော်ဂျီယာဆီကိုပဲ စီးဆင်းစေခဲ့တယ်။ ကျွန်တော် ဒီကပြတိုက်တွေအားလုံး ပြန်ပြင်ဆင်မွမ်းမံထားသလိုဇာတ်ရုံတွေကိုလည်း ပြန်လုပ်ထားတယ်။ လမ်းတွေဖောက်ခဲ့ပြီး စာသင်ကျောင်းအသစ် ၅၀ ဆောက်ပေးခဲ့တယ်။ တကယ်လို့ ဒါမျိုးဟာ ရုရှားကိုယ်စားလှယ်တွေ လုပ်တဲ့ပုံစံမျိုးဆိုရင် ကျွန်တော့်တိုင်းပြည်လည်း ဒီလိုစပိုင်မျိုးတွေကို များများမျှော်လင့်စေပေ့ါဗျာ။ ကျွန်တော် ရုရှားမှာမနေတာ ၁၀ နှစ်လောက်ရှိပါပြီ။

**ရုရှားသူဌေးကြီး မစ်ခေးလ်ခိုဒေါ်ကော့ဗ်စကီးဟာ တစ်ခါကရုရှားခေါင်းဆောင် ပူတင်ကိုစိန်ခေါ်ခဲ့ဖူးတယ်။ သူက လူကြီးမင်းထက်တောင် ပိုချမ်းသာပါသေးတယ်။ ဒါပေမဲ့ အခုသူဟာ ထောင်ထဲမှာပါ။ ဒီလိုကြမ္မာဆိုးမျိုးကြုံမှာ လူကြီးမင်းမကြောက်ဘူးလားခင်ဗျ။**

ကျွန်တော်ဆုံးဖြတ်ချက်ကို ပြန်ပြင်မှာ မဟုတ်ပါဘူး။ ထောင်ကျရမှာ ကျွန်တော်မကြောက်ဘူး။ ဒီထက်ပိုဆိုးတဲ့ အန္တရာယ်တွေတောင်ရှိနေတာပဲ။ သူတို့က အားလုံးကိုလုပ်နိုင်စွမ်းရှိနေတယ်။

*—Ref: Georgian Billionaire Bidzina Ivanishvili: "I am the Last Free man in this country" Spiegel*

# Entertainment

Vol.11, No.5 • APRIL 5 , 2012



## လေးဖြူက ပြည်တွင်းဂျာနယ်တစ်စောင်ကို တရားဥပဒေကြောင်းအရ ဆောင်ရွက်မည်ဟုဆို

**အေးသူစံ** **ရန်ကုန်၊ မတ် ၂၃**

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ပြည်တွင်းထုတ်ဂျာနယ်တစ်စောင်တွင် ဖော်ပြထားသော 'ကြားဖြတ် ရွေးကောက်ပွဲ ပြတင်းပေါက်' သတင်းတွင် အဆိုတော်လေးဖြူ၏ ဖြေကြားထားချက်များနှင့် ပတ်သက်ပြီးတရားဥပဒေလမ်းကြောင်းအတိုင်း သွားမည်ဟု လေးဖြူကပြောသည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှ မမေးပါနဲ့။ ဘာမှမဖြေပါဘူး။ ရှေ့နေနဲ့ပဲသွားမယ်။ ဘာမှပြောစရာမရှိဘူး။ တရားဥပဒေလမ်းကြောင်း အတိုင်းပဲသွားမယ်" ဟု လေးဖြူက ပြောသည်။

အဆိုပါဂျာနယ်မှာ ရွှေသံလွင် ကုမ္ပဏီမှထုတ်ဝေသော Envoy ဂျာနယ်ဖြစ်ပြီး ယင်းဂျာနယ် အတွဲ(၂) အမှတ် ၄၉ ထုတ်တွင်ဖော်ပြထားသော 'ကြားဖြတ် ရွေးကောက်ပွဲပြတင်းပေါက်များ' သတင်း၌ အနုပညာရှင်များက ပြီးခဲ့သည့်ရွေးကောက်ပွဲ တွင် မည်သူတွေကိုမဲပေးခဲ့ပြီးယခု လာမည့် ကြားဖြတ်ရွေး ကောက်ပွဲ တွင်မည်သူတွေကို မဲပေးမည်ဆိုသည့်ပြောကြားချက်များ စုစည်းဖော်ပြထားခြင်းဖြစ်သည်။ အဆိုပါအင်တာဗျူးတွင် အဆိုတော်လေးဖြူ၏ဓာတ်ပုံကိုထည့်သွင်းထားပြီး ဓာတ်ပုံအောက်၌ "အခု ရွေးကောက်ပွဲမှာတော့ ဘာကိုထည့်ရမလဲမသိသေးပါဘူး။ ပြီးခဲ့တဲ့ ၂၀၁၀တုန်းကတော့ စိတ်ထဲရှိတဲ့ဟာကို ထည့်ခဲ့တာပါ" ဟု စာသားဖော်ပြထားသည်။ ယင်းဂျာနယ်ပါဖော်ပြ ချက်မှာ အင်တာနက်စာမျက်နှာများတွင်ပျံ့နှံ့ခဲ့ပြီး အဆိုတော် လေးဖြူအပေါ် ၎င်းပရိသတ်များ၏ ဝေဖန်မှုများထွက်ပေါ် လာခဲ့သည်။

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး Envoy ဂျာနယ်ကို ဆက်သွယ်မေးမြန်းရာ "ကျွန်တော်တို့ကို တရားစွဲမယ်ဆိုတဲ့အသံတော့ကြားနေရပါတယ်။ ဒါပေမဲ့ ခုချိန်ထိ ကွဲကွဲပြားပြား မသိရသေးတဲ့အတွက် ဘာမှမပြောလိုသေးပါဘူး" ဟု အယ်ဒီတာချုပ်ကိုဇော်ထွဋ်မောင်ကပြောသည်။ ယခုကိစ္စအတွက် ရင်ဆိုင်ဖြေရှင်းရပါကဂျာနယ် ဘက်မှပြင်ဆင်ထားမှုနှင့် ပတ်သက်၍ မေးမြန်းရာ "တရားစွဲမယ်၊ မစွဲဘူးဘာမှ ကွဲကွဲပြားပြားမသိရသေးတဲ့အတွက် ဘာမှမပြောချင်ပါဘူး။

စာ(၄၉)သို့



## ဗိုလ်ချုပ်ရုပ်ရှင်ဇာတ်ကားက သေးသေးလေးလုပ်ရမှာ မဟုတ်ဘူး၊ အကြီးကြီးလုပ်ရမှာ

### ဒါရိုက်တာကြည်ဖြူသျှင်နှင့် တွေ့ဆုံခြင်း

**အေးသူစံ**

ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင်ဇာတ်ကားကို ဗိုလ်ချုပ်ရာပြည့်အမီ ၂၀၁၅ခုနှစ်မှာ ရိုက်ကူးတင်ပြနိုင်ဖို့ ပြည်တွင်းက ရုပ်ရှင်လောကသားအများစု ကြိုးပမ်းနေကြပါတယ်။ ဒီရုပ်ရှင်ဇာတ်ကားဟာ ကမ္ဘာ့အဆင့်ကိုထိုးဖောက်နိုင်တဲ့ ဇာတ်ကားဖြစ်အောင် ပြည်တွင်း၊ ပြည်ပ အနုပညာရှင်တွေ ပူးပေါင်းရိုက်ကူးမှာဖြစ်ပြီး နိုင်ငံခေါင်းဆောင်တစ်ဦးရဲ့ ပထမဆုံးရုပ်ရှင်ဇာတ်ကားလည်းဖြစ်လာမှာဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် ၎င်းဖခင်ရဲ့ နှစ်တစ်ရာပြည့်အမီရုံတင်ပြသနိုင်ဖို့ ဆန္ဒရှိတာကြောင့် ဇာတ်ကားနဲ့သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် အနုပညာရှင်တွေက ခွဲဝေတာဝန်ယူပြီး အကောင်အထည်ဖော်နေပါပြီ။ ဒီဇာတ်ကားအတွက် ဇာတ်ကားဖြစ်မြောက်ရေးအဖွဲ့ဝင် တစ်ဦးဖြစ်သူ ဒါရိုက်တာကြည်ဖြူသျှင်နဲ့ 7Day News က တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

**ဒီရုပ်ရှင်ကားရိုက်ကူးမှုနဲ့ ပတ်သက်ပြီး အနုပညာလောကက လူတွေ တော်တော်များများ ပြောနေကြတာက ဘယ်သူတွေ ပါဝင်သင့်တယ်၊ မပါဝင်သင့်ဘူးဆိုတာကို ဘယ်လိုဆုံးဖြတ်တာလဲဆိုတောပေါ့။ တချို့ ပါဝင်ခွင့်မရတဲ့လူတွေကလည်း ဝေဖန်တာတွေရှိကြတော့ ဒီအပေါ်မှာ ဘာများပြောကြားလိုပါသလဲ။**

-ဒီရုပ်ရှင်မှာ အဆင့်တွေရှိပါတယ်။ ပထမအဆင့်က ဇာတ်ညွှန်းဖြစ်မြောက်ရေးအဖွဲ့ ဖွဲ့တယ်ဆိုပါတော့။ တကယ်ဖြစ်သင့်၊ ပါသင့်တဲ့သူတွေကို ရွေးချယ်ကြတာပါ။ ဒါပေမဲ့တစ်ခါတလေကျတော့ လူများပြီး ပွဲမစည်တာတွေ ဖြစ်တတ်တယ်။ တကယ်ပါသင့်ပါထိုက်တဲ့ ပညာရှင်တွေကို ထပ်ခေါ်တယ်ဆိုတာ ဇာတ်ညွှန်းဖြစ်မြောက်ရေးအဖွဲ့မှာ ပါဝင်တဲ့ ပညာရှင်တွေကို ကြည့်ရင် သိမှာပါ။ နောက်ထပ်သမိုင်းပညာရှင်တွေလည်း ခေါ်ဦးမှာ။

စာ(၄၉)သို့



## စစ်မှုထမ်းကာလပြီးဆုံး၍ အနုပညာလောကထဲပြန်ဝင်မည့် လီဒေါင်ဂန်

**ဆိုးလ်၊ မတ် - ၂၇**

ကိုရီးယားအဆိုတော်သရုပ်ဆောင်မင်းသားလီဒေါင်ဂန်သည် မတ်လ ၂၈ ရက်တွင် စစ်မှုထမ်းကာလကုန်ဆုံးကာ အနုပညာလောကထဲပြန်လည်ရောက်ရှိလာတော့မည်ဖြစ်ကြောင်း သိရသည်။ ၎င်း၏အေဂျင်စီမက်စ်ဖျော်ဖြေရေးက ထိုသတင်းကို တရားဝင်ကြေညာခဲ့ခြင်းဖြစ်သည်။

လီဒေါင်ဂန်သည် ၂၀၁၀ဇွန်လတွင် ၂နှစ်တာစစ်မှုထမ်းကာလစတင်ခဲ့ပြီး ကိုရီးယားကာကွယ်ရေးဌာန မီဒီယာအေဂျင်စီတွင်လည်း စစ်တပ်အရာရှိတစ်ဦးအဖြစ် တက်ကြွစွာ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၈တွင် သရုပ်ဆောင်ဘဝစတင်ခဲ့သော မင်းသားချောလီသည် Lovers in Paris, Sweet 18 နှင့် Smile Again ဒရာမာဇာတ်ကားများဖြင့် ပရိသတ်နှစ်သက်ခဲ့သူဖြစ်သည်။ —Ref: Koreaboo








## မီဂန်ဖောက်စ် ရင်သွေးလွယ်ထားရကြောင်း သတင်းထွက်ပေါ်

**လော့စ်အိန်ဂျလိစ်၊ မတ် - ၂၈**

ဟောလီဝုဒ်အချောအလှမင်းသမီး မီဂန်ဖောက်စ်သည် သူမ၏ ပထမဆုံး ကလေးကိုခင်ပွန်းသည်ဘရိုင်ယန်အော်စတင်ဂရင်းနှင့်အတူ မွေးဖွားနိုင်ရန် မျှော်လင့်နေကြောင်း အမေရိကန်စတားမဂ္ဂဇင်းကဖော်ပြသည်။



မဂ္ဂဇင်း၏အဆိုအရမီဂန်ဖောက်စ် (၂၅နှစ်)သည် ကိုယ်ဝန်သတင်းကြောင့် စိတ်လှုပ်ရှားလျက်ရှိပြီး ပျော်ရွှင်နေကြောင်းသိရသည်။ မီဂန်နှင့် ဘရိုင်ယန်တို့သည် ယခုမင်္ဂလာသတင်းကို မိသားစုများ၊ ရင်းနှီးသော မိတ်ဆွေများကိုသာ အသိပေးထားကြောင်း ဆိုသည်။ ၎င်းတို့နှင့် နီးစပ်သူတစ်ဦးက မဂ္ဂဇင်းတစ်စောင်တွင် "ဒါဟာအချိန်စောလွန်းနေပါသေးတယ်။ ဒါကြောင့် သူတို့ဟာ မိသားစုတွေ၊မိတ်ဆွေရင်းတွေကိုပဲ ပြောဖြစ်သေးတာပါ" ဟုပြောသည်။

—Ref: Showbizspy






## စာ - ၄၇၊ ဒါရိုက်တာကြည်ဖြူသျှင်နှင့် တွေ့ဆုံခြင်း မှ

ဒီကားကြီး ရုပ်လုံးပေါ်အောင်ကြိုးစားကြတဲ့ နေရာမှာ အစ်မတို့အနေနဲ့ အချိန်တွေ အများကြီးပေးဆပ်ထားတယ်။ Film Analysis လုပ်တဲ့အခါမှာလည်း ဖြစ်မြောက်ရေးအဖွဲ့ဝင်ဒါရိုက်တာတွေအပြင် ရုပ်ရှင်လောကမှာ အရမ်းကြည့်အားကောင်းတဲ့ပညာရှင်တွေရှိတယ်။ နိုင်ငံခေါင်းဆောင်အကြောင်း ရိုက်ထားတဲ့ ကမ္ဘာ့ရုပ်ရှင်တွေကိုကြည့်ထားပြီး ဥပမာ ဂန္ဒီကားဆိုရင်လည်း ဘယ်အပိုင်းကိုထုတ်နုတ်ပြသခဲ့တယ်။ ဘယ်အပိုင်းကတော့ အားနည်းချက်ရှိမလဲ ဒီလိုခွဲခြမ်းစိတ်ဖြာရင်လည်းပညာရှင်တွေကိုဖိတ်ခေါ်ရမှာပဲ။ နောက်သမိုင်းပညာရှင်တွေကို ဖိတ်ခေါ်ရမှာ။ ဒီပညာရှင်တွေနဲ့ ဗိုလ်ချုပ်ရုပ်ရှင်မှာ ဘယ်အပိုင်းကတော့ပါ သင့်တယ်၊ဘယ်အပိုင်းကိုချန်ထားနိုင်တယ်ဆိုတာမျိုး မှတ်တမ်းတွေယူထားရမှာ။ ဗိုလ်ချုပ်ရုပ်ရှင်ဇာတ်ကားက သေးသေးလေးလုပ်ရမှာမဟုတ်ဘူး။ အကြီးကြီးလုပ်ရမှာ။ အဲဒီတော့ ကျွန်မတို့မှာ လူအင်အား အများကြီးလိုတယ်။ အဲဒီအချိန်ကျရင် ကျွန်မတို့တွေက ထပ်ဖိတ်ခေါ်ရမှာပဲ၊ ရိုက်ကွင်းမှာ ဘယ်နေရာဘယ်အခန်းကဏ္ဍက ဖြစ်ဖြစ် လုပ်ကြရမှာပါပဲ။ တစ်ဦးတစ်ယောက်တည်းလုပ်လို့ရတဲ့အလုပ်လည်း မဟုတ်ဘူး။ ဒီကားအတွက် နိုင်ငံခြားက ဒါရိုက်တာတွေ၊ ပညာရှင်တွေလာကြမယ်။ ဒီကပြည်တွင်း ဒါရိုက်တာပညာရှင်တွေနဲ့ ပူးပေါင်းလုပ်ကြရမှာဆိုတော့ Story Board နဲ့သွားကြရမှာ။ အဲဒီအချိန်မှာ ကမ်းလှမ်းလာတဲ့ဒါရိုက်တာတွေကိုလည်း သူတို့ အခြေအနေပေါ်မူတည်ပြီးတော့ ကျွန်မတို့က စဉ်းစားရွေးချယ်သွားမှာပါ။ တချို့က လာပြောကြပါတယ်။ဇာတ်ညွှန်းကဏ္ဍမှာ ကမ်းလှမ်းလာကြပါတယ်။ဇာတ်ညွှန်းရေးပေးချင်ပါတယ်။ပိုက်ဆံက အရေးမကြီးပါဘူးလို့ ကမ်းလှမ်းပါတယ်။ သူတို့ ဆန္ဒရှိပေမယ့် သူတို့ဘယ်ဇာတ်ကားရေးဖူးလဲ၊ပရိသတ်ရင်ထဲ ရောက်လောက်အောင် ပြောင်မြောက်တဲ့ဇာတ်ကားမရှိထားတဲ့သူကျတော့ ကျွန်မတို့ ဘယ်လိုသုံးရမလဲ။ ပါဝင်ချင်တဲ့စိတ်ဓာတ်နဲ့တကယ်ပဲအရည်အချင်းပြည့်ဝရင် ကျွန်မတို့က ဖိတ်ခေါ်ပါတယ်။ ဒီရုပ်ရှင်မှာ ကျွန်မတို့က ပါဝင်ရိုက်ကူးမှာ မဟုတ်ဘူး။ဖြစ်မြောက်ရေးအဖွဲ့က အဆင့်ဆင့်နဲ့ တည်ဆောက်လုပ်ကိုင်ကြရတာပါ။ ကျွန်မတို့ရွေးချယ်လိုက်တဲ့သူတွေဟာ ပြည်သူတွေကကျေနပ်နေရပါမယ်။ တချို့ တကယ်တော်တဲ့ ပညာရှင်တွေကျတော့လည်း ကျန်းမာရေးကြောင့်မပါဝင်နိုင်တော့ပေမယ့် အကြံဉာဏ်တွေလည်း တောင်းခံဖို့အသင့်ပါပဲ။ ဗိုလ်ချုပ်ဆိုတာ တစ်ဦးပိုင်၊ တစ်ယောက်ပိုင် မဟုတ်ပါဘူး။ တစ်နိုင်ငံလုံးနဲ့ ဆိုင်တဲ့ကိစ္စဖြစ်လို့ အရမ်းစဉ်းစားပါတယ်။ တကယ် စေတနာပါရင်ကမ်းလှမ်းပါ။ ဖြစ်မြောက်ရေးအဖွဲ့က စဉ်းစားပေးပါ့မယ်။

**ဗိုလ်ချုပ်နေရာက သရုပ်ဆောင်မယ့် သရုပ်ဆောင်သစ် အမျိုးသားတွေအတွက် ဖြစ်မြောက်ရေးအဖွဲ့ရဲ့ အနုပညာပိုင်းဆိုင်ရာ လေ့ကျင့်သင်ကြားပေးမှုကိုဘယ်လိုစီစဉ်ထားပါလဲ။**

အနုပညာပိုင်းဆိုင်ရာကိုပါ ကြည့်ပြီး ရွေးချယ်မှာပါ။ ပထမဆုံး အရေးကြီးတာကတော့ ဗိုလ်ချုပ်နဲ့ရုပ်တူတာပေါ့။ ရုပ်တူတာကိုကြည့်ပြီးမှ သူတို့ ဘယ်လောက် Accept လုပ်နိုင်သလဲ။ အနုပညာကိုရော ဘယ်လောက်ထိခံစားနိုင်သလဲ။ အိုင်ကျူ၊အီးကျူတွေအပြင် ကျွန်မတို့ရဲ့ စခန်းသွင်းလေ့ကျင့်မှုအပေါ် သူတို့ဘယ်လောက်လက်ခံနိုင်လဲပေါ် မူတည်ပါမယ်။

**ဗိုလ်ချုပ်က ခေတ်ပညာတတ်၊ ပြီးတော့ အင်္ဂလိပ်စကားကိုလည်း ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်တဲ့သူဆိုတော့ ရွေးချယ်ခံရတဲ့ရုပ်တူသူကိုရော ဒီအရည်အချင်းတွေအတွက် ဘယ်လိုစီစဉ်ပေးမှာပါလဲ။**

နောက်ဆုံး ဆန်ခါတင်ရွေးလိုက်တဲ့သူသည် အင်္ဂလိပ်စာကောင်းတယ်ဆိုရင်တော့ ဒါကျွန်မတို့အတွက်ကံကောင်းတာပေါ့။ ဒါပေမဲ့ သူကတော့ တော်တော်လေးပြည့်စုံနေပြီ။ အင်္ဂလိပ်စာက လိုနေသေးတယ်ဆိုရင်တော့ ကျွန်မတို့ သူ့ကို Train လုပ်ပေးရမှာပဲ။ ပထမအဆင့်အင်္ဂလိပ်အခြေခံကောင်းအောင် လုပ်ပေးထားရမယ်။ နောက်တစ်ဆင့်က ဇာတ်ညွှန်းမှာပါတဲ့ စကားလုံးတွေကို ကောင်းကောင်းပြောနိုင်အောင် လုပ်ပေးထားမယ်။

**ဒီဇာတ်ကားကို နိုင်ငံတကာအဆင့်မီရိုက်ကူးဖို့ စီစဉ်ထားတော့ လွတ်လပ်ရေးခေတ်ကြိုကာလဖြစ်တဲ့အတွက် ရုပ်ရှင်ဆက်တင်တည်ဆောက်မှု အပိုင်းကိုရော ဘယ်လိုစီစဉ်ထားလဲ။**

ဆက်တင်က အရေးကြီးတယ်။ ဒါကြောင့်နိုင်ငံခြားကပညာရှင်တွေလည်းပါမယ်။ ပြည်တွင်းလုပ်သားတွေပါမယ်။ ဒါမှလည်း မြန်မာပြည်က လူတွေကပြည်ပက အတတ်ပညာတွေရမယ်။သေချာတာကလွတ်လပ်ရေး ခေတ်ကြိုရိုက်ရမှာဖြစ်လို့ ဆက်တင်ဆောက်ကိုဆောက်ရမယ်။ Animation တွေပါမယ်။ သရီးဒီ ဆောက်သင့်ဆောက်ရမယ်။ ဒီကားကို ရိုက်ပြီးချိန်မှာ ကမ္ဘာ့အဆင့်မီ ရုပ်ရှင်ရိုက်ကူးမှုအတတ်ပညာတွေကိုမြန်မာကရလိုက်မှာဖြစ်သလို မြန်မာအနုပညာရှင်တွေကိုလည်း ကမ္ဘာက သိသွားကြမယ်။ တစ်ဖက်ကလည်းကိုယ့်ရဲ့ကျေးဇူးရှင် ဗိုလ်ချုပ်အောင်ဆန်းကို ကျေးဇူးဆပ်ရာရောက်သလို ကိုယ့်လောကအတွက် ကောင်းကျိုးရမယ့်ဇာတ်ကားကြီးပါ။

**သမိုင်းကြောင်းအရမ်းကြီးမားတဲ့ဇာတ်ကားလည်း ဖြစ်တဲ့အတွက် သမိုင်းဆိုင်ရာအချက်အလက် မမှားယွင်းအောင် ဘယ်လိုစီစဉ်ထားပါသလဲ။**

ကျွန်မတို့အဖွဲ့မှာ သမိုင်းအချက်အလက်တွေရှာဖွေတဲ့ သမိုင်းဘက်က ပညာရှင်တွေ ပါဝင်ပါတယ်။ဗိုလ်ချုပ်အတွက် အတ္ထုပ္ပတ္တိစာအုပ်ထုတ်မယ်ဆိုပြီး အချက်အလက်တွေ တောက်လျှောက်စုဆောင်းလာတဲ့၊ နှစ်အတော်ကြာလေ့လာခဲ့တဲ့ သူတွေကို ဖိတ်ခေါ်ထည့်သွင်းထားပါတယ်။ သူတို့ကလည်း လိုအပ်တဲ့အချက်အလက်တွေပေးတယ်။ အမျိုးသားစာကြည့်တိုက်မှာလည်းဗိုလ်ချုပ်နဲ့ပတ်သက်တဲ့အချက်အလက်တွေ သွားရှာဖို့ရှိတယ်။ အမျိုးသားပြတိုက်မှာလည်း သမိုင်းစာကြည့်တိုက်ရှိတယ်။ အဲဒီမှာလည်းသွားရှာမယ်။ ဗိုလ်ချုပ်အကြောင်းကိုပြောပြနိုင်မယ့် သက်ရှိထင်ရှားပုဂ္ဂိုလ်ကြီးတွေရှိတယ်။ သူတို့ရဲ့ အမြင်တွေ၊ မှတ်မိသလောက် အချက်အလက်တွေယူထားတယ်။ဗိုလ်ချုပ်နဲ့ပတ်သက်တဲ့ တော်တော်များများ မှတ်တမ်းအချက်အလက်ကိုဘီဘီစီကလှူမယ်ပြောမယ်။ သမိုင်းအချက်အလက်တွေကတော့တော်တော်များများစုံလင်နေပါပြီ။

**ဒီဇာတ်ကား ရိုက်ဖို့အတွက် အဓိက အခက်အခဲက ဘာဖြစ်မလဲ။**

ဗိုလ်ချုပ်ရဲ့ သမိုင်းက အရမ်းကြီးပါတယ်။ ကျွန်မတို့ဆီမှာ ဗိုလ်ချုပ်ပြောခဲ့တဲ့စကားလုံးက အစ အတိအကျရှိတယ်။ ဒါပေမဲ့ ဇာတ်ကားတစ်ကားဝင်အောင် ဒီသမိုင်းအကြီးကြီးကို ဘယ်လိုထည့်မလဲဆိုတာအခက်ဆုံးပဲ။ ဘယ်အပိုင်းကိုချန်ထားပြီး ဘယ်အပိုင်းကိုထားခဲ့မလဲဆိုတာ တော်တော်ခက်တယ်။နောက်တစ်ခုခက်တာကဇာတ်ညွှန်းရေးတဲ့အခါစိတ်ကူးယဉ်စကားလုံးလုံးဝမပါရဘူး။ ဒါလေးကတော့ဖြစ်နိုင်တယ်ဆိုတဲ့အတွေးမျိုး မပါရဘူး။ အကြီးကြီးကို ချုံ့ဖြစ်ဖို့က တော်တော်လေးခက်ခဲမယ်။

**ဗိုလ်ချုပ်ခေတ်ကို မီလိုက်တဲ့ သက်ရှိထင်ရှား ပုဂ္ဂိုလ်တွေကိုရော ထည့်သွင်းရိုက်ကူးဖို့ရှိပါသလား။**

ထည့်သုံးဖို့မရှိပါဘူး။ အသက်အားဖြင့်အရမ်းကွာသွားပြီလေ။ အရသာပျက်သွားနိုင်တယ်။ ပရိသတ်က ကြည့်လိုက်တာနဲ့၊ အော် ဘယ်သူပါလားဆိုပြီး ဟိုခေတ်ကိုပြန်ရောက်သွားလိမ့်မယ်။ ဒါကြောင့်ပါ။

**ဒီကားရိုက်ဖို့ဖြစ်မြောက်ရေးအဖွဲ့ယူထားရတဲ့တာဝန်က အရမ်းကြီးမားတော့ ဖိစီးမှုတွေရှိနိုင်ပါသလား။**

ဗိုလ်ချုပ်က မွေးကတည်းက စကားစပြောတတ်ကတည်းက သူများနဲ့မတူဘူး။ တခြားကလေးတွေရိုးရိုးတန်းတန်းဆော့နေချိန်မှာ ဗိုလ်ချုပ်က နယ်ချဲ့အင်္ဂလိပ်တွေကိုဘယ်လိုတော်လှန်ရင် ကောင်းမလဲဆိုတာတွေ ပြောနေပြီ။ သူ ပုန်ထနည်းအမျိုးမျိုးကို စဉ်းစားခဲ့တော့ ကလေးဘဝမှာကတည်းက နိုင်ငံရေးစိတ်ဓာတ် ရှိခဲ့တယ်။ ဒါကြောင့် ကလေးဘဝကလည်း စိတ်ဝင်စားဖို့ကောင်းတယ်။ ကျောင်းသားဘဝကလည်း အရမ်းစိတ်ဝင်စားဖို့ကောင်းတယ်။ ပြစရာတွေကပြောရရင်ဇာတ်လမ်းတွဲလောက်ဖြစ်နေတာ။ ရုပ်ရှင်အနေနဲ့လည်းသူ့ဖြတ်သန်းမှုကတကယ့်ကိုရုပ်ရှင်ဆန်တယ်။ ဘယ်အပိုင်းမှ ချန်မထားရက်အောင်ကောင်းတယ်။ ရုပ်ရှင်စကားနဲ့ဆို တန်ပိုအတက်အကျအရမ်းမြန်တယ်။ ဒီဇာတ်ကားကိုချုံ့ဖို့အတွက် တော်တော်လေးဖိစီးမှုများပါတယ်။

**ဒီဇာတ်ကားကို ရိုက်ကူးပြီးတဲ့အခါ ဆင်ဆာကိုဖြတ်ကျော်ဖို့အတွက် ဘာတွေကြိုတင်ပြင်ဆင်ထားလဲ။**

ဒီကားရိုက်ဖို့ စစီစဉ်ကတည်းကမြန်မာ့ရုပ်ရှင်လုပ်ငန်းက ဆင်ဆာလူကြီး ဦးသိန်းထွန်းအောင်နဲ့ ပြောဖြစ်တယ်။ ဆင်ဆာတင်ရင်ဖြတ်မလားဆိုတော့ ဘာလို့ ငါတို့က ဖြတ်ရမှာလဲ။ ဗိုလ်ချုပ်အကြောင်းကို ဖြတ်စရာဘာရှိလို့လဲ။ ဗိုလ်ချုပ်အကြောင်း ဘာတစ်ခုမှ မဖြစ်ဘူးလို့ ပြောပါတယ်။ နောက်တစ်ခုက ဗိုလ်ချုပ်ခေတ်မှာ အဝတ်အစားနဲ့ပတ်သက်ပြီး ဆင်ဆာရှိမယ်မထင်ဘူး။ ဆင်ဆာ ဖြတ်လောက်တဲ့ပြကွက်လည်းမရှိပါဘူး။ အင်္ဂလိပ်နဲ့ဂျပန်ကိုတော်လှန်တယ်။ စကားလုံးကလည်း အတိအကျအမှန်အကန်ပါမယ်။ သမိုင်းကြောင်းကိုအတိအကျရိုက်ပြမှာမို့ ဆင်ဆာဖြတ်မှာ မဟုတ်ပါဘူး။

### စာ-၄၇၊ လေးဖြူက ပြည်တွင်းဂျာနယ်တစ်စောင်ကို တရားဥပဒေကြောင်းအရ ဆောင်ရွက်မည်ဟုဆို မှ

ဒီအခြေအနေမှာ မပြောဘဲနဲ့ရေးလို့တော့မရတဲ့အနေအထားတွေရှိပါတယ်။ ဒါပေမဲ့ တစ်ခါတလေ အနေအထားက တစ်မျိုးဖြစ်ချင်ဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့ဆီ တစ်စုံတစ်ရာ အကြောင်းမကြားရမချင်းဘာမှ မဖြေလိုသေးပါဘူး”ဟု ၎င်းက ထပ်မံပြောကြားသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ “ဒီလိုမပြောခဲ့ဘူးဆိုတာကို သူ့ပရိသတ်တွေသိရအောင် သတင်းစာထဲမှာ ကြော်ငြာထည့်ထားပါတယ်။ တရားဥပဒေအရ အမှန်အတိုင်းတော့ ဖြစ်ရမှာပေါ့။ လောလောဆယ်ဒီလောက်ပဲပြောချင်ပါတယ်”ဟု အိုင်စီတီးဝိုင်း မန်နေဂျာဦးကိုကိုလွင်ကပြောသည်။

**Certificate Course For**
**Social Entrepreneurship (E-002/16)**

၁။ အလုပ်အကိုင် အခွင့်အလမ်းများ မည်မျှပင်ရှားပါးစေကာမူ **Employability** ရှိသော လူသားအရင်းအမြစ်များအတွက် အခွင့်အလမ်းရှိနေစမြဲ ဖြစ်ပါသည်။
၂။ မြန်မာ့ လူသားအရင်းအမြစ်များအား **Employability** ရှိသော လူသားအရင်းအမြစ်များ အဖြစ် မွေးထုတ်ပေးရန် **Certificate Course for Social Entrepreneurship (E-002 - Batch 16)** ကို ၂၀၁၂ ခုနှစ်၊ မေလ တတိယပတ် တွင် စတင် ပို့ချပါမည်။
၃။ သင်တန်းကာလမှာ (၃) လဖြစ်၍ တနင်္လာနေ့ မှ စနေနေ့အထိ အချိန်ပြည့်သင်တန်း ဖြစ်သည်။
၄။ သင်တန်းကြေးမှာ ကျပ်ငွေ တစ်သိန်း (၁၀၀,၀၀၀) သတ်မှတ်ထားပါသည်။
၅။ စီးပွားဖြစ်ဖွင့်လှစ်သော သင်တန်းမဟုတ်ဘဲ နိုင်ငံတည်ဆောက်ရေးတွင် တစ်ထောင့်တစ်နေရာမှပါဝင်ခြင်းဖြစ်ရာ သင်တန်းကြေးအတွက် အခက်အခဲရှိသော ကျောင်းသားများအနေဖြင့် သင်တန်းကြေးသက်သာကင်းလွတ်ခွင့် လျှောက်ထားနိုင်သည်။ အောက်ပါဘာသာရပ်များကို အမှန်တကယ် စိတ်ဝင်စားပြီး သင်တန်းကြေး အခက်အခဲရှိသူများ ဝင်ခွင့်ရရှိစေရပါမည်။
၆။ ဘာသာစကားအခက်အခဲကြောင့် အခွင့်အစရှိသောလူငယ်များ တက်လမ်းမဆုံးရှုံးစေရန် သင်တန်းအား နိုင်ငံတကာတက္ကသိုလ်များတွင် ဘွဲ့လွန်ပညာ ဆည်းပူးခဲ့သူမြန်မာပညာရှင်များမှ သင်ကြားပို့ချပါမည်။
၇။ သင်တန်းတွင် သင်ကြားမည့် ဘာသာရပ်များမှာ –

1. **Development & Development Economies**
   - 1.1 Globalization
   - 1.2 Development Economics
   - 1.3 International Relations
   - 1.4 Development Theory and Practices
   - 1.5 Economic Policy
2. **Governance**
   - 2.1 Social Science Research Methodology
   - 2.2 Fundamentals of Public Policy
   - 2.3 Civil Society and Civic Engagement
   - 2.4 State and Institutions
   - 2.5 Public Goods and Public Administration
   - 2.6 Environmental Policies and Pratices
   - 2.7 Comparative Constitutions
   - 2.8 Political Economy of the State
   - 2.9 Social Capital & Civil Society
3. **Transformational Leadership**
   - 3.1 Strategic Management
   - 3.2 Transformational Leadership
   - 3.3 Leadership
   - 3.4 Team Building
   - 3.5 Personality Development
   - 3.6 Developing Leadership Personality for Managements
4. **Tool Kits For Managements**
   - 4.1 Tool Kit of Information Technology
   - 4.2 Public Financial Management
   - 4.3 Human Resources Management
   - 4.4 Governance and Development
   - 4.5 Social Structure Analysis
5. **Communications and Advocacy**
   - 5.1 Creative Meetings Through Power Sharing
   - 5.2 Communication and Advocacy
   - 5.3 Strategic Negotiation Skills
   - 5.4 Critical Thinking for Leadership
   - 5.5 Learning Aids

၈။ သင်တန်းဝင်ခွင့်အတွက် လူဦးရေကန့်သတ်ချက်ရှိပါသဖြင့် အရည်အချင်းလိုက်ပြန်လည်စိစစ်ရန်နှင့် လူတွေ့စစ်ဆေးမှုပြုလုပ်ရန် (၉-၄-၂၀၁၂)ရက် တနင်္လာနေ့နှင့် သင်တန်းကြေးကင်းလွတ်ခွင့်လျှောက်ထားလိုသူများအနေဖြင့် (၄-၄-၂၀၁၂)ရက် ဗုဒ္ဓဟူးနေ့ နောက်ဆုံးထားပြီး လျှောက်ထားနိုင်ပါသည်။ နယ်မြို့များမှ လူငယ်များကို သင်တန်းကြေးကင်းလွတ်ခွင့် ဦးစားပေးပါမည်။ အချိန်ပြည့်သင်တန်းဖြစ်၍ အခြားသင်တန်းတစ်ခုခု တစ်ပြိုင်နက်တက်ရောက်ရန်ရှိသူများ လျှောက်ထားရန်မလိုပါ။
၉။ Myanmar Egress အနေဖြင့် ယခုသင်တန်း ပြီးမြောက်ထားသူ (၄၀) ကို Asia Institute of Technology တွင် Professional Master Degree in Public Policy တစ်နှစ်သင်တန်းကို ရွေးချယ်စေလွှတ်ရန် စီစဉ်ထားရာ ထိုသို့ဘွဲ့လွန် သင်တန်းတက်ရောက် ဆည်းပူးရန် အရည်အချင်းရှိသူများကို ဦးစားပေး၍ လက်ခံပါမည်။
၁၀။ သင်တန်းဝင်ခွင့်လျှောက်လွှာများကို သမ္မတဟိုတယ်ပထမထပ်ရှိ Myanmar Egress ရုံးခန်းတွင် ရယူနိုင်ပါသည်။ www.myanmaregress.org တွင်လည်း Download ပြုလုပ်ရယူနိုင်ပါသည်။

**Myanmar Egress Office**
1st Floor, Thamada Hotel Business Suite
No. 5, Alan Pya Pagoda Road,Dagon Township, Yangon. Tel: 255604, 393303.
Email: e002@myanmaregress.org, www.myanmaregress.org

# လက်ရွေးစင်လက်ဝှေ့သမား ၁၈ ဦး ကာဇက်စတန်တွင် သွားရောက်လေ့ကျင့်မည်



နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်နေသော လက်ရွေးစင်လက်ဝှေ့သမားများ
ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ် - ၂၈**

မြန်မာ့လက်ရွေးစင်လက်ဝှေ့အားကစားသမား ၁၈ ဦးပါဝင်သည့် အားကစားအဖွဲ့သည် ကာဇက်စတန်နိုင်ငံသို့သွားရောက်၍ ပူးတွဲလေ့ကျင့်မှုများ တစ်လခွဲခန့် ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

လာမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ပြင်ဆင်နေသော မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်သည် လက်ဝှေ့အားကစားတိုးတက်သည့် ကာဇက်စတန်နိုင်ငံ Almaty မြို့သို့ ဧပြီလ ၆ ရက်မှ မေလ ၂၆ ရက်အထိသွားရောက်ကာ ကာဇက်စတန် လက်ဝှေ့သမားများနှင့် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။

"ကာဇက်စတန် နိုင်ငံက လက်ဝှေ့သမားတွေနဲ့ ပူးတွဲလေ့ကျင့်မှုတွေလုပ်တဲ့အပြင် ပြိုင်ပွဲတွေလည်း ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ"ဟု အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ မြန်မာလက်ဝှေ့အားကစားအဖွဲ့သည် ၂၀၁၁ ခုနှစ်က ကာဇက်စတန်နိုင်ငံသို့ပူးတွဲလေ့ကျင့်မှုများသွားရောက်ခဲ့ဖူးပြီး ယခုနှစ်တွင် ဒုတိယအကြိမ် သွားရောက်ခြင်းဖြစ်သည်။

မြန်မာလက်ဝှေ့အားကစားအဖွဲ့တွင် အားကစားသမား အမျိုးသား ၁၃ဦးနှင့် အမျိုးသမီး ငါးဦးပါဝင်မည်ဖြစ်ကာ အများစုမှာလူငယ်များဖြစ်ကြောင်းအထက်ပါတာဝန်ရှိသူကပြောသည်။

ထို့အပြင် မြန်မာလက်ဝှေ့အားကစားသမား ကျော်ကျော်လတ်(၅၆ ကီလိုတန်း)သည်လည်း ကာဇက်စတန်နိုင်ငံ Astana မြို့တွင် ဧပြီလ ၅ ရက်မှ ၈ ရက်အထိ ကျင်းပမည့် ၂၀၁၂ လန်ဒန်အိုလံပစ်လက်ရွေးစင်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

# ၂၀၁၂ ဒေးဗစ်ဖလား မြန်မာ ဝင်ရောက်ယှဉ်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ် - ၂၈**

၂၀၁၂ ဒေးဗစ်ဖလား အာရှနှင့် သမုဒ္ဒရာပိုင်းဇုန် အုပ်စု(၄) တင်းနစ်ပြိုင်ပွဲ 2012 Davis Cup (Group-4) သို့ မြန်မာတင်းနစ်အဖွဲ့သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကို ကာတာနိုင်ငံ ဒိုဟာမြို့တွင် ဧပြီလ ၁၆ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာ၊ ဘာရိန်း၊ ကမ္ဘောဒီးယား၊ အီရတ်၊ ဂျော်ဒန်၊ ကာတာ၊ ဆော်ဒီအာရေးဗီးယား၊ စင်ကာပူ၊ တာ့ခ်မင်နစ္စတန်၊ ယူအေအီး စသည့် ၁၀ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

နှစ်စဉ် ကျင်းပပြီး အသက်ကန့်သတ်ချက်မရှိသော ယင်းပြိုင်ပွဲသို့ မြန်မာတင်းနစ်ကစားသမား (အမျိုးသား)လေးဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ ပြေလဆန်းပိုင်းတွင် ဝင်ပြိုင်နေသည့် ဗီယက်နမ်(ကမ္ဘာ့အဆင့်သတ်မှတ်ချက်)ပြိုင်ပွဲမှတစ်ဆင့် တစ်ဆက်တည်း သွားရောက်မည်ဖြစ်ကြောင်းသိရသည်။

အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ်၏ အဆင့်သတ်မှတ်ချက်တွင် အနိမ့်ဆုံး Group-4 မှ အမြင့်ဆုံး World Group အဆင့်ထိရှိသည့် မြန်မာတင်းနစ်အဖွဲ့သည် ၂၀၁၀ Group-4 ပြိုင်ပွဲတွင်လက်ရည်စစ်အောင်မြင်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် Group-3 သို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သော်လည်း ယခုနှစ်တွင် Group -4 သို့ ပြန်လည်ကျဆင်းခဲ့ခြင်းဖြစ်သည်။




# ဘောလုံးအဖွဲ့ချုပ်ဖလား အောက်တိုဘာတွင် ကျင်းပမည်



**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ် - ၂၈**

ယခုနှစ်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဖလား(MFF Cup)ဘောလုံးပြိုင်ပွဲကို မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးပြိုင်ပွဲပြီးဆုံးမည့် အောက်တိုဘာမှသာ ကျင်းပသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

MFF Cup ရှုံးထွက်ပြိုင်ပွဲကို ယခင်နှစ်များက လိဂ်ပြိုင်ပွဲကျင်းပနေစဉ်(ကြားရက်)များတွင် ကျင်းပခဲ့သော်လည်း ယခုနှစ်တွင်မူ မြန်မာလက်ရွေးစင်အသင်းများ၏ နိုင်ငံတကာပွဲစဉ်များရှိနေခြင်းကြောင့်နောက်ဆုတ်ကျင်းပရခြင်းဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးကပြောသည်။

၂၀၁၂ မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးပြိုင်ပွဲ(ပထမအကျော့)ပွဲစဉ်များသည် ဧပြီ ၁၂ ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး ဒုတိယပွဲစဉ်များသည် လာမည့် မေလ ၁၂ ရက်တွင် စတင်မည်ဖြစ်ကာ စက်တင်ဘာ ၁၆ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

ထို့အပြင် မြန်မာလက်ရွေးစင်အသင်းများအနေဖြင့် ဇွန်လတွင်အိမ်ရှင်ပြုလုပ်မည့်AFC U-22 ခြေစစ်ပွဲ၊ စက်တင်ဘာလတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အာရှဖလားခြေစစ်ပွဲ၊အောက်တိုဘာလအတွင်း ပြုလုပ်မည့် ဆူဇူကီးခြေစစ်ပွဲတို့ရှိနေသည်။

AFC U-22 ခြေစစ်ပွဲကဲ့သို့ ပြိုင်ပွဲသစ်များ ပါဝင်လာခြင်းကြောင့် မြန်မာနေရှင်နယ်လိဂ်ဒုတိယအကျော့ပွဲစဉ်ဇယားနှင့် ဘောလုံးပြက္ခဒိန်ကို ယခင် လျာထားသည့်အတိုင်း ရေးဆွဲနိုင်ခြင်းမရှိတော့ဘဲ ပြန်လည်ညှိနှိုင်းပြင်ဆင်ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း အဖွဲ့ချုပ် တာဝန်ရှိသူဆိုသည်။

ပွဲစဉ်ဇယားရေးဆွဲရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မတ်လ ၂၇ရက်က ဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ကာ မြန်မာ့လက်ရွေးစင်နည်းပြနှင့်အတူ ကလပ်အသင်းတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာနေရှင်နယ်လိဂ်ဒုတိယအကျော့ ကစားသမားအပြောင်းအရွှေ့ကာလအား ဧပြီ ၁၃ ရက်မှ မေလ ၁၁ ရက်အထိ သတ်မှတ်ထားကြောင်း သတင်းရရှိသည်။

# အပြည်ပြည်ဆိုင်ရာ အနောက်တိုင်းလှေ လက်ရည်စစ်ပြိုင်ပွဲ ဝင်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ် - ၂၈**

၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲ အပြည်ပြည်ဆိုင်ရာ အနောက်တိုင်းလှေ(Rowing) လက်ရည်စစ်ပြိုင်ပွဲ(အာရှဇုန်)သို့ မြန်မာအားကစားသမားနှစ်ဦးဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကို ကိုရီးယားနိုင်ငံ ချောင်ဂျူးမြို့တွင် ဧပြီလ ၂၆ ရက်မှ ၂၉ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ မြင့်စန်း(ကျား-တစ်ယောက်လှော်)နှင့် ရွှေဇင်လတ်(မ-တစ်ယောက်လှော်)တို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။



အမျိုးသားတစ်ယောက်လှော်ပြိုင်ပွဲတွင် အဆင့်-၁ မှ ၆ အတွင်းဝင်သည့် အားကစားသမားနှင့် အမျိုးသမီးပြိုင်ပွဲတွင်မူ အဆင့်-၁ မှ ၅ အတွင်း ဝင်သူများသည် လက်ရည်စစ်အောင်မြင်မည်ဖြစ်ကာ လန်ဒန်အိုလံပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

နည်းပြတစ်ဦးနှင့် ကစားသမားနှစ်ဦးပါဝင်သည့် မြန်မာလှေလှော်အားကစားအဖွဲ့သည် ယင်းပြိုင်ပွဲမတိုင်မီ ချောင်ဂျူးမြို့၌ပင် အာရှနိုင်ငံများမှ ပြိုင်ပွဲဝင်နည်းပြ၊ ကစားသမား များနှင့် ပူးပေါင်းစခန်းသွင်းလေ့ကျင့်မှုအစီအစဉ်ကိုလည်း ဝင်ရောက်မည်ဖြစ်ကြောင်းသိရသည်။

ကမ္ဘာ့လှေလှော်အဖွဲ့ချုပ်(Fisa)မှ စီစဉ်သည့် အဆိုပါစခန်းသွင်းလေ့ကျင့်မှုအား ဧပြီ ၁၅ ရက်မှ ၂၅ရက်အထိပြုလုပ်မည်ဖြစ်ပြီး Fisa မှသင်တန်းဆရာများနှင့် ဆန်းသစ်သည့် နည်းပညာများ သင်ကြားပေးသည့်အတွက် အကျိုးရှိကြောင်း မြန်မာလှေလှော်အဖွဲ့ နည်းပြဆရာဦးကျော်ဝင်းကပြောသည်။

ပြီးခဲ့သည့် ၂၀၀၈ အိုလံပစ်ပြိုင်ပွဲတွင် အပြည်ပြည်ဆိုင်ရာ အနောက်တိုင်းလှေလက်ရည်စစ်ပြိုင်ပွဲ၌ မြန်မာအားကစား သမား ရွှေဇင်လတ်သည် အဆင့် -၅ ရရှိခဲ့ကာ လက်ရည်စစ်အောင်မြင်ခဲ့ဖူးကြောင်းသတင်းရရှိသည်။

# ခြစားမှု ပြဿနာရှောင်ရန် အုပ်ချုပ်မှုပုံစံ ဖီဖာ ပြင်ဆင်မည်

**ဇူးရစ်၊ မတ် - ၃၁**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာသည်ယမန်နှစ်ကအဖွဲ့အပေါ်ရိုက်ခတ်ခဲ့သောခြစားမှု ပြဿနာများအား ရှောင်ရှားရန်အတွက် ၎င်း၏ အုပ်ချုပ်ရေးပုံစံကိုပြန်လည်ပြုပြင်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

ဇူးရစ်၌ ပြုလုပ်ခဲ့သော ဖီဖာအမှုဆောင်ကော်မတီအစည်းအဝေးတွင် ဥက္ကဋ္ဌဆပ်ဘလတ္တာကအဖွဲ့အားပြုပြင်ပြောင်းလဲရေးအတွက် အဆိုပြုထားသော မူကြမ်းများအရ အဖွဲ့၏ ကျင့်ဝတ်ရေးရာ ကော်မတီကို အဖွဲ့နှစ်ခုခွဲမည်ဖြစ်ကြောင်း၊ တစ်ဖွဲ့က စွပ်စွဲတိုင်ကြားမှုများကိုစုံစမ်းစစ်ဆေးသွားမည်ဖြစ်ကာ ကျန်တစ်ဖွဲ့က စီရင်ဆုံးဖြတ်မှုများလုပ်ဆောင်သွားဖြစ်ကြောင်း ပြောသည်။ အဆိုပါပြုပြင်ပြောင်းလဲရေးများကို လာမည့်မေ၁၄နှင့်၁၅ရက်တွင်ပြုလုပ်မည့် ဖီဖာ၏ ၂၀၁၂ ကွန်ဂရက်၌တင်ပြသွားမည်ဖြစ်ကာ အထက်ပါအဖွဲ့နှစ်ဖွဲ့၏ ဥက္ကဋ္ဌများကိုလည်း ရွေးချယ်သွားမည်ဖြစ်သည်။

ဖီဖာတွင် ၂၀၁၁ ဇူလိုင်က အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ မိုဟမ်မတ်ဘင်ဟာမန်သည် ဖီဖာဥက္ကဋ္ဌရွေးကောက်ပွဲတွင် ၎င်းအားမဲထည့်ရန် ကာရစ်ဘီယန်ဘောလုံးအာဏာပိုင်များအား ဒေါ်လာ ၄၀,၀၀၀ တန်ဖိုးရှိ လက်ဆောင်များလာဘ်ထိုးခဲ့၍ ဘောလုံးလောကမှ တစ်သက်တာပိတ်ပင်ခြင်းခံခဲ့ရသည်။ ၎င်း၏ခြစားမှုကြောင့် ဖီဖာသည် အမှုနှင့်ဆက်နွှယ်နေသောအခြား ကာရစ်ဘီယံဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူများကိုလည်း အရေးယူခဲ့သည်။

*—Ref: AFP*

# တရုတ်နိုင်ငံတွင် ရီးရဲလ်မက်ဒရစ် ဘောလုံးအကယ်ဒမီ ဖွင့်မည်

ဘေဂျင်း၊ မတ် - ၃၁

စပိန်မှ ဥရောပထိပ်သီးဘောလုံးအသင်းရီးရဲမက်ဒရစ်သည် လာမည့်နှစ်တွင် တရုတ်နိုင်ငံတောင်ပိုင်း၌တရုတ်စူပါလိဂ်ကလပ်ကွမ်ကျိုးအဲဗားဂရန်းနှင့် ပူးပေါင်းကာ ဘောလုံးအကယ်ဒမီတစ်ခုဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ယင်းတရုတ်ကလပ်က သတင်းထုတ်ပြန်သည်။

ဥရောပချန်ပီယံဆုကို ကိုးကြိမ်တိုင် စံချိန်တင်ဆွတ်ခူးထားသည့် ရီးရဲလ်မက်ဒရစ်အသင်းသည် ဘောလုံးအားကစားဖွံ့ဖြိုးလာနေသော တရုတ်တွင် ၎င်းတို့၏ အသင်းကို ဈေးကွက်မြှင့်တင်ရန် ကြိုးပမ်းသည့်အနေဖြင့် ထိုသို့အကယ်ဒမီဖွင့်လှစ်ခြင်းဖြစ်သည်။ ကွမ်ကျိုး မြို့တော်တွင် တည်ရှိမည့်ရီးရဲလ်မက်ဒရစ်၏ယင်းဘောလုံးအကယ်ဒမီတွင် ပထမနှစ်၌ အလားအလာရှိသည့် လူငယ်ကစားသမား ၃,၀၀၀ ခန့်ကို စပိန်ရှိရီးရဲလ်မက်ဒရစ်ကလပ်တွင် အသုံးပြုသော လေ့ကျင့်ရေးနည်းစနစ်များအတိုင်း လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။ အကယ်ဒမီ၏ နည်းစနစ် ဒါရိုက်တာအဖြစ် ရီးရဲလ်မက်ဒရစ်၏ လူငယ်အသင်းနည်းပြဖာနန်ဒိုဆန်းချက်ဇ်စီပစ်ထရီးယားက တာဝန်ယူမည်ဟု သိရသည်။

၎င်းက "ကျွန်တော်တို့ဟာ တရုတ်ပြည်ကို အဆင့်မြင့်နည်းပြအဖွဲ့ စေလွှတ်ပြီး လူရွေးချယ်ရေး၊ လေ့ကျင့်ရေး၊ ပြိုင်ပွဲကျင်းပရေးပုံစံတွေကိုစပိန်မှာလေ့ကျင့်တဲ့အတိုင်း လုပ်ပေးသွားမှာပါ။ ကျောင်းတွေက တရုတ်ဘောလုံးနည်းပြတွေကိုလည်း လေ့ကျင့်ပေးသွားမှာဖြစ်ပြီး ထူးချွန်တဲ့နည်းပြနဲ့ ကစားသမားတွေကိုရီးရဲလ်မက်ဒရစ်မှာထပ်လေ့ကျင့်ပေးသွားမှာပါ" ဟုပြောသည်။

*—Ref: AFP*

7 DAY NEWS JOURNAL
Vol.11, No.5 • APRIL 5 , 2012

# မန်ယူကို ဖိအားပေးဖို့ အာဆင်နယ်ကို ဖြတ်ကျော်ရမယ့် မန်စီးတီးနဲ့ ပရီးမီးယားလိဂ်ပွဲစဉ် ၃၂ ပွဲကြိုခန့်မှန်းချက်

ကိုအေးမြတ်

ပရီးမီးယားလိဂ်ပွဲစဉ်(၃၂)ကတော့ ပြိုင်ဆိုင်မှုတွေပိုပြီး ပြင်းထန်လာဖို့ပဲရှိနေပါပြီ။ ပွဲစဉ် (၃၀) အထိ နောက်ဆုံးငါးပွဲဆက်တိုက် နိုင်ခဲ့တာမန်ယူ၊ အာဆင်နယ် နှစ်သင်းပဲရှိပြီး မန်စီးတီး၊ ချယ်လ်ဆီး၊ စပါးတို့ခြေမမှန်ခဲ့တာ တွေ့ရပါတယ်။ ဒီတစ်ပတ်ပွဲစဉ်(၃၂)မှာတော့ မန်ယူက ကျူပီအာကို အိမ်ကွင်းမှာရင်ဆိုင်မှာဖြစ်ပြီး အာဆင်နယ်နဲ့ မန်စီးတီးတို့ လန်ဒန်မှာ တွေ့မယ့်ပွဲကလည်း မန်စီးတီးအဝေးကွင်း နိုင်ပွဲရနိုင်မလားဆိုတာ မေးခွန်းထုတ်စောင့်ကြည့်ရမှာပါပဲ။

**ဧပြီ ၆၊ သောကြာ။**

**ည ၁၀း၀၀ နာရီ**

**ဆွမ်းဆီး - နယူးကာဆယ်**

**ပထမအကျော့ရလဒ် ၀-၀**

အိမ်ကွင်းမာကျောတဲ့ ဆွမ်းဆီးကို နယူးကာဆယ်တို့ ခက်ခက်ခဲခဲရင်ဆိုင်ရမှာပါ။ အိမ်ကွင်းရှုံးပွဲအနည်းဆုံးအသင်းတွေထဲ ဆွမ်းဆီးပါဝင်နေသလို ဒီနောက်ပိုင်း နိုင်ပွဲတချို့ရနေတာလည်း သတိထားရမယ်။ နယူးကာဆယ်နိုင်ဖို့သာရှိပြီး၊ သရေပွဲလည်းဖြစ်နိုင်တယ်။

**ဧပြီ ၇၊ စနေ။**

**ညနေ ၆း၁၅ နာရီ**

**ဆန်းဒါးလန်း - စပါး**

**ပထမအကျော့ရလဒ် ၀-၁**

ညှော်သည်စပါးတို့ အခြေအနေကောင်းနိုင်တဲ့ပွဲပါ။ ဒါပေမဲ့ နိုင်ပွဲတချို့ပြန်ရလာနေပြီး အိမ်ကွင်းမာတဲ့ ဆန်းဒါးလန်းကို စပါးတို့သတိထားရမယ်။ ယခင်တွေ့ဆုံမှုတွေအတိုင်း စပါးကပ်နိုင်ခြေသာရှိပြီး သရေပွဲလည်း ဖြစ်ချင်ဖြစ်နိုင်ပါတယ်။



**ည ၈း၃၀ နာရီ**

**ဘောလ်တန် - ဖူလ်ဟမ်**

**ပထမအကျော့ရလဒ် ၀-၂**

ဘောလ်တန်တို့ တန်းဆင်းဇုန်ထဲမရောက်အောင် ရုန်းကန်နေတာမို့ အဝေးကွင်းညံ့တဲ့ဖူလ်ဟမ်တို့ ခက်ခဲနိုင်တယ်။ ပထမအကျော့တုန်းက ဖူလ်ဟမ်နိုင်ခဲ့ပေမယ့်ဒီတစ်ကြိမ်ဘောလ်တန်လည်း နိုင်ခြေရှိနေတယ်။ နှစ်သင်းပေါင်း သွင်းဂိုးများနိုင်ပြီး ဘောလ်တန်ကပ်နိုင်ခြေရှိပါတယ်။

**ည ၈း၃၀ နာရီ**

**ချယ်လ်ဆီး - ဝီဂန်**

**ပထမအကျော့ရလဒ် ၁-၁**

ချယ်လ်ဆီးတို့အိမ်ကွင်းမှာ သတိထားရမယ့်ပွဲပါ။ မထင်မှတ်ဘဲသရေကျတာမျိုးမဖြစ်အောင် ဂရုစိုက်ရမှာဖြစ်ပြီး တိုက်စစ်ပိုင်းအားသာတဲ့ချယ်လ်ဆီးဂိုးစရရင် အနိုင်သေချာပါလိမ့်မယ်။ ချယ်လ်ဆီး နှစ်ဂိုးလောက်ရနိုင်ပါတယ်။

**ည ၉း၃၀ နာရီ**

**လီဗာပူး - ဗီလာ**

**ပထမအကျော့ရလဒ် ၂-၀**

အိမ်ကွင်းသရေပွဲများတဲ့ လီဗာပူးတို့ဒီပွဲမှာတော့ မာကျောတဲ့ ဗီလာကို ထိန်းကစားနိုင်မှာပါ။ လီဗာပူးရှုံးနိုင်ခြေမရှိသလောက်နည်းပြီး အပြန်အလှန်သွင်းဂိုးတွေနဲ့ နိုင်မယ်ထင်ပါတယ်။

**ည ၈း၃၀ နာရီ**

**နော့ဝစ်ချ် - အဲဗာတန်**

**ပထမအကျော့ရလဒ် ၁-၁**

နော်ဝစ်ချ်တို့ ခြေမငြိမ်လှသေးပေမယ့် လက်ကျန်ပွဲတွေမှာ အားထည့်ကစားပြီး အဆင့်တက်အောင်ကြိုးစားသွားမှာပါ။ အဲဗာတန်အဝေးကွင်း ခြေစွမ်းအားရစရာမရှိလှဘဲ နော်ဝစ်ချ်ကိုပဲ ဂိုးအနည်းနဲ့ ရွေးသင့်ပါတယ်။

**ည ၈း၃၀ နာရီ**

**ဝက်စ်ဘရွန်း - ဘလက်ဘန်း**

**ပထမအကျော့ရလဒ် ၂-၁**

ရာသီကုန်ခါနီးမှာ နိုင်ပွဲတွေဖြစ်နိုင်သလောက် ရယူဖို့လိုနေတဲ့ နှစ်သင်းတွေ့တဲ့ပွဲပါ။ အိမ်ကွင်းရှုံးပွဲအများဆုံး အသင်းတွေထဲမှာ ဝက်စ်ဘရွန်းပါနေဆဲဖြစ်ပြီး ညှော်သည်ဘလက်ဘန်းဘက်က ဒီတစ်ခါနေရမှာပါ။ အပြန်အလှန်သွင်းဂိုးတွေနဲ့ဘလက်ဘန်းနိုင်ဖို့များတယ်။

**ည ၁၁း၀၀ နာရီ**

**စတုတ်စီးတီး - ဝုလ်**

**ပထမအကျော့ရလဒ် ၂-၁**

ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်စလုံး စတုတ်က ချည်းနိုင်ခဲ့တယ်။ ဇယားအောက်ဆုံးက ဝုလ်တို့ အဝေးကွင်းနိုင်ပွဲမရှိပါဘူး။ စတုတ်ကပဲ နှစ်ဂိုးအသာလောက်နဲ့ ဦးဆောင်သွားမှာပါ။

**ဧပြီ ၈၊ တနင်္ဂနွေ။**

**ည ၇း၀၀ နာရီ**

**မန်ယူ - ကျူပီအာ**

**ပထမအကျော့ရလဒ် ၂-၀**

မန်ယူတို့ဇယားကိုဦးဆောင်ဖို့အရေးကြီးတဲ့ပွဲပါ။ ကျူပီအာတို့နိုင်ခြေနည်းနေပြီး မန်ယူကို ပိတ်ဆို့ကစားသွားဖို့များပါတယ်။ မန်ယူတို့ ပထမအကျော့ရလဒ်အတိုင်း နှစ်ဂိုးလောက်နဲ့နိုင်မှာပါ။

**ည ၉း၃၀ နာရီ**

**အာဆင်နယ် - မန်စီးတီး**

**ပထမအကျော့ရလဒ် ၀-၁**

ညှော်သည် မန်စီးတီးတို့အနည်းငယ်ခြေသာပေမယ့်သတိထားရပါမယ်။ နိုင်ပွဲဆက်နေတဲ့ အာဆင်နယ်တို့အိမ်ကွင်းမှာဦးဆောင်ဂိုးရဖို့ကြိုးစားမှာ ဖြစ်ပြီး ဝဲလ်ကော့၊ ဗန်ပါစီ၊ ရိုဆစ်စကီးတို့ရဲ့ တိုက်စစ်က မန်စီးတီးကို အလုပ်ရှုပ်စေပါလိမ့်မယ်။ မန်စီးတီးကပ်နိုင်ဖို့သာရှိပြီး သရေပွဲဖြစ်ရင်လည်း မျှတတဲ့ရလဒ်ပါပဲ။



7 DAY NEWS JOURNAL
Vol.11, No.5 · APRIL 5 , 2012

# ဓာတ်ဆီဈေးနှုန်း ကြီးမြင့်လာခြင်းကြောင့် အိုဘားမားကို အမေရိကန်များ ဒေါသဖြစ်နေ



**ဝါရှင်တန်၊ မတ် - ၂၈**

အမေရိကန်နိုင်ငံတွင် ဓာတ်ဆီဈေးနှုန်းကြီးမြင့်လာသည့်အတွက် သမ္မတအိုဘားမားကို အပြစ်မတင်ကြသော်လည်း အမေရိကန်နိုင်ငံသား သုံးပုံနှစ်ပုံခန့်ကမူ ယင်းကိစ္စအပေါ် အိုဘားမား၏ ကိုင်တွယ်နေပုံကိုသဘောမကျကြောင်း ရိုက်တာ သတင်းဌာနနှင့် Ipsos အဖွဲ့က အွန်လိုင်းမှ ပြုလုပ်သည့် စစ်တမ်းတစ်ရပ်အရ တွေ့ရှိခဲ့သည်။

၂၀၁၂ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲ မဲဆွယ်ပွဲကာလတွင် အကြီးမားဆုံးကိစ္စတစ်ရပ်ဖြစ်လာသော ဓာတ်ဆီဈေးကြီးမှု ပြဿနာအား အိုဘားမားကိုင်တွယ်နေပုံကို စစ်တမ်းဖြေကြားသူ ၆၈ ရာခိုင်နှုန်းက မထောက်ခံဘဲ ၂၄ ရာခိုင်နှုန်းကသာထောက်ခံခဲ့သည်။

ပြီးခဲ့သည့် လအတွင်း အမေရိကန်နိုင်ငံတွင် ဓာတ်ဆီတစ်ဂါလန်လျှင်ကန်ဒေါ်လာ၀ဒသမ၃၀ ဈေးတက်ခဲ့ကာ ၃ ဒသမ ၉၀ ဒေါ်လာဖြစ်လာခဲ့သည်။ ရီပက်ဘလေကန်များကလည်း အိုဘားမား၏ စွမ်းအင်ပေါ်လစီများကို တိုက်ခိုက်၍ နိုဝင်ဘာ ၆ ရက်ရွေးကောက်ပွဲ၌ အောင်ပွဲခံရန် ပြင်ဆင်နေကြသည်။

“အဲဒီကိစ္စအတွက် အိုဘားမားတစ်ယောက် နည်းနည်းတော့ ဖိအားပေးခံနေရပါတယ်။ ဒါပေမဲ့ လူတွေက သူ့ကိုချည်းပဲ အပြစ်တင်နေတာ မဟုတ်ပါဘူး” ဟု Ipsos ပြည်သူ့ရေးရာဌာနမှ သုတေသနဒါရိုက်တာ ခရစ်ဂျက်ဆန်က ပြောကြားသည်။

မတ်လ ၂၆၊ ၂၇ ရက်များတွင်ပြုလုပ်ခဲ့သော အွန်လိုင်းစစ်တမ်းအရ ဒီမိုကရက်များ ရီပက်ဘလေကန်များနှင့် ပါတီဝင်မဟုတ်သူများကပါ သမ္မတ၏ ဓာတ်ဆီဈေးနှုန်းကိုင်တွယ်ပုံကိုသဘောမကျကြောင်း သိရသည်။

*—Ref: Reuters*

# ကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိ ကဒါဖီမိသားစု ပိုင်ဆိုင်မှုများ အီတလီရဲတပ်ဖွဲ့သိမ်းဆည်း

**ရောမ၊ မတ် - ၂၉**

လစ်ဗျားခေါင်းဆောင်ဟောင်း မွမ်မာကဒါဖီ၏ မိသားစု ထိန်းချုပ်ထားသည့် ကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံအထိ များပြားသောပိုင်ဆိုင်မှုများကို အီတလီဘဏ္ဍာရေးရဲတပ်ဖွဲ့က သိမ်းဆည်းလိုက်ကြောင်း အီတလီမီဒီယာများက ဖော်ပြသည်။

သိမ်းဆည်းခဲ့သော ကဒါဖီမိသားစု ပိုင်ဆိုင်မှုအရပ်ရပ်တွင် ထိပ်တန်းအီတလီကုမ္ပဏီများ၏ ရှယ်ယာများ ပါဝင်ပြီးအထူးသဖြင့် အီတလီနိုင်ငံ၏ အကြီးဆုံးဘဏ်အုပ်စု Unicredit ၏ရှယ်ယာများ၊ Fiat ကားကုမ္ပဏီ၊ Eni ရေနံကုမ္ပဏီနှင့် အာကာသနှင့်ကာကွယ်ရေးပစ္စည်းကုမ္ပဏီကြီးတစ်ခု၏ ရှယ်ယာများပါဝင်ခဲ့သည်။

သည်ဟေ့ဂ်မြို့တွင် ရှိသော နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး (ICC) ၏ တောင်းဆိုချက်ကြောင့် ယင်းကဲ့သို့သိမ်းဆည်းရခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ နိုင်ငံတကာ ရာဇဝတ်မှုခုံရုံးက ကဒါဖီ၏သား ဆာအစ်အယ်လ်အစ္စလာမ်အား လူသားမျိုးနွယ်အပေါ် ပြစ်မှုကျူးလွန်ခြင်း ပြစ်မှုများဖြင့် တရားစွဲဆိုထားပြီး ၎င်းအားလစ်ဗျားနိုင်ငံက လွှဲပြောင်းပေးရန် ကြိုးပမ်းနေသည်။

ကဒါဖီ၏ ဂျူဗင်တပ် ဘောလုံးအသင်း ရှယ်ယာများနှင့် စီစီလီကျွန်း အရှေ့ဘက်ပန်တယ်လာရီယာ ကျွန်းပေါ်မှ မြေ ၁၅၀ ဟက်တာနှင့် ရောမမြို့ရှိ အဆောက်အအုံတစ်ခုကိုလည်း သိမ်းဆည်းခဲ့ကြောင်း အီတလီရဲတပ်ဖွဲ့က ပြောကြားသည်။

လစ်ဗျားနိုင်ငံအား ၄၂ နှစ်ကြာအုပ်ချုပ်ခဲ့သော ကဒါဖီသည် ရှစ်လကြာ ပြည်တွင်းစစ်အတွင်း ၎င်း၏ ဇာတိမြို့အနီးတွင် သူပုန်များ၏ ဖမ်းဆီးသတ်ဖြတ်ခြင်းခံခဲ့ရသည်။

*—Ref: RIA Novosti*

# ဂျာမနီလေဆိပ်ဝန်ထမ်းများ သပိတ်မှောက်

**ဘာလင်၊ မတ် - ၂၈**

လစာတိုးမြှင့်ပေးရန် တောင်းဆိုနေသော အလုပ်သမားများ နိုင်ငံတစ်ဝန်းရှိ လေဆိပ်များတွင် သပိတ်မှောက်နေကြရာ ဂျာမနီနိုင်ငံ၌ လေယာဉ်ခရီးသည်များ ဒုက္ခကြုံတွေ့ခဲ့ရပြီး လေယာဉ်ခရီးစဉ်ဖျက်သိမ်းမှုများ၊ နောက်ကျမှုများနှင့် ကြုံခဲ့ရသည်။

ဂျာမနီနိုင်ငံ၏ အကြီးဆုံး ဖရန့်ဖတ်လေဆိပ်တွင် လေယာဉ်ခရီးစဉ် သုံးပုံတစ်ပုံဖျက်သိမ်းခဲ့ရကြောင်း သိရသည်။ ဂျာမနီအမျိုးသားလေကြောင်းလိုင်း Lufthansa ကလည်း အလုပ်သမားများ သပိတ်မှောက်နေသောကြောင့် ခရီးစဉ်ပေါင်း ၄၀၀ ကို ပယ်ဖျက်မည်ဖြစ်ကြောင်း ပြောသည်။ ဘာလင်၊ စတုဂတ်နှင့် ဟန်နိုဗာမြို့ လေဆိပ်များတွင်လည်း သပိတ်မှောက်မှုများ ရှိခဲ့သည်။

ပြည်သူ့ဝန်ထမ်း အလုပ်သမားများ သမဂ္ဂက ၎င်းတို့၏ အဖွဲ့ဝင်အလုပ်သမားနှစ်သန်းအတွက် လစာငွေ ၆ ဒသမ ၅ ရာခိုင်နှုန်းတိုးပေးရန် တောင်းဆိုခဲ့သည်။ ပြည်နယ်နှင့် ဖယ်ဒရယ်အာဏာပိုင်များကမူ ၂ နှစ်တာကာလအတွင်း ၃ ဒသမ ၃ ရာခိုင်နှုန်းတိုးပေးမည်ဟု တန်ပြန်ကမ်းလှမ်းထားသည်။

သပိတ်မှောက်ခြင်းကြောင့် ဆွေးနွေးမှုများကိုမြန်ဆန်လာစေလိမ့်မည်ဟု အလုပ်သမားသမဂ္ဂခေါင်းဆောင် ဖရန့်ဘာစကီးက ပြောသည်။ ပြည်ထဲရေးဝန်ကြီး ဟန်းစ်ပီတာဖရိုက်ဒရစ်ကမူ ယခုကဲ့သို့ သပိတ်မှောက်ခြင်းမှာ ပြဿနာနှင့် မလိုက်ဖက်လှကြောင်း ပြောကြားသည်။

*—Ref: AFP*



7 DAY NEWS JOURNAL
Vol.11, No.5 • APRIL 5 , 2012

# စပိန်စီးပွားရေးပြဿနာ ကူးစက်လာနိုင်ခြေကို အီတလီဝန်ကြီးချုပ် လျှော့ပေါ့ပြောဆို

**စပိန်၊ မတ် - ၂၇**

စပိန်နိုင်ငံ၏ စီးပွားရေးပြဿနာများအခြားဥရောပနိုင်ငံများသို့ ပျံ့နှံ့သွားနိုင်ခြေကို အီတလီဝန်ကြီး ချုပ်မာရီယိုမွန်တီကလျှော့ပေါ့ပြောဆိုပြီး ယူရိုဇုန်အကျပ်အတည်းများ ပြီးဆုံးလုနီးပြီဟု ယုံကြည်ကြောင်း ၎င်းကပြောသည်။

ယခင်ရက်သတ္တပတ်ကပင် မစ္စတာမွန်တီက စပိန်နိုင်ငံ၏ ဘဏ္ဍာရေးအခြေအနေများကို ပူပန်မိကြောင်း ပြောဆိုခဲ့သေးသည်။ သို့သော် မကြာသေးမီရက်များအတွင်း မစ္စတာမွန်တီက အကောင်းမြင်ဖြင့် ပြောကြားလာကြောင်း သိရသည်။

"စပိန်နိုင်ငံဟာ ဘဏ္ဍာရေးတောင့်တင်းရေးလမ်းကြောင်းမှန်ပေါ် ရောက်နေပြီဆိုတာ သေချာပါတယ်"ဟုတောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့သို့ ထိပ်သီးအစည်းအဝေးမှ ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရောက်ရှိလာသော အီတလီဝန်ကြီးချုပ်က ပြောကြားသည်။

ဘဏ္ဍာရေးအကျပ်အတည်း ပျံ့နှံ့မှုမှာ အတိတ်ကာလတွင် ကျန်ခဲ့ပြီဟု မျှော်လင့်ကြောင်း၊ ယူရိုဇုန်အဖွဲ့ဝင်နိုင်ငံများမှာ ယခုအခါစည်းကမ်းများကို ပိုမိုလိုက်နာလာကြပြီဟု ယုံကြည်ကြောင်းနှင့် အကာအရံတံတိုင်းများကိုပို၍ခိုင်မာအောင် အားဖြည့်လုပ်ဆောင်နေကြောင်း မွန်တီက ဆိုသည်။

"ယူရိုဇုန်ဟာ ပြဿနာအကြီးကြီးကို ဖြတ်သန်းလာခဲ့ရပါတယ်။ အခုအဲဒီအကျပ်အတည်း ပြီးဆုံးသွားပြီလို့ ကျွန်တော်ယုံကြည်ပါတယ်" ဟု အစောပိုင်းမိန့်ခွန်းတစ်ရပ်တွင် အီတလီဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

*—Ref: Reuters*




# ကမ္ဘာ့မြို့ကြီးအများအပြား ရာသီဥတုဆိုးဒဏ် ခံစားရနိုင်ကြောင်း ကုလ ရာသီဥတုအဖွဲ့ သတိပေး

**ဝါရှင်တန်၊ မတ် - ၂၉**

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကမ္ဘာတစ်ဝန်းတွင်ပြင်းထန်သောမုန်တိုင်းများ၊ မိုးခေါင်ရေရှားမှုနှင့် အပူလှိုင်းများ ကျရောက်နိုင်ကြောင်းနှင့် နိုင်ငံများအနေဖြင့် ကြိုတင်မမျှော်မှန်းနိုင်သောရာသီဥတုဘေးအန္တရာယ်များအတွက် ပြင်ဆင်ထားသင့်ကြောင်း နိုင်ငံတကာရာသီဥတု သိပ္ပံပညာရှင်များအဖွဲ့၏ အစီရင်ခံစာအသစ်တစ်ရပ်တွင် ဖော်ပြထားသည်။

ကမ္ဘာပေါ်တွင် လူဦးရေ အထူထပ်ဆုံးနှင့်ဆင်းဆင်းရဲရဲဒေသများမှာ အစွန်းရောက် ရာသီဥတုဒဏ်ကို အပြင်းထန်ဆုံး ခံစားရနိုင်ပြီး အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့မှနေ၍ အမေရိကန်နိုင်ငံ၊ မီယာမီအထိ ကမ္ဘာ့မည်သည့် နေရာမဆို ရာသီဥတုဘေးဒုက္ခမှ မလွတ်မြောက်နိုင်ကြောင်း အစီရင်ခံစာတွင် သတိပေးထားသည်။ ပိုမိုပြင်းထန်သော အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းများနှင့်အတူ အပူလှိုင်းများမကြာခဏကျရောက်နိုင်ပြီး ရေကြီးမှု၊ မိုးခေါင်ရေရှားမှုများကိုလည်း ပိုမိုကြုံတွေ့ရမည်ဟု ရာသီဥတု သိပ္ပံပညာရှင်များက ကြိုတင်ခန့်မှန်းထားသည်။

လူတို့ဖန်တီးသည့်ရာသီဥတုပြောင်းလဲမှု၊ လူဦးရေတိုးတက်ပြောင်းလဲလာမှုနှင့် ဆင်းရဲမွဲတေမှုစသော အကြောင်းအရာများပေါင်းစုလာမှုကြောင့် သဘာဝဘေးအန္တရာယ်များ ဤမျှကြီးမားပြင်းထန်လာခြင်းဖြစ်ကြောင်း ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှု အစိုးရအဆင့်အဖွဲ့၏ စာမျက်နှာ ၅၉၄ မျက်နှာရှိသော အစီရင်ခံစာတွင် ဖော်ပြထားသည်။ ရာသီဥတုအစွန်းရောက် ပြောင်းလဲမှုများကြောင့် ပျမ်းမျှတစ်နှစ်လျှင် ကန်ဒေါ်လာ ၈၀၀ ဘီလီယံ ကုန်ကျစရိတ်ဖြစ်ပေါ်နေသည်ဟုလည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

—Ref: AP

# အီရန်နျူကလီးယား မှောင်ခိုလုပ်ငန်းများကို အမေရိကန်နှင့် ဥရောပအရာရှိများ စုံစမ်းစစ်ဆေးနေ


**ဝါရှင်တန်၊ မတ် - ၂၉**


နျူကလီးယားနှင့် စစ်ဘက်ဆိုင်ရာမှောင်ခိုလုပ်ငန်းများကို စုံစမ်းစစ်ဆေးမှုများ ပိုမိုကျယ်ပြန့်လာခြင်းမှနေ၍ ရာဇဝတ်မှုဆိုင်ရာအမှုအခင်းအသစ် အမြောက်အမြား ထွက်ပေါ်လာနိုင်ကြောင်းနှင့် အထူးသဖြင့် အီရန်နှင့် တရုတ်နိုင်ငံကြားခံလူများအပေါ် တရားစွဲဆိုမှုများ များပြားလာနိုင်ကြောင်း အမေရိကန်တရားဥပဒေဆိုင်ရာအရာရှိများက ပြောကြားသည်။

ယင်းကဲ့သို့သော ပြစ်မှုများကိုလွန်ခဲ့သော သုံးနှစ်ကထက် ၃၀ ရာခိုင်နှုန်း ပို၍ စုံစမ်းစစ်ဆေးလာရကြောင်း အမေရိကန် အရာရှိများက ပြောသည်။ အမေရိကန်ထောက်လှမ်းရေး အရာရှိများအား မှောင်ခိုသမားများကို ပစ်မှတ်ထားသည့် လျှို့ဝှက်ကုမ္ပဏီ ၂၀ ကျော်တွင် လက်နက်ပွဲစားများအဖြစ် အယောင်ဆောင်ခိုင်းထားကြောင်းအမည်မဖော်လိုသော ကန်အရာရှိများက သတင်းထောက်များအားပြောကြားသည်။

လက်နက်မှောင်ခိုလုပ်ငန်း လျှို့ဝှက်စုံစမ်းစစ်ဆေးမှုများမှာ အများအားဖြင့် နှစ်နှစ်မှ လေးနှစ်အတွင်းမြင့်တက်လာပြီး ထို့အတွက်ကြောင့်ပင် မကြာမီတွင် တရားစွဲဆိုမှုများ မြင့်တက်လာမည်ဟု မျှော်လင့်ရကြောင်း အရာရှိတစ်ဦးက ပြောကြားသည်။

စုံစမ်းစစ်ဆေးမှု အသစ်များမှနေ၍ အီရန်နိုင်ငံ၏ နျူလက်နက်များအပေါ် စိတ်ဝင်စားမှုအခြေအနေကိုလည်း တိုင်းတာနိုင်ပြီး၊ တီဟီရန်က စစ်ဘက်နှင့် အရပ်ဘက်များတွင် အသုံးပြုနိုင်သည့် နှစ်မျိုးသုံး ပစ္စည်းများရယူရန် ဆက်လက်ကြိုးစားနေသည်ကို ပြသနေကြောင်း အရာရှိများကပြောသည်။ *—Ref: Reuters*







New Arrivals
Code - 7812
16,000 ks
Code - 0612
18,000 ks
(Slimfit)
Code - 4821
16,500 ks
Code - 6312
21,000 ks
Double Button at Neck
100% COTTON
100% STRONG
MARK®
WILLIAMS
Excellence through passion
Available at : Ga Mone Pwint (Bo Galay Zay)
Hot Line : 09-73187618


Oramin-F Special Promotion
အော်ရာမင် – အက်(ဖ်)ကို အစဉ်အမြဲအားပေးကြသော
အော်ရာမင် – အက်(ဖ်) ချစ်သူအမျိုးသမီးများအတွက်
ဆေးကတ်ခွံများ နှင့် Queens Oramin-F 2012 Live Show DVD
လဲလှယ်ပေးခြင်း အစီအစဉ်...
အော်ရာမင်-အက်(ဖ်)
ဆေးကတ်ခွံ (၆)ခု
Queen
Oramin-F
2012
Live Show DVD
Promotion ကာလ
ဧပြီလနှင့်မေလ(၂)လတည်းသာ
လက်ဆောင်လဲလှယ်နိုင်သောနေရာများ....
Queen
Oramin-F
2012
Manufactured by DAEWON PHARM. CO., LTD.
နပျိုလင်းလက် စွမ်းအင်ထက် အမျိုးသမီးတိုင်းအတွက် Oramin-F
MARKETED BY: AA MEDICAL PRODUCTS LTD.

7 DAY NEWS JOURNAL

# International

Vol.11, No.5 • APRIL 5 , 2012

## ဒုံးပျံမလွှတ်တင်မီ မြောက်ကိုရီးယားတွင် အရေးပါသောအစည်းအဝေးတစ်ရပ် ကျင်းပမည်

**ဆိုးလ်၊ ဧပြီ - ၂**

ဧပြီလကုန်ပိုင်းတွင် စီစဉ်ထားသောဒုံးပျံလွှတ်တင်မှုမတိုင်မီ မြောက်ကိုရီးယားနိုင်ငံက အရေးပါသော အစည်းအဝေးတစ်ရပ် ကျင်းပမည်ဖြစ်ကြောင်းနှင့် ယင်းမှနေ၍ မစ္စတာကင်ဂျုံအန်ထံ အာဏာလွှဲပြောင်းပေးမှုကို ပိုမိုခိုင်မာလာစေဖွယ်ရှိကြောင်း ဘီဘီစီသတင်းတွင်ဖော်ပြသည်။

အလုပ်သမားများ ပါတီက ပြုလုပ်မည့် အစည်းအဝေးကို ဧပြီ ၁၁ ရက်တွင် ပြုံယမ်းမြို့၌ ကျင်းပမည်ဖြစ်ကြောင်းမြောက်ကိုရီးယားနိုင်ငံတော်မီဒီယာက ကြေညာထားသည်။

မစ္စတာကင်ဂျုံအန်အား ၎င်း၏ဖခင်ကင်ဂျုံအီလ်ရယူထားခဲ့သည့်ရာထူးများထိ တိုးမြှင့်ပေးနိုင်ကြောင်းသတင်းများက ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံက ဧပြီ ၁၂ မှ ၁၆ ရက်အတွင်း ကမ္ဘာပတ်လမ်းကြောင်းထဲသို့ ဂြိုဟ်တုတစ်လုံးပို့ဆောင်သွားရန် ဒုံးပျံလွှတ်တင်မည့် အစီအစဉ်ကို ကြေညာထားသည်။

၎င်းဒုံးပျံလွှတ်တင်ရေး အစီအစဉ်မှာ မြောက်ကိုရီးယားနိုင်ငံအားတည်ထောင်ခဲ့သူခေါင်းဆောင်ကင်အီဆွန်း၏ မွေးနေ့နှစ်တစ်ရာ

စာ(၄၅)သို့

## မြောက်ကိုရီးယားဒုံးပျံ လွှတ်တင်မှုအရေး အာဆီယံဆွေးနွေးမည်

**ဖနွမ်းပင်၊ ဧပြီ - ၂**

အရှေ့တောင်အာရှနိုင်ငံများသည် ယခုအပတ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် ကျင်းပမည့်ထိပ်သီးအစည်းအဝေး၌ မြောက်ကိုရီးယားဒုံးပျံလွှတ်တင်မည့်အရေးကို ဆွေးနွေးမည်ဖြစ်ကြောင်း အာဆီယံအကြီးအကဲဆူရင်ပစ်ဆူဝမ်က ပြောကြားသည်။

ရှေ့လာမည့် နှစ်ရက်တွင် နိုင်ငံခြားရေးဝန်ကြီးများက ယင်းကိစ္စကိုဆွေးနွေးကြမည်ဟုမစ္စတာဆူရင်ပစ်ဆူဝမ်ကသတင်းထောက်များအား ပြောကြားသည်။ အစောပိုင်းတွင် ယင်းကိစ္စနှင့် ပတ်သက်၍ ဖိလစ်ပိုင်နိုင်ငံက သံတမန်ရေးအရ ကန့်ကွက်စာတင်ခဲ့ကြောင်း သိရသည်။

ကိုရီးယားကျွန်းဆွယ်မတည်ငြိမ်မှုမှ လက်နက်ပြိုင်ဆိုင်မှု ဖြစ်လာမည်ကို

စာ(၄၅)သို့

NEWSANALYSIS



### ရုရှား–အမေရိကန် ဆက်ဆံရေး အကောင်းဆုံး သုံးနှစ်တာ

စာ(၃၂)သို့



Photo - AFP

## ဟောင်ကောင် ခေါင်းဆောင်သစ်ကို ဆန့်ကျင်ချီတက်ပွဲ ကျင်းပ

**ဟောင်ကောင်၊ ဧပြီ - ၂**

ဟောင်ကောင်တွင် လူထောင်ပေါင်းများစွာက နောက်တက်မည့် အစိုးရအကြီးအကဲအားဆန့်ကျင်၍ ဆူညံစွာကန့်ကွက်ချီတက်ခဲ့ကြကြောင်း သိရသည်။

"လူတစ်ယောက် မဲတစ်မဲ" "လျှန်ဆင်းပေး" စသော ကြွေးကြော်သံများ၊ စာတန်းများ အော်ဟစ်ကိုင်ဆောင်ထားသောလူများသည် မြို့လယ်မှ ဘေဂျင်းကိုယ်စားလှယ်ရုံးရှိရာသို့ ချီတက်ခဲ့ကြသည်။

ယင်းမှာ လူ ၁၂၀၀ ပါဝင်သော ရွေးကောက်ပွဲကော်မတီက မစ္စတာလျှန်ချွန်ယင်း (၅၇ နှစ်) အား ဟောင်ကောင်အုပ်ချုပ်ရေးမှူးသစ်အဖြစ် မတ်လ ၂၅ ရက်က ရွေးကောက်တင်မြှောက်ခဲ့ပြီးနောက်ပိုင်း အကြီးမားဆုံးသော ကန့်ကွက်ဆန္ဒပြမှုဖြစ်သည်။

ဟောင်ကောင်ကို ဗြိတိသျှအုပ်ချုပ်မှုမှ ဘေဂျင်းက လွှဲပြောင်းရယူပြီး ဘေဂျင်းလိုလားသည့်ရွေးကောက်ပွဲကော်မတီက အုပ်ချုပ်ရေးမှူးအား ရွေးကောက်တင်မြှောက်ခဲ့ကြသည်။ တစ်စိတ်တစ်ပိုင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဟောင်ကောင်အတွက် လွတ်လပ်သော ရွေးကောက်ပွဲများကို ၂၀၁၇ ခုနှစ်တွင်ကျင်းပပေးရန် ဘေဂျင်းက ရည်မှန်းထားသည်။ *—Ref: AFP*

## ရုရှားခရီးသည်တင် လေယာဉ်ပျက်ကျမှု လူ ၃၂ ဦးသေဆုံး



Photo - AFP

**မော်စကို၊ ဧပြီ - ၂**

ခရီးသည် ၄၃ ဦးပါသော လေယာဉ်တစ်စီး ရုရှားနိုင်ငံဆိုက်ဘေးရီးယားဒေသတွင် မြေပြင်မှပျံတက်အပြီး မကြာမီ ပျက်ကျခဲ့ရာ လူ၃၂ဦး သေဆုံးခဲ့ကြောင်း ရုရှားအရေးပေါ်ဌာန အရာရှိများက ပြောကြားသည်။ အသက်ရှင်ကျန်သူ ၁၁ ဦးမှာလည်း စိုးရိမ်စရာ အနေအထားဖြင့် ဆေးရုံတင်ထားရကြောင်း သိရသည်။

UTair လေကြောင်းလိုင်းမှ ATR-72 ပြင်သစ်-အီတလီနိုင်ငံလုပ်အင်ဂျင်နှစ်လုံးတပ်လေယာဉ်သည်တူမင်မြို့မှ ဆာရွှက်မြို့သို့ ပျံသန်းသောခရီးစဉ်တွင် ခရီးသည် ၃၉ ဦးနှင့် လေယာဉ်အမှုထမ်း ၄ ဦးလိုက်ပါခဲ့ကြောင်း သိရသည်။

လေယာဉ်မှာ တူမင်မြို့ အပြင်ဘက် နှင်းဖုံးလွှမ်းနေသော ကွင်းပြင်အတွင်းပျက်ကျသွားခဲ့ပြီး ပျက်ကျရသည့် အကြောင်းရင်းကိုမသိရှိရသေးပေ။ လေယာဉ်ပေါ်လိုက်ပါခဲ့သော ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများစာရင်းကိုUtairလေကြောင်းလိုင်းက ထုတ်ပြန်ခဲ့ရာ နိုင်ငံခြားသားများ ပါဝင်ပုံမရကြောင်း အေပီသတင်းတွင် ဖော်ပြသည်။

အသက်ရှင်ကျန်သူ ၁၂ ဦးအားရဟတ်ယာဉ်များဖြင့် သယ်ဆောင်၍ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ဆေးရုံတွင် တစ်ဦးထပ်မံသေဆုံးသွားကြောင်း အရေးပေါ်အခြေအနေဝန်ကြီးဌာနက ပြောကြားသည်။

စာ(၄၅)သို့



# "လူထုကရွေးချယ်ပြီး လွှတ်တော်ထဲရောက်လာတယ်ဆိုရင် ဘယ်သူ့ကိုမဆို ကျွန်တော်တို့ ကြိုဆိုမှာပဲ၊ ကြိုဆိုပါတယ်"

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်တွေ့ဆုံခြင်း

**အားမာန်**

**၂၀၁၀ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်နေရာ အများစု အနိုင်ရရှိခဲ့သောပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှာ ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒနယ် ၄၀ နေရာအတွက် ရလဒ်ကြေညာပြီးသည့်အချိန်အထိ တစ်နေရာမှ အနိုင်မရရှိသေးပေ။ ကနဦးရရှိသော သတင်းများအရ ဧပြီ ၁ ရက်တွင် ကျင်းပသော မဲဆန္ဒနယ် ၄၅ နေရာစလုံး၌ ပြည်ခိုင်ဖြိုးပါတီမှာ ရှုံးနိမ့်ရန်များနေသည်။ ထို့ကြောင့် ကြားဖြတ်ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြည်ခိုင်ဖြိုးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဧပြီ ၃ ရက်တွင် တယ်လီဖုန်းမှတစ်ဆင့် တွေ့ဆုံမေးမြန်းထားသည်များကို စာဖတ်ပရိသတ်အတွက် ကောက်နုတ်ဖော်ပြလိုက်ပါသည်။**



ဦးဌေးဦး
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ကြားဖြတ်ရွေးကောက်ပွဲ ရလဒ်တွေသိသိချင်း အံ့ဩမိပါသလား။**

အမှန်အတိုင်းပြောမယ်ဆိုရင်တော့ အားလုံးဆိုတာကိုတော့ အံ့ဩတာပေါ့ဗျာ။ ထိုက်သင့်တဲ့နေရာတွေ ရှိမယ်ဆိုတာ နဂိုကတည်းက မျှော်လင့်ပါတယ်။

**၂၀၁၀ ရွေးကောက်ပွဲမှာ လွှတ်တော်နေရာအများစု အနိုင်ရခဲ့ပေမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ တစ်နေရာမှ မရတဲ့အပေါ်မှာ ဘယ်လိုသုံးသပ်ပါသလဲ။**

ဝင်ပြိုင်တဲ့ ပါတီတွေမှာ ကိုယ်ပိုင်စွမ်းရည်တွေ ရှိတယ်။ ပြည်သူကို အကျိုးပြုလုပ်ငန်းတွေကိုလုပ်တယ်ဆိုတာကတော့ ကျွန်တော်တို့ လုပ်နိုင်တာပေါ့။ ဒါကတော့ ကျိန်းသေပါတယ်။ ကျန်တဲ့ပါတီတွေအားလုံးကတော့ အကျိုးပြုလုပ်ငန်းတွေမှာ ကျွန်တော်တို့လောက် မလုပ်နိုင်ဘူး။ ဒါဟာ ပထမတစ်ချက်ပေါ့။ ဒုတိယတစ်ချက်ကတော့ ကိုယ်စားလှယ်တွေပေါ့။ ကိုယ်စားလှယ်တွေဆိုတာ ပါတီရဲ့ လမ်းစဉ်တွေကိုအကောင်အထည်ဖော်ရတာ။ ကိုယ်စားလှယ်တွေအပိုင်းကို ကြည့်မယ်ဆိုရင်လည်း ကျွန်တော်တို့ ကိုယ်စားလှယ်တွေကတော့ ပြည်သူတွေအကျိုးရှိမယ့် လုပ်ငန်းတွေကို အကောင်အထည် ဖော်နိုင်ပါတယ်။ အကုန်လုံး ပြည့်ပြည့်စုံစုံ မဟုတ်သော်လည်းဘဲ တော်တော်များများကတော့ အကောင်အထည်ဖော်ပေးနိုင်တဲ့ အနေအထားရှိပါတယ်။ တခြားပါတီကိုယ်စားလှယ်ပိုင်းတွေထဲမှာလည်းပဲ တချို့က သိပ်ထင်ရှားတာပေါ့။ ကျန်တဲ့ကိုယ်စားလှယ်တွေကတော့ လူတွေသိပ်ပြီး မသိကြဘူးလို့ ကျွန်တော်ထင်တယ်။ အဲဒီအားသာချက်တွေလည်း ရှိတာပေါ့။

တတိယကတော့ လူထုရဲ့ စိတ်ခံစားမှုပေါ့။ တချို့ပါတီတွေက ကျွန်တော်တို့ထက် ပိုပြီးတော့မှ စိတ်လှုပ်ရှားမှုဖြစ်အောင် လုပ်နိုင်တာပေါ့ဗျာ။ ကားတွေနဲ့သွားတာ၊ အလံတွေ ထူတာ၊ လူတွေနဲ့ ပြောကြ၊ ဆိုကြ၊ သွားကြ၊ လာကြဆိုတဲ့နေရာတွေမှာတော့ ကျွန်တော်တို့က သူတို့လောက် မလုပ်နိုင်ဘူးဗျ။ နောက်မီဒီယာထဲမှာ ပါတာတွေ ကျွန်တော်တို့က မလုပ်နိုင်ဘူး။ မီဒီယာဆိုတာ ပြည်တွင်းကော၊ ပြည်ပကော။ ပြည်တွင်း၊ ပြည်ပမီဒီယာတွေမှာ ကျွန်တော်တို့က နည်းတာပေါ့။ တခြား မမြင်နိုင်တဲ့စွမ်းအင်တွေလည်း ရှိပါလိမ့်မယ်။ ဒါကြောင့်လည်း နိုင်တာပေါ့။ ဒါတွေကတော့ကျွန်တော်တို့မသိနိုင်ဘူးလေ။ ကျိန်းသေတာကတော့ အားသာချက်ရှိလို့ နိုင်တာပါပဲ။

**နိုင်ငံရေးလေ့လာသူ တချို့က ပြောတာကပါတီကြီးတွေအနေနဲ့ နိုင်တဲ့အခါမှာ ရှုံးတဲ့ပါတီကို စာနာနားလည်တတ်ဖို့လိုသလို ရှုံးတဲ့အခါမှာလည်း အရှုံးကို လက်ခံတတ်တဲ့ရင့်ကျက်မှုတွေလိုတယ်လို့ ဆိုပါတယ်။ အခုကြားဖြတ်ရွေးကောက်ပွဲကနေပြီးတော့ ပြည်ခိုင်ဖြိုးပါတီရခဲ့တဲ့ သင်ခန်းစာကဘာများဖြစ်မလဲ။**

ပထမဆုံးကတော့ ကြားဖြတ်ရွေးကောက်ပွဲနဲ့ပတ်သက်လို့ ကျွန်တော်တို့ပါတီရဲ့ သဘောထားရှင်းပြပါမယ်။ ၂၀၀၃ ကနေ စပြီးတော့လက်ရှိကျင့်သုံးနေတဲ့အဆင့် ၇ ဆင့်ရှိတဲ့ လမ်းပြမြေပုံဖြစ်တဲ့ နိုင်ငံရေးလမ်းစဉ်ကို ကျွန်တော်တို့ယုံတယ်။ ယုံတဲ့အတိုင်းလဲပဲ ကျွန်တော်တို့ဖြစ်အောင်အကောင်အထည်ဖော်တယ်။ ပါတီတစ်ခုတတိယ တာဝန်ဖြစ်တဲ့ကိုယ်ယုံကြည်နေရုံနဲ့လည်း မပြီးဘူး။ ကိုယ်လုပ်နေရုံနဲ့လည်း မပြီးဘူး။ ကျန်တဲ့ပြည်သူတွေလည်း ပါရမယ်။ ပြည်သူတွေဆို တဲ့အထဲမှာ ပါတီတွေလည်း ပါ တာပေါ့။ ဒီနေ့ ကျွန်တော်ယုံတဲ့ လုပ်ငန်းစဉ်ကို ကျန်တဲ့ပါတီတွေ အားလုံးကဝိုင်းပြီးတော့ ဆောင်ရွက်လာကြတဲ့အတွက် ကျွန်တော်တို့ ပျော်တာပေါ့။ ကျွန်တော်တို့ ဝမ်းသာတာပေါ့။ နိုင်တယ်၊ ရှုံးတယ်ဆိုတာကတော့ တစ်ခုမဟုတ် တစ်ခုရှိမှာပဲ။ ရလဒ်နဲ့ပတ်သက်လို့လည်း ဒါက ပြည်သူတွေရဲ့ အဆုံးအဖြတ်ပဲလေ။ ကျွန်တော်တို့က ကျေကျေနပ်နပ် လက်ခံရမှာပေါ့။ ဒါကြောင့် ကျွန်တော်တို့ပါတီအနေနဲ့ ကြားဖြတ်ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ ဒါကမတရားဘူး၊ တရားမျှတဲ့ ရွေးကောက်ပွဲ မဖြစ်ဘူးလို့ ကျွန်တော်တို့ မပြောပါဘူး။

ရွေးကောက်ပွဲမှာရတဲ့ ရလဒ်ပေါ်မှာမူတည်ပြီးတော့ကျွန်တော်တို့တွေ ဘာလုပ်ကြမလဲဆိုရင်လုပ်ရမယ့် ကိစ္စရပ်က တော့ပိုပြီးတော့မှ ပြည်သူတွေ အကျိုးရှိအောင် လုပ်ပေးရမှာပေါ့။ ပြည်သူတွေ အကျိုးရှိတဲ့ ကိစ္စရပ်တွေကို နားလည်အောင် လုပ်ရမှာပေါ့။

**အချပ်ပို(D)သို့**

# နေပြည်တော်မှ နိုင်ငံ့ဝန်ထမ်းတို့၏ မဲ

**အိဖြူလွင်**

၂၀၁၀ ရွေးကောက်ပွဲတွင် မဲရရှိမှု ၉၈ ရာခိုင်နှုန်းအထိ ရှိခဲ့ကာ သမ္မတနှင့် ဒုသမ္မတများတင်မြှောက်နိုင်ခဲ့သည့် ပြည်ခိုင်ဖြိုးပါတီ၏ အောင်မြေ၊ နေပြည်တော်ကောင်စီနယ်မြေရှိမဲဆန္ဒနယ်များတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အကြိတ်အနယ်ယှဉ်ပြိုင်ရခြင်းမရှိဘဲ ကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရရှိသွားပြီဖြစ်သည်။

နေပြည်တော် မဲဆန္ဒနယ်လေးနေရာသည် အစိုးရဝန်ထမ်းများနှင့် တပ်မတော်သားများ အများစုရှိပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအနေဖြင့် ရှုံးနိမ့်နိုင်သည်ဟု အများက ခန့်မှန်းတွက်ချက်ထားခဲ့သော နေရာတစ်ခုလည်းဖြစ်သည်။

၂၀၁၀ ရွေးကောက်ပွဲကျင်းပစဉ်က ယခုလစ်လပ်မဲဆန္ဒနယ်ဖြစ်သော ဇမ္ဗူသီရိမဲဆန္ဒနယ်မှ မဲ ၉၁ ရာခိုင်နှုန်းကျော်ဖြင့် နိုင်ငံတော်သမ္မတဦးသိန်းစိန် ရွေးချယ်ခံခဲ့ရသည်။ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပုဗ္ဗသီရိမဲဆန္ဒနယ်မှ မဲ ၉၀ ရာခိုင်နှုန်းကျော်ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ရွေးကောက်ပွဲအပြီး ၁၇ လအကြာတွင် လစ်လပ်မဲဆန္ဒနယ်များအတွက် ပြုလုပ်ကျင်းပသော ကြားဖြတ်ရွေးကောက်ပွဲ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့သာ အဓိကယှဉ်ပြိုင်ခဲ့ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ မဲရရှိမှု ရာခိုင်နှုန်းသည် ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ ကျဆင်းရရှိကာ နေပြည်တော်ကောင်စီနယ်မြေ၏ မဲဆန္ဒနယ်အားလုံးတွင် ရှုံးနိမ့်သွားခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတ၏ အောင်မြေဖြစ်သော ဇမ္ဗူသီရိမဲဆန္ဒနယ်တွင် အစိုးရအဖွဲ့ဝင် ဝန်ထမ်းများနေထိုင်ရာ ဝန်ထမ်းရပ်ကွက်များ၊ ဖြစ်ပြီး ထိုနေရာအတွက် ပြည်ခိုင်ဖြိုးပါတီမှ ဦးဝင်းဌေးနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဒေါ်စန္ဒာမင်းတို့ ယှဉ်ပြိုင်ခဲ့ကြရာ ဒေါ်စန္ဒာမင်းက ၁၀ ရာခိုင်နှုန်းကျော်ဖြင့် အနိုင်ရခဲ့သည်။



*ကော့မှူးမြို့နယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနိုင်ရသည့်အတွက် အောင်ပွဲခံနေကြသော ဒေသခံများ*
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

နေပြည်တော်တိုင်းစစ်ဌာနချုပ်တည်ရှိရာ ဇမ္ဗူသီရိမဲဆန္ဒနယ်တွင်မူ ပြည်ခိုင်ဖြိုးပါတီမှ ဦးသာဌေးနှင့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ လူငယ်ဟစ်ပ်ဟော့ အဆိုတော်တစ်ဦးဖြစ်သည့် ဦးဖြိုးဇေယျာသော်၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ဦးမြင့်လွင်သန်းတို့ ယှဉ်ပြိုင်ခဲ့ကြရာ ဦးဖြိုးဇေယျာသော်က မဲ ၁၈ ရာခိုင်နှုန်းအသာဖြင့် အနိုင်ရရှိခဲ့သည်။

**စာ(၄၀)သို့**

7DAY NEWS JOURNAL
Vol.11, No.5 • APRIL 5 , 2012

# တောင်တန်းပေါ်က ကျား၊ ဒေါင်း၊ ခြင်္သေ့တို့၏ အားစမ်းပွဲ

ဥက္ကာကိုကို၊ သန်းဌေး

နွေရာသီဥ္စပင် အေးစိမ့်နေဆဲဖြစ်သည့် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့အတွင်းတည်ရှိသော ခရိုင်ရွေးကောက်ပွဲကော်မရှင်ရုံးဝင်းအတွင်း ရောက်ရှိနေကြသူများမှာ စိတ်လှုပ်ရှားမှုနှင့်အတူ ချွေးပြန်နေလျက်ရှိကြသည်။ အထူးသဖြင့် ယခု ကြားဖြတ်ရွေးကောက်ပွဲကို ယှဉ်ပြိုင်နေဆဲဖြစ်သည့် ကိုယ်စားလှယ်လောင်းများမှာ ကော်မရှင်ရုံးခန်းအတွင်း လူးလာခေါက်တုံ့ဖြစ်နေကြသည်။ ရုံးပြတင်းပေါက်မှအတွင်းသို့လှမ်းကြည့်လိုက်လျှင် ကြိုတင်မဲစာရွက်များကို ဖွင့်ဖောက်ရေတွက်နေကြသူများကို တွေ့ရမည်ဖြစ်သည်။

အချိန်က ညနေ ၅ နာရီဖြစ်သည်။ နေ့ရက်ကတော့ ဧပြီ ၁ ရက်နေ့ပင်ဖြစ်သည်။ နေလုံးကြီး တဖြည်းဖြည်း ဝင်ရောက်သွားသည်နှင့်အမျှ မြို့နယ်အုပ်ချုပ်ရေးမှူးခြံဝင်းအတွင်း ခရိုင်ရွေးကောက်ပွဲကော်မရှင်ရုံးဆီသို့ မဲပုံးများ တင်ဆောင်ထားသည့် ကားနှင့် ဆိုင်ကယ်များ တစ်စီးပြီးတစ်စီးခပ်စိပ်စိပ် ဝင်ရောက်လာကြသည်။ သက်ဆိုင်ရာ ကျေးရွာ၊ ရပ်ကွက်မဲရုံများမှ မဲပုံးများကို ပညာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူ့တပ်ဖွဲ့ဝင်များက လာရောက်ပို့ဆောင်နေကြခြင်းဖြစ်သည်။

၎င်းတို့ ယူဆောင်လာသော မဲပုံးများအနက်မှ ကြိုတင်မဲထုပ်များကို အဆင်သင့်စောင့်ဆိုင်းနေကြသည့် ကော်မရှင်အဖွဲ့ဝင်များနှင့်ရွေးကောက်ခံကိုယ်စားလှယ်များရှေ့မှောက်တွင် ဖွင့်ဖောက်ရေတွက်ကြသည်။

ယခု ရေတွက်နေကြသော မဲစာရင်းများမှာ ရှမ်းပြည်နယ်မြောက်ပိုင်း အမျိုးသားလွှတ်တော်မဲဆန္ဒနယ်(၃)တွင် ဝင်ရောက်အရွေးချယ်ခံကြသော ပါတီငါးခုမှ ကိုယ်စားလှယ်လောင်းများအတွက်ပင်ဖြစ်သည်။ ရှမ်းပြည်နယ်အမျိုးသားလွှတ်တော်အမှတ်(၃)တွင် လားရှိုး၊ သိန္နီ၊ ကွမ်းလုံ၊ မိုင်းရယ်၊ တန့်ယန်းမြို့များပါဝင်ပြီး ဝင်ရောက်ယှဉ်ပြိုင်သူများမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဒေါ်နန်းကိန်ဖောင်းတစ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးစိုင်းမြင့်မောင်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်(ကျားဖြူပါတီ)မှ ဦးစိုင်းစံမင်း၊ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်း၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးယောသပ်တို့ဖြစ်ကြသည်။

အဆိုပါ အမျိုးသားလွှတ်တော်နေရာအတွက် ယှဉ်ပြိုင်ကြရမည့် မြို့နယ်ငါးခုစလုံးတွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း ၂၄၁ ခုရှိပြီး မဲရုံ ၃၅၈ ရုံရှိကာ မဲဆန္ဒပေးပိုင်ခွင့်ရှိသူ ဦးရေမှာ ၂၉၉,၇၅၅ ဦးဖြစ်သည်။

အမျိုးသားလွှတ်တော်နေရာဖြစ်သည့်အတွက် အခြားပြည်သူ့လွှတ်တော်နေရာများကဲ့သို့ တစ်မြို့နယ်လုံး စာရင်းကို သိရှိရသည်နှင့် အနိုင်၊ အရှုံးကိုမဆုံးဖြတ်နိုင်သေးဘဲ ကျန်မြို့နယ်များ၏ စာရင်းများကိုပါ စောင့်မျှော်တွက်ချက်နေကြရသည့်အတွက် ကော်မတီရုံးဝင်းအတွင်းရှိလူများမှာ အဖြေတစ်ခု ကြားသိရလေပိုစိတ်လှုပ်ရှားလာလေဖြစ်သည်။

ကော်မရှင်ရုံး ပြတင်းပေါက်မှ ခေါင်းပြူထွက်လာကာ ဖုန်းပြောနေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကိုယ်စားလှယ်လောင်း ဦးစိုင်းမြင့်မောင်အား မြင်တွေ့ရပြီး၊ မကြာမီတွင် တပ်အတွင်းမှ ရောက်ရှိလာသော ကြိုတင်မဲများကို ကော်မရှင်မှ ပယ်ချလိုက်သည်ဟူသည့်သတင်းကို စတင်ကြားသိရသည်။ လားရှိုးမြို့နယ်ရှိ ခလရ (၄၁)နှင့် ထောက်ပို့တပ်(၆၂၆) တို့မှ မဲပေါင်း ၇၂၂ မဲအပါအဝင် အခြားမြို့နယ်များမှ တပ်မတော်သားများ၏ ကြိုတင်မဲများအနက် ၉၉၁ မဲကိုပယ်ချခံခဲ့ရသည်။ ပယ်ချခံရသည့်အကြောင်းရင်းမှာ ကြိုတင်မဲထည့်သွင်းထားသည့်အိတ်များ ပွင့်လျက်ရှိနေခြင်းကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ကိုယ်စားလှယ်လောင်းနှင့် ခရိုင်ကော်မတီတို့၏ ငြင်းဆိုမှုအရဖြစ်သည်။

ကော်မရှင်ရုံးခန်းအတွင်းမှ ပင်နီတိုက်ပုံဝတ်အမျိုးသားတစ်ဦး ချွေးသုတ်ကာပြန်ထွက်လာသည်။ လူဆယ်ဦးခန့် ဝိုင်းအုံသွားကြသည်။ ထိုသူက ရေတွက်ပြီးသော မဲအရေအတွက်တို့ကိုစာရွက်တစ်ရွက်ဖြင့် ရေးမှတ်လာကာ ဝေငှနေသည်ကိုတွေ့ရသည်။

မဲစာရင်းများကို အသည်းအသန် ရေတွက်ရင်း သစ်ပင်အောက် မှောင်ရိပ်များတွင် ဟိုတစ်စု သည်တစ်စု ထိုင်နေရင်း နောက်ထပ်ရောက်လာမည့် မဲစာရင်းများကိုလည်းတဆန့်ဆန့်စောင့်မျှော်နေကြရင်းမှပင် "ကလောမှာ ဒေါက်တာသန်းဌေး နိုင်သွားပြီ"၊ "နေပြည်တော်မှာလည်း NLD အကုန်နိုင်တယ်"၊ "ရန်ကုန်မှာ အောင်ပွဲခံနေကြပြီတဲ့"ဟု အချင်းချင်းလှမ်းသတင်းပေးနေကြသည်ကိုလည်းကြားရသည်။

မဲဆန္ဒနယ် ၄၈ နေရာစလုံးကိုစိတ်ဝင်တစားလှည့်ပတ်စုံစမ်းပြီးအားရသည်နှင့် မိမိတို့၏ လက်ရှိ မဲဆန္ဒနယ်မြေအား ပြန်လည်အာရုံစိုက်ကြပြန်သည်။ ကျေးရွာများမှ မဲစာရင်းများကို စောင့်မျှော်ကြပြန်သည်။ ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိမဲစာရင်းများကလည်း ညဥ့်နက်စပြုလာသည့်တိုင် တဖွဲဖွဲရောက်ရှိလာနေကြဆဲဖြစ်သည်။

ည ၉ နာရီခွဲခန့်အချိန်တွင် လားရှိုးမြို့ပေါ် မဲရုံများနှင့် သိန္နီမြို့၊ မိုင်းရယ်မြို့တို့မှ အဖြေများကို ခန့်မှန်းသိရှိနေကြပြီ ဖြစ်သည်။ သိန္နီမြို့နယ်တွင် ခွပ်ဒေါင်းက ၃,၈၆၁ မဲ၊ ကျားဖြူက ၉,၂၉၄ မဲ၊ ခြင်္သေ့က ၄,၄၀၁ မဲ တို့ကို ကိုယ်စီရရှိထားကြပြီဖြစ်သောကြောင့် သိန္နီမြို့နယ်တွင် ကျားဖြူပါတီက အပြတ်အသတ် ဦးဆောင်အနိုင်ရလျက်ရှိနေသည်။

သို့သော် လားရှိုးမြို့ပေါ်တွင် ခွပ်ဒေါင်းပါတီက မဲသုံးသောင်းခွဲနီးပါးရရှိပြီး ခြင်္သေ့ပါတီမှာ မဲအရေအတွက် နှစ်သောင်းခွဲနီးပါးရရှိနေသဖြင့် ရွေးကောက်ပွဲည လားရှိုးမြို့တွင် ခွပ်ဒေါင်းပါတီက မဲပေါင်းတစ်သောင်းခန့်အကွာဖြင့် ခြင်္သေ့ပါတီအား အပြတ်အသတ် အနိုင်ရရှိထားခဲ့သည်။ ကျားဖြူပါတီမှာ လားရှိုးမြို့ပေါ်တွင် မဲတစ်သောင်းခွဲနီးပါးသာ ရရှိထားသောကြောင့် တတိယနေရာတွင် လိုက်နေခဲ့သည်။ သို့သော် သိန္နီမြို့နှင့် မိုင်းရယ်မြို့တို့တွင်မူ ကျန်ပါတီအားလုံးကို မဲအပြတ်ဖြင့် အနိုင်ရရှိနေခဲ့သည့် ကျားဖြူပါတီ ကိုယ်စားလှယ်၏ မျက်နှာမှာ တည်ငြိမ်သယောင်ရှိသော်လည်း စိတ်လှုပ်ရှားသည့် အမူအရာများကိုတွေ့နေရသည်။

ည ၉ နာရီ ၄၅ မိနစ်ခန့်တွင် ကျေးရွာတစ်ခုမှ မဲပုံးတစ်ပုံးကို ဆိုင်ကယ်တစ်စီးဖြင့် လာရောက်ပို့ဆောင်အပြီး မှောင်နှင့်မည်းမည်းဖြစ်နေခဲ့သည့် ကော်မရှင်ရုံးရှေ့ခြံဝင်းအတွင်း ဆိုဒီယမ်ဓာတ်မီးတိုင်လေးမှာ ရုတ်တရက် ဖျပ်ခနဲပြန်လင်းလာခဲ့သည်။ မီးပြန်လင်းလာပြီး မကြာမီမှာပင် ကော်မရှင်ရုံးသို့ ရောက်ရှိလာသည့် ကြိုတင်မဲရေတွက်မှုများအားလုံး ပြီးဆုံးသွားခဲ့ပြီဖြစ်သောကြောင့်ဧပြီ ၂ ရက်၊ ညနေ ၅ နာရီမှသာ ကော်မရှင်သို့ လာရောက်ကြရန်အတွက် ကော်မရှင်က ချိန်းဆိုလိုက်ပြီး ကိုယ်စားလှယ်လောင်းများမှာ မိမိတို့ပါတီဝင် ကိုယ်စီခြံရံ၍ ပြန်လည်ထွက်ခွာလာကြသည်။

ခွပ်ဒေါင်းပါတီသည် လားရှိုးမြို့နယ်တွင် ၃၄,၇၃၇ မဲရရှိကာ လားရှိုးမြို့နယ်အတွက် အပြတ်အသတ် အနိုင်ရရှိနေပြီဖြစ်သော်လည်း ကျန်မြို့လေးမြို့တွင် ကျားဖြူနှင့် ပြည်ခိုင်ဖြိုးပါတီတို့ထက် မဲရရှိမှုနည်းပါးနေသည်။ သိန္နီမြို့တွင် ၂,၃၆၃ မဲရရှိခဲ့ပြီး မိုင်းရယ်မြို့တွင် ၁,၉၇၁ မဲသာရရှိထားသဖြင့် သုံးမြို့နယ်စုစုပေါင်းမှာ ၃၉,၀၇၁ မဲရရှိနေပြီဖြစ်သည်။ အဆိုပါ အရေအတွက်မှာ ကျားဖြူနှင့် ပြည်ခိုင်ဖြိုးပါတီတို့၏ သုံးမြို့နယ်စုစုပေါင်းမဲရရှိမှု အရေအတွက်ထက် တစ်သောင်းခန့် ထပ်မံအသာစီးရရှိနေခြင်းဖြစ်သည်။

သို့သော်လည်း "အခုလက်ရှိမှာ ကျွန်မက အများဆုံးရထားတယ်။ ပယ်မဲလည်း အများဆုံးပဲ။ ကိုးရာကျော်တယ်"ဟု ခြင်္သေ့ပါတီကိုယ်စားလှယ်လောင်း ဒေါ်နန်းကိန်ဖောင်းတစ်က ရွေးကောက်ပွဲ ည ၁၀ နာရီအချိန်တွင် ခရိုင်ကော်မရှင်ရုံးမှ ပြန်ထွက်လာပြီး 7Day News သတင်းထောက်၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားသွားသည်။ ခြင်္သေ့ပါတီသည် ထိုအချိန်အထိ လားရှိုးမြို့နယ်တစ်ခုလုံးတွင် ၂၄,၁၅၉ မဲရရှိထားသည်။ သိန္နီမြို့နယ်တွင် ၂,၇၀၁ မဲရရှိထားပြီး မိုင်းရယ်မြို့နယ်တွင် ၂,၇၃၁ မဲရရှိထားသဖြင့် စုစုပေါင်း သုံးမြို့နယ်ပေါင်း ၂၉,၅၉၁ မဲရရှိထားပြီးဖြစ်သည်။

"မနက်ဖြန်အထိ အဖြေကအပြီး မသိရနိုင်သေးဘူး။ အဝေးက မဲတွေ မလာသေးဘူး"ဟု ကျားဖြူပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ဦးစိုင်းစံမင်းက ည ၁၀ နာရီအချိန်တွင် ခရိုင်ကော်မရှင်ရုံးမှ ပြန်ထွက်အလာတွင် ဖြေကြားသွားသည်။ ကျားဖြူပါတီသည် လားရှိုးမြို့နယ်တွင် ၁၄,၃၈၆ မဲရရှိခဲ့ပြီး သိန္နီမြို့နယ်တွင် ၅,၆၃၄ မဲရရှိထားကာ မိုင်းရယ်မြို့နယ်တွင်၉,၀၅၀ဖြင့်အသာစီးရရှိထားသဖြင့် သုံးမြို့နယ် စုစုပေါင်း ၂၉,၀၇၀ မဲ ရရှိနေပြီဖြစ်ကာ တန့်ယန်းမြို့နယ်နှင့် ကွမ်းလုံမြို့နယ်တို့မှ ထပ်မံရောက်ရှိလာမည့် မဲများကို စောင့်ဆိုင်းနေကြသည်။

အဘယ်ကြောင့် ဆိုသော် ကျားဖြူပါတီသည် လားရှိုးမြို့ပေါ်တွင် ရှုံးနိမ့်နေသော်လည်း အခြားမြို့နယ်များနှင့် ရှမ်းတိုင်းရင်းသားကျေးရွာများတွင်သေချာပေါက်မဲအများဆုံး ရရှိလိမ့်မည်ဖြစ်ကြောင်း ၎င်းတို့ကိုယ်တိုင် ယုံကြည်မှုရှိနေသကဲ့သို့ ကျန်ပါတီများကလည်း ထိုအတိုင်းပင် တွက်ဆထားကြသည်။

ကျားဖြူပါတီမှလက်ရှိအနိုင်ရထားပြီဖြစ်သော သိန္နီမြို့ အပိုင်ရှိ တောင်ပေါ်ချောင်ကျသည့်ရွာများဖြစ်သည့် နမ့်ခိုက်၊ မိုင်လင်၊ ဟွေတောင်၊ မန်ကန်၊ နောင်ချိုရွာများတွင် တပ်မတော်နှင့် ငြိမ်းချမ်းရေးယူထားသော အဖွဲ့အစည်းအချို့နှင့် ပဋိပက္ခအသွင်များ ရှိနေသဖြင့် အဆိုပါ ရွာများရှိ မဲပေးခွင့်ရှိသူများအား မိုင်းယန်းကျေးရွာ၊ မဲရုံအမှတ်(၄) တွင် စုပေါင်းမဲပေးကြရန် မဲစာရင်းများ ပြောင်းရွှေ့ပေးထားခဲ့ရသည်။ ထို့ကြောင့် ၎င်းတို့သည် မတ်လ ၃၁ ရက်ညကတည်းက နီးစပ်ရာ ဆွေမျိုးများအိမ်၌ လာရောက်ညအိပ်၍ မဲပေးခဲ့ကြရသည်ဟုဆိုသည်။

တန့်ယန်းမြို့နယ်မှ မဲစာရင်းများကို ညသန်းခေါင်ကျော် ၂ နာရီ အချိန်တွင်မှ သိရှိလိုက်ကြရသည်ကလည်း ညဦးပိုင်းက အသီးသီး ရရှိထားခဲ့ကြသည့် ရလဒ်များကို တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားစေခဲ့သည်။ ညဦးပိုင်းက ခွပ်ဒေါင်းပါတီမှာ သုံးမြို့နယ်ပေါင်း ၃၉,၀၇၁ မဲရရှိနေခဲ့ပြီး ကျားဖြူမှာ သုံးမြို့နယ်ပေါင်း ၂၉,၀၇၀ ဖြင့် တတိယနေရာမှ လိုက်နေခဲ့ရာ တန့်ယန်းမြို့ မဲစာရင်းများအရ ခွပ်ဒေါင်းက ၃,၉၆၆ မဲ၊ ခြင်္သေ့က ၇,၆၉၃ မဲ ရရှိခဲ့ကြသည်။ ကျားဖြူမှာ တန့်ယန်းမှ တက်လာသော မဲစာရင်းတွင် ၁၁,၂၂၃ မဲရရှိလိုက်သဖြင့် ညဦးပိုင်းရလဒ်များကို ကျော်ဖြတ်ကာ တစ်ဟုန်ထိုး တက်လာခဲ့သည်။ ထို့ကြောင့် ဧပြီ ၂ ရက်နေ့ နံနက်မလင်းမီကတည်းကပင် ခွပ်ဒေါင်းတို့ ပြန်လည်ခေါင်းချင်းဆိုင်နေကြရပြီဖြစ်သည်။

စာ(၂၅)သို့



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## ကြားဖြတ်ရွေးကောက်ပွဲ သတင်းအဖွဲ့

ကြားဖြတ်ရွေးကောက်ပွဲသတင်းများကို ဂျာနယ်စာမျက်နှာများတွင် ဖော်ပြရန်အတွက်သာမက ကြားဖြတ်ရွေးကောက်ပွဲကျင်းပနေစဉ်အတွင်း 7Day News ဂျာနယ်၏ Facebook နှင့် Twitter စာမျက်နှာများတွင် အချိန်နှင့်တစ်ပြေးညီ သတင်းနှင့်သတင်းဓာတ်ပုံများ ဖော်ပြနိုင်ရန် အယ်ဒီတာနှင့် သတင်းထောက်များဖြစ်သော အားမာန်၊ သီဟ၊ နေလင်းအောင်၊ ယုဇနကိုကို၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းဌေး၊ ထူးသန့်၊ ညီညီဇော်၊ မျိုးမင်းဦး၊ ကျော်ဇေယျ၊ ကိုသက်တို့က သက်ဆိုင်ရာမဲဆန္ဒနယ်များမှ သတင်းအချက်အလက်များကိုစုဆောင်းပေးပို့ခဲ့ကြသည်။ ပေးပို့လာသောသတင်းနှင့် သတင်းဓာတ်ပုံများကို သတင်းခန်းရှိ ရွေးကောက်ပွဲအယ်ဒီတာအဖွဲ့ဖြစ်သော ငြိမ်းငြိမ်းနိုင်၊ အေးမြကျော်၊ မေဝင်းမွန်တို့က တာဝန်ယူတည်းဖြတ်ကာအချိန်နှင့်တစ်ပြေးညီ စာဖတ်ပရိသတ်ထံ အရောက်ပေးပို့သည်။

# ဒီချုပ်က ၄၃ နေရာ အနိုင်ရ

ဧပြီ ၁ ရက် ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(NLD)က အမတ်နေရာ ၄၃ နေရာတွင် အနိုင်ရရှိခဲ့ပြီး ရှမ်းတိုင်း ရင်းသားများဒီမိုကရက်တစ်ပါတီ(SNDP)က တစ်နေရာရရှိခဲ့သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် ၃ တွင် SNDP က တစ်နေရာရရှိခဲ့ခြင်းဖြစ်သည်။ NLD က လစ်လပ်မဲဆန္ဒနယ် ၄၅ နေရာအနက် ၄၄ နေရာတွင်သာ ဝင်ရောက်ယှဉ် ပြိုင်ခဲ့ပြီး NLD ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး အမှတ် ၇ မဲဆန္ဒနယ်တွင် ဧပြီ ၃ ရက် ညနေ ၃ နာရီအထိ မဲများကို ဆက်လက် ရေတွက်နေဆဲဖြစ်သည်။ 7Day News သတင်းအဖွဲ့က ရွေးကောက်ပွဲ ရလဒ်အဖြေများကို ဧပြီ ၃ ရက် ညနေ ၃ နာရီအထိ နောက်ဆုံးထားပြုစုခဲ့ခြင်းဖြစ်ပြီး၊ ယခုအထူးထုတ်တွင်ဖော်ပြပါရှိသည့် မဲဆန္ဒနယ်အလိုက် ရာခိုင်နှုန်းပြဂရပ် ၁၈ ခုကို ခိုင်လုံမဲအရေအတွက်ပေါ် မူတည်တွက်ချက်၍ ကျန် ၂၆ နေရာကို ရရှိသည့်မဲအရေအတွက်အတိုင်း ဖော်ပြထားခြင်းဖြစ်သည်။ နောက်ဆုံးအချိန်ထိ အဖြေမထွက်သေးသော စစ်ကိုင်းတိုင်းဒေသကြီး အမှတ် ၇ မဲဆန္ဒနယ် တစ်နေရာကို ဖော်ပြနိုင်ခြင်းမရှိပါ။




## ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

| ပခုက္ကူမြို့နယ် | |
|---|---|
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၀၈,၆၈၁ မဲ |
| ပြည်ခိုင်ဖြိုး | ၃၀,၆၁၂ မဲ |

| မြောင်းမြမြို့နယ် | |
|---|---|
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၀,၅၇၃ မဲ |
| ပြည်ခိုင်ဖြိုး | ၄၀,၉၇၃ မဲ |

| ပုလဲမြို့နယ် | |
|---|---|
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၃,၉၃၆ မဲ |
| ပြည်ခိုင်ဖြိုး | ၂၀,၁၃၃ မဲ |

| ပုသိမ်မြို့နယ် | |
|---|---|
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၀၉,၃၂၆ မဲ |
| ပြည်ခိုင်းဖြိုး | ၃၄,၆၄၅ မဲ |

| တောင်ငူမြို့နယ် | |
|---|---|
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၈,၉၅၆ မဲ |
| ပြည်ခိုင်ဖြိုး | ၂၆,၉၀၈ မဲ |

| ကျောက်ပန်းတောင်းမြို့နယ် | |
|---|---|
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၁,၉၁၀ မဲ |
| ပြည်ခိုင်ဖြိုး | ၃၄,၀၅၃ မဲ |

| မိတ္ထီလာမြို့နယ် | |
|---|---|
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၂,၀၉၈ မဲ |
| ပြည်ခိုင်ဖြိုး | ၄၈,၀၆၇ မဲ |

| ပွင့်ဖြူမြို့နယ် | |
|---|---|
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၅,၃၀၅ မဲ |
| ပြည်ခိုင်ဖြိုး | ၁,၄၃၅ မဲ |

| ဒက္ခိဏသီရိမြို့နယ် | |
|---|---|
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇,၄၉၁ မဲ |
| ပြည်ခိုင်ဖြိုး | ၄,၂၄၅ မဲ |

| မအူပင်မြို့နယ် | |
|---|---|
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၉,၀၁၅ မဲ |
| ပြည်ခိုင်ဖြိုး | ၅၅,၅၅၈ မဲ |

| မြိုင်မြို့နယ် | |
|---|---|
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၅,၀၆၅ မဲ |
| ပြည်ခိုင်ဖြိုး | ၂၅,၄၂၈ မဲ |

| ဇမ္ဗူသီရိမြို့နယ် | |
|---|---|
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၃,၂၈၅ မဲ |
| ပြည်ခိုင်ဖြိုး | ၁၇,၇၉၆ မဲ |

| ဝါးခယ်မမြို့နယ် | |
|---|---|
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၉,၇၃၃ မဲ |
| ပြည်ခိုင်ဖြိုး | ၃၂,၃၇၄ မဲ |

| ရေစကြိုမြို့နယ် | |
|---|---|
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၁,၃၅၂ မဲ |
| ပြည်ခိုင်ဖြိုး | ၂၉,၈၃၃ မဲ |

| ထန်းတပင်မြို့နယ် | |
|---|---|
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၀,၃၈၇ မဲ |
| ပြည်ခိုင်ဖြိုး | ၁၀,၉၆၄ မဲ |

| မြန်အောင်မြို့နယ် | |
|---|---|
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၅,၂၃၈ မဲ |
| ပြည်ခိုင်ဖြိုး | ၂၁,၆၀၅ မဲ |

| မကွေးမြို့နယ် | |
|---|---|
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉၅,၈၈၅ မဲ |
| ပြည်ခိုင်ဖြိုး | ၂၉,၈၁၅ မဲ |

| သနပ်ပင်မြို့နယ် | |
|---|---|
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၆,၃၉၉ မဲ |
| ပြည်ခိုင်ဖြိုး | ၉,၁၁၃ မဲ |

## NLD ၏အောင်ပွဲအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ မှတ်ချက်များ

အားမာန်၊ ဗိုလ်ဗိုလ်ဝင်း

**ဦးအေးမောက် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ**

"ပထမဦးဆုံး ပြောချင်တာကတော့ ဒီရွေးကောက်ပွဲ ဘာပဲဖြစ်ဖြစ် ကျွန်တော်လည်း ပြောထားပါတယ်။ လုံးဝဥဿုံ ၁၀၀ ရာခိုင်နှုန်း Free & Fair မဖြစ်တောင်မှ ရာနှုန်းပြည့်နီးပါးတော့ ဖြစ်သွားပါတယ်။ ဖြစ်သွားတဲ့အပေါ် မှာ တစ်ဖက်ပါတီပေါ့လေ။ NLD ပါတီပေါ့နော်။ ကျွန်တော်တို့ကတော့ အတိုက်အခံလို့မသုံးချင်ဘူး။ တစ်ဖက်ပါတီက လွှတ်တော်ထဲရောက်လာမယ်ဆိုရင် ဘာပဲပြောပြော မတူညီတာတွေဖယ်ထားပြီးတော့ တူညီတာတွေကို ပူးပေါင်းပြီးဆောင်ရွက်မယ်လို့လည်းပဲ ကျွန်တော်တို့က ယုံကြည်ထားတယ်။ ကြိုလည်းကြိုဆိုတယ်။ လွှတ်တော်ထဲမှာ မလာခင်ကတည်းကလွှတ်တော်ဥက္ကဋ္ဌကိုယ်တိုင်ကလည်းပြောထားတာရှိတယ်။ ဒီလိုအဖွဲ့တွေလာရင်၊ လွှတ်တော်ထဲလာလို့ရှိရင် ဘာပဲပြောပြော တိုင်းပြည်အတွက် တိုးတက်မယ်။ ပူးပေါင်းပြီးတော့ ဆောင်ရွက်မယ်ဆိုရင်ပေါ့လေ။ တခြားပါတီများပေါ့။ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ ချက်ချင်းလက်ငင်း မကြာခင်အတောအတွင်းမှာ တိုးတက်လာမယ်လို့ ခံယူထားတယ်။ အဲဒီ့အတိုင်း ဖြစ်လိမ့်မယ်လို့လည်း မျှော်လင့်တယ်။ NLD ပါတီအနေနဲ့လည်း နဂိုကတည်းက သုံးခုရှိတာပေါ့လေ။ အခြေခံဥပဒေပြင်ဖို့ကိစ္စတွေ၊ ငြိမ်းချမ်းရေးကိစ္စတွေ တရားဥပဒေစိုးမိုးရေးကိစ္စတွေ။ ဒါတွေရှိသော်လည်းပဲ ဒါတွေမသွားခင် ကျွန်တော်တို့ဒါတွေကို သွားနိုင်အောင် အခြေခံတွေကို လုပ်တဲ့နေရာမှာ နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်မယ်လို့ ကျွန်တော်တို့မျှော်လင့်ထားပါတယ်"

**အချပ်ပို(D)သို့**


ရွေးကောက်ပွဲနေ့က မဲရုံများကို လိုက်လံကြည့်ရှုနေသည့် ဒေါ်အောင်ဆန်းစုကြည်
ဓာတ်ပုံ - Getty Images


ဒေါ်ဖြူဖြူသင်းနှင့် ဗင်းကိုထောက်ခံသူများအား မင်္ဂလာတောင်ညွန့်မြို့နယ် မဲရုံရှေ့တွင် တွေ့ရစဉ် ဓာတ်ပုံ - ငြိမ်းငြိမ်းနိုင်


ဒီချုပ်ရုံးရှေ့တွင်တွေ့ရသည့် နိုင်ငံခြားသားဧည့်သည်များ ဓာတ်ပုံ - ရဲကို

# ကြားဖြတ်ရွေးကောက်ပွဲအထူးအချပ်ပို

7 DAY NEWS JOURNAL
Vol.11, No.5 • APRIL 5 , 2012



ကော့မှူးမြို့နယ်ရှိ မဲရုံတစ်ရုံတွင် မဲရေတွက်နေကြသူများ

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်**

| | | |
|---|---|---|
| **လက်ပံတန်းမြို့နယ်** | | |
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | - | ၅၄,၅၂၇ မဲ |
| ပြည်ခိုင်ဖြိုး | - | ၉,၄၂၅ မဲ |
| **လောင်းလုံမြို့နယ်** | | |
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | - | ၃၆,၈၆၃ မဲ |
| ပြည်ခိုင်ဖြိုး | - | ၇,၉၁၆ မဲ |

**အမျိုးသားလွှတ်တော်မဲဆန္ဒနယ်**

| | | |
|---|---|---|
| **မကွေးတိုင်းဒေသကြီးအမှတ် ၄** | | |
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | - | ၇၆,၇၆၇ မဲ |
| ပြည်ခိုင်ဖြိုး | - | ၃,၃၈၉ မဲ |
| **ရောဝတီတိုင်းဒေသကြီး အမှတ် ၂** | | |
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | - | ၂၅,၆၄၃ မဲ |
| ပြည်ခိုင်ဖြိုး | - | ၁၃,၉၆၄ မဲ |
| **ပဲခူးတိုင်းဒေသကြီးအမှတ် ၇** | | |
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | - | ၈၁,၈၆၄ မဲ |
| ပြည်ခိုင်ဖြိုး | - | ၂၇,၁၂၄ မဲ |
| **ရောဝတီတိုင်းဒေသကြီး အမှတ် ၁၀** | | |
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | - | ၁၃၆,၄၁၃ မဲ |
| ပြည်ခိုင်ဖြိုး | - | ၄၉,၆၅၀ မဲ |

## အချပ်ပို -(C) NLD ၏အောင်ပွဲအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ မှတ်ချက်များ မှ

**■ ဦးကြည်မြင့်(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**
**တစ်သီးပုဂ္ဂလ**

"အများကြီး ဝမ်းသာတာပေါ့ဗျာ။ ကျွန်တော် ဆောင်းပါးလည်းရေးဖူးပါတယ်။ အစ်မ(ဒေါ်အောင်ဆန်းစုကြည်)တို့လွှတ်တော်ထဲ ရောက်လာမယ်ဆိုတဲ့ကိစ္စကိုကြိုဆိုတယ်ဆိုတာပြီးခဲ့တဲ့ဇန်နဝါရီလလောက်ကတည်းက ကျွန်တော်ဆောင်းပါးတွေရေးခဲ့ပါတယ်။ အခုကျတော့လည်း ဘယ်လိုပြောရမလဲဆိုလို့ရှိရင် ဦးအုန်းကြိုင်တို့ဆိုတာလည်း ကျွန်တော်ရဲ့မိတ်ဆွေတွေပါပဲ။ တောင်ငူထောင်ကိုသွားရင်းနဲ့ လမ်းခွဲကြရတဲ့ရထားပေါ်မှာ ထောင်ပြောင်းတုန်းက ပါတဲ့ပုဂ္ဂိုလ်ပါ။ ဦးဝင်းထိန်ဆိုလည်း ကျွန်တော်နဲ့ မြင်းခြံထောင်မှာ နှစ်နဲ့ချီပြီး အတူတူနေခဲ့တဲ့သူတွေပါ။ တစ်ဦးနဲ့တစ်ဦးလွှတ်တော်ထဲမှာကြုံရမယ်။ အတူတကွတွဲပြီး အလုပ်လုပ်ရမယ်ဆိုတဲ့အခါကျ ပိုပြီးအားတက်မိပါတယ်။

**■ ဒေါ်ဒွဲဘူ (ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်)**
**စည်းလုံးညီညွတ်ရေးနှင့် ဒီမိုက ရေစီပါတီ**

"ကျွန်မအနေနဲ့တော့ လွှတ်တော်ထဲရောက်လာမယ့်သူအားလုံးကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်တွေကို ပိုပြီး Warmely Welcome ပေါ့နော်။ အမျိုးသမီးရေးရာကဏ္ဍမှာ ပိုမိုပြီးမှအင်အားဖြည့်ပြီး လုပ်ပေးနိုင်မှာ ဖြစ်တဲ့အတွက် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်ရောက်လာတာ ပိုပြီးအားရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရောက်လာတာ လွှတ်တော်အတွက် အများကြီးကောင်းပါတယ်။ လွှတ်တော်ထဲမှာ အရည်အချင်းရှိတဲ့သူ များများရောက်လာရင် လွှတ်တော်ရဲ့အခန်းကဏ္ဍပိုပြီး မြင့်မားလာမှာပေ့ါနော်။ ဒေါ်အောင်ဆန်းစုကြည်က အရည်အချင်းရှိတဲ့ အမျိုးသမီးတစ်ယောက်ဖြစ်တဲ့အတွက်ကျွန်မတို့အားလုံးနဲ့ လက်တွဲပူးပေါင်းဆောင်ရွက်သွားမယ်ဆိုရင် နိုင်ငံတော်နဲ့ ပြည်သူလူထုအတွက် ကောင်းတဲ့အရာတွေကို ပူးပေါင်းဆောင်ရွက်သွားနိုင်မယ်လို့ မျှော်လင့်ပါတယ်။ သူ့အနေနဲ့ပေ့ါနော် ရွေးကောက်ပွဲစဝင်ကတည်းက တိုင်းရင်းသားအရေးတွေ ဆောင်ရွက်သွားမယ်ဆိုတဲ့အတွက် တိုင်းရင်းသားတစ်ယောက်အနေနဲ့ ပိုပြီးကြိုဆိုတယ်။

ကြားဖြတ်ရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ အတူတူ အမျိုးသမီးတော်တော်များများနိုင်တာကို တွေ့ပါတယ်။ အဲဒီအမျိုးသမီးတွေကလည်း ပြည်သူ့လွှတ်တော်မှာဆိုတော့ ကျွန်မလည်း ပြည်သူ့လွှတ်တော်မှာဆိုတော့ ကျွန်မတို့ အမျိုးသမီးတွေ ပိုပြီးအားရှိပါတယ်။ တိုင်းရင်းသားအရေးတွေကိုလည်း ပိုပြီးပူးပေါင်းဆောင်ရွက်သွားနိုင်မယ်လို့လည်း ယုံကြည်ပါတယ်။ခုကျွန်မတို့ဘက်မှာ တိုက်ပွဲတွေက ရှိတုန်းပဲ။ မရပ်စဲနိုင်သေးဘူးနော်။

အခုလာမယ့် လွှတ်တော်မှာ လည်းဒါတွေကိုတင်ပြမယ်။ ဆွေးနွေးညှိနှိုင်းသွားမယ်။ တိုက်ပွဲတွေ ရပ်စဲသွားအောင် ငြိမ်းချမ်းရေးအမြန်ရရှိအောင်လို့ဆောင်ရွက်တဲ့နေရာမှာအခုဝင်ရောက်လာတဲ့ အန်တီစုတို့နဲ့ပူးပေါင်းလက်တွဲဆောင်ရွက်သွားမယ်ဆိုရင် ပိုပြီးလျင်လျင်မြန်မြန်ရနိုင်မယ်လို့ မျှော်လင့်တာပေ့ါနော်။

**■ ဦးရဲထွန်း (ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်)**
**ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ**

"ကျွန်တော်ကတော့ဝမ်းသာဆုံးပဲ။ NLD ပါတီနေရာ အများစုနိုင်လို့လည်းဝမ်းသာတယ်။ ကျွန်တော်တို့ ကျားဖြူပါတီလည်း ရှမ်းပြည်နယ်မှာနိုင်လို့လည်းဝမ်းသာတယ်။ ကျွန်တော်က အစောကြီးကတည်းက မျှော်မှန်းထားပြီးသားပါ။ ဒါက ပြည်ခိုင်ဖြိုးပါတီ အနေနဲ့ရယ်၊ ကျန်တဲ့နိုင်ငံရေးပါတီတွေအနေနဲ့ရယ် သိဖို့ကတော့ ပြည်သူလူထုက အပြောင်းအလဲကို သိပ်ပြီးလိုလားနေတယ် ဆိုတာဖော်ပြနေတယ်။ NLDအနေနဲ့ အခြေခံဥပဒေကို ပြင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လွှတ်တော်ထဲဝင်လာတာမှာပြင်နိုင်တဲ့အနေအထားရှိရင်ရှိ၊မရှိသေးရင်ရှိအောင်စောင့်ဖို့စိတ်ရှည်ဖို့ သည်းခံဖို့ အဲဒါကိုတော့ နှလုံးသွင်းစေချင်တယ်။ ပထမဆုံး အရေးကြီးတာက အမျိုးသားရင်ကြားစေ့ရေးပဲ။ လွှတ်တော်ထဲမှာအပြန်အလှန်ယုံကြည်မှု တည်ဆောက်ဖို့ကပိုအရေးကြီးတယ်လို့ထင်တယ်။ အချိန်မကျသေးဘဲ အဲဒါကိုပြောမယ်၊ လုပ်မယ်ဆိုရင်တစ်ဖက်နဲ့တစ်ဖက် အထင်အမြင်လွဲပြီးတော့အတူတူ လက်တွဲလုပ်လို့ရတဲ့ ကိစ္စတွေမှာ အနှောင့်အယှက်ဖြစ်လိမ့်မယ်။ ကျွန်တော်ကတော့ ဘာပဲဖြစ်ဖြစ် အတူတူလက်တွဲပြီး ကြိုးစားလုပ်နိုင်တဲ့ကိစ္စတွေ အမြောက်အမြားရှိတယ်လို့ထင်တယ်။ အဲဒါတွေက ပိုပြီးတော့ အရေးကြီးတယ်။ တိုင်းပြည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့၊ ပညာရေးမြှင့်တင်ဖို့၊ ကျန်းမာရေး မြှင့်တင်ဖို့၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်ပြည်နယ်တွေကိုတန်းတူအခွင့်အရေးပေးဖို့စတဲ့ဟာတွေပေ့ါ။ အဲဒါတွေကိုလက်တွဲပူးပေါင်းပြီး အမြန်လုပ်စေချင်တယ်"

## အချပ်ပို(A) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်တွေ့ဆုံခြင်း မှ

တချို့လုပ်သော်လည်းပဲ နားမလည်နိုင်တဲ့ကိစ္စရပ်တွေရှိပါတယ်။ လက်ရှိလုပ်နေပေမယ့် ရေရှည်ကျမှ အကျိုးခံစားပြီး နားလည်လာတာတွေလည်းရှိမှာပေ့ါ။ ကျွန်တော်တို့ လုပ်လက်စတွေနဲ့ပတ်သက်လို့တော့မလျှော့ပါဘူး။ အကုန်လုံးပြီးပြတ်အောင်လုပ်မှာ။ အခုအနိုင်ရသောပါတီက ကိုယ်စားလှယ်များအနေနဲ့လည်း ပါတီအနေနဲ့ရော၊ သူတို့လည်း ဝိုင်းပြီးလုပ်ကြမယ်လို့ ကျွန်တော်ထင်ပါတယ်။ ပိုပြီးပြည်သူတွေ အကျိုးရှိတာပေ့ါဗျာ။ ဒီလိုပဲကျွန်တော်သဘောထားပါတယ်။

**အထွေထွေအတွင်းရေးမှူး ကိုယ်တိုင်က လွှတ်တော်ကိုယ်စားလှယ်ဖြစ်တော့လွှတ်တော်ထဲဒေါ်အောင်ဆန်းစုကြည် ရောက်လာတဲ့ အပေါ် ဘယ်လိုများ သဘောထားပါသလဲ။**

ကျွန်တော်တို့က လွှတ်တော်စနစ်ကို ယုံတယ်။ ပါတီစုံစနစ်ကို ယုံတယ်။ ဒီမိုကရေစီ စနစ်ကို ယုံတယ်။ အဲဒီအတွက် အထွေထွေရွေးကောက်ပွဲတွေမှာ ပြည်သူကနေ အဆုံးအဖြတ်ပေးတာကိုလည်း ကျွန်တော်တို့လက်ခံရမှာပေ့ါ။ လူထုက ရွေးချယ်ပြီး လွှတ်တော်ထဲရောက်လာတယ်ဆိုရင် ဘယ်သူ့ကိုမဆို ကျွန်တော်တို့ကြိုဆိုမှာပဲ။ ဘယ်သူ့မဆို၊ ဘယ်ပါတီကမဆို ကျွန်တော်တို့ လုပ်ဖော်ကိုင်ဖက်အနေနဲ့ သဘောထားပါတယ်။ ကြိုဆိုပါတယ်။

**ရွေးကောက်ပွဲ ကော်မရှင်ရဲ့ စွမ်းဆောင်မှုနဲ့ပတ်သက်ပြီးတော့ ဘာများ မှတ်ချက်ပေးချင်ပါသလဲ။**

ကျွန်တော်ထင်ပါတယ်။ တရားမျှတပါတယ်။ လွတ်လပ်ပါတယ်။ ပြည်ပက လာတဲ့မီဒီယာတွေ၊ ပြည်ပကနေလာတဲ့ လေ့လာသူတွေလည်း သိမယ်လို့ ကျွန်တော်ထင်ပါတယ်။

**ပြည်ခိုင်ဖြိုးပါတီအနေနဲ့ ပါတီလုပ်ဆောင်ချက်တွေ လူတွေပိုသိအောင်၊ လူတွေ အကျိုးရှိမယ့်ကိစ္စတွေပိုသိအောင် လုပ်မယ်ဆိုတာက ပါတီရဲ့ ရှေ့လုပ်ငန်းစဉ်တွေပါလား။**

ဒါက ရွေးကောက်ပွဲတစ်ခုတည်းအတွက်တင် မဟုတ်ပါဘူး။ ကျွန်တော်တို့ ပါတီရဲ့အလုပ်က ပြည်သူတွေအကျိုးရှိအောင် လုပ်ပေးဖို့ပဲလေ။ ကျွန်တော်တို့လုပ်နေကျ လုပ်ငန်းတွေအားလုံးကို ဒီ ၄၅ နေရာအတွက်တင် မဟုတ်ဘဲနဲ့ ကျန်တဲ့ဒေသတွေမှာ ရှိတဲ့ မပြီးပြတ်တဲ့ လုပ်ငန်းတွေကိုလည်း ကျွန်တော်တို့ ဆက်လုပ်နေမှာပဲ။ ခု ၄၅ နေရာလုံး မနိုင်ရင်လည်း ဒီနေရာတွေကို လုပ်ပေးမှာပဲ။ နိုင်လို့ ရှုံးလို့ဆိုတာ အရေးမကြီးဘူး။ အရေးကြီးတာက ပြည်သူတွေ အကျိုးရှိအောင် လုပ်နိုင်သလား၊ မလုပ်နိုင်သလားဆိုတာပဲ အရေးကြီးတယ်။ ဒီလိုလုပ်တဲ့ လုပ်ငန်းတွေအပေါ်မှာ ပြည်သူတွေ နားလည်လာအောင်တော့ ထပ်ရှင်းပြဖို့လိုမယ်လို့ ကျွန်တော်ထင်ပါတယ်။

**၂၀၁၀ ရွေးကောက်ပွဲအပြီး ကန့်ကွက်မှုတွေ အများဆုံးလုပ်တာက ပြည်ခိုင်ဖြိုးပါတီက ကိုယ်စားလှယ်တွေဖြစ်တယ်။ ကြားဖြတ်ရွေးကောက်မှာရော ပါတီကိုယ်စားလှယ်လောင်းတွေက ကန့်ကွက်တာတွေ ရှိနိုင်ပါသလား။**

ယေဘုယျအားဖြင့် တော့ ကော်မရှင်က ထုတ်ပြန်ထားတဲ့ စာရင်းအပေါ်မှာ ကျွန်တော်တို့ လက်ခံရမှာပေ့ါ။ သို့သော်လည်း ပဲ မဲရုံတစ်ရုံစီ၊ တစ်ရုံစီရဲ့ အခြေအနေတွေတော့ ကျွန်တော်တို့ မသိသေးဘူး။ တကယ်လို့ ကော်မရှင်ထုတ်ပြန်ထားတဲ့ စည်းကမ်းနဲ့မညီဘူးဆိုရင်တော့လည်း ဖြစ်ကောင်း၊ ဖြစ်နိုင်တာပေ့ါ။ ဖြစ်ချင်လည်း ဖြစ်မယ်၊ ဖြစ်ချင်မှလည်း ဖြစ်မယ်။

**ဘာများဖြည့်စွက် ပြောချင်ပါသလဲ။**

ပါတီဆိုတာပြည်သူ့အတွက်ပါပဲ။ ပြည်သူ့အတွက်ကို ကြိုးပမ်းဆောင်ရွက်မယ့် ပါတီတွေ၊ စိတ်ကောင်းစေတနာမှန်နဲ့ ပြည်သူကိုအကျိုးရှိအောင် ဝိုင်းလုပ်တဲ့သူတွေအားလုံးကို ကျွန်တော်တို့ကြိုဆိုပါတယ်။ ကျွန်တော်တို့လည်း ဆက်ပြီး ကြိုးစားနေဦးမှာ ဖြစ်ပါတယ်။

*ကျေးဇူးတင်ပါတယ်။*